ဖြူးမြို့၊
မင်းကျောင်း စာသင်တိုက်
နာယကဆရာတော်
ဦးကုသလမဟာထေရ်၏
စီရင်ရေးသားအပ်သော

နာနာပဒဝိနိစ္ဆယကျမ်း

နှင့်

စေတသိကယုတ္တာယုတ္တပကာသနီကျမ်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၃ ကောဇာ ၁၃၄၁ ဇွန်လ ၁၉၇၉

ဘာသာရေးဆိုင်ရာ ကင်းလွတ်ခွင့်အမှတ် (၂၈၈)

၁၉၇၉-ခု၊ ဇွန်လ၊

ပထမအကြိမ် ရိုက်နှိပ်ခြင်း အုပ်ရေ (၁၀၀၀)

ထုတ်ဝေသူ။ ။ဦးဝါယမ၊ ကင်းလွတ်ခွင့်အမှတ် (၁၁၂)
မင်းကျောင်း စာသင်တိုက်၊ ရွှေ့ပြောင်းမြို့၊ပဲခူးတိုင်း။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး-ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅) က ပုံနှိပ်သည်။

ဖြူးမြို့၊ နာနာပဒ ဝိနိစ္ဆယကျမ်းပြု မင်းကျောင်းဆရာတော်
ဦးကုသလမဟာထေရ်ပုံ။

နာနာပစ္စ ဝိနိစ္ဆယကျမ်း

နိဒါန်း

နိဒါန်းစကား ကျမ်းတိုင်းဟော

နိဒ္ဒါတိ ဒေသနံ ဒေသကာလာဒိဝသေန အဝိဒိတံ ဝိဒိတံ ကတွာ နိဒ္ဒေသတီတိ နိဒါနံ (ဝိ၊ ဋီ၊ ၁၊ ၂၇) ဟူ၍ရှိရင်း၊

အပါကဋာနံ ကာလဒေသဒေသကပရိသာနံ ပါကဋဘာဝကရဏတ္ထံ တဒုပဒေသသဟိတော နိဒါနေန ဘဝိတဗ္ဗံ (မူ၊ ဋီ) ဟူ၍ရှိရင်း၊

ဋီကာဆရာများ မိန့်ဆိုချက် မိန့်မှာချက်အတိုင်း ထိုထိုကျမ်းဂန်များ၏ အစ၌ ဒေသ, ကာလ, ဒေသက, ဝတ္ထုစသည်တို့၏ ထင်ရှားပေါ်လွင်စေခြင်း အကျိုးငှါ ထိုဒေသ, ကာလ, ဒေသက, ဝတ္ထုစသည်ကို ညွှန်ပြအပ်သော နိဒါန်းမျိုး ရှိရပါမည်။

ကျမ်းပြုချိန်နှင့် ကျမ်းပြုပုဂ္ဂိုလ်

မှန်ပေ၏။ ယခုရေးသားပြုစုစီရင်ထားသည့် နာနာပစ္စဝိနိစ္ဆယကျမ်း၌ ဤကျမ်းကို ရေးသားပြုစု စီရင်ရာအရပ် ဒေသကား ပဲခူးတိုင်း ဖြူးမြို့ မင်းကျောင်းစာသင်တိုက် ဖြစ်သည်။ ဤကျမ်းကို ရေးသားပြုစု စီရင်သော အချိန် ကာလကား ၁၃၄၀-ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀-ရက်၊ ကြာသပတေးနေ့ နံနက်အချိန်အခါ ဖြစ်သည်။ ဤကျမ်းကို ရေးသားပြုစုစီရင်သော ဒေသက-ခေါ် ဟောရကာပုဂ္ဂိုလ်ကား ဖြူးမြို့ မြို့မ ဂိုဏ်းကြီး၏ ဦးစီးမဟာနာယက ဆရာတော် ဦးကုသလ ဖြစ်သည်။

ဤကျမ်းကို ရေးသားပြုစုစီရင်ဖို့ရန် တောင်းပန်လျှောက်ထားခြင်း ဟူသော အကြောင်း ဝတ္ထု-ကား ပဲနွယ်ကုန်းမြို့ အနေ့ နယ်လောင်း

ကျောင်း ဆရာတော် ဦးဥတ္တရ၊ အရှင်ဉာဏာဘိဝံသ၊ သ-စ-အ-ဓမ္မာစရိယ၊ ဝိသိဋ္ဌဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ (မန္တလေး)။ အရှင်ဝါယမ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ တိုက်အုပ်စာချနှင့် ဓမ္မာစရိယ စာချ အရှင်ဝဇိရဉာဏ၊ အရှင်ဇယသေန၊ အရှင်ဇာဂရ၊ အရှင်မုနိန္ဒ၊ ဝိသိဋ္ဌ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ ဝိနယဓရ အစရှိသော စာချ-စာသင် တပည့် ကြီး-ငယ် အပေါင်း ဖြစ်သည်။

ဤသို့လျှင် ဤနာနာပဒ ဝိနိစ္ဆယကျမ်း၌ မထင်းရှား မပေါ်လွင်သေးသော ဒေသ, ကာလ, ဒေသက-ခေါ် ကာရက, ဝတ္ထု ပရိသတ်တို့၏ ထင်ရှားပေါ်လွင်မှုကို ပြခြင်းအကျိုးငှါ ထိုဒေသ, ကာလ, ဒေသက-ခေါ် ကာရက, ဝတ္ထု ပရိသတ်တို့ကို ညွှန်ပြအပ်သော နိဒါန်းမျိုးရှိရပါမည်။

ဓမ္မဝိနယာ မြွတ်ဆရာ

ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ
ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။

(ဒီ၊ ၂၊ နှာ- ၁၂၆။)

ချစ်သား အာနန္ဒာ ငါဘုရားသည် သင် ချစ်သားတို့အတွက် အကြင် ဓမ္မကိုရင်း, အကြင် ဝိနယကိုရင်း ဟောထားအပ်-ပညတ်ထားအပ်ပေပြီ၊ ဟောထားအပ် ပညတ်ထားအပ်သော ထိုဓမ္မ ထိုဝိနယသည်ပင် ငါဘုရား ပရိနိဗ္ဗာန်စံလွန်မတော်မူသည့်နောက် သင်ချစ်သားတို့၏ ဆရာဘုရားများ ဖြစ်ရစ်ပေလိမ့်မည်-ဟု ဘုရားရှင်ကိုယ်တော်ဘိုင် ညီတော် အာနန္ဒာမထေရ်အား မိန့်ကြားတော်မူခဲ့လေသည်။

သုံးဖြာသာသနာ ထားခဲ့ရာ

ထိုဓမ္မ, ဝိနယသည်ပင် ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ-ဟူသော သာသနာသုံးရပ်အားဖြင့် ဝေဘန်အပ်သည်ရှိသော် ပရိယတ္တိသာသနာဖြစ်၏။

ယင်း သာသနာ သုံးရပ် ဟူသော စကားရပ်၌ သာသနာ သုံးရပ်တွင်—

(က) ပရိယတ္တိသာသနာဟူသည် ဘုရားဟော ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ၎င်းတို့ကို အားထုတ်သင်ယူမှု၊

(ခ) ပဋိပတ္တိသာသနာဟူသည် သမထ ဝိပဿနာ ဘာဝနာ နှစ်ပါးနှင့် ၎င်းတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်မှု၊

(ဂ) ပဋိဝေဓသာသနာဟူသည် မဂ်ဖိုလ်နိဗ္ဗာန်တရားတော်များသည် ထိုးထွင်း၍ သိတတ်, ထိုးထွင်း၍ သိအပ်သော ပဋိဝေဓတရားတော်များ ဖြစ်သည်။

ပရိယတ္တိ လိုရင်းဖြစ်ခြင်း

ယင်း သာသနာသုံးရပ်အနက် ပရိယတ္တိသာသနာတော်သည်သာလျှင် သာသနာနှစ် (၅၀၀၀)အရှည်ခံပြီး တည်တံ့နိုင်ရေးအတွက် အရင်းမူလ ပဓာနလိုရင်း ဖြစ်ပေသည်။

ထို့ကြောင့်ပင်—

သာသနဋ္ဌိတိယာ ပန ပရိယတ္တိ ပမာဏံ၊ ပဏ္ဍိတော ဟိ တေပိဋကံ သုတွာ ဒွေပိ ပူရေတိ (ဒီ၊ဋ္ဌ၊၃၊၇၂။)

သာသနာတော် အနှစ် (၅၀၀၀) အရှည်ခံပြီး တည်တံ့နိုင်ရေး အတွက်မှာ ပရိယတ္တိသာ ပမာဏဖြစ်၏၊ မှန်ပေ၏။ ပညာ ရှိသည် ပရိယတ္တိဟူသော ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာ ဋီကာ တို့ကို ကြားနာရ၍ (ဝါ) ကြားနာရသည်ရှိသော် ပဋိပတ္တိ ပဋိဝေဓဟူသော သာသနာတော်နှစ်ရပ်တို့ကိုလည်း ပြီးစေနိုင် ပြည့်စုံစေနိုင်၏-ဟု မိန့်တော်မူ၏။

သိမှတ်စရာ ဥပမာ

ဤစကားရပ်၌ သိမှတ်စရာဥပမာညွှန်ပြပေအံ့—ငါတို့ဘုရားအလောင်းတော်သည် အာဠာရ ရသေ့အထံ၌ လောကီအဘိညာဏ် ငါးပါးတို့ကို၎င်း

အောက်သမာပတ် ခုနစ်ပါးတို့ကိုရှင်း သင်ယူပြီး ရှစ်ခုမြောက် နေဝသညာ နာသညာယတန သမာပတ်၏ ပရိကမ်ကို မေး၏၊ ထိုအခါ အာဠာရ ရသေ့သည် နေဝသညာ နာသညာယတန သမာပတ်၏ ပရိကမ်ကို ငါမသိ ဟု ဆို၏။

ထို့နောက် ဥဒကရသေ့ထံသွား၍ ရအပ်ခဲ့ပြီးသော အာကိဉ္စညာ သမာပတ်အရေးထူးတို့ကို နှိုးနှော၍ နေဝသညာနာသညာယတန သမာ ပတ်၏ ပရိကမ်ကို မေး၏၊ ထို ဥဒကရသေ့သည် ပြောကြား၏။

ထို ဥဒက ရသေ့ပြောကြားသော စကား၏ အခြားမဲ့၌သာလျှင် ဘုရားအလောင်းသည် ထိုနေဝသညာ နာသညာယတနသမာပတ်စျာန်ကို ပြီး-ပြည့်စုံစေသကဲ့သို့ ထို့အတူသာလျှင် ပညာရှိသော ရဟန်းသည် ပရိယတ္တိဟူသော ပိဋကတ်သုံးပုံ ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို ကြား နာရ၍ (ဝါ) ကြားနာရသည်ရှိသော် နှစ်ပါးသော ပဋိပတ္တိ သာသနာ ပဋိဝေဓသာသနာတို့ကို ပြီး–ပြည့်စုံစေနိုင်၏။

ထို့ကြောင့်ပင် ပိဋကတ် သုံးပုံဟူသော ဘုရားစကားတော် ပါဠိ,အဋ္ဌ ကထာ, ဋီကာများနှင့် ၎င်းတို့ကို သင်ယူမှု, ပို့ချမှုဖြစ်သည့် ပရိယတ္တိ သာသနာတော် တည်ရှိခဲ့သော်သာလျှင် သာသနာတော်ကြီး တည်သည် မည်တော့၏။

ငါးထောင်သာသနာ ကျမ်းဂွလာ

သာသနာတော်နှင့်စပ်၍ အဋ္ဌကထာများ၌ သာသနာတော်နှစ်ပေါင်း (၅၀၀၀)တည်ရှိမည့်အကြောင်း ဖွင့်ပြထား၏။

ဒီဃနိကာယ်, သုတ်ပါထေယျ အဋ္ဌကထာလာ

၁။ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် နှစ်ပေါင်း (၁၀၀၀)
၂။ ဆဠာဘိညာရဟန္တာခေတ် နှစ်ပေါင်း (၁၀၀၀)
၃။ တေဝိဇ္ဇာရဟန္တာခေတ် နှစ်ပေါင်း (၁၀၀၀)

၄။ သုတ္တဝိပဿက ရဟန္တာခေတ် နှစ်ပေါင်း (၁၀၀၀)
၅။ ပါတိမောက္ခသံဝရ သီလခေတ် နှစ်ပေါင်း (၁၀၀၀)

(ဒီ ၊ ၄၊ ၃၊ ၇၃။)

ဝိနည်းအဋ္ဌကထာလာ

၁။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် နှစ်ပေါင်း (၁၀၀၀)
၂။ သုက္ခဝိပဿက ရဟန္တာခေတ် နှစ်ပေါင်း (၁၀၀၀)
၃။ အနာဂါမ်ပုဂ္ဂိုလ်ခေတ် နှစ်ပေါင်း (၁၀၀၀)
၄။ သကဒါဂါမ်ပုဂ္ဂိုလ်ခေတ် နှစ်ပေါင်း (၁၀၀၀)
၅။ သောတာပန်ပုဂ္ဂိုလ်ခေတ် နှစ်ပေါင်း (၁၀၀၀)

(ဝိ၊ ၄၊ ၄၊ ၁၂၇။)

(အင်္ဂုတ္တရ အဋ္ဌကထာ၌လည်း ဝိနည်းအဋ္ဌကထာ အတူလာသည်။)

ဤသို့ (က) ပ-ဆ-တေ-သုက်-ပါ ဟူ၍၎င်း၊ (ခ) ပ-သုက်-အ-သ-သော-ဟူ၍၎င်း အသီးအသီး သာသနာနှစ်ပေါင်း (၅၀၀၀) ရှိကြောင်း ပိုင်းခြား ပြထားသည်။

သာသနာကွယ်ရာ အစ်နှစ်ပြာ

ပြဆိုခဲ့ အပ်သည့်အတိုင်း ပရိယတ္တိ သာသနာတော် တည်သလို ပရိယတ္တိသာသနာတော် ကွယ်ပ-ပျောက်ပျက်နိုင်ခြင်း၏ အကြောင်းအင်္ဂါများကိုလည်း အင်္ဂုတ္တရပါဠိတော်၌—

ဒွေ မေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ။ ကတမေ ဒွေ၊ ဒုန္နိက္ခိတ္တဉ္စ ပဒဗျဉ္ဇနံ၊ အတ္ထော စ ဒုန္နီတော။ ဒုန္နိက္ခိတ္တဿ ဘိက္ခဝေ ပဒဗျဉ္ဇနဿ အတ္ထောပိ ဒုန္နယော ဟောတိ။ ဣမေ ခေါ ဘိက္ခဝေ ဒွေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တီတိ

(အံ၊ ၁၊ ၅၁၊ ၆၀။)

ရဟန်းတို့ သူတော်ကောင်းတရားဟု ဆိုအပ်သော သာသနာတော် ပျောက်ပျက်ရန် ကွယ်ပရန် တရားနှစ်ပါးရှိ၏၊ အဘယ်တရား နှစ်ပါးနည်း ဟူမူ မကောင်းသဖြင့် ထားအပ်သော ပုဒ်-ဗျည်းရှိခြင်း၊ အနက်သဘောကိုလည်း ခဲယဉ်းစွာသိအပ်ခြင်း ဆိုသည့် တရားနှစ်ပါး ဖြစ်သည်။

ဤသို့ သာသနာတော် ပျောက်ပျက်ကွယ်ပခြင်း အမျိုးမျိုးတို့တွင် ပရိယတ္တိ အန္တရဓာန ဆိုသည့် ပရိယတ္တိ သာသနာတော် ပျောက်ပျက် ကွယ်ပခြင်းသည် အလွန်အရေးကြီးသော ပျောက်ပျက် ကွယ်ပခြင်း ဖြစ်ပေသည်။

ပရိယတ္တိကွယ် ကြွင်းလဲကွယ်

အဘယ်ကြောင့်ဆိုသော် ပရိယတ္တိသာသနာတော် ပျောက်ပျက်ကွယ်ပသွားခဲ့လျှင် ပဋိပတ္တိသာသနာတော်လည်း ပျောက်ပျက် ကွယ်ပတော့သည်၊ ပဋိပတ္တိသာသနာဆိုသည့် အကျင့်သာသနာတော် ပျောက်ပျက်ကွယ်ပသွားလျှင် အဓိဂမခေါ်သည့် ပဋိဝေဓ သာသနာတော်သည် မဖြစ်ထွန်း မပေါ်ပေါက်လာနိုင်၊ ပျောက်ပျက် ကွယ်ပရလေတော့သည်။ ဤအဓိဂမခေါ်သည့် ပဋိဝေဓသာသနာတော် ပျောက်ပျက် ကွယ်ပသွားခဲ့လျှင် စကြဝဠာခေါ်သည့် တလောကလုံးပင် မှောင်ကြီးအတိ ဖုံးလွှမ်းလေတော့သည်။ ထို့ကြောင့်—

သာသနာဆိတ်သုဉ်း မှောင်မိုက်ဖုံး

ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။
တေသံ သဘာဂဓမ္မာနံ၊ နာမမတ္တံ န နာယတိ။

(ဝိ၊ ၅၊ နှာ-၁၅၇။)

အကြင်မျှလောက် ဘုရားတည်းဟူသော လမင်းကြီးသည်ရင်း, ဘုရားတည်းဟူသော နေမင်းကြီးသည်ရင်း ဤကမ္ဘာလောက ခေတ်ကြီးအတွင်းဝယ် တဖန် မပေါ်ထွက်လာသေး၊ ထိုမျှလောက်

လောကဓာတ်သူ လောကဓာတ်သားတို့၏ အသိဉာဏ် အငယ် အနုကလေးဖြင့် ထိုထို ပရမတ်တရား၊ ဓာတ်တရားတို့၏ အမည် သညာမျှကိုပင် မသိ မမြင်နိုင်တော့ပေ။

ထို့ကြောင့် မူလဘူတ ပဓာနဖြစ်သော ပရိယတ္တိသာသနာတော်ကြီး မပျောက်ပျက် မကွယ်ပ ရလေအောင် အတတ်နိုင်ဆုံး ကာကွယ်ကြိုးစားရ မှာကတော့ ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်ကြသည့် ရဟန်း - ရှင် - လူ အပေါင်းတို့၏ တာဝန်ကြီးတရပ် ဖြစ်တော့သည်။

သာသနာ့တာဝန် ကိုယ့်တာဝန်

ဤသို့ ပရိယတ္တိသာသနာတော်ကြီး မပျောက်ပျက် မကွယ်ပ ရလေ အောင် တာဝန်ရှိသည့်အတိုင်း ထိုတာဝန်ကို ကြိုတင် သိမြင်တော်မူပြီး ဖြစ်သော ပဲခူးတိုင်း ဖြူးမြို့ မင်းကျောင်းစာသင်တိုက်၊ မြို့မ ဂိုဏ်းကြီး၏ ဦးစီးနာယက ဥက္ကဋ္ဌဆရာတော် ဦးကုသလ ဤ ကျမ်းပြုဆရာတော်သည် ပရိယတ္တိသာသနာတော် ပျောက်ပျက် ကွယ်ပခြင်း၏ အကြောင်းအင်္ဂါ တို့၌ လာသော ဒုန္နိက္ခိတ္တ ဖြစ်သော ပုဒ်ဗျည်းတို့ကို သုနိက္ခိတ္တ ပုဒ်ဗျည်း အဖြစ်သို့ ရောက်စေရာ၌၎င်း၊ အတ္ထဒုန္နီတ-ဖြစ်သော ပုဒ်ဗျည်းတို့ကို အတ္ထသုနီတ ပုဒ်ဗျည်းအဖြစ်သို့ ရောက်စေရာ၌၎င်း အထောက်အပံ့အဖြစ် အရေးပါ အရာရောက်လှသော—

သဒ္ဒါမှာလိင်—ဆိုသည့်အတိုင်း သဒ္ဒါကျမ်းတို့၌ နက်နဲခက်ခဲ၍ သိနိုင်ဖို့ မလွယ်ကူသော လိင်္ဂ-လိင်္ဂတ္ထ ဝိနိစ္ဆယအထူးတို့ကို၎င်း၊

ဝိသဒါကာရ စသော လိင်ခွဲ ဝိနိစ္ဆယတို့ကို၎င်း၊

အယုတ္တသမာသ် နောက်ပုဒ်အနက်ပြဓာန်းသော ဗဟုဗ္ဗီဟိ သမာသ် စသည်တို့ကို၎င်း၊

ဒေါမနဿံ ဒုစ္စရိတံ ပါဌ်တို့၌ အဋ္ဌကထာ ဋီကာလာ ဒု-သဒ္ဒါ၏ အနက်နှင့်စပ်၍ ဝိနိစ္ဆယအဆုံးအဖြတ်ကို၎င်း၊

သုဂတဝိဒတ္တိနှင့်စပ်သော ဝိနိစ္ဆယအဆုံးအဖြတ်ကိုရင်း၊

အန်းကျမ်းလာ ဝိနိစ္ဆယအဆုံးအဖြတ်ကိုရင်း၊

မြန်မာစာသတ်ပုံများသည် ပါဠိဘာသာကို အမှီပြု၍ ဖြစ်ပေါ်လာပုံ အဆုံးအဖြတ်ကိုရင်း၊

ဤသို့ စသည်ဖြင့် အစဉ်အလာ ချတ်ယှင်းပျက်စီးလာခဲ့သော အထူးထူးသော ကျမ်းဂန်လာ ပုဒ်ပျက် ပါဠိပျက်တို့ကို သဘာဝယုတ္တိ အာဂမယုတ္တိတို့ဖြင့် သင့် မသင့် ဆုံးဖြတ်ထားလေသည်။

နာမည်ပေးခေါ်း နာနာပဒ ဝိနိစ္ဆယကျမ်း

ဤကဲ့သို့ သဘာဝယုတ္တိ အာဂမယုတ္တိတို့ဖြင့် ဆုံးဖြတ်ထားသော အထူးထူးသော ကျမ်းဂန်လာ အထူးထူးသော ပုဒ် ပါဠိ အဆုံးအဖြတ်တို့ကို အကြောင်းပြု၍ ဤကျမ်း၏ အမည်ကို နာနာပဒ ဝိနိစ္ဆယကျမ်း-ဟု အမည်သညာသတ်မှတ်၍ တင်ပြအပ်ပါကြောင်း။

အရှင်ဉာဏာဘိဝံသ၊
သ-စ-အ-ဓမ္မာစရိယ
ဝိသိဋ္ဌ ဒီဃဘာဏက၊
ဒီဃနိကာယကောဝိဒ၊
ဝါးတန်းစာချကျောင်း၊
ညောင်ရမ်းပါဠိတက္ကသိုလ်၊
မိုးကောင်းတိုက်၊
မန္တလေးမြို့။

နာနာပဒ ဝိနိစ္ဆယကျမ်းပြု
မင်းကျောင်းဆရာတော်ဘုရားကြီး၏

အတ္ထုပ္ပတ္တိ အကျဉ်း

(၁) ဘဝဖြစ်အင် အတ္ထုပ္ပတ္တိစဉ်

အကျွန်ုပ်သည် ယခုအခါ ဤနာနာပဒ ဝိနိစ္ဆယကျမ်းပြု ဂန္ထကာရက မင်းကျောင်းဆရာတော် မဟာထေရ်မြတ်၏ ဘဝတလျှောက် အဖိုးတန် နည်းယူဖွယ် မှတ်သားဖွယ်တွေ အများအပြား ပါရှိသော ဘဝဖြစ်စဉ် ခေါ်သည့် အတ္ထုပ္ပတ္တိကို သူတော်ကောင်းစာရင်း ပါဝင်ကြသော သူတော်စင်များ နည်းယူမှတ်သားကာ (ပုံစံ) သာဓကအဖြစ်ထားပြီး နည်းယူ မှတ်သားစေခြင်း အကျိုးငှါ ရည်ရွယ်၍ ပါဠိဘာသာ, မြန်မာဘာသာ နှစ်ဘာသာတို့ဖြင့် အကျဉ်းမျှ ရေးသားပေအံ့။

အတ္ထုပ္ပတ္တိံ ကရိဿာမိ၊ မင်းကျောင်း ထေရဝရဿ။
ပါဠိမြန်မာ ဒွိဘာသာဟိ၊ သင်္ခေပဟိ နယာဂါဟတ္တံ။

(၂) မွေးဖွားခဲ့ရာ တိုင်း, မြို့, ရွာ

ဤကျမ်းပြုဆရာတော်လောင်းလျာသည် မန္တလေးတိုင်း၊ ဝမ်းတွင်း မြို့နယ် သူတော်ကောင်း သူမြတ်လောင်းဖြစ်ကြကုန်သော သူတော်စင် အပေါင်းတို့၏ မှီခိုနေထိုင်ရာ အိမ်ခြေ(၃၀၀)ကျော်ရှိသော ခင်ကြီး ရွာကြီး၌ မွေးဖွားခဲ့လေသည်။

မန္တလေးတိုင်း အဗ္ဘန္တရေ၊ ဝမ်းတွင်းမြို့နယ်တိ ပါကဋေ။
ခင်ကြီးဂါမ မဟာဂါမေ၊ သပ္ပုရိသာန အာသယော။

(၃) မိဘနှစ်ပြာ–မည်နာမာ

ဤကျမ်းပြုဆရာတော်လောင်းလျာ၏ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဖြစ်ကြကုန်သော မိဘနှစ်ပါးတို့ကား အထက်ပါ ခင်ကြီးရွာကြီး၌ပင် နေထိုင်ကြသော ရတနာသုံးပါးကို အမြဲမပြတ် မှီဝဲဆည်းကပ်လေ့ရှိကြပြီး သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရိ. ဩတ္တပ္ပ ဟူသော သူတော်ကောင်း တရားတို့ကို အမြဲနှစ်သက်လိုလားကြကုန်သော ဦးပျော-ဒေါ်ဒေါ်မေ တို့ ဖြစ်ကြသည်။

ပိတုပါသကော ဦပျောတိ၊ ဒေါ်ဒေါ်မေ မာတုပါသိကာ။
ထေရက်ုရသ မာတာရော၊ အဟောသုံ ဓမ္မကာမိကာ။

(၄) မွေးဖွားရာ ရက်နေ့–သက္ကရာဇ်

ဤကျမ်းပြုဆရာတော်လောင်းလျာသည် ကောဇာသက္ကရာဇ် ၁၂၆၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၄-ရက်၊ တနင်္လာနေ့၊ နံနက် ၄-နာရီ မိနစ် ၃၀-အချိန် ဟု ဆိုအပ်သော ကောင်းမြတ်သော မင်္ဂလာအချိန် အခါ၌ အထက်ပါ ခင်ကြီးရွာနေ ဥပါသကာ ဒါယကာကြီး ဦးပျော၊ ဥပါသိကာ ဒါယိကာမကြီး ဒေါ်ဒေါ်မေတို့မှ ဖွားမြင်ခဲ့လေသည်။

သဋ္ဌိဒွေသယေက သာကမှိ၊ ဖဂ္ဂုနကာဠပက္ခမှိ။
စတုတ္ထဒိဝသေ စန္ဒေ၊ ထေရက်ုရော ဝိဇာယတိ။

(၅) ပဗ္ဗဇ္ဇမင်္ဂလာ ရှင်ပြုရာ

ဤ ကျမ်းပြုဆရာတော် လောင်းလျာကို အသက် ၁၁-နှစ် အရွယ်တွင် အထက်ပါ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘနှစ်ပါးတို့ကပင် ကြီးကျယ် ခမ်းနားစွာ အလှူမင်္ဂလာပွဲကြီး ဆင်ယင်ပြီးလျှင် ခင်ကြီးရွာ တောင် ကျောင်း ဆရာတော် ဦးပညာထံမှာ ရှင်သာမဏေအဖြစ် ပြုလုပ်ခဲ့လေ

သည်၊ ထိုအချိန်ကစ၍ ကျမ်းပြုဆရာတော်လောင်းလျာသည် ရှင်ကုသလ သာမဏေအဖြစ် အမည်တွင်ခဲ့သည်။

ကောဒသဝဿေ ကာလေ၊ ကတံ ပဗ္ဗဇ္ဇမင်္ဂလံ။
ဒက္ခိဏာဝါသထေရဿ-တိမဟန္တံဝ သန္တိကေ။

(၆) အခြေခံပညာ သင်ခဲ့ရာ

ကျမ်းပြုဆရာတော်လောင်းလျာ ရှင်ကုသလသည် သာမဏေ အသွင်ဖြင့် ကိုရင်ဖြစ်ပြီးနောက် ခင်ကြီး တောင်ကျောင်း ဆရာတော် ဦးပညာ ထံမှာ သဒ္ဒါ၊ သင်္ဂဟ-စသော အခြေခံ စာငယ်အချို့ကို သင်ယူခဲ့လေသည်။

ခင်ကြီးဂါမေ ဝသိတွာန၊ ထေရကုံရော သုသိက္ခိတော။
သိက္ခိတဗ္ဗေ သိက္ခိတွာန၊ ပရိပုဏ္ဏာနုနော အဟု။

(၇) ပညာသင်ရန် အကြံဖြစ်ပေါ်ပြန်

ကျမ်းပြု ဆရာတော်လောင်းလျာ သာမဏေ ရှင်ကုသလသည် ခင်ကြီး တောင်ကျောင်းဆရာတော် ဦးပညာထံမှာ သဒ္ဒါ၊သင်္ဂဟ-စသော အခြေခံ စာငယ်အချို့ကို သင်ယူနေစဉ်ပင် အသက် ၁၇-နှစ် အရွယ်ရောက်ရှိလာသောအခါ အခြေခံစာငယ်မှ အခြေခံအထက်တန်းစာပေ ပညာသင်ယူဖို့ (ပညာရှာဖို့) အကြံ စိတ်ကူးများ ဖြစ်ပေါ်လာလေ၏။

စိတ်အကြံ ဖြစ်ပေါ်လာပုံမှာ 'ယခု ငါနေထိုင်ရာဖြစ်သော ခင်ကြီးရွာကြီးမှ မိုင်ပေါင်း ၆၀-ကျော်မျှ ဝေးကွာသော မြောက်အရပ်မှာ မန္တလေးမြို့ကြီးဆိုတာ ရှိလေ၏၊ ထိုမန္တလေးမြို့ကြီးသည် ပညာအမျိုးမျိုး သင်လို (ပညာရှာလို) သော ပဏ္ဍိတ်လောင်းလျာပေါင်း များစွာတို့၏ မှီခိုအားထားရာ နေရာမြို့ကြီးတမြို့ ဖြစ်လေသည်'ဟူ၍၎င်း၊ 'အကြောင်းအရပ်၌ သုတ အမျိုးမျိုးနှင့် ပြည့်စုံသည့်ပညာရှိပုဂ္ဂိုလ် ရှိ၏၊ ထို အရပ်ဌာနသို့ ကြီးမားလှစွာသော လုံ့လဝီရိယဖြင့် သွားရောက်ရမည်၊ သင်ယူလေ့လာ ဆည်း

ပွားရမည်-ဟူသော နီတိဆရာတို့၏ စကားကိုရင်း၊ အချိန်ပြည့်တွေးတော ကာ ဤကဲ့သို့ ပညာသင်ဖို့ (ပညာရှာဖို့) စိတ်အကြံ ဖြစ်လာပေသည်။

သတ္တရသဝဿေ ကာလေ၊ ဇဝ် ဟောတိ သစိန္တနံ။
'မန္တလေး နဂရံ နာမ၊ ပညောသိကာန မာသယော'တိစ။

'ပဏ္ဍိတော သုတသမ္ပန္နော၊ ယတ္ထ အတ္ထိတိ စေ သုတော။
မဟုဿာဟေန တံ ဌာနံ၊ ဂန္တဗ္ဗံ သုတေသိနာ'-တိစ။

(ဂ) မန်းသို့သွားရန် ခွင့်တောင်းပန်

ခင်ကြီးရွာ တောင်ကျောင်းမှ မန္တလေးသို့ ပညာသင် သွားဘို့ လျှောက်ထားသောအခါ ခင်ကြီးတောင်ကျောင်း ဦးပညာ ဆရာတော် သည် ကျွမ်းပြုဆရာတော်လောင်းလျာ တပည့်သာမဏေ ရှင်ကုသလကို မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ ဆရာတော် ဦးငြိမ်းထံသို့ ပို့ပေးဖို့ ပင်ကို ကပင် ရည်ရွယ်ရင်း ရှိခဲ့သည့်အတိုင်း အေး...ကောင်းပြီဟု ဝမ်းမြောက် ဝမ်းသာစွာ လက်ခံပြီး ကြိုတင်၍ အောက်ပါ ဆုံးမဩဝါဒ စကားများကို မိန့်တော်မူလေသည်။

ကိုရင် ရှင်ကုသလ.... မန္တလေး ရောက်လို့ ပညာသင်တဲ့အခါ အရာရာမှာ လုံ့လဝီရိယဦးဆောင်၍ ပြုလုပ်ပါလေ၊ "ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ" လုံ့လဝီရိယ ရှိသူမှာ မပြီးစီးနိုင်သည့် အရာမည်သည် မရှိဘူး-ဟူ၍ရင်း၊

"နှစ်ပ်သိမြင်၊ ပညာရှင်မှ၊ လူတွင်တယောက်၊ တစ်ခေါ် လောက်၏"-ဟူသည်နှင့်အညီ ပညာရှိမှ အသက်တန်းကျကျ မျက်နှာပန်းလှလှ နေထိုင်နိုင်မည်၊ စာပေပညာတတ်မှ ထိထိ ရောက်ရောက် ဘုရားသာသနာတော်ကြီးကို မကွယ်မပျောက် အောင် သာသနာပြုနိုင်မည် ဟူ၍ဖြင်း၊

"သတေသု ဇာယတေ သူရော၊ သဟဿေသု စ ပဏ္ဍိတော"

သူရော၊ သတ္တိကောင်းသော ရဲရင့်သောသူသည်။ သတေသု၊ တရာတို့၌ (ရာပေါင်းများစွာတို့၌)။ ဇာယတေ၊ တယောက် လောက်သာ ရှိတတ် ဖြစ်တတ်၏။ ပဏ္ဍိတော၊ ပညာရှိပုဂ္ဂိုလ် ကျမ်းဂန်တတ် ပုဂ္ဂိုလ်မျိုးသည်၊ သဟဿေသု၊ တထောင်တို့၌ (ထောင်ပေါင်းများစွာတို့၌)။ ဇာယတေ၊ တယောက်လောက် သာ ရှိတတ် ဖြစ်တတ်၏-ဟူသည်နှင့်အညီ ပညာရှိပုဂ္ဂိုလ် ကျမ်း ဂန်တတ်ပုဂ္ဂိုလ်မျိုးဆိုတာ တထောင်တယောက် (ထောင်ပေါင်း များစွာ တယောက်) လောက်သာ ရှိတတ်သည်၊ ဒါကြောင့် ငါ့တပည့်သာမဏေ ပညာရှိပုဂ္ဂိုလ် ကျမ်းဂန်တတ်ပုဂ္ဂိုလ် ဖြစ် အောင် ကြိုးစားပါလေ-ဟူ၍ရင်း၊

ပညာကိုရှာလျှင် မာန်မာနကို နှိမ်ချထား၊
သီလကိုရှာသော် ကိုယ်သာ လွန်ကြိုးစား၊
သုတကိုရှာသော် ပမာသူဖုန်းစား—

ဟူသကဲ့သို့ ပညာရှာသည့်အခါ မာန-မထားနဲ့၊ သီလရှာလျှင်လဲ အဆင်းရဲ အပင်ပန်းခံပြီး ကျင့်နိုင်ရမယ်၊ သုတကို ရှာသည့်အခါ သူတောင်းစားလို ကျင့်ရမယ်-ဟူ၍ရင်း၊

ဉာဏ်ရှိမှ ဟုတ်ရာမြင်သည်၊
ကံရှိမှ ဥစ္စာတင်သည်—

ဟူသကဲ့သို့ အမှန်အတိုင်းသိဘို့အတွက် ဉာဏ်ပညာအလွန် အရေး ကြီးသည်၊ ဉာဏ်ပညာရှိအောင် ကြိုးစားပါလေ-ဟူ၍ရင်း၊

စာမတတ် ကြွပ်ကြွပ်အံ၊
ဗေဒင်မတတ် ကြွပ်ကြွပ်ကြံ၊
စာမှာ အအံ၊ ဗေဒင်မှာ အကြံ—

ဟူသည့်အတိုင်း စာပေပညာ တတ်ဖို့ဆိုတာ စာများများအံမှ ဖြစ်မယ်၊ စာမအံလျှင် စာမတတ်ဘူး၊ စာဆိုတာ အံမှ ဖြစ်တယ်၊

ပေဒင်ဆိုတာ ကြံစည်တွက်ချက်ခနရတယ်၊ ဒါကြောင့် ငါ့တပည့် သာမဏေ စာအံ မပျင်းနဲ့-ဟူ၍ရှင်း၊

"ဝါယမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော"။

ဟူသည်နှင့်အညီ ယောကျ်ားဆိုတာ ဝါယမ လုံ့လ ဥဿာဟ ရှိရမည်၊ ပညာရှိဆိုတာ မပျင်းမရှိရ၊ ငါ့ ရှင်သာမဏေ မပျင်းမရှိ ကြိုးစားပါလေ-ဟူ၍ရှင်း—

အမျိုးမျိုး အဖုံဖုံ ဆုံးမဩဝါဒ စကားများ ပြောကြား သွန်သင်ခဲ့လေသည်၊ ဤ ကျွမ်းပြုဆရာတော်လောင်းလျာ သာမဏေ ရှင်ကုသလသည် ကျေးဇူးရှင် ဆရာရင်း၏ ဆုံးမဩဝါဒ ဟူသမျှကို "အာမ ဘန္တေ" ဆို၍ ဝန်ခံခဲ့လေသည်။

အာစရိယောဝါဒံ သုတွာ၊ တုဋ္ဌဟဋ္ဌော အနေကဓာ။
သမ္မာ ဟဒယကောသမှိ၊ ဌပေသိ သတတံ ဝိဒူ။

(၉) ခင်ကြီးရွာမှ မန်းသို့ကြွ

ခင်ကြီး တောင်ကျောင်း ဆရာတော်သည် 'သင့်ရာ အပ်ပို့' ဟူသော ဆရာကျင့်ဝတ်နှင့်အညီ ကျွမ်းပြုဆရာတော်လောင်းလျာ သာမဏေ ရှင်ကုသလအား ခင်ကြီးရွာမှ မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရ ဆရာတော်ဦးငြိမ်းထံ ပညာသင်ရန် အပ်နှံခဲ့လေသည်။ ဆရာတော်ဦးငြိမ်းကလည်း ရောက်မဆိုက်ပင် သာမဏေ ရှင်ကုသလအား 'မောင်ရှင် ငါ့ကျောင်းမှာ နေရင် စာမှန်မှန်ကျက် စာမှန်မှန်တက် စာမှန်မှန်အံရမည်၊ ညဉ့် နက် ဘုရားဝတ်တက်ရမည်၊ ပွဲလမ်းသဘင်ဟူသမျှ မကြည့်မရှုရဘူး အတူနေ သီတင်း

သုံးတော်ရင်း အချင်းချင်း ခိုက်ရန်ဒေါသမဖြစ်ချဘူး'စသည်ဖြင့် ကျောင်းစည်းမျဉ်းပြု၍ ဆုံးမ ဩဝါဒပေးလေသည်။

မန္တလေး နဂရံ ဂန္ဓာ၊ ခင်ကြီးဂါမဝိဟာရဧော၊
ဘုရားကြီးရှေ့မေ သမ္ဘူတော၊ ဦးငြိမ်းထေရနာမ သန္တိကံ။
ဘုရားကြီးတိ ဦးငြိမ်းထေရော၊ ဝိဿုတော မြန်မာ့ဘူတလေ။
သန္တိကေ လဒ္ဓလဒ္ဓဿ၊ ဥဂ္ဂဏှိ ပိဋကတ္တယံ။

(၁၀) သာမဏေအဖြစ်ပင် ပညာသင်

ကျွမ်းပြုဆရာတော်လောင်းလျာ သာမဏေ ရှင်ကုသလသည် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးငြိမ်း၏ အထံတော်၌—

"မပျင်းမရိ၊ လုံ့လရှိ၍၊ သတိအသဲ၊ အရိုးစွဲအောင်၊တဖောင်ဖောင်လျှင်၊ သန်းခေါင်ညဉ့်နက်၊ သင်ကျက်ဘာမျှ၊ စစကုန်စေ၊ နေ့ကိုအလွတ် ရွတ်နိုင်စေ"—

ဟူသည်နှင့်အညီ ပျင်းရိခြင်း အလျဉ်းမရှိဘဲ မဟုဿာဟ ဇွဲလုံ့လဖြင့် သင်ယူတော်မူခဲ့ပြီး နေ့အချိန်မှာ သဒ္ဒါ, သင်္ဂဟ, အဘိဓာန်, အလင်္ကာ, ဆန်း, ဘုရားကြီးနိယံ စသည်တို့ကို ကျက်မှတ်ခြင်း၊ ပဒရူပသိဒ္ဓိ ဋီကာကျော်စသော ကျမ်းဂန်များကို လိုက်ခြင်း-တက်ခြင်း၊ ညအခါသမယမှာလည်း ပုဒ်စစ်, သုတ်စစ်, သံဝဏ္ဏနာ, နည်းလေးဆယ်, မာတိကာ, ဓာတုကထာ-စသည့် ညဝါများလိုက်ခြင်း- ရွတ်ခြင်းတို့ဖြင့် အချိန်ပြည့် ကြိုးစား အားထုတ်ခဲ့ရာ သာမဏေဘဝဖြင့်ပင် အခြေခံစာပေကျမ်းဂန်များ လုံလောက်သလောက် ရှိခဲ့လေသည်။

သာမဏေရောတိဥဿုက္ကော၊ သဒ္ဒါပိဋကတ္တယကော။
သုသိက္ခိတွာ သုဗျတ္တော စ၊ သာမဏေရသု ပါကဋော။

နာနာပဒ (၁)—ပ-မ-သာ-စ

(၁၁) ဥပသမ္ပဒ်-ပဥ္စင်းခံ

ဤကျမ်းပြုဆရာတော် လောင်းလျာသည် ပဥ္စင်းခံဖို့ အသက် ၂၀-ပြည့်မြောက်ရာ ၁၂၈၀-ပြည့်နှစ် တပေါင်းလဆန်း ၅-ရက်နေ့တွင် ဘုရားမြတ်စွာ သာသနာတော်ကို နိယျာနိကအစစ် မှန်မြတ်လှပေသည်ဟု ယုံကြည်တော်မူရကား ခင်ကြီးရွာ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဖြစ်ကြကုန်သော ဘုန်းကြီးဘကြီး ဦးပျော၊ ဘုန်းကြီးမေ ဒေါ်ဒေါ်မေ မိဘနှစ်ပါးတို့ကပင် ပစ္စယာနုဂ္ဂဟအဖြစ် ခံယူကာ ရွှေပြည်ရန်အောင်အရှေ့လက်ထီးလှိုင့်အင်းခန်း နှစ်ဂိုဏ်းချုပ် ကုလားကာ ဆရာတော်ဘုရားကြီးကို ကျောက်ထီးတန္တ၊ အလေးပြုအပ်သော ဥပဇ္ဈာယ်ဆရာအဖြစ် ပြုလုပ်၍ မြင့်မြတ်သောရဟန်းဘဝ ဒုလ္လဘ-ကို ရရှိတော်မူခဲ့လေသည်။

ပရိပုဏ္ဏော ဝီသေ ဝဿေ၊ ဒွိဂဏေသု ဝိနာယကံ။
ဥပဇ္ဈာယံ ကရိတွာန၊ သမ္ပတ္တော ဥပသမ္ပဒံ။

၁၂။ ဆရာတော်များထံ နည်းနာခံ

ဤကျမ်းပြုဆရာတော်လောင်းလျာ သာမဏေသည် ရဟန်းဖြစ်သည့်နောက်တွင်လည်း မန္တလေးမြို့ ဘုရားကြီးတိုက်အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးငြိမ်းထံမှာပင် ဆက်လက်နေပြီး ဘုရားကြီးဆရာတော်၊ ရွှေရေးဆောင်ဆရာတော်၊ ထီးလင်းတိုက် ပေပင်ကျောင်း ဆရာတော်ဦးဝိမလ၊ ပုဂံအတွင်းဝန်တိုက် ဆရာတော်ဦးပဏ္ဍိတ၊ တောင်သာမြို့ ဆည်တွင်းညောင်တောရ (ကျွန်းရွာတောရ) အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးအဂ္ဂဝံသ၊ ညောင်လေးပင်မြို့ ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော် ဦးရဝိန္ဒ-စသော မြို့အသီးသီး၌ သီတင်းသုံးနေကြသော နေ-လပမာ ထင်ရှားကျော်စောတော်မူကြကုန်သော ဆရာတော်အသီးအသီးတို့ အထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ-စသော ပိဋကတ်ကျမ်းဂန်တို့ကို သာမဏေအဖြစ်နှင့် ၈-ဝါ၊ ရဟန်းအဖြစ်နှင့် (၁၅)ဝါ၊ ပေါင်း ၂၃-နှစ် ၂၃-ဝါတိုင်တိုင် သင်ယူခဲ့ရာ နည်းရရှိသည်အထိ တတ်မြောက်ခဲ့လေသည်။

၁။ ဘုရားကြီး မဟာစေရောတိ၊ မြန်မာ့ရဋ္ဌေဘိပါကဋော။
သီလာဒိဂုဏသမ္ပန္နော၊ လဒ္ဓလဒ္ဓော သုဝါစကော။

၂။ ရွှေရေးဆောင် မဟာစေရောတိ၊ မြန်မာ့ရဋ္ဌေဘိပါကဋော။
သီလာဒိဂုဏသမ္ပန္နော၊ လဒ္ဓလဒ္ဓော သုဝါစကော။

၃။ ထီးလင်းရာမေ ပေပင်စေရော၊ မြန်မာ့ရဋ္ဌေဘိပါကဋော။
သီလာဒိဂုဏသမ္ပန္နော၊ ဝါစကော အတိဝိဿုတော။

၄။ ပုဂံအတွင်းဝန်အာစေရော၊ မြန်မာ့ရဋ္ဌေဘိပါကဋော။
သီလာဒိဂုဏသမ္ပန္နော၊ ဝါစကော အတိဝိဿုတော။

၅။ တောင်သာတိ ဝှယေ နဂရေ၊ ကျွန်းမွှာတိ ဝိဿုတေ ဝနေ။
ဘဒ္ဒန္တအဂ္ဂဝံသောတိ၊ လဒ္ဓလဒ္ဓောဘိပါကဋော။

၆။ ညောင်လေးပင် နဂရေ စာပိ၊ ကမ္မဋ္ဌာနဝိဟာရေဝ။
ရဝိန္ဒောတိ သုတော ထေရော၊ ဓမ္မကထိကအာစေရော။

၇။ သန္တိကေ တေသ မညေသံ၊ ဥဂ္ဂဏှိတွာန ပါဠိ စ။
သာဋ္ဌကထံ သဋီကံ စ၊ အလတ္ထိံ ပိဋကံ နယံ။

၈။ ဧဝံ တေဝီသဝဿာနိ၊ နာနာနဂရစေရာနံ။
သယမ္ပိ ဥဂ္ဂဏှိတွာန၊ အညေပိ ဝါစယိ သဒါ။

(၁၃) စာသင်တိုက်ဖွင့်ဖို့ ဖြူးမြို့သို့

ဤသို့ ၂၃-နှစ်တိုင်တိုင် ပြဆိုအပ်ခဲ့တဲ့ အထက်ပါမြို့များ- အထက်ပါ အကျော်အမော်ဆရာတော်များထံ ပညာလည်းသင်, စာလည်းပို့ချနေစဉ် သိက္ခာဝါတော် ၁၅-ဝါရရှိသောအခါ ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့မှာ စာသင်တိုက်ဖွင့်ပြီး ဖြူးမြို့မှာ သာသနာပြုရန်အတွက် ကျေးဇူးရှင် ညောင်လေးပင်ကမ္မဋ္ဌာန်းကျောင်းဆရာတော် ဦးရဝိန္ဒမဟာထေရ်မြတ်ကြီး၏ဩဝါဒအမိန့်ကို ခံယူ၍ ၁၂၉၅-ခုနှစ် ဝါဆိုလတွင် မန္တလေးမြို့မှ ဖြူးမြို့သို့ ရောက်ရှိခဲ့လေသည်။

ပြူးမြို့ရောက်တဲ့နှစ်မှာပင် မင်းကျောင်းစာသင်တိုက် ဟူသောအမည်ဖြင့် စာသင်တိုက်အဖြစ် တည်ထောင်ခဲ့လေသည်။ ထိုအချိန်အခါမှစ၍ ယနေ့အချိန်တိုင်အောင် ထိုမင်းကျောင်း စာသင်တိုက်၏ ဦးစီးနာယက ပြုကာ စာသင်သား ရှင်, ရဟန်းများစွာတို့အား ပိဋကတ်စာပေ ကျမ်းဂန်အမျိုးမျိုးတို့ကို ပို့ချ၍ သာသနာပြုလျက် ရှိလေသည်။

ပဥ္စဒသဝဿေ ကာလေ၊ ပြူးနဂရံဝ သမ္ပတ္တော။
ညောင်လေးပင်ဝှ မဟာထေရော၊ အဒဒိ မင်းကျောင်းဝိဟာရံ

(၁၄) ဝိနည်းမိုရ်အရာ ဆောင်ရွက်ကာ

ဝိနိစ္ဆယခေတ်အခါ၌လည်း တောင်ငူခရိုင် ဝိနည်းမိုရ်ဆရာတော် အဖြစ်ဖြင့် ဝိနည်းကံအမျိုးမျိုးတို့ကို ဓမ္မဝိနယနှင့်အညီ ဆုံးဖြတ်ခဲ့ကာ **ဝိနည်းမိုရ်** ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

တောင်ငူခရိုင်ဝှယေ နာမေ၊ တောင်ငူခရိုင် ဝိနိစ္ဆယေ။
နာနာဝိနယကမ္မာနိ၊ ထေရဝရေန နိစ္ဆယိ။

(၁၅) ဆဋ္ဌသံဂါယနာ တင်ခဲ့ရာ

ကြုံတောင့်ကြုံခဲလှသော ဆဋ္ဌသံဂါယနာတင်ပွဲကြီး ကျင်းပနေသည့် သံဂါယနာတင်စဉ်အခါ၌လည်း ပြူးမြို့ မင်းကျောင်းဆရာတော်သည် (၁) ပါဠိတော်ပဌမသန္နိပါတ (၂) ဒုတိယသန္နိပါတ (၃) အဋ္ဌကထာသန္နိပါတ တို့၌ ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခဲ့လေသည်။

ဆဋ္ဌသံဂီတိကာလေပိ၊ ပဌမာဒုတိယမ္ပိ စ။
ဋ္ဌကထာသန္နိပါတေ စ၊ ဘဇေ သံဂီတိကာရကော။

(၁၆) ပါဠိဝိသောဓက စာပြင်ရ

ထိုဆဋ္ဌသံဂါယနာတင်ပွဲကြီး မကျင်းပမီ ကျင်းပဖို့ စီစဉ်နေစဉ်အတွင်းမှာ ထိုထို ပါဠိတော်, အဋ္ဌကထာစသည်တို့ကို သန့်ရှင်းသုတ်သင်သော

ဝိသောဓကအဖွဲ့ အများအပြားတို့တွင် ဖြူးမြို့နယ် သံဃာတော်များ တာဝန်ယူသုတ်သင်သော ဓမ္မပဒပါဠိတော် အဖွဲ့တွင်လည်း ဆရာတော်သည် တာဝန်ခံ ပဓာနသောဓက အဖြစ်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့လေသည်။

ဆဋ္ဌသံဂီတိကာလေပိ၊ မြန်မာရဋ္ဌေ ပဝတ္တိတေ။
ဓမ္မပဒဝိသောဓေသု၊ ဘဝိ ပဓာနသောဓကော။

(၁၇) သာသနာကြီးပွါးမှု အလေးပြု

ဆရာတော်သည် သက်တော် ၈၀၊ သိက္ခာတော် ၆၀-ရှိသော ယနေ့ အချိန်တိုင်အောင် ပိဋကတ်အခြေခံဖြစ်သော ကျမ်းစာများနှင့် ပါဠိ, အဋ္ဌကထာ, ဋီကာဟူသော ပိဋကတ် ကျမ်းစာများကို ဆရာတော်၏ မင်းကျောင်းစာသင်တိုက်သို့ စာသင်လာကြသော ရှင်ရဟန်း စာသင် သားများအား "သာသနဋ္ဌိတိယာ ပန ပရိယတ္တိပမာဏံ" ဟူသည်နှင့်အညီ ပရိယတ္တိသာသနာတော်ကြီး ကြီးပွါးမှု, ထွန်းကားမှု, စည်ပင်မှုကို အလေးဂရုပြုကာ အမြဲမပြတ်ပို့ချ၍ သာသနာပြုလျက် ရှိလေသည်။

သာသနဝုဍ္ဍိကာမောဝ၊ ဝါစေတိ ပိဋကတ္တယံ။
အာဂတာဂတေ ခမန္တော၊ အဟော ထေရဿ ဉဿုကော။

(၁၈) ကျမ်းပြီးသက္ကရာဇ် လ, ရက်, နေ့။

ပဲခူးတိုင်း ဖြူးမြို့ မြို့မဂိုဏ်းကြီး၏ ဦးစီးမဟာနာယက ဖြစ်တော်မူ သော မင်းကျောင်း ဆရာတော်ဘုရားကြီး ရေးသားပြုစုအပ်သော နာနာပဒဝိနိစ္ဆယကျမ်းသည် ၁၃၄၀-ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၅-ရက်၊ တနင်္ဂနွေနေ့၌ အပြီးအဆုံးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ရောက်ရှိခဲ့ပါသည်။

တစ်သုံးလေး သုညသာကမှိ၊ မာဃမာသဿ ပုဏ္ဏမေ။
စန္ဒဒိနေ နိဋ္ဌိတောယံ၊ နာနာပဒဝိနိစ္ဆယောတိ။

မင်းကျောင်း ဆရာတော်ကြီး

ထေရုပ္ပတ္တိအကျဉ်း ပြီးပါပြီ။

နာနာပဒ ဝိနိစ္ဆယကျမ်း

မာတိကာ

အကြောင်းအရာ — စာမျက်နှာ

ဂန္ထာရမ္ဘနှင့် ပဋိညာဉ် ၁
လိင်္ဂ, လိင်္ဂတ္ထအထူး ၃
သဒ္ဒါကို လိင်ခေါ်ရကြောင်း ၃
အနက်ကို လိင်ခေါ်ရကြောင်း ၆
သဒ္ဒလိင်, အတ္ထလိင် ဝိနိစ္ဆယ ၈
လိင်္ဂတ္ထ အမျိုးမျိုး ၈
လိင်္ဂတ္ထ ၂-မျိုး ၉
သဒ္ဒါကို ပုလ္လိင်, ဣတ္ထိလိင်, နပုလ္လိင် ခေါ်ရခြင်း၏အကြောင်း.... ၉
သဒ္ဒါပုလ္လိင် ၉
သဒ္ဒါဣတ္ထိလိင် ၁၀
အဝိညာဏက၌ ပုလ္လိင် ဣတ္ထိလိင် နပုလ္လိင် ၁၁
သဒ္ဒလိင် အာကာရလိင် နှစ်ပါး ၁၂
သဒ္ဒလိင်၏ ဝစနတ္ထ ၁၃
အာကာရလိင်၏ ဝစနတ္ထ ၁၃
သဒ္ဒါအနက်ဟော လိင်္ဂသဒ္ဒါ၏ ပုလ္လိင်, ဣတ္ထိလိင်, နပုလ္လိင် မည်ခြင်းအကြောင်း ၁၄

အကြောင်းအရာ	စာမျက်နှာ
အာကာရအနက်ဟော လိင်္ဂသဒ္ဒါ၏ ပုလ္လိင်, ဣတ္ထိလိင်, နပုလ္လိင် မည်ခြင်းအကြောင်း	၁၅
သဒ္ဒနီတိအလို သဒ္ဒါ-ပုလ္လိင်, ဣတ္ထိလိင်, နပုလ္လိင်မည်ခြင်းအကြောင်း	၁၇
ကမ္မကတ္တားဟော အာချာတ်ဝိဘတ်	၁၇
ဘောဟော၌ သဒ္ဒနီတိဝါဒ	၁၈
ဘောဟော ဘွင် ကတ္တား၌ ပထမာဝိဘတ်သက်ရကြောင်း	၁၉
ဘောဟော၌ ရူပသိဒ္ဓိဝါဒ	၂၃
နိပကော၌ ဓာတ်ပစ္စည်း	၂၄
လိင်ခွဲနှင့် ဝါစ္စလိင်လိုက်ရပုံ	၂၄
သမာသ်အထူးများ	၂၅
ဗဟုဗ္ဗီဟိသမာသ်၏ လိင်ဝုစ်	၂၇
ဒွန်သမာသ်လိင်ဝုစ်	၂၉
အလုတ္တသမာသ်ဖြစ်ပုံ	၂၉
နျာသ, ရူပသိဒ္ဓိအလိုအားဖြင့် ပုလ္လိင်စသည် ခေါ်ပုံ	၃၀
ရူပသိဒ္ဓိ-လာ လိင်သုံးပါး လက္ခဏာ	၃၀
သဒ္ဒနီတိ-လာ လိင်သုံးပါးခွဲပုံ	၃၂
ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်မည်ကြောင်း	၃၄
သဒ္ဒနီတိ-လာ လိင်သုံးပါးလက္ခဏာ	၃၅
ဒေါမနဿံ ဝိနိစ္ဆယ	၃၆
ဒုစ္စရိတံ ဝိနိစ္ဆယ	၃၆

အကြောင်းအရာ	စာမျက်နှာ
ဒုဋ္ဌုလ္လံ ဝိနိစ္ဆယ	၃၇
မဟာစ္စ ရာဇာနုဘာဝေန ဝိနိစ္ဆယ	၃၇
ဥဿန္နော, ဥပ္ပန္နော ဝိနိစ္ဆယ	၃၈
သလက္ခဏ လက္ခဏ ဝိနိစ္ဆယ	၃၉
သာ စ ပဋိသန္ဓိံ ဒတွာဝ ဝိနိစ္ဆယ	၄၃
ဆဋ္ဌဂိုဟ်ကျော်အဆို မဟာဋီကာနှင့် မညီ	၄၅
ဧမ္ဗုသိရိဝဍ္ဎယေ-၌ ဝိနိစ္ဆယ	၄၇
သုဂတစိဒတ္တိ ဝိနိစ္ဆယ	၄၈
ဘုရားရှင်အရပ်တော် ဝိနိစ္ဆယ	၅၀
ဝိကပ္ပနာလောက်သော အငယ်ဆုံးသင်္ကန်း အကိုင်းအရှည်	၅၂
န ဒဏ္ဍပါဏိဿ-၌ ဒဏ္ဍ ဝိနိစ္ဆယ	၅၆
ဥစ္စာသယန မြင့်မြတ်သောအိပ်ရာ အတိုင်းအရှည် ဝိနိစ္ဆယ	၅၆
သညာစိကကုဋ္ဋိအတိုင်းအရှည် ဝိနိစ္ဆယ	၅၇
ဆန်း ဝိနိစ္ဆယ	၅၈
နမတ္တုဂါထာအနက် ဝိနိစ္ဆယ	၅၈
သမ္ဘဂလဟု ဝိနိစ္ဆယ	၅၈
ယတိ ဝိနိစ္ဆယ	၅၉
နိဿယဝါဒမသင့်	၆၁
ဝိကပ်အစီအရင် အကျိုးများပုံ	၆၂
ဘုဇဂသုသုဂါထာ ဝိနိစ္ဆယ	၆၃

အကြောင်းအရာ	စာမျက်နှာ
ဥပဋ္ဌိတာ-ဂါထာ ဝိနိစ္ဆယ	၆၄
အသုံးဝင်, မဝင် ဂါထာများ	၆၄
သာမညဂါထာ ဝိနိစ္ဆယ	၆၅
ဒါနဥ္စ ဓမ္မစရိယာ စ-စသည် ဝိနိစ္ဆယ	၆၅
သီတံ ဥဏှံ-စသော ဂါထာပါဒ ဝိနိစ္ဆယ	၆၇
မဂ္ဂါရမ္မဏတိက် ဝိနိစ္ဆယ	၆၈
မဂ္ဂဟေတုက ဝိနိစ္ဆယ	၆၈
မဂ္ဂါဓိပတိနော-၌ ဝိနိစ္ဆယ	၇၀
ခန္ဓယမက-၌ ပိယရူပ် သာတရူပ် ဝိနိစ္ဆယ	၇၂
ပဋ္ဌာန်းကျမ်း နိဒါန်းထားပုံ နေရာမကျ	၇၆
ပဋိစ္စဝါရ ပစ္စနိက် နပုရေဇာတ-၌ အရကောက်	၇၇
သမ္ပတ္တိ-ဝိပတ္တိ ဝိနိစ္ဆယ	၇၈
အဘိဓမ္မာနည်း ကံ ၁၆-ပါး မြန်မာပြန်	၇၈
သမ္ပတ္တိလေးပါး	၇၉
ဝိပတ္တိလေးပါး	၇၉
(က) အချို့အကုသိုလ်ကံများ သမ္ပတ္တိလေးပါးတားမြစ်၍ အကျိုးမပေးပုံ	၈၀
၁။ အကုသိုလ်ကံ ဂတိဝိပတ္တိ, ဂတိသမ္ပတ္တိ	၈၀
၂။ အကုသိုလ်ကံ ဥပဓိဝိပတ္တိ, ဥပဓိသမ္ပတ္တိ	၈၀
၃။ အကုသိုလ်ကံ ကာလဝိပတ္တိ, ကာလသမ္ပတ္တိ	၈၁

အကြောင်းအရာ	စာမျက်နှာ
၄။ အကုသိုလ်ကံ ပယောဂဝိပတ္တိ, ပယောဂသမ္ပတ္တိ	၈၂
(ခ) အချို့အကုသိုလ်ကံများ ဝိပတ္တိလေးပါးသို့ရောက်၍ အကျိုးပေးပုံ	၈၂
၅။ အကုသိုလ်ကံ ဂတိသမ္ပတ္တိ, ဂတိဝိပတ္တိ	၈၂
၆။ အကုသိုလ်ကံ ဥပဓိသမ္ပတ္တိ, ဥပဓိဝိပတ္တိ	၈၃
၇။ အကုသိုလ်ကံ ကာလသမ္ပတ္တိ, ကာလဝိပတ္တိ	၈၃
၈။ အကုသိုလ်ကံ ပယောဂသမ္ပတ္တိ, ပယောဂဝိပတ္တိ	၈၄
(ဂ) အချို့ကုသိုလ်ကံများ ဝိပတ္တိလေးပါး တားမြစ်၍ အကျိုးမပေးပုံ	၈၆
၉။ ကုသိုလ်ကံ ဂတိသမ္ပတ္တိ, ဂတိဝိပတ္တိ	၈၆
၁၀။ ကုသိုလ်ကံ ဥပဓိသမ္ပတ္တိ, ဥပဓိဝိပတ္တိ	၈၇
ဒီပမင်းဝတ္ထု	၈၇
၁၁။ ကုသိုလ်ကံ ကာလသမ္ပတ္တိ, ကာလဝိပတ္တိ	၈၈
၁၂။ ကုသိုလ်ကံ ပယောဂသမ္ပတ္တိ, ပယောဂဝိပတ္တိ	၈၉
(ဃ) အချို့ကုသိုလ်ကံများ သမ္ပတ္တိလေးပါးသို့ ရောက်၍ အကျိုးပေးပုံ	၈၉
၁၃။ ကုသိုလ်ကံ ဂတိဝိပတ္တိ, ဂတိသမ္ပတ္တိ	၈၉
၁၄။ ကုသိုလ်ကံ ဥပဓိဝိပတ္တိ, ဥပဓိသမ္ပတ္တိ....	၉၀
၁၅။ ကုသိုလ်ကံ ကာလဝိပတ္တိ, ကာလသမ္ပတ္တိ	၉၀
မဟာသောဏထေရ် ဝတ္ထု	၉၁
ဝတ္တဗ္ဗက နိဂြောဓမထေရ် ဝတ္ထု	၉၇

နာနာပဒ ဝိနိစ္ဆယကျမ်း

အကြောင်းအရာ			စာမျက်နှာ
၁၆။ ကုသိုလ်ကံ ပယောဂဝိပတ္တိ, ပယောဂသမ္ပတ္တိ		....	၁၀၁
စူဠသုဓမ္မမထေရ် ဝတ္ထု	....	....	၁၀၂
တိပိဋကစူဠနာဂထေရ် ဝတ္ထု	....	....	၁၀၂
အင်္ဂုတ္တိုရ် တိကနိပါတ် ဒေဝဒူတဝဂ် နိဒါနသုတ် မြန်မာပြန်		....	၁၀၄
သုတ္တန်ဒေသနာတော်နည်း ကို ၁၁-ပါး မြန်မာပြန်		....	၁၀၇
၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ	....	....	၁၀၈
၂။ ဥပပဇ္ဇဝေဒနီယကံ	....	....	၁၀၈
၃။ အပရာပရိယာယဝေဒနီယကံ	....	....	၁၀၈
ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးပုံ	....	....	၁၀၈
သမင်လိုက်မုဆိုး ဥပမာ	....	....	၁၀၉
ဥပပဇ္ဇဝေဒနီယကံ အကျိုးပေးပုံ	....	....	၁၁၀
အပရာပရိယာယဝေဒနီယကံ အကျိုးပေးပုံ....		....	၁၁၁
ခွေးမုဆိုး ဥပမာ	....	....	၁၁၂
၄။ ယဂ္ဂရုကံ	....	....	၁၁၂
၅။ ယဗ္ဗဟုလကံ	....	....	၁၁၃
ဒုဋ္ဌဂါမဏိအဘယမင်း ဝတ္ထု	....	....	၁၁၄
၆။ ယဒါသန္နကံ	....	....	၁၁၇
ဒမိဠ တံခါးစောင့် ဝတ္ထု	....	....	၁၁၈
မဟာဝါစကာလဥပါသကာဝတ္ထု	....	....	၁၁၉
၇။ ကဋတ္တာကံ	....	....	၁၂၀

အကြောင်းအရာ			စာမျက်နှာ
၈။ ဇနကကံ	....	....	၁၂၀
၉။ ဥပတ္ထမ္ဘကကံ	....	....	၁၂၁
၁၀။ ဥပပီဠကကံ	....	....	၁၂၁
ဝါတကာဠက ခိုးသူသတ်ယောက်ျား ဝတ္ထု....		....	၁၂၂
၁၁။ ဥပဃာတကကံ	....	....	၁၂၄
မြန်မာစာသည် ပါဠိဘာသာကို အမှီပြု၍ ရေးသားရပုံ		....	၁၂၅
ပါဠိနှင့်မညီသော ရေးသားချက်များ	....	....	၁၂၅
မြန်မာစာ၌ အသုံးမကျသော အက္ခရာများ....		....	၁၂၈
ကိတ်-ကိန်....ကိုဝ်တို့ ပါဠိမှီ၍ ရေးသားပုံ		....	၁၂၉
မြန်မာစာ၌ သတ်သော အက္ခရာများ	....	....	၁၃၁
မြန်မာစာ၌ မသတ်ရသော အက္ခရာများ		....	၁၃၂
မြန်မာစာ၌ အသံအက္ခရာထက် အရေးအက္ခရာများပုံ		....	၁၃၃
မြန်မာစာ၌ ရေးပုံ မတူပုံ	....	....	၁၃၅
ညှိရေးချက် အမှတ်ခက်	....	....	၁၃၇
သျှင်, ယှင် အဆုံးအဖြတ်	....	....	၁၃၇
မြန်မာ့,သီဟိုဠ် အသံထွက်	....	....	၁၃၈
ဍ္ဎ-ဍ္ဍ ဖတ်ပုံ	....	....	၁၃၈
ပါဠိပျက် အသိခက်	....	....	၁၃၉
သေးသေးဟင် ရေးထုံး	....	....	၁၄၀
ပါဠိမှ မြန်မာသို့ ပြောင်းလဲပုံ	....	....	၁၄၀

နာနာပဒ ဝိနိစ္ဆယကျမ်း မာတိကာ ပြီးပြီ။

စေတသိကယုတ္တာယုတ္တပကာသနီ

ရှစ်ချက်စု အဓိပ္ပါယ်ကျမ်း

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
နိဒါန်း	....	....	၁၄၃
ရတနတ္တယ ပဏ္ဏာမနှင့် ပဋိညာဉ်	....	....	၁၄၄
သမ္ပယောဂဥဒ္ဒေသဂါထာ	....	....	၁၄၅
ရာသိ ၃·ပါးနှင့် စိတ် ၈၉·ပါး	....	....	၁၄၆
သမ္ပယောဂနည်း ၁၆-ပါး၌ ရှစ်ချက်စု သရုပ်ခွဲ		....	၁၄၇
သဗ္ဗစိတ္တသာဓာရဏစေတသိက် ယှဉ်ပုံ	....	....	၁၄၇
ပကိဏ်းစေတသိက် ယှဉ်ပုံ	....	....	၁၄၈
အညသမာန်းစေတသိက် ရှစ်ချက်စု သရုပ်ခွဲ		....	၁၅၀
သဗ္ဗစိတ္တသာဓာရဏစေတသိက် ရှစ်ချက်စု သရုပ်ခွဲ		....	၁၅၁
ဖဿမှု ဝေဒနာမှုလီ	....	....	၁၅၁
ရှစ်ချက်စု မာတိကာ	....	....	၁၅၁
သုဒ္ဓလေးချက် (ဖဿမှု ဝေဒနာမှုလီ)	....	....	၁၅၁
မိဿကလေးချက် (ဖဿမှု ဝေဒနာမှုလီ)		....	၁၅၂
ပကိဏ်းစေတသိက် ရှစ်ချက်စု သရုပ်ခွဲ	....	....	၁၅၃

အကြောင်းအရာ			စာမျက်နှာ
ဝိတက်မှု ဝိစာရမှုလီ	....	....	၁၅၄
သုဒ္ဓလေးချက်	....	....	၁၅၄
မိဿကလေးချက်	....	....	၁၅၅
ဝိတက်မှု အဓိမောက္ခမှုလီ	....	....	၁၅၆
သုဒ္ဓလေးချက်	....	....	၁၅၆
မိဿကလေးချက်	....	....	၁၅၆
ဝိတက်မှု ဝီရိယမှုလီ	....	....	၁၅၇
သုဒ္ဓလေးချက်	....	....	၁၅၇
မိဿကလေးချက်	....	....	၁၅၈
ဝိတက်မှု ပီတိမှုလီ	....	....	၁၅၉
သုဒ္ဓလေးချက်	....	....	၁၅၉
မိဿကလေးချက်	....	....	၁၅၉
ဝိတက်မှု ဆန္ဒမှုလီ	....	....	၁၆၀
သုဒ္ဓလေးချက်	....	....	၁၆၀
မိဿကလေးချက်	....	....	၁၆၁
ဝိစာရမှု အဓိမောက္ခမှုလီ	....	....	၁၆၂
သုဒ္ဓလေးချက်	....	....	၁၆၂
မိဿကလေးချက်	....	....	၁၆၂
ဝိစာရမှု ဝီရိယမှုလီ	....	....	၁၆၃
သုဒ္ဓလေးချက်	....	....	၁၆၃
မိဿကလေးချက်	....	....	၁၆၃

အကြောင်းအရာ			စာမျက်နှာ
ဝိစာရမှု ပီတိမှုလီ	....	....	၁၆၄
သုဒ္ဓလေးချက်	....	....	၁၆၄
မိဿကလေးချက်	....	....	၁၆၄
ဝိစာရမှု ဆန္ဒမှုလီ	....	....	၁၆၅
သုဒ္ဓလေးချက်	....	....	၁၆၅
မိဿကလေးချက်	....	....	၁၆၅
အဓိမောက္ခမှု ဝီရိယမှုလီ	....	....	၁၆၆
သုဒ္ဓလေးချက်	....	....	၁၆၆
မိဿကလေးချက်	....	....	၁၆၆
အဓိမောက္ခမှု ပီတိမှုလီ	....	....	၁၆၇
သုဒ္ဓလေးချက်	....	....	၁၆၇
မိဿကလေးချက်	....	....	၁၆၈
အဓိမောက္ခမှု ဆန္ဒမှုလီ	....	....	၁၆၈
သုဒ္ဓလေးချက်	....	....	၁၆၈
မိဿကလေးချက်	....	....	၁၆၉
ဝီရိယမှု ပီတိမှုလီ	....	....	၁၇၀
သုဒ္ဓလေးချက်	....	....	၁၇၀
မိဿကလေးချက်	....	....	၁၇၀
ဝီရိယမှု ဆန္ဒမှုလီ	....	....	၁၇၁
သုဒ္ဓလေးချက်	....	....	၁၇၁
မိဿကလေးချက်	....	....	၁၇၁

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
ပီတိမူ ဆန္ဒမူလီ	....	....	၁၇၂
သုဒ္ဓလေးချက်	....	....	၁၇၂
မိဿကလေးချက်	....	....	၁၇၂
သမ္ပယောဂနည်း ၇-ပါး	....	....	၁၇၄
အကုသိုလ် စေတသိက် ယှဉ်ပုံ	....	....	၁၇၅
အကုသိုလ်စေတသိက် ရှစ်ချက်စု သရုပ်ခွဲ	....	....	၁၇၈
မောဟမူ အဟိရိကမူလီ	....	....	၁၇၉
ရှစ်ချက်စု မာတိကာ	....	....	၁၇၉
သုဒ္ဓလေးချက်	....	....	၁၈၀
မိဿကလေးချက်	....	....	၁၈၀
လောဘမူ ဒိဋ္ဌိမူလီ	....	....	၁၈၁
သုဒ္ဓလေးချက်	....	....	၁၈၁
မိဿကလေးချက်	....	....	၁၈၂
လောဘမူ မာနမူလီ	....	....	၁၈၃
သုဒ္ဓလေးချက်	....	....	၁၈၃
မိဿကလေးချက်	....	....	၁၈၃
ဒိဋ္ဌိမူ မာနမူလီ	....	....	၁၈၄
သုဒ္ဓလေးချက်	....	....	၁၈၄
မိဿကလေးချက်	....	....	၁၈၄

အကြောင်းအရာ			စာမျက်နှာ
ဒေါသမူ ဣဿာမူလိ	....	....	၁၇၅
သုဒ္ဓလေးချက်	....	....	၁၇၅
မိဿကလေးချက်	....	....	၁၇၆
ဣဿာမူ မစ္ဆရိယမူလိ	....	....	၁၇၆
သုဒ္ဓလေးချက်	....	....	၁၇၆
မိဿကလေးချက်	....	....	၁၇၇
ထိနမူ မိဒ္ဓမူလိ	....	....	၁၇၈
သုဒ္ဓလေးချက်	....	....	၁၇၈
မိဿကလေးချက်	....	....	၁၇၉
သမ္ပယောဂနည်း ၅-ပါး	....	....	၁၈၀
သောဘနစေတသိက် ရှစ်ချက်စု သရုပ်ခွဲ	....	....	၁၈၀
သောဘနသာဓာရဏ စေတသိက်ယှဉ်ပုံ	....	....	၁၈၀
ဝိရတီစေတသိက်ယှဉ်ပုံ	....	....	၁၈၁
သဗ္ဗထာပိ ဆိုရကြောင်း	....	....	၁၈၁
ဝိရတီစေတသိက် မဟာဝိပါက်၌ မယှဉ်ခြင်းအကြောင်း		....	၁၈၂
ဝိရတီစေတသိက်လောကုတ္တရာစိတ်၌ ယှဉ်ခြင်းအကြောင်း		....	၁၈၃
ကဒါစိ ဝိသုံ ဝိသုံ ဖြစ်ပုံ	....	....	၁၈၃
အပ္ပမညာ စေတသိက်ယှဉ်ပုံ	....	....	၁၈၄
ပဉ္စမဈာန် ကြဉ်ရကြောင်း	....	....	၁၈၄
ကဒါစိ, နာနာဖြစ်ပုံ	....	....	၁၈၄

အကြောင်းအရာ			စာမျက်နှာ
အပ္ပမညာ မဟာဝိပါက်၌ မယှဉ်ခြင်းအကြောင်း		....	၁၉၄
ပညာစေတသိက်ယှဉ်ပုံ	....	....	၁၉၅
သောဘနသာဓာရဏ စေတသိက် ရှစ်ချက်စု သရုပ်ခွဲ		....	၁၉၆
သဒ္ဓါမူ သတိမူလီ	....	....	၁၉၇
ရှစ်ချက်စု မာတိကာ	....	....	၁၉၇
သုဒ္ဓလေးချက်	....	....	၁၉၇
မိဿကလေးချက်	....	....	၁၉၈
ဝိရတီစေတသိက် ရှစ်ချက်စု သရုပ်ခွဲ	....	....	၁၉၉
သမ္မာဝါစာမူ သမ္မာကမ္မန္တမူလီ	....	....	၁၉၉
သုဒ္ဓလေးချက်	....	....	၁၉၉
မိဿကလေးချက်	....	....	၂၀၀
အပ္ပမညာ စေတသိက် ရှစ်ချက်စု သရုပ်ခွဲ	....	....	၂၀၁
ကရုဏာမူ မုဒိတာမူလီ	....	....	၂၀၁
သုဒ္ဓလေးချက်	....	....	၂၀၁
မိဿကလေးချက်	....	....	၂၀၁
သမ္မာဝါစာမူ ကရုဏာမူလီ	....	....	၂၀၂
သုဒ္ဓလေးချက်	....	....	၂၀၂
မိဿကလေးချက်	....	....	၂၀၂
ဝိရတီ မိဿကမူ အပ္ပမညာ မိဿကမူလီ	....	....	၂၀၄
ဝိရတီယှဉ်, မယှဉ်တရားများ	....	....	၂၀၆
သမ္ပယောဂနည်း ၄-ပါး	....	....	၂၀၇

အကြောင်းအရာ			စာမျက်နှာ
အနိယတစေတသိက် ၁၁ လုံး	....	....	၂၀၈
နိယတ, အနိယတ ဖြစ်ပုံ	....	....	၂၀၈
ထိန, မိဒ္ဓ တကွ ရံခါ, တကွ အသီးအသီး ဖြစ်ပုံ		....	၂၀၉
ဝိရတီ, အပ္ပမညာ ရံခါ အသီးအသီး ဖြစ်ပုံ....		....	၂၁၀
ပီတိ, သုခဝေဒနာတို့၌ ရှစ်ချက်စု သရုပ်ခွဲ		....	၂၁၂
ရှစ်ချက်စု မာတိကာ	....	....	၂၁၂
သုဒ္ဓလေးချက်	....	....	၂၁၂
မိဿကလေးချက်	....	....	၂၁၃
စိတ္တေန သမ္ပယုတ္တေသ အဓိပ္ပါယ်	....	....	၂၁၄
အဟိတ်တရားနှင့် သဟိတ်တရား	....	....	၂၁၄
အာရမ္မဏ သင်္ဂဟ ဒွါရဝိမုတ်စိတ် အဓိပ္ပါယ်....		....	၂၁၅
အစိတ် အစိတ် အနုသန္ဓေ	....	....	၂၁၆
ယထာသမ္ဘဝံ အဓိပ္ပါယ်	....	....	၂၁၉
ဝတ္ထုသင်္ဂဟ အဓိပ္ပါယ်	....	....	၂၂၂
ဝီထိပိုင်း ပဉ္စဒွါရဝီထိ အနက်ပေးပုံ	....	....	၂၂၃
ဝီထိမုတ်ပိုင်း မနောကံဆိုင်ရာ အဓိပ္ပါယ်	....	....	၂၂၄
အစိတ် အစိတ် အနုသန္ဓေ	....	....	၂၂၄
ရုပ်ပိုင်း သမုဋ္ဌာန် အဓိပ္ပါယ်	....	....	၂၂၅
အစိတ် အစိတ် အနုသန္ဓေ	....	....	၂၂၅
နိဂုံးဆုတောင်း	....	....	၂၂၈

စေတသိကယုတ္တာယုတ္တပကာသနီကျမ်း

မာတိကာ ပြီးပြီ။

နာနာပဒ ဝိနိစ္ဆယကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဂန္ထာရမ္ဘ နှင့် ပဋိညာဉ်

ဂမ္ဘီရဒေသကံ ဗုဒ္ဓံ၊ ဓမ္မဉ္စ ဇိနသေဝိတံ။
သဒ္ဓမ္မဓာရကံ သံဃံ၊ ဝန္ဒာမျဟံ ဟာတန္တရံ။

ယာစိတော ဗဟုသောတူဟိ၊ နာနာပဒဝိနိစ္ဆယံ။
သင်္ခေပေန ကရိဿာမိ၊ နာနာဂန္ထေသု အာဂတံ။

အဟံ၊ သာသနာကျိုး ကိုယ့်အကျိုးဟု များကျိုးထိုထို ပွါးတိုးလိုမှု အာရုံပြုသည့် ကျမ်းပြုဆရာ မထေရ်ငါသည်။ ဂမ္ဘီရဒေသကံ၊ ခက်ခက်ခဲခဲ လွန်နက်နဲသည့် တရားဥဿုံ အလုံးစုံကို အကုန်အလျှော် ဟောဖော် ညွှန်ပြတော်မူတတ်သော။ ဗုဒ္ဓဉ္စ၊ သစ္စာလေးပါး မှန်တရားကို ပိုင်းခြား ထင်ထင် သိမြင်တော်မူသော မြတ်စွာ ဘုရားကိုရှင်း။ ဇိနသေဝိတံ၊ ကိုယ်တိုင်သိပြား ကိုယ့်တရားလည်း ဘုရားမြတ်စွာ စိန္တေယျာသည် ငါးပါးမာရ်နှိမ် ဉာဏ်ဝရဇိန်ဖြင့် အရှိန်မပြတ် မှီဝဲ ဆည်းကပ်တော်မူအပ် သော။ ဓမ္မဉ္စ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရား တော်ကိုရှင်း။ သဒ္ဓမ္မဓာရကံ၊ သဒ္ဓမ္မခေါ် တရားတော်ကို အလျှော် အလျောက် ကွယ်မပျောက်အောင် စောင့်ရှောက် ဆောင်ထားတော် မူတတ်သော။ သံဃဉ္စ၊ မဂ္ဂင်္ဂ ဖလင်္ဂ ရှစ်တန်ထင်ပေါ် အရိယာ သံဃာ တော်ကိုရှင်း။ ဟာတန္တရံ ဟာတန္တရာယ၊ ကျမ်းလည်းပြီးမြောက် သိဒ္ဓိ ပေါက်၍ အန္တရာယ်ပျောက်ခြင်း အကျိုးငှါ။ ဝန္ဒာမိ၊ ခြေ, လက်, နဖူး, တတောင်, ဒူးတို့ဖြင့် ကြည်နူးသဒ္ဓါ ရှိခိုးပါ၏။ (ဝန္ဒိတွာ)၊ ခြေ, လက်, နဖူး, တတောင်,ဒူးတို့ဖြင့် ရှိသေစွာ ရှိခိုးပြီး၍။

ဗဟုသောတူဟိ၊ အရှင်ဥတ္တရ, အရှင်ဉာဏာဘိဝံသ, အရှင်ဝါယမ, အရှင်ဝဇိရဉာဏ, အရှင်ဇယသေန, အရှင်ဇာဂရ, အရှင်မုနိန္ဒစသော များစွာထောင်သောင်း စာချစာသင် တပည့်ကြီးငယ်အပေါင်းတို့သည်။ ယာစိတော၊ နောင်လာ နောက်သား တပည့်များတို့ ရေးသားဘို့ရန် အတန်တန်ပင် လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍။ နာနာဂန္ထေသု၊ ပါဠိ အဋ္ဌကထာ ဋီကာစသည် ထူးထွေဆန်းပြား ကျမ်းဂန်အများတို့၌။ အာဂတံ၊ အစဉ်အဆက် မှားယွင်းချက်ဖြင့် မပျက်ခုထိ တည်ရှိ၍ လာသော။ နာနာပဒဝိနိစ္ဆယံ၊ အထူးထွေးရှုပ် မှားယွင်းပုဒ်ကို ဖော်ထုတ် အာဂုံ ဆုံးဖြတ်ပုံဖြင့် ကုံလုံဖွင့်ပြ ဤသကတ်ကြောင့် အမည်တင့်ဆန်း "နာနာပဒဝိနိစ္ဆယကျမ်း"ကို။ သခေ်ပေန၊ မကျယ်မကျဉ်းဆိုလိုရင်းဖြင့်။ ကရိဿာမိ၊ ရေးသား ကြိုးကုတ် စီရင်ထုတ်၍ ပြုလုပ်ပေအံ့။

လိင်္ဂ, လိင်္ဂတ္ထ အထူး

ရုက္ခာတိဝစနံ လိင်္ဂံ၊ လိင်္ဂတ္ထော တေန ဒီပိတော။
ဧဝံ လိင်္ဂဉ္စ လိင်္ဂတ္ထံ၊ ဉတွာ ယောဇေယျ ပဏ္ဍိတော။

(ရှေးဆရာမြတ်တို့ မိန့်အပ်သောဂါထာ)

ရုက္ခာတိဝစနံ၊ ရုက္ခာဟူသော သဒ္ဒါသည်။ လိင်္ဂံ၊ လိင်မည်၏။ တေန၊ ထိုရုက္ခာဟူသော သဒ္ဒါဖြင့်။ (ဝါ) ရုက္ခဟူသော သဒ္ဒါဖြင့်။ ဒီပိတော၊ ပြအပ်သောသစ်ပင်ဟူသော အနက်သည်။ လိင်္ဂတ္ထော၊ လိင်အနက် မည်၏။ ဧဝံ၊ ဤသို့၊ လိင်္ဂဉ္စ၊ လိင်ကို၎င်း။ လိင်္ဂတ္ထဉ္စ၊ လိင်၏ အနက်ကို ၎င်း။ ဉတွာ၊ သိ၍။ ပဏ္ဍိတော၊ ပညာရှိသည်။ ယောဇေယျ၊ ယှဉ်ရာ၏။

ဤဂါထာနှင့်အညီ ရုက္ခစသောသဒ္ဒါကို လိင်ဟူ၍၎င်း, သစ်ပင်စသော အနက်ကို လိင်အနက်ဟူ၍၎င်း မှတ်ပါ။ နျာသဆရာ, ရူပသိဒ္ဓိဆရာ, သဒ္ဒနီတိဆရာတို့သည် "လိင်္ဂဉ္စ နိပ္ပဇ္ဇတေ" နှင့် "လိင်္ဂတ္ထေ ပထမာ" ဟူသော သုတ်တို့၌ ဤဂါထာကို အမှီပြု၍ လိင်ကို၎င်း, လိင်အနက်ကို၎င်း အကျယ်ပြတော်မူကြကုန်၏။ ဤဂါထာနှင့် နျာသ, ရူပသိဒ္ဓိ, သဒ္ဒနီတိ ဆရာတို့ပြသော စကားသည် အကျဉ်း အကျယ်မျှသာ ထူး၏၊ အနက်သဘော မထူးပြီ။ ထို့ကြောင့် ဤဂါထာကို ကောင်းမွန်စွာ ကျက်မှတ်အပ်၏။

သဒ္ဒါကို လိင်ခေါ်ရကြောင်း

ဧတ္ထ စ လီနမတ္ထံ ဂမယတီတိ လိင်္ဂံ။ လီနသဒ္ဒူပပဒဿ ဂမု သပ္ပ ဂတိမှိ ဣစ္စေတဿ ရူပံ။ လိင်္ဂ ဂတိမှိ ဣစ္စေတဿ ဝါ လိင်္ဂီယတီတိ အတ္ထော ဧတေနာတိ လိင်္ဂံ။ ကိန္တံ ဃဋပဋာဒိအတ္ထဇောတကံ ဝစနံ။ (နျာသ)။

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤ လိင်္ဂဋ္ဌ နိပ္ဖဇ္ဇတေ ဟူသော သုတ်၌။ လီနံ၊ ကွယ်ဝှက်သော။ အတ္ထံ၊ အနက်ကို။ ဂမယတိ၊ သိစေတတ်၏။ ဣတိ၊ ထိုကြောင့်။ လိင်္ဂံ၊ လိင်မည်၏။ လီနသဒ္ဒူပပဒဿ၊ လီန- သဒ္ဒါဟူသော အနီးပုဒ်ရှိသော။ ဂမု၊ ဂမုသဒ္ဒါသည်၎င်း။ သပ္ပ၊ သပ္ပ သဒ္ဒါသည်၎င်း။ ဂတိမှိ၊ လားခြင်းဟူသော အနက်၌။ ဝတ္တတိ၊ ဖြစ်၏။ ဣစ္စေတဿ၊ ဤဓာတ်၏။ ရူပံ၊ ရုပ်သည်။ သိဇ္ဈတိ၊ ပြီး၏။

ဝါ၊ တနည်းကား။ လိင်္ဂ၊ လိင်္ဂသဒ္ဒါသည်။ ဂတိမှိ၊ လားခြင်းဟူသော အနက်၌။ ဝတ္တတိ၊ ဖြစ်၏။ ဣစ္စေတဿ၊ ဤဓာတ်၏။ ဧတေန ဝစနေန၊ ဤသဒ္ဒါဖြင့်။ အတ္ထော၊ အနက်ကို။ လိင်္ဂိယတိ၊ သိအပ်၏။ ဣတိ၊ ထို ကြောင့်။ တံ ဝစနံ၊ ထိုသဒ္ဒါသည်။ လိင်္ဂံ၊ လိင်မည်၏။

တံ၊ ထိုလိင်ဟူသည်။ ကိံ၊ အဘယ်နည်း။ ဃဋပဋာဒိအတ္ထဝေါဓကံ၊ အိုး, ပုဆိုး - အစရှိသော အနက်ကို ထွန်းပြတတ်သော။ ဝစနံ၊ သဒ္ဒါ တည်း။

ဤဝစနတ္ထနှစ်ပါးဖြင့် ဗုဒ္ဓေါ, ပုရိသော - အစရှိသော နိပ္ဖန္နသဒ္ဒါ၊ ဗုဒ္ဓ, ပုရိသ-အစရှိသော အနိပ္ဖန္နသဒ္ဒါ၊ နှစ်ပါးလုံး လိင်မည်သော အဖြစ်ကို ပြ၏။

လီနံ အင်္ဂန္တိ လိင်္ဂံ။ (ဉျာသ, ရူပသိဒ္ဓိ)

လီနံ၊ မထင်ရှားသော။ အင်္ဂံ၊ အစိတ်တည်း။ ဣတိ၊ ထိုကြောင့်။ လိင်္ဂံ၊ လိင်မည်၏။

ဤဝစနတ္ထဖြင့် ဗုဒ္ဓ, ပုရိသ-အစရှိသော အနိပ္ဖန္နသဒ္ဒါတို့၏ လိင်မည် သော အဖြစ်ကို ပြ၏။

ဓာတုပစ္စယဝိဘတ္တိဝဇ္ဇိတမတ္ထဝံ လိင်္ဂံ။

(ဤသုတ်သည် ဉျာသ, ရူပသိဒ္ဓိ, သဒ္ဒနီတိတို့၌ လာ၏။)

ဓာတုပစ္စယဝိဘတ္တိဝဇ္ဇိတံ၊ ဓာတ်, ပစ္စည်း, ဝိဘတ်သည် ကြဉ်အပ်သော။ အတ္ထဝံ၊ အနက်ရှိသော သဒ္ဒါသည်။ လိင်္ဂံ၊ လိင်မည်၏။

အဓိပ္ပါယ်ကား – သဗ္ဗ,ယ,တ,တေ–စသော သဒ္ဒါတို့သည် ဓာတ်လည်း မပါ၊ ပစ္စည်းလည်းမပါ၊ ဝိဘတ်လည်းမပါ၊ အနက်လည်းရှိသောကြောင့် လိင် မည်ကုန်၏။

ဗုဒ္ဓ, ဇိန-အစရှိသော ကိတ်ပုဒ်တို့သည် ဓာတ်, ပစ္စည်းပါနေသည် ဖြစ်၍ လိင် မမည်ကုန်။

သန္ဒိဋ္ဌိက, အကာလိက, ဧဟိပဿိက–အစရှိသော တဒ္ဓိတ်ပုဒ်တို့သည် ပစ္စည်း ပါနေသည်ဖြစ်၍ လိင် မမည်ကုန်။

အာဂတသမဏ၊ ဇိတိန္ဒြိယ-စသော သမာသ်ပုဒ်တို့သည် အနက် မရှိသောကြောင့် လိင် မမည်ကုန်။

ထို့ကြောင့်–တဒ္ဓိတ်, သမာသ်, ကိတ်ပုဒ်တို့ကို လိင် မည်စေခြင်းငှါ "တဒ္ဓိတသမာသကိတကာ နာမံဝါတဝေတုနာဒီသု စ" ဟူသော သုတ်ဖြင့် နာမ်ငဲ့ရ၏။ နာမ်မည်လျှင် လိင်လည်း မည်တော့၏။

လိင်သဒ္ဒါ, နာမသဒ္ဒါ, ပါဋိပဒိကသဒ္ဒါ အနက်တူ၏ဟု နျာသဆရာ မိန့်တော်မူ၏။

သဗ္ဗော၊ ယော၊ သော၊ ဧသော–အစရှိသော သဒ္ဒါတို့သည် ဝိဘတ် ရှိနေသည်ဖြစ်၍ လိင် မမည်ကုန်။လိင်မည်စေခြင်းငှါ ဝိဘတ်ကို ပယ်အပ်၏။

ဓာတုပစ္စယဝိဘတ္တိဝဇ္ဇိတမတ္ထဝံ လိင်ံ–ဟူသော ဤသုတ်ဖြင့် ဗုဒ္ဓ, ပုရိသ, ယ, တ, တေ-စသော အနိပ္ဖန္နသဒ္ဒါတို့၏ လိင် မည်သော အဖြစ်ကို ပြ၏။

သဒ္ဒေ စ တန္နိမိတ္တေ စ၊ ကာဠကောဠစိကာယ စ။
လက္ခဏေ စေဝ အာကာရေ၊ လိင်သဒ္ဒေါ ပဝတ္တတိ။

(သဒ္ဒနီတိ ဓာတုမာလာ၊ ၂၈၆။)

သဒ္ဒေ စ၊ သဒ္ဒါ၌၎င်း။ တန္နိမိတ္တေ စ၊ သဒ္ဒပဝတ္တိ နိမိတ်၌၎င်း။ ကာဠကောဠစိကာယ စ၊ ယောကျ်ားအင်္ဂါဇာတ်, မိန်းမအင်္ဂါဇာတ်၌၎င်း။

လက္ခဏေ စေဝ၊ အမှတ်၌၎င်း။အာကာရေ စ၊ အခြင်းအရာ၌၎င်း။ လိင်္ဂ-သဒ္ဒေါ။ လိင်္ဂသဒ္ဒါသည်။ ပဝတ္တတိ၊ ဖြစ်၏။

ဤသဒ္ဒနီတိ၌ မိန့်အပ်သော လိင်္ဂ-သဒ္ဒါ၏ အနက်တို့တွင် လိင်္ဂ နိပ္ဖန္န-တေ-ဟူသောသုတ်၌ လိင်္ဂ-သဒ္ဒါသည် သဒ္ဒါဟူသော အနက်ကို ဟော၏။

အနက်ကို လိင်ခေါ်ရကြောင်း

သဒ္ဒလိင်ကို ပြပြီး၍ အတ္ထလိင်ကို ပြပေအံ့။

ပုမဿ လိင်္ဂံ ပုလ္လိင်္ဂံ။ ဣတ္ထိယာ လိင်္ဂံ ဣတ္ထိလိင်္ဂံ၊ နပုံသကဿ လိင်္ဂံ နပုံသကလိင်္ဂံ ဟု ပုမသဒ္ဒါ ဣတ္ထိသဒ္ဒါ နပုံသကသဒ္ဒါတို့နှင့် တွဲစပ်ရာ၌ အဘယ်ကို လိင်ဟု ဆိုအပ်သနည်း ဟူမူ—

> လိင်္ဂန္တိ အယံ ဣတ္ထီ၊ အယံ ပုရိသော၊ အယံ နပုံသကောတိ သဥ္ဇာနနဟေတုကော ဝတ္ထုနော ဝိသဒါဝိသဒေါဘယရဟိတာ ကာရော။ သော ဟိ လီနဿ ပုမိတ္ထိနပုံသကတ္ထဿ ဂမနတော ဝါ လိင်္ဂနတော ဝါ လိင်္ဂန္တိ ဝုစ္စတိ။

အထဝါ—

> ထနကေသဝတီ ဣတ္ထီ၊ မဿုမာ ပုရိသော သိယာ။
> ဥဘိန္နမန္တရံ ဧတံ၊ ဣတရောဘယမုတ္တကော"တိ—
> ဝုတ္တတ္တာ ထနကေသာဒယောပိ။

(ချာသ၊ လိင်္ဂတ္ထေ ပဌမာ သုတ်အဖွင့်။)

လိင်္ဂန္တိ၊ လိင်ဟူသည်ကား။ အယံ၊ ဤသူသည်။ ဣတ္ထီ၊ မိန်းမတည်း။ အယံ၊ ဤသူသည်။ ပုရိသော၊ ယောကျ်ားတည်း။ အယံ၊ ဤသူသည်။ နပုံသကော၊ နပုံးတည်း။ ဣတိ၊ ဤသို့။ သဥ္ဇာနနဟေတုကော၊ သိခြင်း၏ အကြောင်းဖြစ်သော။ ဝတ္ထုနော၊ ဝတ္ထု၏။ ဝိသဒါဝိသဒေါဘယရ-ဟိတာကာရော၊ သန့်ရှင်းသော အခြင်းအရာ, မသန့်ရှင်းသော အခြင်း

အရာ, နှစ်ပါးစုံမှလွတ်သော အခြင်းအရာတည်း။ ဟိ-သစ္စံ၊ မှန်၏။သော၊ ထိုအခြင်းအရာကို။ လိနဿ၊ ကွယ်ဝှက်သော။ ပုမိတ္ထိနပုံသကတ္ထဿ၊ ယောကျ်ား, မိန်းမ, နပုံးဟူသောအနက်ကို။ ဂမနတော ဝါ၊ သိစေတတ်သည်၏ အဖြစ်ကြောင့်ရင်း။ လိင်္ဂနတော ဝါ၊ သိစေတတ်သည်၏ အဖြစ်ကြောင့်ရင်း။ လိင်္ဂန္တိ၊ လိင်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အထဝါ၊ တနည်းကား။ ထနကေသဝတီ၊ သားမြတ်, ဆံပင်ရှိသော သူသည်။ ဣတ္ထိ၊ မိန်းမမည်၏။ မဿုမာ၊ မုတ်ဆိတ်ရှိသော သူသည်။ ပုရိသော၊ ယောကျ်ားသည်။ သိယာ၊ ဖြစ်ရာ၏။ တေ၊ ဤသားမြတ်, ဆံပင်ရှိသည်၏ အဖြစ်, မုတ်ဆိတ်ရှိသည်၏အဖြစ်သည်။ ဥဘိန္နံ၊ နှစ်ပါးကုန်သော မိန်းမ ယောကျ်ားတို့၏။ အန္တရံ၊ အထူးတည်း။ ဥဘယမုတ္တကော၊ နှစ်ပါးစုံမှ လွတ်သောသူသည်။ ဣတရော၊ နပုံးမည်၏။ ဣတိ၊ ဤသို့။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏ အဖြစ်ကြောင့်။ ထနကေသာဒယောပိ၊ သားမြတ် ဆံပင်စသည်တို့ကိုလည်း။ လိင်္ဂန္တိ၊ လိင်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား—ဤသူသည် မိန်းမ၊ ဤသူသည် ယောကျ်ား၊ ဤသူသည် နပုံး-ဟု သိခြင်း၏အကြောင်းဖြစ်သော ဝတ္ထု၏ သန့်ရှင်းသော အခြင်းအရာ, မသန့်ရှင်းသော အခြင်းအရာ, နှစ်ပါးစုံမှ လွတ်သော အခြင်းအရာကို ကွယ်ဝှက်သော ယောကျ်ားဟူသောအနက်, မိန်းမဟူသောအနက်, နပုံးဟူသောအနက်ကို သိစေတတ်သည်၏ အဖြစ်ကြောင့် လိင်ဟူ၍ ဆိုအပ်၏။

တနည်းကား–သားမြတ် ဆံပင်စသည်ကို မိန်းမဟူ၍ သိခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် လိင်ဟူ၍ ဆိုအပ်၏။ မုတ်ဆိတ်စသည်ကို ယောကျ်ားဟူ၍ သိခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် လိင်ဟူ၍ ဆိုအပ်၏။ နှစ်ပါးစုံမှ အလွတ်ကို နပုံးဟူ၍ သိခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် လိင်ဟူ၍ ဆိုအပ်၏။ (ဤကား အဓိပ္ပါယ်တည်း။)

သဒ္ဒလိင် အတ္ထလိင် ဝိနိစ္ဆယ

ဤနျာသ၌ မိန့်အပ်သော လိင်နှစ်နည်းကို အဋ္ဌကထာနှင့် မဆန့်ကျင်ခြင်းကြောင့်ရင်း၊ အလွန် အသင့် ယုတ္တိရှိခြင်းကြောင့်ရင်း ကောင်းမွန်စွာ ကျက်မှတ်အပ်၏။ ဤလိင်နှစ်နည်းတို့တွင် ရှေ့နည်းကိုရည်၍ ရူပသိဒ္ဓိဆရာသည်—

ဝိသဒါဝိသဒါကာရ–ဝေါဟာရောဘယမုတ္တကာ။
ပုမာဒိဇာနနေ ဟေတု-ဘာဝတော လိင်္ဂမီရိတာ·ဟု မိန့်ဆို၏။

ဝိသဒါဝိသဒါကာရဝေါဟာရောဘယမုတ္တကာ၊ သန့်ရှင်းသော အခြင်းအရာ (ဟူသောပညတ်,) မသန့်ရှင်းသော အခြင်းအရာ (ဟူသော ပညတ်,) နှစ်ပါးစုံမှလွတ်သော အခြင်းအရာ (ဟူသောပညတ်) တို့ကို။ ပုမာဒိဇာနနေ၊ ယောကျ်ား စသည်ကို သိခြင်း၌။ ဟေတုဘာဝတော၊ အကြောင်း၏ အဖြစ်ကြောင့်။ လိင်္ဂံ၊ လိင်ဟူ၍။ ဤရိတာ၊ ဆိုအပ်ကုန်၏။

ဝိသဒါကာရ, အဝိသဒါကာရ, ဥဘယရဟိတာကာရ-ဤသုံးပါးကို သဝိညာဏကဝတ္ထု၌သာ ရအပ်၏။ အဝိညာဏကဝတ္ထု၌ မရအပ်။ အဘယ့်ကြောင့်နည်းဟူမူ ယောကျ်ား, မိန်းမဟူ၍ သိခြင်း၏အကြောင်း မရှိသောကြောင့်တည်း။

လိင်္ဂတ္ထ အမျိုးမျိုး

သဒ္ဒတ္ထဘေဒစိန္တာဆရာသည် နျာသ၌ မိန့်အပ်သော နည်းနှစ်ပါးကို ရည်၍—

ဝိသဒါဒိပ္ပဘေဒေန၊ တိဝိဓော ဂမနာဒိကော။
လိင်္ဂတ္ထောတျပရေ ကေစိ၊ မဿုကေသာဒမေ့ယာပိ စ-ဟုမိန့်၏။

သဒ္ဒတ္ထဘေဒစိန္တာ၌ မိန့်အပ်သော—

ကောကာရော ပုမတ္တာဒိ၊ ဗုဒ္ဓိယာ ပရိကပ္ပိတော။
ဝေါဟာရတ္ထော ဝ လိင်္ဂတ္ထော၊ ပုမဘာဝါဒယော ယထာ။

ဟူသော လိင်္ဂတ္ထကို ချာသ, ရူပသိဒ္ဓိ, သဒ္ဒနီတိဆရာတို့ အသုံးမပြုသော လိင်္ဂတ္ထတမျိုးဟု မှတ်အပ်၏။

လိင်္ဂတ္ထ နှစ်မျိုး

လိင်္ဂတ္ထသည် နှစ်မျိုးရှိ၏၊ လိင်္ဂဿ အတ္ထော လိင်္ဂတ္ထော။ လိင်္ဂဿ၊ သဒ္ဒါ၏။ အတ္ထော၊ အနက်။ လိင်္ဂတ္ထော၊ သဒ္ဒါ၏အနက်။ ဤဝစနတ္ထနှင့် အညီ 'လိင်္ဂတ္ထေ ပဌမာ' စသည်၌ သဒ္ဒါ၏ အနက်ကို လိင်္ဂတ္ထဟု ဆို၏။

လိင်္ဂမေဝ အတ္ထော လိင်္ဂတ္ထော။ လိင်္ဂမေဝ၊ ဝိသဒါကာရစသော လိင်သည်သာလျှင်။ အတ္ထော၊ အနက်တည်း။ လိင်္ဂတ္ထော၊ ဝိသဒါကာရစသော လိင်သည်သာလျှင် အနက်။ ဤဝစနတ္ထနှင့်အညီ အချို့သောအရာ၌ ဝိသဒါကာရစသည်ကို လိင်္ဂတ္ထဟု ဆို၏။

ဤကား ဝိသဒါကာရစသည်ကို လိင်ဟုဆိုရာ၌ ပြဆိုအပ်သော စကားတည်း။

သဒ္ဒါကို ပုလ္လိင်, ဣတ္ထိလိင်, နပုလ္လိင် ခေါ်ရခြင်း၏ အကြောင်း

သဒ္ဒါပုလ္လိင်

ပုရိသသဒ္ဒါကို အဘယ်ကြောင့် ပုလ္လိင်ခေါ်ရသနည်းဟူမူ-ယောကျ်ားဟူ၍ သိခြင်း၏ အကြောင်းဖြစ်သော ဝိသဒါကာရပုလ္လိင်နှင့် တကွဖြစ်သော ယောကျ်ားဟူသော အနက်ကို ဟောသောကြောင့် ပုလ္လိင်ဟု ခေါ်ရပါသည်။

ဤနည်းအတူ ယောကျ်ားဟူ၍ သိခြင်း၏ အကြောင်းဖြစ်သော ဝိသဒါကာရပုလ္လိင်နှင့် တကွဖြစ်သော ယောကျ်ားဟူသောအနက်၊ အထီးဟူသော အနက်ကို ဟောသော သဒ္ဒါတို့ကို ပုလ္လိင်ဟူ၍ မှတ်ရမည်။

ဝိသဒါကာရပုလ္လိင်နှင့်တကွ ဖြစ်သော အနက်ကိုဟောသော်လည်း အပွကအားဖြင့် ဣတ္ထိလိင် ခေါ်ရသည်လည်း ရှိ၏။ အဘယ်နည်းဟူမူကား—

ဒေဝတာ-သဒ္ဒါသည် ယောကျ်ားဟူ၍ သိခြင်း၏ အကြောင်းဖြစ်သော ဝိသဒါကာရပုလ္လိင်နှင့် တကွဖြစ်သော နတ်သားဟူသော အနက်ကို ဟောသော်လည်း ဣတ္ထိလိင်သဒ္ဒါနှင့် ရုပ်တူသောကြောင့် ဣတ္ထိလိင်ဟု ခေါ်ရပါသည်။

လ၊ နေ၊ မြင်းမိုရ်တောင်၊ သစ်ပင်စသည်တို့သည် ယောကျ်ားဟူ၍ သိခြင်း၏ အကြောင်းဖြစ်သော ဝိသဒါကာရပုလ္လိင်နှင့် တကွ မဖြစ်ကုန်။ ထိုသို့ မဖြစ်ကုန်ပဲလျက် လ၊ နေ၊ မြင်းမိုရ်တောင်၊ သစ်ပင်စသော အနက်တို့ကို ဟောသော စန္ဒသဒ္ဒါ၊ သူရိယသဒ္ဒါ၊ သိနေရုသဒ္ဒါ၊ ရုက္ခသဒ္ဒါ-စသည်တို့ကို အဘယ်ကြောင့် ပုလ္လိင်ခေါ်ရသနည်း ဟူမူ ဝိသဒါကာရ-ပုလ္လိင်နှင့် တကွဖြစ်သော ယောကျ်ားဟူသောအနက်၊ အထီးဟူသော အနက်ကို ဟောသော ပုလ္လိင်သဒ္ဒါများနှင့် ရုပ်တူသောကြောင့် ပုလ္လိင်ဟု ခေါ်ရပါသည်။

သဒ္ဒါဣတ္ထိလိင်

ဣတ္ထိသဒ္ဒါကို အဘယ်ကြောင့် ဣတ္ထိလိင် ခေါ်ရသနည်း ဟူမူ မိန်းမဟူ၍ သိခြင်း၏ အကြောင်းဖြစ်သော အဝိသဒါကာရ ဣတ္ထိလိင်နှင့် တကွဖြစ်သော မိန်းမဟူသော အနက်ကို ဟောသောကြောင့် ဣတ္ထိလိင်ဟု ခေါ်ရပါသည်။

ဤနည်းအတူ အဝိသဒါကာရ ဣတ္ထိလိင်နှင့် တကွဖြစ်သော မိန်းမဟူသောအနက်၊ အမဟူသော အနက်ကိုဟောသော သဒ္ဒါတို့ကို ဣတ္ထိလိင်ဟူ၍မှတ်။

အဝိသဒါကာရ ဣတ္ထိလိင်နှင့် တကွဖြစ်သော မိန်းမဟူသော အနက်ကို ဟောသော်လည်း အပွကအားဖြင့် ပုလ္လိင်ခေါ်ရသော သဒ္ဒါလည်း ရှိ၏။ အဘယ်နည်းဟူမူကား—

မာတုဂါမော, ဒါရော-စသော သဒ္ဒါတို့သည် အဝိသဒါကာရ ဣတ္ထိလိင်နှင့် တကွဖြစ်သော မိန်းမဟူသော အနက်ကို ဟောကုန်သော်လည်း ပုလ္လိင်သဒ္ဒါများနှင့် ရှပ်တူသောကြောင့် ပုလ္လိင်ဟု ခေါ်ရ၏။

မြေကြီး၊ မြစ်၊ သာ၀တ္ထိပြည်၊ ဝေသာလီပြည် စသည်တို့သည် မိန်းမဟူ၍ သိခြင်း၏အကြောင်းဖြစ်သော အဝိသဒါကာရ ဣတ္ထိလိင်နှင့် တကွမဖြစ်ကုန်၊ ထိုသို့မဖြစ်ကုန်ပဲလျက် မြေကြီး၊ မြစ်၊ သာ၀တ္ထိပြည်၊ ဝေသာလီပြည် စသောအနက်တို့ကို ဟောသော ပထဝီ-သဒ္ဒါ၊ နဒီ-သဒ္ဒါ၊ သာ၀တ္ထိ-သဒ္ဒါ၊ ဝေသာလီ-သဒ္ဒါတို့ကို အဘယ်ကြောင့် ဣတ္ထိလိင် ခေါ်ရသနည်း ဟူမူ အဝိသဒါကာရ ဣတ္ထိလိင်နှင့် တကွဖြစ်သော မိန်းမဟူသော အနက်ကို ဟောသော ဣတ္ထိလိင်သဒ္ဒါများနှင့် ရှပ်တူသောကြောင့် ဣတ္ထိလိင်ဟု ခေါ်ရပါသည်။

ယေဘုယျအားဖြင့် ယောကျ်ားဟူသောအနက်ကို ဟောသော သဒ္ဒါသည် ပုလ္လိင်မည်၏၊ မိန်းမဟူသော အနက်ကိုဟောသော သဒ္ဒါသည် ဣတ္ထိလိင်မည်၏၊ နပုံးဟူသော အနက်ကိုဟောသော သဒ္ဒါသည် နပုလ္လိင်မည်၏၊ အဘယ်ကြောင့်နည်း ဟူမူကား သတ္တဝါတို့၌သာလျှင် ဝိသဒါကာရ၊ အဝိသဒါကာရ၊ ဥဘယမုတ္တာကာရတို့ကို နျာသဆရာ၊ ရူပသိဒ္ဓိဆရာတို့ ဝေဘန်၍ ပြခြင်းကြောင့်တည်း။

အဝိညာဏကဒ္ဒ ပုလ္လိင် ဣတ္ထိလိင် နပုလ္လိင်

အဝိညာဏကဝတ္ထု၊ အသက်ဝိညာဏ် မရှိသော အနက်တို့၌ ဝိသဒါကာရ, အဝိသဒါကာရ, ဥဘယမုတ္တာကာရတို့ကို မရအပ် မဝေဘန်အပ်၊ အဝိညာဏကအနက်ကို ဟောသော သဒ္ဒါတို့သည် အဘယ်ကြောင့် ပုလ္လိင်, ဣတ္ထိလိင်, နပုလ္လိင် မည်ကုန်သနည်း ဟူမူကား....စန္ဒသဒ္ဒါ၊ သူရိယသဒ္ဒါတို့သည် ယောကျ်ားဟူသောအနက်ကို ဟောသော ပုရိသသဒ္ဒါနှင့် ရှပ်တူသောကြောင့် ပုလ္လိင်မည်၏။

အင်္ဂသဒ္ဒါ၊ ဇောတိသဒ္ဒါတို့သည် ယောကျ်ားဟူသော အနက်ကို ဟောသော မုနိသဒ္ဒါနှင့် ရုပ်တူသောကြောင့် ပုလ္လိင်မည်ကုန်၏။

ဥစ္ဆု၊ ဝေဠု-စသော သဒ္ဒါတို့သည် ယောကျ်ားဟူသော အနက်ကို ဟောသော ဘိက္ခုသဒ္ဒါနှင့် ရုပ်တူသောကြောင့် ပုလ္လိင်မည်ကုန်၏။

သဒ္ဓါ၊ ပညာ-စသော သဒ္ဒါတို့သည် မိန်းမဟူသော အနက်ကိုဟောသော ကညာသဒ္ဒါနှင့် ရုပ်တူသောကြောင့် ဣတ္ထိလိင် မည်ကုန်၏။

ဗုဒ္ဓိ၊ ဒိဋ္ဌိ-စသော သဒ္ဒါတို့သည် မိန်းမဟူသော အနက်ကို ဟောသော ယုဝတိသဒ္ဒါနှင့် ရုပ်တူသောကြောင့် ဣတ္ထိလိင် မည်ကုန်၏။

နဒီသဒ္ဒါ၊ မဟီသဒ္ဒါတို့သည် မိန်းမဟူသော အနက်ကိုဟောသော ဣတ္ထီသဒ္ဒါနှင့် ရုပ်တူသောကြောင့် ဣတ္ထိလိင် မည်ကုန်၏။

ယာဂုသဒ္ဒါ၊ ဓာတုသဒ္ဒါတို့သည် မိန်းမဟူသောအနက်ကို ဟောသော သဿုသဒ္ဒါနှင့် ရုပ်တူသောကြောင့် ဣတ္ထိလိင် မည်ကုန်၏။

ဇမ္ဗူသဒ္ဒါ၊ သရဘူသဒ္ဒါတို့သည် မိန်းမဟူသောအနက်ကို ဟောသော ဝဓူသဒ္ဒါနှင့် ရုပ်တူသောကြောင့် ဣတ္ထိလိင် မည်ကုန်၏။

ပုညသဒ္ဒါ၊ ပါပသဒ္ဒါတို့သည် နပုံးဟူသောအနက်ကို ဟောသော နပုံသကသဒ္ဒါနှင့် ရုပ်တူသောကြောင့် နပုလ္လိင် မည်ကုန်၏။

ဤစကားရပ်ကား နျာသ၊ ရူပသိဒ္ဓိကို အမှီပြု၍ ပြဆိုအပ်သော စကားရပ်တည်း။

သဒ္ဒလိင် အာကာရလိင် နှစ်ပါး

လိင်္ဂတ္ထနိပ္ပဇ္ဇတေ-သုတ်စသည်၌ သဒ္ဒါသည် လိင်မည်၏။ ပုလ္လိင်္ဂ စသည်၌ အာကာရသည် လိင်မည်၏။

သဒ္ဒလိင်၏ ဝစနတ္ထ

လီနမတ္ထံ ဂမယတီတိ လိင်္ဂံ။ ယီနသဒ္ဒူပပဒ ဂမု သပ္ပ ဂတိမှိ။
လိင်္ဂီယတိ အတ္ထော တေနာတိ လိင်္ဂံ။ လိင်္ဂ ဂတိမှိ။(နျာသ)

ယံ၊ အကြင် ဃဋ္ဋ, ပဋ္ဋ-အစရှိသောသဒ္ဒါသည်။ လီနံ၊ မထင်ရှားသော။ အတ္ထံ၊ အိုး ပုဆိုးအစရှိသော အနက်ကို။ ဂမယတိ၊ သိစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထို ဃဋ္ဋ,ပဋ္ဋ-အစရှိသော သဒ္ဒါသည်။ လိင်္ဂံ၊ လိင်မည်၏။

ဃဋ္ဋ,ပဋ္ဋ-အစရှိသော သဒ္ဒါကို မရွတ်လျှင် အိုး ပုဆိုး အစရှိသော အနက်ကို မသိနိုင်သောကြောင့် အိုး ပုဆိုးအစရှိသော အနက်သည် မထင်ရှားသော အနက်မည်၏။

လီနဿ ဂမနတောတိ ပုရိသာဒိသဒ္ဒဿ အပ္ပယောဂေ လီနဿ အပါကဋဿ ပုရိသာဒိအတ္ထဿ ဂမနတော ဗောဓနတော။

(လိင်္ဂတ္ထေ ပဌမာ သုတ်အဖွင့် ရူပသိဒ္ဓိဋီကာ။)

တေန၊ ဤဃဋ္ဋ ပဋ္ဋ-စသော သဒ္ဒါဖြင့်။ အတ္ထော၊ အိုး,ပုဆိုး-စသော အနက်ကို။ လိင်္ဂီယတိ၊ သိအပ်၏။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုဃဋ္ဋ, ပဋ္ဋ-စသော သဒ္ဒါသည်။ လိင်္ဂံ၊ လိင်မည်၏။

ဤဝစနတ္ထနှစ်မျိုးကား သဒ္ဒလိင်၏ ဝစနတ္ထတည်း။

အာကာရလိင်၏ ဝစနတ္ထ

လီနမတ္ထံ ဂမယတီတိ လိင်္ဂံ။
လိင်္ဂီယတိ အတ္ထော တေနာတိ လိင်္ဂံ။

ဤကား အာကာရလိင်၏ ဝစနတ္ထတည်း။ သဒ္ဒလိင်၏ ဝစနတ္ထ နှစ်မျိုးနှင့် အာကာရလိင်၏ ဝစနတ္ထနှစ်မျိုး တူ၏။ အနက်သာ ထူး၏။

ယံ၊ အကြင် ဝိသဒါကာရ စသည်သည်။ လီနံ၊ မထင်ရှားသော။ အတ္ထံ၊ ယောကျ်ား, မိန်းမ, နပုံး ဟူသောအနက်ကို။ ဂမယတိ၊ သိစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုဝိသဒါကာရ စသည်သည်။ လိင်္ဂံ၊ လိင်မည်၏။

ဧတေန၊ ဤဝိသဒါကာရ စသည်ဖြင့်။ အတ္ထော၊ ယောကျ်ား,မိန်းမ, နပုံး ဟူသော အနက်ကို။ လိင်္ဂီယတိ၊ သိအပ်၏။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုဝိသဒါကာရ စသည်သည်။ လိင်္ဂံ၊ လိင်မည်၏။

ဤကား အာကာရလိင်၏ ဝစနတ္ထနှစ်မျိုးတည်း။

လီနံ အတ္ထံ လိင်္ဂံ။

လီနံ၊ မထင်ရှားသော။ အင်္ဂံ၊ အစိတ်တည်း။ ဣတိ၊ ထို့ကြောင့်။ လိင်္ဂံ၊ လိင်မည်၏။

ဤဝစနတ္ထကား ဗုဒ္ဓ, ပုရိသ အစရှိသော အနိပ္ဖန္နသဒ္ဒါနှင့်သာ ဆိုင်၏။ ဗုဒ္ဓေါ ပုရိသော အစရှိသော နိပ္ဖန္နသဒ္ဒါနှင့်ရင်း၊ ဝိသဒါကာရ, အဝိသဒါကာရ, ဥဘယမုတ္တာကာရနှင့်ရင်း မဆိုင်။

သဒ္ဒါအနက်ဟော လိင်္ဂသဒ္ဒါ၏
ပုလ္လိင်, ဣတ္ထိလိင်, နပုလ္လိင် မည်ခြင်းအကြောင်း

ပုမဿ လိင်္ဂံ ပုလ္လိင်္ဂံ။

ပုမဿ၊ ယောကျ်ား၏။ လိင်္ဂံ၊ သဒ္ဒါတည်း။ ပုလ္လိင်္ဂံ၊ ယောကျ်ား၏ သဒ္ဒါ။ ဤဝစနတ္ထနှင့်အညီ ယောကျ်ားဟူသော အနက်ကိုဟောသော ပုရိသ အစရှိသော သဒ္ဒါသည် များသောအားဖြင့် ယောကျ်ား၏ သဒ္ဒါပုလ္လိင်မည်၏။

ယောကျ်ားဟူသော အနက်ကို မဟောသော်လည်း စန္ဒ, သူရိယ အစရှိသော သဒ္ဒါသည် ပုရိသသဒ္ဒါနှင့် တူသောကြောင့် ယောကျ်ား၏ သဒ္ဒါပုလ္လိင်မည်၏။

သဒ္ဒေ စ တန္နိမိတ္တေ စ၊ ကာဠကောဠစိကာယ စ။
လက္ခဏေ စေဝ အာကာရေ၊ လိင်္ဂသဒ္ဒေါ ပဝတ္တတိ-

ဟူ၍ သဒ္ဒနီတိဓာတုမာလာ၊ ၂၈၆-၌ မိန့်အပ်သော လိင်္ဂသဒ္ဒါ၏ အနက်တို့တွင် ဤအရာ၌ သဒ္ဒ-ဟူသော အနက်၌ ဖြစ်၏။

ဣတ္ထိယာ လိင်္ဂံ ဣတ္ထိလိင်္ဂံ။

ဣတ္ထိယာ၊ မိန်းမ၏။ လိင်္ဂံ၊ သဒ္ဒါတည်း။ ဣတ္ထိလိင်္ဂံ၊ မိန်းမ၏သဒ္ဒါ။ ဤဝစနတ္ထနှင့်အညီ မိန်းမဟူသော အနက်ကိုဟောသော ဣတ္ထီ စသော သဒ္ဒါသည် များသောအားဖြင့် မိန်းမ၏ သဒ္ဒါဣတ္ထိလိင်မည်၏။

မိန်းမ ဟူသောအနက်ကို မဟောသော်လည်း နဒီ, မဟာ စသော သဒ္ဒါသည် ဣတ္ထီ-သဒ္ဒါနှင့်တူသောကြောင့် မိန်းမ၏ သဒ္ဒါဣတ္ထိလိင်မည်၏။

နပုံသကဿ လိင်္ဂံ နပုံသကလိင်္ဂံ။

နပုံသကဿ၊ နပုံး၏။ လိင်္ဂံ၊ သဒ္ဒါတည်း။ နပုံသကလိင်္ဂံ၊ နပုံး၏ သဒ္ဒါ။ ဤဝစနတ္ထနှင့်အညီ နပုံးဟူသောအနက်ကို ဟောသော နပုံသက သဒ္ဒါသည် နပုံး၏ သဒ္ဒါနပုလ္လိင် မည်၏။

နပုံးဟူသောအနက်ကို မဟောသော်လည်း စိတ္တံ, ရူပံ စသောသဒ္ဒါတို့သည် နပုံသကသဒ္ဒါနှင့် တူသောကြောင့် နပုံး၏ သဒ္ဒါနပုလ္လိင်မည်၏။

လိင်္ဂသဒ္ဒါ၏ သဒ္ဒါဟူသောအနက်ကို ဟောရာ ပုလ္လိင်, ဣတ္ထိလိင်, နပုလ္လိင်မည်ခြင်း၏ အကြောင်းကို ပြဆိုအပ်သည်ကား ပြီး၏။

အာကာရအနက်ဟော လိင်္ဂသဒ္ဒါ၏
ပုလ္လိင်, ဣတ္ထိလိင်, နပုလ္လိင်မည်ခြင်းအကြောင်း

ပုမဿ လိင်္ဂံ ပုလ္လိင်္ဂံ။

ပုမဿ၊ ယောကျ်ား၏။ လိင်္ဂံ၊ ဝိသဒါကာရတည်း။ ပုလ္လိင်္ဂံ၊ ယောကျ်ား၏ ဝိသဒါကာရ။ ဤဝစနတ္ထနှင့်အညီ ယောကျ်ားတို့၏ သန့်ရှင်းသော အခြင်းအရာ ဝိသဒါကာရသည် မုချပုလ္လိင်မည်၏။

ပုလ္လိင်နှင့် တကွဖြစ်သော ယောကျ်ားဟူသော အနက်ကိုဟောသော ပုရိသ-စသော သဒ္ဒါသည် များသောအားဖြင့် ပုလ္လိင်မည်၏။

ယောကျ်ား ဟူသော အနက်ကို မဟောသော်လည်း စန္ဒ, သူရိယ-စသော သဒ္ဒါသည် ပုရိသသဒ္ဒါစသည်နှင့် တူသောကြောင့် ပုလ္လိင်မည်၏။

ဣတ္ထိယာ လိင်္ဂံ ဣတ္ထိလိင်္ဂံ။

ဣတ္ထိယာ၊ မိန်းမ၏။ လိင်္ဂံ၊ အဝိသဒါကာရတည်း။ ဣတ္ထိလိင်္ဂံ၊ မိန်းမ၏ အဝိသဒါကာရ။ ဤဝစနတ္ထနှင့်အညီ မိန်းမတို့၏ မသန့်ရှင်းသော အခြင်းအရာ အဝိသဒါကာရသည် မုချဣတ္ထိလိင်မည်၏။

ဣတ္ထိလိင်နှင့်တကွဖြစ်သော မိန်းမဟူသော အနက်ကိုဟောသော ဣတ္ထီ-စသော သဒ္ဒါသည် များသောအားဖြင့် ဣတ္ထိလိင်မည်၏။

မိန်းမဟူသောအနက်ကို မဟောသော်လည်း နဒီ, မဟီ စသော သဒ္ဒါသည် ဣတ္ထီ-စသော သဒ္ဒါနှင့် တူသောကြောင့် ဣတ္ထိလိင်မည်၏။

နပုံသကဿ လိင်္ဂံ နပုံသကလိင်္ဂံ။

နပုံသကဿ၊ နပုံး၏။ လိင်္ဂံ၊ နှစ်ပါးစုံမှ လွတ်သော အခြင်းအရာတည်း။ နပုံသကလိင်္ဂံ၊ နပုံး၏ နှစ်ပါးစုံမှလွတ်သော အခြင်းအရာ။ ဤဝစနတ္ထနှင့်အညီ နပုံး၏ နှစ်ပါးစုံမှလွတ်သော ဥဘယမုတ္တာကာရသည် မုချနပုလ္လိင်မည်၏။

နပုလ္လိင်နှင့်တကွဖြစ်သော နပုံးဟူသော အနက်ကို ဟောသော နပုံသက သဒ္ဒါသည်လည်း နပုလ္လိင်မည်၏။

နပုံးဟူသော အနက်ကို မဟောသော်လည်း စိတ္တံ, ရူပံ စသော သဒ္ဒါသည် နပုံသက သဒ္ဒါနှင့် တူသောကြောင့် နပုလ္လိင်မည်၏။

လိင်္ဂသဒ္ဒါ အာကာရအနက်ကို ဟောရာ၌ ပုလ္လိင်, ဣတ္ထိလိင်, နပုလ္လိင် မည်ခြင်း၏ အကြောင်းကို ပြဆိုအပ်သည်ကား ပြီး၏။

(ဤသည်ကား နျာသ၊ ရူပသိဒ္ဓိကို အမှီပြု၍ ပြဆိုအပ်သော စကား တည်း)။

သဒ္ဒနီတိအလို
သဒ္ဒါ- ပုလ္လိင်, ဣတ္ထိလိင်, နပုလ္လိင်မည်ခြင်းအကြောင်း

အကြင်သဒ္ဒါ၏ ပဒမာလာ၌ ထပ်တူရုပ် သုံးပုဒ်သာ ပါ၏၊ ထိုသဒ္ဒါ သည် **ဝိသဒါကာရပုလ္လိင် မည်၏**။ ပုရိသသဒ္ဒါ၏ ပဒမာလာ၌ ပထမာ ယောဝိဘတ်၊ အာလုပ်ယောဝိဘတ်၊ သ္မာဝိဘတ်တို့၌ (ပုရိသာ)ဟု ရုပ် သုံးနေရာ လာ၏။

အကြင်သဒ္ဒါ၏ ပဒမာလာ၌ ထပ်တူရုပ် လေးပုဒ် ငါးပုဒ် လာ၏၊ ထိုသဒ္ဒါသည် **အဝိသဒါကာရဣတ္ထိလိင်မည်၏**။ ကညာသဒ္ဒါ၏ ပဒမာလာ၌ သိဝိဘတ်၊ ပထမာ, ဒုတိယာ, အာလုပ်- ယောဝိဘတ်တို့၌(ကညာ)ဟု ရုပ် လေးနေရာ လာ၏။ နာအစရှိသော ကေဝုစ်ဝိဘတ် ငါးလုံးတို့၌(ကညာယ) ဟူသော ပုဒ်သည် ငါးနေရာ လာ၏။

အကြင်သဒ္ဒါ၏ ပဒမာလာ၌ ယောဝိဘတ် နိ-အပြု ရုပ်သုံးပုဒ် ပါ၏။ ထိုသဒ္ဒါသည် **ဥဘယမုတ္တာကာရ နပုလ္လိင်မည်၏**။ စိတ္တသဒ္ဒါ၏ ပဒမာလာ၌ (စိတ္တာနိ)ဟု ယောဝိဘတ် နိ-အပြု သုံးနေရာ လာ၏။

သဒ္ဒနီတိ၌ မိန့်အပ်သော သဒ္ဒါပုလ္လိင် ဣတ္ထိလိင် နပုလ္လိင် မည်ကြောင်း အကျဉ်းပြဆိုအပ်သည်ကား ပြီး၏။

ကမ္မကတ္တားဟော အာချာတ်ဝိဘတ်

ကမ္မကတ္တားဟော အာချာတ်ဝိဘတ်ကို ပြဦးအံ့—

အတ္တနောပဒါနိ ဘာဝေ စ ကမ္မနိ။ ဤသုတ်၌ စ-သဒ္ဒါဖြင့် ကံ, ကတ္တား အနက်၌ အတ္တနောပုဒ် ဝိဘတ်သက်။ ပြယုဂ်ကား-သယံ ကရီယ

တော ကင္ဒေ၊ ကင္ဒေ၊ ဖျာသင်ဖြူးသည်။ သယံ၊ ကိုယ်တိုင်။ ကရီယတေ၊ ပြု၏။ (ဝါ)ရက်၏။ ဤ၌ တေ-ဝိဘတ်သည် ကမ္မကတ္တားကို ဟော၏။

ဘောဟော၌ သဒ္ဒနီတိ ဝါဒ

တတ္ထ ကမ္မေ "ကမ္မံ သတ္တေဟိ အနုဝိဓိယျတိ၊ ကမ္မာနိ သတ္တေဟိ အနုဝိဓိယျန္တိ၊ ဘော ကမ္မ တွံ သတ္တေဟိ အနုဝိဓိယျသိ၊ အဟံ ကမ္မံ သတ္တေဟိ အနုဝိဓိယျာမိ"တိ အာဒိနာ ယောဇေတဗ္ဗံ။

ဘာဝေ ပန သတ္တော ဒုက္ခံ အနုဝိဓိယျတိ၊ သတ္တာ ဒုက္ခံ အနုဝိဓိယျန္တိ၊ ဘော သတ္တ တွံ ဒုက္ခံ အနုဝိဓိယျသီ"တိ ယောဇေတဗ္ဗံ။

အယံ နယော အတိဝိယ သုခုမော ပါဠိနယာနုကူလော။
(သဒ္ဒနီတိ ဓာတုမာလာ၊ ၃၇၇)။

တတ္ထ၊ ထိုဘောကံနှစ်ပါးတို့တွင်။ ကမ္မေ၊ ကံ၌။ နယော၊ နည်းကို။ ဝုစ္စတေ၊ ဆိုအပ်၏။ ကမ္မံ၊ ကံကို။ သတ္တေဟိ၊ သတ္တဝါတို့သည်။ အနုဝိဓိယျတိ၊ ပြုစီရင်အပ်၏။ ကမ္မာနိ၊ ကံတို့ကို။ သတ္တေဟိ၊ သတ္တဝါတို့သည်။ အနုဝိဓိယျန္တိ၊ ပြုစီရင်အပ်ကုန်၏။

ဘော ကမ္မ၊ အိုကံ။ တွံ၊ သင့်ကို။ သတ္တေဟိ၊ သတ္တဝါတို့သည်။ အနုဝိဓိယျသိ၊ ပြုစီရင်အပ်၏။ အဟံ ကမ္မံ၊ ငါကံကို။ သတ္တေဟိ၊ သတ္တဝါတို့သည်။ အနုဝိဓိယျာမိ၊ ပြုစီရင်အပ်၏။ ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ ယောဇေတဗ္ဗံ၊ ယှဉ်အပ်၏။

ပန၊ အဖွိုတပါးကို ဆိုဦးအံ့။ ဘာဝေ၊ ဘော၌။ နယော၊ နည်းကို။ ဝုစ္စတေ၊ ဆိုအပ်၏။ သတ္တော၊ သတ္တဝါသည်။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဝိဓိယျတိ၊ ပြုစီရင်၏။ သတ္တာ၊ သတ္တဝါတို့သည်။ ဒုက္ခံ၊ ဆင်းရဲကို။ အနု-

ဝိဓိယျန္တိ၊ ပြုစီရင်ကုန်၏။ ဘော သတ္တာ၊ အိုသတ္တဝါ။ တံ့၊ သင်သည်။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဝိဓိယျသိ၊ ပြုစီရင်၏။ ဣတိ၊ ဤသို့။ ယောဇေ-တဗ္ဗံ၊ ယှဉ်အပ်၏။

အယံ နယော၊ ဤနည်းသည်။ အတိဝိယ သုခုမော၊ အလွန်ကဲ့သို့ သိမ်မွေ့၏။ ပါဠိနယာနုကူလော၊ ပါဠိနည်းအားလျော်၏။

(ကံဟော အာချာတ်ပုဒ်၊ ဘောဟော အာချာတ်ပုဒ်တို့၌ပုရိသ်သုံးပါး၊ ဝုစ်ခြောက်ပါးတို့နှင့်အညီ ကတ္တားကံကို အမှန်ထားတတ်အောင် ဤဝါကျကို ကောင်းမွန်စွာ လေ့ကျက်ပါ)။

ဘောအနက်၌ ပုရိသ်သုံးပါး၊ ဝုစ်နှစ်ပါးအားဖြင့် အတ္တနောပုဒ်ဝိဘတ် ၆ ပါးလုံး သက်၏၊ အာချာတ်ဘောဟောကြိယာ၌ ပဌမာကတ္တား, ဒုတိယာ ကံ နေ၏။

ပြယုဂ်နှင့်တကွ ရှင်းပြအံ့—

သတ္တော ဒုက္ခံ အနုဝိဓိယျတိ။	ပဌမပုရိသ် ဧကဝုစ်။
သတ္တာ ဒုက္ခံ အနုဝိဓိယျန္တိ။	ပဌမပုရိသ် ဗဟုဝုစ်။
တွံ ဒုက္ခံ အနုဝိဓိယျသိ။	မဇ္ဈိမပုရိသ် ဧကဝုစ်။
တုမှေ ဒုက္ခံ အနုဝိဓိယျထ။	မဇ္ဈိမပုရိသ် ဗဟုဝုစ်။
အဟံ ဒုက္ခံ အနုဝိဓိယျာမိ။	ဥတ္တမပုရိသ် ဧကဝုစ်။
မယံ ဒုက္ခံ အနုဝိဓိယျာမ။	ဥတ္တမပုရိသ် ဗဟုဝုစ်။

ဘောဟောတွင် ကတ္တား၌ ပဌမာဝိဘတ် သက်ရကြောင်း

အာချာတ်ဘောဟောကြိယာ၌ ပဌမာဝိဘတ် အဆုံးရှိသော ကတ္တားကို အဘယ်ကြောင့် ထားအပ်သနည်းဟူမူ—

'ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ သော ပဟီယိဿတိ' ဟူသော ဓဇဂ္ဂသုတ် ပါဠိတော်၌ 'သော ပဟီယိဿတိ' ဟု

ပထမာဝိဘတ် အဆုံးရှိသော ကတ္တားနှင့် ဘောဟော အာချာတ်ကြိယာကို မြင်ခြင်းကြောင့်တည်း။

အာချာတ် ကံဟောပုဒ်နှင့် ဘောဟောပုဒ် ရုပ်တူ၏။ ကတ္တား, ကံသာ ထူး၏။

ပုရိသေန မဂ္ဂေါ ဂစ္ဆီယတေ။ (ကံဟော)

ပုရိသော မဂ္ဂံ ဂစ္ဆီယတေ။ (ဘောဟော)

ပုရိသော၊ ယောကျ်ားသည်။ မဂ္ဂံ၊ ခရီးသို့။ ဂစ္ဆီယတေ၊ သွားခြင်း။

ယော ပန တတ္ထ အမှေဟိ ဘာဝဋ္ဌာနေ 'သတ္တော ဒုက္ခံ အနုဝိဓိယျတိ' တိ တိပုရိသမဏ္ဍိတော ကေဝစနဗဟုဝစနိကော ပဌမာဝိဘတ္တိပယောဂေါ ဝုတ္တော။ သော—

"ဒူသိတော ဂိရိဒတ္တေန၊ ဟယော သာမဿ ပဏ္ဍဝေါ။
ပေါရာဏံ ပကတိံ ဟိတွာ၊ တဿေဝ နုဝိဓိယျတိ"တိ စ။

"မာတာ ဟိ တဝ ဣရန္ဓတိ၊ ဝိဓုရဿ ဟဒယံ ဓနိယျတိ"-
တိ စ။

"တေ သံကိလေသိကာ ဓမ္မာ ပဟီယိဿန္တိ"တိ စ–
ဣမာသံ ပါဠိနံ ဝသေန သာရတော ပစ္စေတဗ္ဗော။

(သဒ္ဒနီတိဓာတုမာလာ၊ ၃၇၈။)

တတ္ထ၊ ထို၌။ အမှေဟိ၊ ငါတို့သည်။ ဘာဝဋ္ဌာနေ၊ ဘောအရာ၌။ သတ္တော ဒုက္ခံ-အနုဝိဓိယျတီတိ၊ ဟူ၍။ တိပုရိသမဏ္ဍိတော၊ ပုရိသ်သုံးပါးတို့ဖြင့် တန်းဆာဆင်အပ်သော။ ကေဝစနဗဟုဝစနိကော၊ ကေဝုစ်, ဗဟုဝုစ်နှင့်ယှဉ်သော။ ယော ပထမာဝိဘတ္တိပယောဂေါ၊ အကြင်ပဌမာဝိဘတ်နှင့်ယှဉ်ခြင်းကို။ ဝုတ္တော၊ ဆိုအပ်ပြီ။ သော၊ ထိုကို။ ဒူသိတော။ပ။

ဣမာသံ ပါဠိနံ၊ ဤပါဠိတို့၏။ ဝသေန၊ အစွမ်းဖြင့်။ သာရတော၊ အမြတ်အားဖြင့်။ ပစ္စေတဗ္ဗော၊ သိအပ်၏။

ဂိရိဒတ္တောန၊ ဂိရိဒတ္တမည်သော မြင်းထိန်းသည်။ ဒူသိတော၊ ဖျက်ဆီးအပ်သော။ သာမဿ၊ သာမမင်း၏။ ပဏ္ဍဝေါ၊ ပဏ္ဍဝမည်သော။ ဟယော၊ မြင်းသည်။ ပေါရာဏံ၊ ရှေး၌ဖြစ်သော။ ပကတိံ၊ သဘောကို။ ဟိတွာ၊ စွန့်၍။ တဿေဝ၊ ထိုဂိရိဒတ္တ၏သာလျှင်။ ပကတိံ၊ သဘောကို။ အနုဝိဓိယျတိ၊ အတုလိုက်၍ ပြု၏။

ဤ ပဌမပြယုဂ်၌ အကယ်၍ ကတ္တားပုဒ်ကို အလိုရှိအပ်သည် ဖြစ်ငြားအံ့၊ အနုဝိဓာတိ-ဟု ဟောရာ၏။ အကယ်၍ ကံပုဒ်ကို အလိုရှိအပ်သည် ဖြစ်ငြားအံ့၊ ပဏ္ဍဝေန-ဟူ၍ တတိယာဝိဘတ်အဆုံးရှိသော ကတ္တားပုဒ်ကို ဟောအပ်သည် ဖြစ်ရာ၏။ ဤသို့ မဟောခြင်းကြောင့် အနု-ဝိဓိယျတိ-ဟူသော ဤပုဒ်သည် ဘာဝပုဒ်တည်းဟု ထင်ရှား၏။

ဣရန္ဓတိ၊ ဣရန္ဓတီ။ တဝ၊ သင်၏။ မာတာ၊ အမိသည်။ ဝိဓုရဿ၊ ဝိဓုရ၏။ ဟဒယံ၊ နှစ်လုံးသားကို။ ဓနိယျတိ၊ အလိုရှိ၏။

ဤ ဒုတိယပြယုဂ်၌ အကယ်၍ ကတ္တားပုဒ်ကို အလိုရှိသည်ဖြစ်အံ့၊ ဓနုတေ-ဟူ၍ ဟောရာ၏။ အကယ်၍ ကံပုဒ်ကို အလိုရှိသည်ဖြစ်ငြားအံ့ မာတုယာ-ဟူ၍ တတိယာကတ္တားကို ဟောရာ၏။ ဤသို့ မဟောခြင်းကြောင့် ဓနိယျတိ-ဟူသော ဤပုဒ်သည် ဘာဝပုဒ်ဟု ထင်ရှား၏။

တေ သံကိလေသိကာ ဓမ္မာ၊ ထိုပူပန်စေတတ်သော တရားတို့သည်။ ပဟီယိဿန္တိ၊ ကင်းကုန်ရာလတ့်။

ဤတတိယပြယုဂ်၌ ပဟီယိဿန္တိ-ဟူသောပုဒ်သည် အကယ်၍ ဘူဝါဒိဂိုဏ်း ဟာ-စာဂေဟူသော ဓာတ်၏ရုပ်သည် ဖြစ်ငြားအံ့၊ ကတ္တားအနက်၌ ပဇဟိဿန္တိ-ဟူသော ရုပ်သည် ဖြစ်ရာ၏။ ကံအနက်၌ ပဇဟီယိဿန္တိ-ဟူသောရုပ်သည် ဖြစ်ရာ၏။ ဒိဝါဒိဂိုဏ်း ဟာ ပရိဟာနိယံ-ဟူသော အကမ္မကဓာတ်၏ရုပ် ဖြစ်ငြားအံ့၊ ကတ္တားအနက်၌ ပဟာယိဿန္တိ-ဟူသောရုပ်သည်

၁၅၁၉၆

ဖြစ်ရာ၏။ ဤပြဆိုအပ်ပြီးသော ရုပ်သုံးမျိုး မဖြစ်ခြင်းကြောင့် ပဟီယိ-ဿန္တိ-ဟူသောပုဒ်၌ ယ-ပစ္စည်း ဘောအနက်၌ ဖြစ်၏ဟူ၍ သိအပ်၏။

> ယေ သဒ္ဒသတ္တေ မတံ ဂဟေတွာ သာသနိကာ ဂရူ ဘာဝေ
> အဒဗ္ဗဝုတ္တိနော ဘာဝဿေကတ္တာ ဧကဝစနမေဝ၊ တဉ္စ ပဌမ-
> ပုရိသဿေဝ၊ "ဘူယတေ ဒေဝဒတ္တေန၊ ဒေဝဒတ္တေန သမ္ပတိ
> ဘဝန္တိ[၁] အတ္တော"တိ ပယောဂဉ္စ တဒတ္ထယောဇနဉ္စ ဝဒန္တိ။
> တေသံ တံ ဧစနံ ပါဠိယာ, အဋ္ဌကထာဒီဟိ စ န သမေတိ၊
> တသ္မာ ယထာဝုတ္တောဘယေဝတ္တော အာယသ္မန္တေဟိ ဓာရေ-
> တဗ္ဗော။ (သဒ္ဒနီတိဓာတုမာလာ၊ ၃၇၉။)

ယေ သာသနိကာ ဂရူ၊ အကြင် ရှုပသိဒ္ဓိဆရာတို့သည်။ သဒ္ဒသတ္တေ၊ သဒ္ဒါကျမ်း၌။ မတံ၊ အယူကို။ ဂဟေတွာ၊ ယူ၍။ ဘာဝေ၊ ဘော အနက်၌။ အဒဗ္ဗဝုတ္တိနော၊ ဒြဗ်၌ဖြစ်ခြင်း မရှိသော။ ဘာဝဿ၊ ဘော၏။ ဧကတ္တာ၊ တခုတည်း၏ အဖြစ်ကြောင့်။ ဧကဝစနမေဝ၊ ဧကဝုစ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုဧကဝုစ်သည်လည်း။ ပဌမပုရိသ-ဿေဝ၊ ပဌမပုရိသ်၏သာလျှင်။ ဧကဝစနံ၊ ဧကပုစ်သည်။ ဟောတိ၊ ဖြစ်၏။ ဒေဝဒတ္တေန၊ ဒေဝဒတ်သည်။ ဘူယတေ၊ ယခုဖြစ်ခြင်း။ ဒေဝဒတ္တေန၊ ဒေဝဒတ်သည်။ သမ္ပတိ ယခုအခါ၌။ ဘဝနံ၊ ဖြစ်ခြင်း။ ဣတိအယံ၊ ဤသည်ကား။ အတ္တော၊ အနက်တည်း။ ဣတိ၊ ဤသို့။ ပယောဂဉ္စ၊ ပြယုဂ်ကိုရင်း။ တဒတ္ထယောဇနဉ္စ၊ ထိုအနက်ယှဉ်ခြင်းကိုရင်း။ ဝဒန္တိ၊ ဆိုကုန်၏။ တေသံ၊ ထို ရှုပသိဒ္ဓိဆရာတို့၏။ တံ ဝစနံ၊ ထိုစကားသည်။ ပါဠိယာ စ၊ ပါဠိနှင့်ရင်း။ အဋ္ဌကထာဒီဟိ စ၊ အဋ္ဌကထာစသည်တို့နှင့်ရင်း။ န သမေတိ၊ မညီ။ တသ္မာ၊ ထို့ကြောင့်။ ယထာဝုတ္တောဘယေဝ အတ္တော၊ အကြင် ဆိုအပ်ပြီးသော အနက်ကိုသာလျှင်။ အာယသ္မန္တေဟိ၊ အရှင်တို့သည်။ ဓာရေတဗ္ဗော၊ ဆောင်အပ်၏။

၁။ ဆဋ္ဌမူ၌ သမ္ပတ္တိ အနုဘဝနံ—ဟုရှိသည်။

သဒ္ဒနီတိဆရာ အလိုအားဖြင့် ဘောအနက်၌ ပုရိသ်သုံးပါး ဝုစ်နှစ်ပါး အားဖြင့် အတ္တနောပုဒ်ဝိဘတ် ခြောက်ပါးလုံး ဖြစ်၏။ ပဌမာဝိဘတ် အဆုံးရှိသောကတ္တားနှင့် ယှဉ်၏။

ပုရိသ်ဝုစ်စုံ၊ ဘောဥ္ဂကြုံ၊ သက်တုံ ပထမာ။

ဤကား သဒ္ဒါနီတိဆရာ၏ အလိုတည်း။

ဘောဟောဥ္ ရူပသိဒ္ဓိဝါဒ

ရူပသိဒ္ဓိဆရာအလိုအားဖြင့် ဘောအနက်၌ အတ္တနောပုဒ်ဝိဘတ် ပထမပုရိသ် ကေဝုစ်တခုသာ ဖြစ်၏၊ ကတ္တား တတိယာဝိဘတ်နှင့် ယှဉ်၏။

ဘာဝေ အဒဗ္ဗဝုတ္တိနော ဘာဝဿကတ္တာ ကေဝစနမေဝ၊ တဉ္စ ပထမပုရိသဿေဝ၊ ဘူယတေ ဒေဝဒတ္တေန၊ ဒေဝဒတ္တေန သမ္မတိ သဝနတ္တိ အတ္တော။

(ရူပသိဒ္ဓိ၊ အတ္တနောပဒါနိ ပရဿပဒတ္တံသုတ်အဖွင့် နှာ-၂၆၆။)

ဘာဝေ၊ ဘောအနက်၌။ အဒဗ္ဗဝုတ္တိနော၊ ဒြပ်၌ဖြစ်ခြင်းမရှိသော။ ဘာဝဿ၊ ဘော၏။ ကေတ္တာ၊ တခုတည်း၏ အဖြစ်ကြောင့်။ ကေဝစနမေဝ၊ ကေဝုစ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဗဟုဝစနံ၊ ဗဟုဝုစ်သည်။ န ဟောတိ၊ မဖြစ်။ တဉ္စ၊ ထိုကေဝုစ်သည်လည်း။ ပထမပုရိသဿေဝ၊ ပထမပုရိသ်၏သာလျှင်။ ဧကဝစနံ၊ ကေဝုစ်သည်။ ဟောတိ၊ ဖြစ်၏။ မဇ္ဈိမဥတ္တမပုရိသာနံ၊ မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ်တို့၏။ ကေဝစနံ၊ ကေဝုစ်သည်။ န ဟောတိ၊ မဖြစ်။ ဒေဝဒတ္တေန၊ ဒေဝဒတ်သည်။ ဘူယတေ၊ ဖြစ်ခြင်း။ ဒေဝဒတ္တေန၊ ဒေဝဒတ်သည်။ သမ္မတိ၊ ယခုအခါ၌။ ဘဝနံ၊ ဖြစ်ခြင်း။ ဣတိအယံ၊ ဤသည်ကား။ အတ္တော၊ အနက်။

ပစ္စုပ္ပန်ကာလ ဘောအနက်၌ တေဝိဘတ်သက်၏ဟု ပြခြင်းငှါ 'သမ္မတိ ဘဝနံ' ဟု မိန့်သည်။

သဒ္ဒနီတိ၌ မိန့်အပ်သော အာချာတ်ဘာဝရုပ်များကို ရူပသိဒ္ဓိ အလိုအားဖြင့် အာချာတ်ဘာဝရုပ် မဟုတ်ဟု မှတ်အပ်၏။ ပါဠိ အဋ္ဌကထာတို့၌ နာမ်ကျမ်းလာ ပထမာ ဧကဝုစ် သိဝိဘတ်ကို ပကတိအတိုင်း ရှာမတွေ့သကဲ့သို့ ပါဠိ အဋ္ဌကထာတို့၌ ဘူယတေ၊ ပစ္စတေ၊ ဂစ္ဆိယတေ-အစရှိသော အာချာတ်ဘာဝရုပ်ကို ရှာမတွေ့။ ပါဠိ အဋ္ဌကထာတို့၌ ကိတ်-ဘာဝရုပ်ကား အလွန်ပေါများ၏။

နိပကော-၌ ဓာတ်ပစ္စည်း

သဒ္ဒနီတိဆရာသည် ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ ၁၊ ၁၆-၌—

နိပစယတိ ဝိသောသေတိ ပဋိပက္ခံ၊ တတော ဝါ အတ္တာနံ နိပါတိ ရက္ခတီတိ နိပကော၊ သမ္ပဇာနော-ဟူသော ဝါကျ၌ နိပယတိ ဝိသော-သေတိ ဟူသော စ-သဒ္ဒါကျသော ပုဒ်မှားကို ကြည့်၍ 'ပေ သောသနေ' ဟု ဓာတ်နက်ကို မိန့်၏။ နိပကော၌ နိရှေးရှိသော ပေ-ဓာတ် မဟုတ်။ နိရှေးရှိသော ပစ-ဓာတ်၊ ဏ-ပစ္စည်းဟု မောဂ္ဂလ္လာန် "ဘာဝကာရကေ-သွဃဏ် ဃကာ" ဟူသော ပုဒ်၌ မိန့်၏။

လိင်ခွဲနှင့် ဝါစ္စလိင်လိုက်ရပုံ

နီလာဒိ ဂုဏနာမဋ္ဌ၊ ဗဟုဗ္ဗိဟိ စ တဒ္ဓိတံ။
သာမညဝုတျတီတာဒိ-ကိတန္တံ ဝါစ္စလိင်ဂိကံ။

(ရူပသိဒ္ဓိ၊ နာမ်၊ ၁၁၁။)

နီလာဒိ စ၊ နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇေဋ္ဌ-စသော သဒ္ဒါသည်ရင်း။ ဂုဏနာမဋ္ဌ၊ ဂရု, လဟု, ထဒ္ဓ, မုဒု, ဝဋ္ဋ, စတု, ရဿ-စသော ဂုဏနာမ်သည့်ရင်း။ ဗဟုဗ္ဗိဟိ စ၊ ဗဟုဗ္ဗိဟိသမာသ်သည်ရင်း။ သာမည-ဝုတ္တိ၊ သာမညဝုတ္တိဖြစ်သော။ တဒ္ဓိတဥ္စ၊ တဒ္ဓိတ်သည်ရင်း။ အတီတာဒိ၊ အတီတ-စသော မြဲသောလိင်မှ ကင်းသော။ ကိတန္တဥ္စ၊ ကိတ်ပစ္စည်းအဆုံးရှိသော သဒ္ဒါသည်ရင်း။ ဝါစ္စလိင်ဂိကံ၊ ဟောအပ်သော အနက်၏လိင်ကဲ့သို့သော လိင်ရှိ၏။

နီလ-စသောသဒ္ဒါ ဝါစ္စလိင်ကို လိုက်ရာ၌ ပြယုဂ်ကား—

နီလော ပဋော (ပုလ္လိင်)၊ နီလာ သာဋိကာ (ဣတ္ထိလိင်)၊ နီလံ ဝတ္ထံ (နပုလ္လိင်) စသည်တည်း။

ဗဟုဗ္ဗီဟိသမာသ် ဝါစ္စလိင်လိုက်ရာ၌ ပြယုဂ်ကား—

သုန္ဒရော ဂန္ဓော ယဿ သောတိ သုဂန္ဓော၊ စမ္ပကော (ပုလ္လိင်)။
သုန္ဒရော ဂန္ဓော ယဿာ သာတိ သုဂန္ဓာ၊ မာလာ (ဣတ္ထိလိင်)။
သုန္ဒရော ဂန္ဓော ယဿ တန္တိ သုဂန္ဓံ၊ စန္ဒနံ (နပုလ္လိင်) စသည်တည်း။

အဗျယီဘာဝသမာသ်ကား နပုလ္လိင်တည်း။

ကမ္မဓာရည်းသမာသ်ကား နောက်ပုဒ်လိင်တည်း။

သမာဟာရဒိဂုသမာသ်ကား နပုလ္လိင် ဧကဝုစ်တည်း။

အသမာဟာရဒိဂုသမာသ်ကား လိင်သုံးပါး ဝုစ်နှစ်ပါးတည်း။

ဧကော စ သော ပုဂ္ဂလော စာတိ ဧကပုဂ္ဂလော၊ တယော ဘဝါ တိဘဝါ စသည်တည်း။

> **အသမာဟာရ၊ ဒိဂုကျသော်၊ ဝုစ်က နှစ်ပါး၊ လိင်သုံးပါးပင်၊ နေပြားရှိကောင်းရာသတည်း။** (ဘုရားကြီးနိယံ)

တပ္ပုရိသ် သမာသ်ကား နောက်ပုဒ်လိင်တည်း။

သမာသ်အထူးများ

ယေဟိ ထေရေဟိ သင်္ဂီတာ၊ သင်္ဂီတိ တာသု ဝိဿုတာ။
သဗ္ဗကာမီ စ သာဠှော စ၊ ရေဝတော ခုဇ္ဇသောဘိတော။
ယသော စ သာဏသမ္ဘူတော၊ ဧတေ သဒ္ဓိဝိဟာရိကာ။
ထေရာ အာနန္ဒထေရဿ၊ ဒိဋ္ဌပုဗ္ဗာ တထာဂတံ။
(ပါရာဇိကဏ်အဋ္ဌကထာ၊ ဒုတိယသင်္ဂီတိကထာ နှာ-၂၇။)

ဒိဋ္ဌာ ပုဗ္ဗန္တိ ဒိဋ္ဌပုဗ္ဗာ။ ယေ ထေရာ၊ အကြင် ထေရ်တို့သည်။ တထာ-ဂတံ၊ မြတ်စွာဘုရားကို။ ပုဗ္ဗံ၊ ရှေး၌။ ဒိဋ္ဌာ၊ မြင်ဘူးကုန်ပြီ။ ဣတိ၊ ထို့ကြောင့်။ တေ ထေရာ၊ ထိုထေရ်တို့သည်။ ဒိဋ္ဌပုဗ္ဗာ၊ ဒိဋ္ဌပုဗ္ဗ မည်ကုန်၏။

ဒိဋ္ဌပုဗ္ဗောတိ အာဒိသုပိ ကမ္မဓာရယာဒိလက္ခဏာဘာဝါ
ယောဂဝိဘာဂေန သမာသော (ရူပသိဒ္ဓိဋီကာ)။

ဒိဋ္ဌပုဗ္ဗောတိ အာဒီသုပိ၊ ဒိဋ္ဌပုဗ္ဗောစသည်တို့၌လည်း။ ကမ္မဓာရယာဒိ လက္ခဏာဘာဝါ။ ကမ္မဓာရည်း စသော လက္ခဏာမရှိခြင်းကြောင့်။ ယောဂဝိဘာဂေန၊ သုတ်ကိုဝေဘန်ခြင်းဖြင့်။ သမာသော၊ သမာသ်ကို။ ကာတဗ္ဗော။ ပြုအပ်၏။

ဒိဋ္ဌပုဗ္ဗော-စသော သမာသ်ပုဒ်သည် အံဝိဘတ်အဆုံးရှိသော ပုဒ်ကို နောက်ပုဒ်နှင့် မစပ်မူ၍ ရှေးပုဒ်နှင့် စပ်သောကြောင့် တပ္ပုရိသ်မဟုတ်၊ သမာသ်ခြောက်ပါးမှလွတ်သော သမာသ်ဟု ရူပသိဒ္ဓိဆရာမိန့်၏။

တပ္ပုရိသ်မှာ၊ ပုဗ္ဗပါမူ၊ ရံခါရှေ့ပုဒ် ပဓာနပေတည်း။
(ဘုရားကြီးနိယံ၌ တပ္ပုရိသ်ဟု မိန့်၏)။

ပတ္တဇီဝိကော၊ အာပန္နဇီဝိကော-စသော သမာသ်ပုဒ်များ၌ ပတ္တော ဇီဝိကံ ပတ္တဇီဝိကော၊ ဤသို့ ဝိဂ္ဂဟ်ဆိုလျှင် အံဝိဘတ်အဆုံးရှိသော ပုဒ်ကို နောက်ပုဒ်နှင့်မစပ်မူ၍ ရှေ့ပုဒ်နှင့် စပ်သောကြောင့် တပ္ပုရိသ် မမည်။ သမာသ်ခြောက်ပါးမှလွတ်သော သမာသ်ဖြစ်၏။

ဇီဝိကံ ပတ္တော ပတ္တဇီဝိကော။

ဇီဝိကံ၊ အသက်မွေးခြင်းသို့။ ပတ္တော၊ ရောက်သည်တည်း။ ပတ္တဇီဝိ-ကော၊ အသက်မွေးခြင်းသို့ရောက်သည်။ ဤသို့ ဝိဂ္ဂဟ်ဆိုလျှင် အံဝိဘတ် အဆုံးရှိသော ပုဒ်ကို နောက်ပုဒ်နှင့်စပ်သောကြောင့် တပ္ပုရိသ်သမာသ် ဖြစ်၏။

ဇီဝိကံ ပဝတ္တာ ပတ္တဇီဝိကော၊ အမာဒယော ပရပဒေဘိတိ
သမာသေ ကတေ ပုဗ္ဗပဒ ပရနိပါတော ကွစာဒိသုတ္တေန ရဿတ္တဥ္စ
ဝိသေသော (ရူပသိဒ္ဓိဋီကာ)။

ဇီဝိကံ၊ အသက်မွေးခြင်းသို့၊ ပတ္တော၊ ရောက်သည်တည်း။ ပတ္တ-
ဇီဝိကော၊ အသက်မွေးခြင်းသို့ရောက်သည်။

အမာဒယော ပရပဒေဘိတိ၊အမာဒယော ပရပဒေဘိသုတ်ဖြင့်။သမာ-
သေ၊ သမာသ်ကို။ ကတေ၊ ပြုအပ်ပြီးသည်ရှိသော်။ ပုဗ္ဗပဒပရနိပါတော၊
ဇီဝိကာ ဟူသော ရှေးပုဒ်၏နောက်၌ ကျခြင်းသည်။ ဟောတိ၊ ဖြစ်၏။
ကွစာဒိသုတ္တေန၊ ကွစိအစရှိသောသုတ်ဖြင့်။ ရဿတ္တဥ္စ၊ ဇီဝိကာ၌ ဣတ္ထိ-
လိင်အာပစ္စည်း၏ ရဿအဖြစ်သည်လည်း။ ဝိသေသော၊ ထူး၏။

ပတ္တာ ဇီဝိကာ အနေနာတိ ပတ္တဇီဝိကော- ဟု မောဂ္ဂလ္လာန်၌
ဗဟုဗ္ဗီဟိသမာသ်ဟု မိန့်၏။

ဗဟုဗ္ဗီဟိသမာသ်၏ လိင်ဝုစ်

ဗဟုဗ္ဗီဟိသမာသ်သည် ဟောအပ်သော အနက်၏ လိင်ဝုစ်ကဲ့သို့သော
လိင်ဝုစ်ရှိ၏။

ဗဟုဗ္ဗီဟိ စာယံ အဘိဓေယျလိင်္ဂဝစနော (ရူပသိဒ္ဓိ)။

အညပဒတ္ထ၊ သမာသမှာ၊ လိင်သင်္ချာကို၊ မြဲစွာအဟုတ်၊
အညပုဒ်၏၊ လိင်ဝုစ်ယူလတ် တူမြဲမှတ် (ဘုရားကြီးနိယံ)။

ပြယုဂ်ကား—အာဂတာ သမဏာ ဣမံ သံဃာရာမန္တိ အာဂတသမ-
ဏော၊ သံဃာရာမော။ အာဂတသမဏာ၊ သာဝတ္ထိ။ အာဂတသမဏံ၊
ဇေတဝနံ။

နောက်ပုဒ်အနက်ပြခြင်းသော ဗဟုဗ္ဗီဟိသမာသ် အထူးများ

သဟ မူလေန ဥဒ္ဓတော သမူလုဒ္ဓတော၊ ရုက္ခော။

မူလေန၊ အမြစ်နှင့်။ သဟ၊ တကွ။ ဥဒ္ဓတော၊ နုတ်အပ်၏။ သမူ-လုဒ္ဓတော၊ အမြစ်နှင့်တကွ နုတ်အပ်၏။ ရုက္ခော၊ သစ်ပင်။

ဤပြယုဂ်၌ ဥဒ္ဓတော-ဟူသော နောက်ပုဒ်အနက် ပြခြင်း၏။

သခေါ် ဝိယ ပဏ္ဍရော အယန္တိ သင်္ခပဏ္ဍရော။

အယံ၊ ဤသူသည်။ သခေါ် ဝိယ၊ ခရုသင်းကဲ့သို့။ ပဏ္ဍရော၊ ဖြူ၏။ ဣတိ၊ ထို့ကြောင့်။ သင်္ခပဏ္ဍရော၊ သင်္ခပဏ္ဍရ မည်၏။

ဤပြယုဂ်၌ ပဏ္ဍရ-ဟူသော နောက်ပုဒ်အနက် ပြခြင်း၏။

ကာကော ဝိယ သူရော အယန္တိ ကာကသူရော။

အယံ၊ ဤသူသည်။ ကာကော ဝိယ၊ ကျီးကဲ့သို့။ သူရော၊ ရဲရင့်၏။ ဣတိ၊ ထို့ကြောင့်၊ ကာကသူရော၊ ကာကသူရမည်၏။

ဤပြယုဂ်၌ သူရ-ဟူသော နောက်ပုဒ်အနက် ပြခြင်း၏။

စက္ခုံ ဣဝ ဘူတော အယံ ပရမတ္ထဒဿနတောတိ စက္ခုဘူတော ဘဂဝါ။

အယံ၊ ဤမြတ်စွာဘုရားသည်။ ပရမတ္ထဒဿနတော၊ မြတ်သော သဘောကိုမြင်ခြင်းကြောင့်။ စက္ခုံ ဣဝ၊ မျက်စိကဲ့သို့။ ဘူတော၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ စက္ခုဘူတော၊ စက္ခုဘူတ မည်တော်မူ၏။ ဘဂဝါ၊ ဘုရား။

ဤပြယုဂ်၌ ဘူတ-ဟူသော နောက်ပုဒ်အနက် ပြခြင်း၏။

တဒ္ဓါကုလကမိဝ ဇာတာ အယန္တိ တဒ္ဓါကုလကဇာတာ။

အယံ ကုဒိဋ္ဌိ၊ ဤစက်ဆုပ်အပ်သောအယူသည်။ တဒ္ဓါကုလကမိဝ၊ ရှုပ်ထွေးသော ချည်ခင်ကဲ့သို့။ ဇာတာ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ တဒ္ဓါကုလကဇာတာ၊ တဒ္ဓါကုလကဇာတာမည်၏။

ဤပြယုဂ်၌ ဇာတာဟူသော နောက်ပုဒ်အနက် ပြခန်း၏။

စက္ခုဘူတော အစရှိသော နောက်ပုဒ်အနက် ပြခန်းသောသမာသ်ကို အဘယ့်ကြောင့် ဗဟုဗ္ဗီဟိ ဆိုရသနည်းဟူမူကား—

အယံ ပဉ္စမတ္ထော ဥပမာနပုဗ္ဗပဒေါ မဟာနိရုတ္တိယံ အညပဒတ္ထဝသေန ဒဿိတတ္တာ ဣဓာပိ အညပဒတ္ထေယေဝ ဝုတ္တော။

(ရူပသိဒ္ဓိဋီကာ။)

အယံ ပဉ္စမတ္ထော ဥပမာနပုဗ္ဗပဒေါ၊ ဤပဉ္စမာအနက်ရှိသော ဥပမာနပုဗ္ဗပဒသမာသ်ကို။ မဟာနိရုတ္တိယံ၊ မဟာနိရုတ္တိကျမ်း၌။ အညပဒတ္ထဝသေန၊ အညပုဒ် အနက်၏ အစွမ်းဖြင့်။ ဒဿိတတ္တာ၊ ပြအပ်သည်၏ အဖြစ်ကြောင့်။ ဣဓာပိ၊ ဤရူပသိဒ္ဓိကျမ်း၌လည်း။ အညပဒတ္ထေယေဝ၊ အညပဒတ္ထသမာသ်၌သာလျှင်။ ဝုတ္တော၊ မိန့်အပ်ပြီ။

ဒွန်သမာသ် လိင်ဝုစ်

သမာဟာရဒွန်ကား နပုလ္လိင် ဧကဝုစ်တည်း။

ဣတရေတရယောဂဒွန်ကား လိင်သုံးပါး ဗဟုဝုစ်တည်း။

အယုတ္တသမာသ် ဖြစ်ပုံ

၁—သဒ္ဒါသည် ကြိယာကို မြစ်သော ပသဇ္ဇပဋိသေဓ၊ ဒြပ်ကိုမြစ်သော ပရိယုဒါသပဋိသေဓ အားဖြင့် နှစ်ပါးအပြားရှိ၏။

ပသင္ဂမှာ၊ ကြိယာ၊ ယုဒ္ဓါ ဒြပ်၊ အကျဉ်းမှတ်။

ထိုနှစ်ပါးတို့တွင် ကြိယာကိုမြစ်သော န-သဒ္ဒါနှင့် အယုတ္တသမာသ် ဖြစ်၏။ ကြိယာကို မြစ်သော န-သဒ္ဒါမပါဘဲ အယုတ္တသမာသ်ဟူ၍ မရှိ။

> အသမ္ဗုဂုဏာဒါယကတ္တာတိ သမ္ဗုဂုဏာနံ အဒါယကတ္တာ။
> သမ္ဗုဂုဏေ န ဒဒါတီတိ ဟိ အသမ္ဗုဂုဏာဒါယကော၊ အယုတ္တ-
> သမာသောယံ ဂမကတ္တာ၊ ယထာ အသူရိယံ ပဿာနိ မုခါနီတိ။
> (သာရတ္ထဒီပနီဋီကာ၊ ဝေရဉ္ဇကဏ္ဍဝဏ္ဏနာ ၃၅၁-၂။)

အသမ္ဗုဂုဏာဒါယကတ္တာတိ၊ ဟူသည်ကား။ သမ္ဗုဂုဏာနံ၊ ခပ်သိမ်းသော ဂုဏ်တို့ကို။ အဒါယကတ္တာ၊မပေးတတ်သည်၏ အဖြစ်ကြောင့်။ ဟိ၊ ချဲ့၍ ဆိုဦးအံ့။ သမ္ဗုဂုဏေ၊ခပ်သိမ်းသော ဂုဏ်တို့ကို။ န ဒဒါတိ၊ မပေးတတ်။ ဣတိ၊ ထို့ကြောင့်။ အသမ္ဗုဂုဏာဒါယကော၊ မည်၏။ အယံ၊ ဤသမာသ် သည်။ ဂမကတ္တာ၊ သိစေတတ်သည်၏ အဖြစ်ကြောင့်။ အယုတ္တသမာ-သော၊ အယုတ္တသမာသ် မည်၏။ ယထာ၊ ဥပမာအဘယ်ကဲ့သို့နည်းဟူမူ ကား။ သူရိယံ၊ နေကို။ အပဿာနိ၊ မကြည့်ကုန်သော၊ မုခါနိ၊ မျက်နှာတို့။

> ယထာ 'အသူရိယံ ပဿတိ ကညာ' တိ ဧတ္ထ သူရိယံ န
> ပဿတိ ကညာတိ အယမတ္ထော လဗ္ဘတိ၊ ဧဝံ 'အနေ၀ကာသံ
> ကာရာပေတွာ'တိ ဧတ္ထာပိ ဩကာသံ အကာရာပေတွာတိ
> အယမတ္ထော လဗ္ဘတီတိ အာဟ-အယံ ပနာတိ အာဒိ။
> (သာရတ္ထဒီပနီဋီကာ၊ ပဌမဒုဋ္ဌဒေါသသိက္ခာပဒဝဏ္ဏနာ၊၃၅၆။)

အသူရိယံ ပဿတိ ကညာတိ ဧတ္ထ၊ ၌။ ကညာ၊ သတို့သမီးသည်။ သူရိယံ၊ နေကို။ န ပဿတိ၊ မကြည့်။ ဣတိ၊ ဤသို့။ အယံ အဇ္ဈတ္တော၊ ဤအနက်ကို။ လဗ္ဘတိ ယထာ၊ ရအပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အနေ၀-ကာသံ ကာရာပေတွာတိ ဧတ္ထာပိ၊ ဤ၌လည်း။ ဩကာသံ၊ အခွင့်ကို။

အကာရာပေတွာ၊ မပြုစေမူ၍။ ဣတိ၊ ဤသို့။ အယံ အတ္တော၊ ဤအနက်ကို။ လဗ္ဘတိ၊ ရအပ်၏။ ဣတိ၊ ထို့ကြောင့်။ အယံ ပနာတိ အာဒိ၊ ကို။ အာဟ။ မိန့်ပြီ။

နျာသ, ရူပသိဒ္ဓိ အလိုအားဖြင့် ပုလ္လိင်စသည် ခေါ်ပုံ

ဝိသဒါကာရကို အဘယ်ကြောင့် ပုလ္လိင်ခေါ်သနည်း။

ယောကျ်ားဟူ၍ သိခြင်း၏အကြောင်း ဖြစ်သောကြောင့် ပုလ္လိင် ခေါ်ပါသည်။

ပုရိသသဒ္ဒါကို အဘယ်ကြောင့် ပုလ္လိင်ခေါ်ပါသနည်း။

ဝိသဒါကာရနှင့်တကွဖြစ်သော ယောကျ်ားဟူသော အနက်ကို ဟောသောကြောင့် ပုလ္လိင် ခေါ်ပါသည်။

လ၊ နေ၊ သစ်ပင်၊ တောင် စသည်တို့၌ ယောကျ်ားဟူ၍ သိခြင်း၏ အကြောင်းဖြစ်သော ဝိသဒါကာရ=သန့်ရှင်းသော အခြင်းအရာ မရှိဘဲလျက် စန္ဒသဒ္ဒါ, သူရိယသဒ္ဒါ, ရုက္ခသဒ္ဒါ, ပဗ္ဗတသဒ္ဒါ စသည်တို့ကို အဘယ်ကြောင့် ပုလ္လိင်ဆိုရသနည်း။

ပုရိသသဒ္ဒါနှင့် ရုပ်တူသောကြောင့် ပုလ္လိင်ဟု ဆိုရပါသည်။

ဣတ္ထိလိင်၊ နပုလ္လိင်တို့ကိုလည်း ဤနည်းအတိုင်း မှတ်အပ်၏။

ရူပသိဒ္ဓိ-လာ လိင်သုံးပါး လက္ခဏာ

ဃောသော ဃောမိတိ စ၊ ပသိဒ္ဓိ အဥ္ဆတ္ထသု ယေသု လောကဿ။
ထီပုန္နပုံသကာနိတိ၊ ဝုစ္စန္တေ တာနိ နာမာနိ။(အရိယဂါထာ)
(ရူပသိဒ္ဓိ ၁၁၁၊ သဒ္ဒနီတိပဒမာလာ၊ ၂၉၄။)

ဃောသော ဃောမီတိ၊ ဃော, ဃော, ဃောံဟူ၍။ ယေသု အဥ္ဆတ္ထသု၊ အကြင် အနက်တို့၌။ လောကဿ၊ လူများ၏။ ပသိဒ္ဓိ၊ ထင်ရှားသည်။

ဟောတိ၊ ဖြစ်၏။ တေသု အတ္တေသု၊ ထိုအနက်တို့၌။ ပဝတ္တာနိ၊ ဖြစ်ကုန်သော။ ယာနိ နာမာနိ၊ အကြင် နာမ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ နာမာနိ၊ ထိုနာမ်တို့ကို။ ထီပုန္နပုံသကာနီတိ၊ ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်တို့ဟူ၍။ ဝုစ္စန္တေ၊ ဆိုအပ်ကုန်၏။|

အဓိပ္ပါယ်ကား—သောဟူသော ပုဒ်နှင့် တုလျာဓိကရဏဖြစ်သော နာမ်သည် ဣတ္ထိလိင်မည်၏။ အလုံးစုံသော ဣတ္ထိလိင်နာမ်သည် သောဟူသော ပုဒ်နှင့် တုလျာဓိကရဏ ဖြစ်၏။

သောဟူသောပုဒ်နှင့် တုလျာဓိကရဏဖြစ်သော နာမ်သည် ပုလ္လိင်မည်၏၊ အလုံးစုံသော ပုလ္လိင်နာမ်သည် သောဟူသောပုဒ်နှင့် တုလျာဓိ·ကရဏ ဖြစ်၏။

တံဟူသော ပုဒ်နှင့် တုလျာဓိကရဏဖြစ်သော နာမ်သည် နပုံလ္လိင်မည်၏။ အလုံးစုံသော နပုလ္လိင်နာမ်သည် တံဟူသောပုဒ်နှင့် တုလျာဓိ·ကရဏ ဖြစ်၏။

ဤကား—ရှုပသိဒ္ဓိ၌ မိန့်အပ်သော လိင်သုံးပါး၏ လက္ခဏာတည်း။

သဒ္ဒနီတိ·လာ လိင်သုံးပါး ခွဲပုံ

ယဿ ကဿစိ အတ္ထဿ အဝိသဒါကာရဝေါဟာရော ဣတ္ထိ·လိင်္ဂံ၊ ဝိသဒါကာရဝေါဟာရော ပုလ္လိင်္ဂံ၊ ဥဘယမုတ္တာကာရ·ဝေါဟာရော နပုံသကလိင်္ဂန္တိ ဝေဒိတဗ္ဗန္တိ။

တတ္ထ ပန နာမိကပဒမာလာသင်္ခါတပဗန္ဓဝသေနေဝ အဝိသဒါ·ကာရဝေါဟာရာဒိတာ ဂဟေတဗ္ဗာ၊ န ကေဏပဒပဝသေန။

(သဒ္ဒနီတိပဒမာလာ၊ ၂၉၃။)

သဒ္ဒနီတိဆရာသည် ဤဝါကျကို မူလပဓာနထား၍ လိင်သုံးပါးကို ခွဲခြားဝေဘန်၍ ပြ၏၊ ဤဝါကျသည် အကျဉ်းသခေပစကားရပ် ဖြစ်၏၊

ဤဝါကျကို ကောင်းမွန်စွာ လေ့ကျင့်လျှင် အကျယ်စကားများကို ကောင်းကောင်းမွန်မွန် သန့်သန့်ရှင်းရှင်း သိပါလိမ့်မည်။

ယဿ ကဿစိ၊ အမှတ်မရှိသော။ အတ္တဿ၊ အနက်၏။ အဝိသဒါကာရဝေါဟာရော၊ မသန့်ရှင်းသော အခြင်းအရာရှိသော သဒ္ဒါသည်။ ဣတ္ထိလိင်ံ၊ ဣတ္ထိလိင် မည်၏။ ဝိသဒါကာရဝေါဟာရော၊ သန့်ရှင်းသော အခြင်းအရာရှိသော သဒ္ဒါသည်။ ပုလ္လိင်ံ၊ ပုလ္လိင် မည်၏။ ဥဘယမုတ္တာကာရဝေါဟာရော၊ နှစ်ပါးစုံမှလွတ်သော အခြင်းအရာရှိသော သဒ္ဒါသည်။ နပုံသကလိင်ံ၊ နပုလ္လိင် မည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။ ဣတိ၊ ဤသို့။ နိရုတ္တိမဉ္ဇူသာယံ၊ ၌။ ဝုတ္တော၊ ဆိုအပ်၏။

ပန၊ အထူးကို ဆိုဦးအံ့။ ဧတ္ထ၊ ဤအရာ၌။ နာမိကပဒမာလာသင်္ခါတပဗန္ဓဝသေနေဝ၊ နာမ်ပဒမာလာဟု ဆိုအပ်သော အစဉ်၏ အစွမ်းဖြင့်သာလျှင်။ အဝိသဒါကာရဝေါဟာရာဒိတာ၊ အဝိသဒါကာရဝေါဟာရစသော အဖြစ်ကို။ ဂဟေတဗ္ဗာ၊ ယူအပ်၏။ ဧကေကပဒဝသေန၊ တခုတခုသောပုဒ်၏ အစွမ်းဖြင့်။ န ဂဟေတဗ္ဗာ၊ မယူအပ်။

အဓိပ္ပါယ်ကား—မိန်းမတို့သည် များသောအားဖြင့် မသန့်ရှင်းသော အခြင်းအရာ ရှိကုန်သကဲ့သို့ ထို့အတူ အမှတ်မရှိသော စိတ်ရှိသော အနက်၏ရင်း၊ စိတ်မရှိသော အနက်၏ရင်း အကြင် သဒ္ဒါတို့သည် များသောအားဖြင့် မသန့်ရှင်းသော အခြင်းအရာ ရှိကုန်၏၊ ထို သဒ္ဒါတို့သည်သာလျှင် ဣတ္ထိလိင် မည်ကုန်၏။

ပုံစံကား——ကညာ, မိတလိကာ-စသည်တည်း။

ယောကျ်ားတို့သည် များသောအားဖြင့် သန့်ရှင်းသော အခြင်းအရာ ရှိကုန်သကဲ့သို့ ထို့အတူ အမှတ်မရှိသော စိတ်ရှိသောအနက်၏ရင်း၊ စိတ်မရှိသောအနက်၏ရင်း အကြင်သဒ္ဒါတို့သည် များသောအားဖြင့် သန့်ရှင်းသော အခြင်းအရာရှိကုန်၏၊ထိုသဒ္ဒါတို့သည်သာလျှင် ပုလ္လိင်မည်ကုန်၏။

ပုံစံကား—ပုရိသော၊ အာပေါ စသည်တည်း။

နပုံးတို့သည် နှစ်ပါးစုံမှ လွတ်သောအခြင်းအရာရှိကုန်သကဲ့သို့ အကြင်သဒ္ဒါတို့သည် နှစ်ပါးစုံမှလွတ်သော အခြင်းအရာရှိကုန်၏။ ထိုသဒ္ဒါတို့သည် နပုလ္လိင် မည်ကုန်၏။

ပုံစံကား—စိတ္တံ၊ ရူပံ စသည်တည်း။

ဤ ဝါကျ၌ နာမိကပဒမာလာဟု ဆိုအပ်သော အစဉ်၏ အစွမ်းဖြင့် သာလျှင် အဝိသဒါကာရဝေါဟာရ အစရှိသော အဖြစ်ကို ယူအပ်၏။ တပုဒ်တပုဒ်၏ အစွမ်းဖြင့် အဝိသဒါကာရဝေါဟာရ အစရှိသော အဖြစ်ကို မယူအပ်။

ပဒမာလာ၏ အစွမ်းဖြင့် အဝိသဒါကာရဝေါဟာရ—စသောအဖြစ် ပြီးသည်ရှိသော် အပေါင်းဖြစ်သော ပဒမာလာ၏ အစိတ်ဖြစ်ခြင်းကြောင့် တပုဒ်တပုဒ်၏လည်း အဝိသဒါကာရဝေါဟာရ—စသော အဖြစ်သည် ပြီးသည်သာလျှင်တည်း။

ပုလ္လိင်, ဣတ္ထိလိင်, နပုလ္လိင်မည်ကြောင်း

အဘယ်ကို ဣတ္ထိလိင် ခေါ်သနည်း။

သုတိတ္ထု ရုပ်လေးရုပ်, ငါးရုပ်ပါသော အဝိသဒါကာရ နာမိကပဒ-မာလာကို ဣတ္ထိလိင် ခေါ်ပါသည်။

အဘယ်ကို ပုတ္ထိင်ခေါ်သနည်း။

သုတိတ္ထု ရုပ်သုံးရုပ်ပါသော ဝိသဒါကာရ နာမိကပဒမာလာကို ပုလ္လိင် ခေါ်ပါသည်။

အဘယ်ကို နပုလ္လိင် ခေါ်သနည်း။

ဃောဝိဘတ် နိ-အပြု ရုပ်သုံးရုပ်ပါသော ဥဘယမုတ္တာကာရ နာမိကပဒမာလာကို နပုလ္လိင်ဟု ခေါ်ပါသည်။

အဝိသဒါကာရ နာမိကပဒမာလာကို မိန်းမဟုတ်နှင့် မစပ်ဆိုင်ပဲလျက် အဘယ်ကြောင့် ဣတ္ထိလိင် ခေါ်ရသနည်း။

ဣတ္ထိလိင်္ဂ ဝိယာတိ ဣတ္ထိလိင်္ဂ-ဟူသော ဝစနတ္ထနှင့်အညီ မိန်းမတို့၏ မသန့်ရှင်းသော အခြင်းအရာ အဝိသဒါကာရဣတ္ထိလိင်နှင့် တူသော ကြောင့် ဣတ္ထိလိင်ဟု ခေါ်ရပါသည်။

ဝိသဒါကာရ နာမိကပဒမာလာကို ယောကျ်ားတို့နှင့် မစပ်ဆိုင်ပဲ လျက် အဘယ်ကြောင့် ပုလ္လိင်ဟု ခေါ်ရသနည်း။

ပုလ္လိင်္ဂ ဝိယာတိ ပုလ္လိင်္ဂ-ဟူသော ဝစနတ္ထနှင့်အညီ ယောကျ်ားတို့၏ သန့်ရှင်းသော အခြင်းအရာ ဝိသဒါကာရပုလ္လိင်နှင့် တူသောကြောင့် ပုလ္လိင်ဟု ခေါ်ရပါသည်။

နပုလ္လိင်ကို ဤနည်းအတိုင်းမှတ်။

သဒ္ဒနီတိ-လာ လိင်သုံးပါး လက္ခဏာ

ဝိသဒါဝိသဒါကာရာ၊ အာကာရောဘယမုတ္တကော။
လိင်္ဂတ္တယ လက္ခဏံ တေ၊ ဉေယျံ သျာဒိပဗန္ဓတော။

ဝိသဒါဝိသဒါကာရာ၊ သန့်ရှင်းသော အခြင်းအရာ, မသန့်ရှင်း သော အခြင်းအရာတို့သည်၎င်း။ ဥဘယမုတ္တကော၊ နှစ်ပါးစုံမှလွတ် သော။ အာကာရော၊ အခြင်းအရာသည်၎င်း။ လိင်္ဂဿ၊ လိင်၏။ လက္ခဏံ၊ မှတ်ကြောင်းတည်း။ တေ၊ ဤမှတ်ကြောင်း လက္ခဏာကို။ သျာဒိပဗန္ဓ- တော၊ သိ-အစရှိသော ဝိဘတ်ျတ္တပုဒ်တို့၏ အစဉ်အားဖြင့်။ ဉေယျံ၊ သိအပ်၏။

နျာသ, ရူပသိဒ္ဓိဆရာတို့၏ အလိုအားဖြင့် ဝိသဒါကာရ စသည်ကို သဝိညာဏကဝတ္ထုတို့၌သာ ရအပ်၏၊ အဝိညာဏကဝတ္ထုတို့၌ မရအပ်၊ အဘယ့်ကြောင့်နည်း၊ အဝိညာဏကဝတ္ထုတို့၌ ယောကျ်ား မိန်းမဟူ၍ သိခြင်း၏ အကြောင်းမရှိသောကြောင့်တည်း။

သဒ္ဒနီတိဆရာ၏ အလိုအားဖြင့် ဝိသဒါကာရ-စသည်ကို နာမိကပဒ-မာလာ၌သာ ရအပ်၏။

တပုဒ်တည်း၌ မရအပ်၊ အဘယ့်ကြောင့်နည်း၊ တပုဒ်တည်း၌ သန့်ရှင်းသော အခြင်းအရာ, မသန့်ရှင်းသော အခြင်းအရာ နှစ်မျိုးခွဲ မဖြစ်ခြင်းကြောင့်တည်း။

ဒေါမနဿံ ဝိနိစ္ဆယ

အဋ္ဌသာလိနီ အဋ္ဌကထာ၊ စာမျက်နှာ(၂၆၇)၌ ဒေါမနဿံ-ဟူသော ပုဒ်၏ ဝစနတ္ထကို ဒုဋ္ဌံ[၁] မနော, ဟီနဝေဒနတ္တာ[၂] ဝါ ကုစ္ဆိတံ မနောတိ ဒုမနော[၃]၊ ဒုမနဿ[၄] ဘာဝေါ ဒေါမနဿံ-ဟု မိန့်၏။

အချို့စာ၌ ဒုဋ္ဌု-ဟု ဥကာရန္တနှင့် ရှိ၏၊ မသင့်။ အဘယ့်ကြောင့် မသင့်သနည်းဟူမူ ကုစ္ဆာယံ ဒုဋ္ဌု ကုစ္ဆတေ၊ (အဘိဓာန်၊ ၁၄၄)ဒုဋ္ဌု ကုဇိဂုစ္ဆာယံ၊ ရူပသိဒ္ဓိ (၁၃၅) တို့နှင့်အညီ ဒုဋ္ဌုသဒ္ဒါ ကုစ္ဆိတအနက်၌ ဖြစ်ခြင်းကြောင့်ရင်း, ဒုတိယဝိကပ်၌ ကုစ္ဆိတံ မနော-ဟု ဆိုခြင်းကြောင့်ရင်း ပထမဝိကပ်, ဒုတိယဝိကပ် အနက်ထပ်သောကြောင့် မသင့်။

မဏိသာရမဉ္ဇူသာ (၁၊ ၁၇၁)ဆရာသည် ဒုဋ္ဌုန္တိ[၅] ဒေါသေန ဒူသိတံ-ဟု ဖွင့်သောကြောင့် ဒုဋ္ဌု မဟုတ်ကြောင်း သိအပ်၏။ ဒေါမနဿံ ဟူသော ပုဒ်၌ ဒု-သဒ္ဒါ ဒုဋ္ဌအနက်, ကုစ္ဆိတ အနက်၌ ဖြစ်၏ဟု မှတ်အပ်၏။

ဒုစ္စရိတံ ဝိနိစ္ဆယ

ပါရာဇိကဏ် အဋ္ဌကထာ ပ-တွဲ စာမျက်နှာ (၁၃၄) ၌—

ဒုဋ္ဌု စရိတံ၊ ဒုဋ္ဌံ ဝါ စရိတံ ကိလေသပူတိကတ္တာတိ ဒုစ္စရိတံ။

ဒုစ္စရိတံ-ဟူသော ပုဒ်၌ ဒု-သဒ္ဒါ ဒုဋ္ဌုအနက်, ဒုဋ္ဌအနက် နှစ်ပါး၌ဖြစ်၏။

ဆင့်မူ၌ ၁။ ဒုဋ္ဌု။ ၂။ ဟီနဝေဒနတ္တာ။ ၃။ ဒုမ္မနော။
၄။ ဒုမ္မနဿ။ ၅။ ဒုဋ္ဌုတိ-ဟု ရှိသည်။

သာရတ္ထဒီပနီဋီကာ ပ-တွဲ နှာ-၇၆-၌—

ဒုစ္စရိတသံကိလေသဿ ပဟာနန္တိ ကာယဒုစ္စရိတာဒိ ဒုဋ္ဌ စရိတံ၊ ကိလေသေဟိ ဝါ ဒူသိတံ စရိတန္တိ ဒုစ္စရိတံ-ဟု မိန့်၏။

ဒုဋ္ဌ,ဒူသိတ=ဒုသ-ဓာတ်၊ တ-ပစ္စည်းဖြစ်၍ အနက်တူ၏။

ဒုဋ္ဌုလ္လံ ဝိနိစ္ဆယ

ဒုဋ္ဌုလ္လန္တိ ဒုဋ္ဌု စ ကိလေသဒူသိတံ, ထူလတ္တ အသုခုမံ၊ အနိ-ပုဏန္တိ ဝုတ္တံ ဟောတိ။ (ပဌမ ပါရာဇိက ဋ္ဌ၊ နှာ-၁၇၆။)

ဤဝါကျ၌ ဒုဋ္ဌု-ဟု ဥကာရန္တနှင့် ရှိ၏။ ဒုဋ္ဌဥ-ဟု နိဂ္ဂဟိတန္တနှင့် ရှိမှသင့်၏။ ဒုဋ္ဌုလ္လံ-၌ ဒုသဒ္ဒါ၏ အနက်ကို ဒုဋ္ဌံ-ဟု ဖွင့်သည်။ ဒုဋ္ဌံ-ကို ကိလေသ ဒူသိတံ-ဟု ဖွင့်သည်။

အဋ္ဌကထာဆရာသည် ဒုစ္စရိတံ-ဟူသော ပုဒ်၌ ဒုသဒ္ဒါ၏ အနက်ကို ဒုဋ္ဌုအနက်,ဒုဋ္ဌအနက်အားဖြင့် နှစ်မျိုးပြ၏။ဒုဋ္ဌုလ္လံ ဟူသောပုဒ်၌ ဒု-သဒ္ဒါ၏ အနက်ကို ဒုဋ္ဌ-အနက်တမျိုးကိုသာ ပြ၏။ ဒုဋ္ဌု-အနက်ကို မပြ။

ဒုဋ္ဌုလ္လန္တိ ဒုဋ္ဌု စ ကိလေသေဟိ ဒုဋ္ဌတ္တာ, ထူလတ္တ အနိပုဏ-ဘာဝတော ဒုဋ္ဌုလ္လံ။ (ပထမပါရာဇိက ဋ္ဌ၊ နှာ-၂၂၂။)

ဤဝါကျ၌ ဒုဋ္ဌု စ-ဟု ဥကာရန္တနှင့် ရှိ၏၊ ဒုဋ္ဌဥ-ဟု နိဂ္ဂဟိတန္တနှင့် ရှိမှ သင့်၏။ ဒုဋ္ဌုလ္လံဟူသော ပုဒ်ကို အဋ္ဌကထာဆရာ၏ အလိုအားဖြင့် ဒု-ပုဒ်၊ ထူလပုဒ်၊ ကမ္မဓာရယ သမာသ်ဟု မှတ်အပ်၏။ သဒ္ဒါကျမ်း အလို အားဖြင့် ဒုဋ္ဌ ပုဒ်၊ လ-ပစ္စည်း၊ နိဿိတတဒ္ဓိတ်မှတ်အပ်၏။

မဟာစ္စ ရာဇာနုဘာဝေန ဝိနိစ္ဆယ

ပါရာဇိကဏ် အဋ္ဌကထာ ပထမဘာဂ တတိယသင်္ဂီတိကထာ စာမျက် နှာ (၆၁) ကြောင်းရေ (၁၆) ၌ မဟာစ္စ ရာဇာနုဘာဝေန-ဟု ရှိသည်။

မဟစ္စ ရာဇာနုဘာဝေန-ဟု ရှိမှ မဟစ္စာတိ ကရဏတ္ထေ ပစ္စတ္တဝစနံ၊ မဟတာ စ ရာဇာနုဘာဝေနာတိ အတ္ထော-ဟူသော သာရတ္ထဒီပနီဋီကာ နှင့် ညီပါသည်။

မဟန္တ-သဒ္ဒါနောင် ကရိုဏ်းအနက်၌ သိ-သက်၊ န္တ-အံ-ပြု၊ သိ-ခြေ၊ မဟံ။ စ-သဒ္ဒါနှင့် သန္ဓိစပ်၊ မဟစ္စ။ ၎င်းမဟစ္စ-ကို မဟတာ စ-ဟု ဋီကာ အနက် ပေးပါသည်။ မဟစ္စ-၌ စ-သဒ္ဒါ ပဒပူရဏ။

မဟစ္စာ-ဟု အာကာရန္တနှင့်ရှိလျှင် မဟစ္စာတိပိ ပါဠိ၊ မဟတိယာတိ အတ္ထော၊ လိင်္ဂဝိပရိယာယော ဧသ-ဟူသော သီလက္ခန်ဋီကာ ဒု-တွဲ၊နှာ-၂၃-နှင့် ညီပါသည်။

မဟတီ သဒ္ဒါနောင် နာဝိဘတ် အာပြု၊ ဤ-ယ-ပြု၊ တျ-စ-ပြု၊ စ-ဒွေ ဘော်ပြု၊ မဟစ္စာ ရုပ်ပြီး။ ရူပသိဒ္ဓိ နဒါဒိဂိုဏ်း၊ န ဇစ္စာဝသလော ဟောတိ-ဟူသော ပြယုဂ်၌ ဇစ္စာသဒ္ဒါနှင့် ရုပ်ပြီးပုံ တူပါသည်။

တချို့စာအုပ်၌ မဟစ္စံ ရာဇာနုဘာဝေန-ဟု ရှိ၏။ တချို့ သာရတ္ထဒီပနီ-ဋီကာ ပ-တွဲ စာအုပ် ၁၆၉-၌ မဟစ္စန္တိ ကရဏတ္ထေ ပစ္စတ္တဝစနံ၊ မဟတာ ရာဇာနုဘာဝေနာတိ အတ္ထော’-ဟု စ-သဒ္ဒါကျလျက် ရှိ၏။

ဥဿန္နော-ဥပ္ပန္နော ဝိနိစ္ဆယ

စူဠဝါပါဠိတော်၌—

တေန ခေါ ပန သမယေန သံဃဿ ဘဏ္ဍာဂါရေ အပ္ပမတ္တကော ပရိက္ခာရော ဥပ္ပန္နော ဟောတိဟု-ပါဠ်ရှိပါသည်။

စံကျောင်းဆရာတော်ဘုရား ရေးသားသော စူဠဝါပါဠိတော်နိဿယ၌ ဥဿန္နော-ဟု ရှိပါသည်၊ အပ္ပမတ္တကော၊ နည်းသော အတိုင်းအရှည် ရှိသော။ ပရိက္ခာရော၊ ပရိက္ခရာသည်။ ဥဿန္နော၊ များသည်။ ဟောတိ၊ ဖြစ်၏။ ဤကဲ့သို့ အနက်ပေးပြီး နည်းလျှင် မများနိုင်ဘူး - ဆိုသော သဘောမျိုးနှင့် ဥဿန္နော-ကို ဥပ္ပန္နော-ဟု ပြင်ဟန် တူပါသည်။

အပွ-သဒ္ဒါ-

မရိတ္တံ, သုခုမံ ခုဒ္ဒံ၊ ထောကမပ္ပံ ကိသံ တနုံ။
စုလ္လံ မတ္တေတ္တိယံ လေသ-လဝါဏု ဟိ ကဏော ပုမေ-

ဟူသော အဘိဓာန် ဂါ-နှင့်အညီ ငယ်သောအနက်ကို ဟောသည် ဖြစ်၍ အပ္ပမတ္တကော၊ ငယ်သောအတိုင်းအရှည်ရှိသော။ ပရိက္ခာရော၊ ပရိက္ခရာသည်။ ဥဿန္နော၊ များသည်။ ဟောတိ၊ ဖြစ်၏။ ဤသို့အနက် ပေးရပါမည်။

ဘဏ္ဍာအိမ်၌ အပ်-ခါးငယ် အစရှိသော ပရိက္ခရာ ငယ်ငယ်လေးတွေ ပေါများနေသည့်အတွက် အဘယ်ကဲ့သို့ ပြုကျင့်ရပါအံ့နည်း-ဟု မြတ်စွာ ဘုရားအား လျှောက်ကြားသော အရာဖြစ်၍ ဥဿန္နော-သာ အသင့် ဖြစ်ပါသည်။

သလက္ခဏ-လက္ခဏ ဝိနိစ္ဆယ

(ယံ တွေ ဝုစ္စိမန္တော- အစရှိသော ဂါထာ၏ ဝိတ္ထာရဝါကျ၌ အယံ ဟိ အဘိသန္ဒေါ ဝုစ္စိသလက္ခဏပူဇိတပရိစ္စိန္နာဓိကောသု ဒိဿတိ-ဟု သလက္ခဏရှိမှ သင့်သည်ကို ပြဆိုခြင်း။)

ယံ တွေ ဝုစ္စိမန္တော၊ သလက္ခဏာ ပူဇိတာ ပရိစ္ဆိန္နာ။
ဝုတ္တာဓိကာ စ မမ္မာ၊ အဘိမမ္မော တေန အက္ခာတော။

အယံ ဟိ အဘိသဒ္ဒေါ ဝုစ္စိလက္ခဏပူဇိတပရိစ္ဆိန္နာဓိကေသု ဒိဿတိ။

တထာ ဟေသ "ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊ နော ပဋိက္ကမန္တိ"တိ အာဒီသု ဝုစ္စိယံ အာဂတော။

"ယာ တာ ရတ္တိယော အဘိညာတာ အဘိလက္ခိတာ"တိ အာဒီသု လက္ခဏေ။

"ရူပါဘိရုပ္ပါ မနုဇိန္ဒော"တိ အာဒီသု ပူဇိတေ။

"ပဋိဗလော ဝိနေတုံ အဘိဓမ္မေ အဘိဝိနယေ"တိ အာဒီသု ပရိစ္ဆိန္နေ။ အညမညသင်္ကရဝိရဟိတေ ဓမ္မေ စ ဝိနယေ စာတိ ဝုတ္တံ ဟောတိ။

"အဘိက္ကန္တေန ဝဏ္ဏေနာ"တိ အာဒီသု အဓိကေ။

တတ္ထ စ "ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ၊ မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတီ"တိ အာဒိနာ နယေန ဝုဍ္ဎိမန္တောပိ ဓမ္မာ ဝုတ္တာ။

"ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါ"တိ အာဒိနာ နယေန အာရမ္မဏာဒီဟိ လက္ခဏီယတ္တာ သလက္ခဏာပိ။

"သေက္ခာ ဓမ္မာ အသေက္ခာ ဓမ္မာ လောကုတ္တရာ ဓမ္မာ"တိ အာဒိနာ နယေန ပူဇိတာပိ။ ပူဇာရဟာတိ အဓိပ္ပါယော။

"ဖဿော ဟောတိ ဝေဒနာ ဟောတီ"တိ အာဒိနာ နယေန သဘာဝပရိစ္ဆိန္နတ္တာ ပရိစ္ဆိန္နာပိ။

"မဟဂ္ဂတာ ဓမ္မာ အပ္ပမာဏာ ဓမ္မာ အနုတ္တရာ ဓမ္မာ" တိ အာဒိနာ နယေန အဓိကာပိ ဓမ္မာ ဝုတ္တာ။

တေနေတမေတဿ ဝစနတ္ထကောသလ္လတ္ထံ ဝုတ္တံ။

ယံ တေတ္ထ ဝုဍ္ဎိမန္တော၊ သလက္ခဏာ ပူဇိတာ ပရိစ္ဆိန္နာ။

ဝုတ္တာဓိကာ စ ဓမ္မာ၊ အဘိဓမ္မော တေန အက္ခာတောတိ။

(အဘိဓမ္မပိဋက အဋ္ဌသာလိနီအဋ္ဌကထာ၊ ၂၀-၁။)

အရှင်အဋ္ဌကထာဆရာ - ယံ တေတ္ထ ဝုဍ္ဎိမန္တော အစရှိသော ဂါထာဖြင့် အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထငါးမျိုးကို မိန့်တော်မူ၏။ အဘိသဒ္ဒါသည် ဝုဍ္ဎိ, သလက္ခဏ, ပူဇိတ, ပရိစ္ဆိန္န, အဓိက-အနက်ငါးမျိုးတို့၌ မဖြစ်ခဲ့သော်ငြားလည်း ဓမ္မသဒ္ဒါ၏အစရှိသော (၇)ကျမ်း၌ ဝုဍ္ဎိမန္တ, သလက္ခဏ, ပူဇိတ, ပရိစ္ဆိန္န,

အဓိကတရားငါးပါးကို မဟောခဲ့သော်ငြား အဘိဓမ္မာသဒ္ဒါ၏ ဝစနတ္ထ ငါးမျိုးကို မဆိုအပ်၊ ဤသို့ စောဒနာဘွယ်ရှိ၍ အယံ ဟိ အဘိသဒ္ဒေါ အစရှိသောပါဠိကို မိန့်တော်မူသည်။

အဓိပ္ပါယ်ကား—

အဘိသဒ္ဒါသည် ဝုဍ္ဎိ သလက္ခဏအစရှိသော အနက်ငါးပါး၌ ဖြစ်၏။ ဓမ္မသင်္ဂဏီအစရှိသော (၇)ကျမ်း၌ ဝုဍ္ဎိမန္တ သလက္ခဏ အစရှိသော တရားငါးမျိုးကို ဟောအပ်၏၊ ထို့ကြောင့် အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထငါးမျိုးကို ဆိုအပ်၏။ ဤကား အဓိပ္ပါယ်။

ဤပါဠိ၌ အယံ ဟိ အဘိသဒ္ဒေါ-စသည်ဖြင့် အဘိသဒ္ဒါ၏ ဝုဍ္ဎိ သလက္ခဏ အစရှိသော အနက်ငါးပါး၌ ဖြစ်ခြင်းကို ပြတော်မူ၏။

တေသု စ ရူပူပပတ္တိံယာ-အစရှိသောပါဠိဖြင့် ဓမ္မသင်္ဂဏီ အစရှိသော (၇)ကျမ်း၌ ဝုဍ္ဎိမန္တ, သလက္ခဏ အစရှိသော တရားငါးပါးကို ဟောအပ်သည်၏အဖြစ်ကို ပြတော်မူ၏။ အင္ဂုတ္တရ ပိဋကစာအုပ်၌—

ဟိ- ဝိတ္ထာရေမိ၊အံ့။ ငါ၊ ဟိ-သစ္စံ၊ မှန်၏။ အယံ အဘိသဒ္ဒေါ၊ သည်။ ဝုဍ္ဎိလက္ခဏပူဇိတပရိစ္ဆိန္နာဓိကေသု၊ ကြီးပွါးခြင်းဟူသောအနက်, မှတ်ခြင်းဟူသောအနက်, ပူဇော်ထိုက်သောအနက်, ပိုင်းခြားအပ်သောအနက်, လွန်သောအနက်တို့၌။ ဒိဿတိ၊ထင်၏။ (ဤတွင် သလက္ခဏ-၌ သ-မလို။)

ဤအဋ္ဌသာလိနီ အဋ္ဌကထာ နိဿယကို အမှီပြု၍ သလက္ခဏ-၌ သ-အက္ခရာကို ဖျက်ထား၏။ သလက္ခဏ - ဟု သ-အက္ခရာပါမှ သင့်ပါသည်။

သလက္ခဏ-ဟု ရှိမှ သင့်ကြောင်း ရှင်းပြအံ့။

ယာ တာ ရတ္တိယော အဘိညာတာ အဘိလက္ခိတာ-ဤပါဠိ၌ အစုံ စန္ဒ=လထက်ဝက်သည် ရှစ်ရက်ညဥ့်ဟူ၍ သိခြင်း၏အကြောင်းဖြစ်သော ကြောင့် လက္ခဏ မည်၏။ ရှစ်ရက်ညဥ့်သည် အစုံစန္ဒ=လထက်ဝက်နှင့်

တကွ ဖြစ်သောကြောင့် သလက္ခဏမည်၏။ ဉာတသဒ္ဒါသည် သလက္ခဏ ဖြစ်သော ရှစ်ရက်ညဥ့်ကို ဟော၏၊ အဘိ-သဒ္ဒါသည် ဉာတသဒ္ဒါ ဟောသော သလက္ခဏအနက်ကို ထွန်းပြပါသည်။ အခုစန္ဒ=လထက်ဝက်-ဟူသော လက္ခဏ အနက်ကို မထွန်းပြပါ။

"ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါ" တိ အာဒိနာ နယေန အာရမ္မဏာဒီဟိ လက္ခဏီယတ္တာ သလက္ခဏာပိ။

ဤဝါကျ၌ လက္ခဏီယတ္တာ-ဟူသောပုဒ်ဖြင့် သလက္ခဏမည်ခြင်း၏ အကြောင်းကို ပြ၏၊ အာရမ္မဏာဒီဟိ-ဟူသောပုဒ်ဖြင့် အာရုံအစရှိသော လက္ခဏကို ပြ၏၊ ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါတိ အာဒိနာ နယေန ဟူသော ဝါကျဖြင့် အာရုံစသော လက္ခဏဖြင့် မှတ်ပုံအခြင်းအရာကို ပြ၏။

အာရမ္မဏာဒီဟီတိ အာရမ္မဏသမ္ပယုတ္တကမ္မဒွါရပဋိပဒါဒီဟိ။ လက္ခဏီယတ္တာတိ သဥ္ဇာနိတဗ္ဗတ္တာ။

(သာရတ္ထဒီပနီဋီကာ၊ပဌမတွဲ၊ စာမျက်နှာ ၇၃။)

မဂ္ဂါရမ္မဏာ ဓမ္မာ-ဟူသောပုဒ်၌ မဂ္ဂင်ရှစ်ပါးသည် မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခု, မဟာကြိယာဉာဏသမ္ပယုတ်လေးခု, အဘိညာဉ်နှစ်ခု ဟူသော မဂ္ဂါရမ္မဏစိတ် ၁၁-ခုကို မှတ်ကြောင်းဖြစ်သော ကြောင့် လက္ခဏ မည်၏။

မဂ္ဂါရမ္မဏစိတ် ၁၁-ခုသည် မဂ္ဂင်ရှစ်ပါးဟူသော မှတ်ကြောင်း လက္ခဏနှင့် တကွဖြစ်သောကြောင့် သလက္ခဏမည်၏။

ဓမ္မ-သဒ္ဒါသည် သလက္ခဏဖြစ်သော မဂ္ဂါရမ္မဏစိတ် ၁၁-ခုကို ဟော၏၊ အဘိ-သဒ္ဒါသည် ဓမ္မသဒ္ဒါဟောသော သလက္ခဏအနက်ကို ထွန်းပြ၏။

ဓမ္မ-သဒ္ဒါသည် မဂ္ဂင်ရှစ်ပါးတည်းဟူသော လက္ခဏအနက်ကို မဟော သောကြောင့် အဘိ-သဒ္ဒါသည် လက္ခဏအနက်ကို မထွန်းပြနိုင်။ ထို့ကြောင့် **သလက္ခဏ**-ဟု ရှိမှ သင့်သည်။

သ-အက္ခရာကိုဖျက်၍ လက္ခဏ-ဟု ပြင်ခြင်းသည် မသင့်။ (ပရိတ္တာ-ရမ္မဏတိက် စသည်၌ ဤနည်းအတိုင်း မှတ်အပ်၏။)

ဓမ္မသင်္ဂဏီကျမ်း၌ လာသော ပူဇော်အပ်သော လောကုတ္တရာတရားကိုးပါးကို ဓမ္မ-သဒ္ဒါက ဟောပါသည်။ အဘိ-သဒ္ဒါသည် ဓမ္မ-သဒ္ဒါဟောသော ပူဇော်ခြင်းအနက်ကို ထွန်းပြပါသည်။

ဓမ္မသင်္ဂဏီကျမ်း၌လာသော ဖုဿန, ဝေဒိယန-စသော သဘောဖြင့် ပိုင်းခြားအပ်သော ဖဿ, ဝေဒနာ-စသော တရားကို ဓမ္မ-သဒ္ဒါ ဟောပါသည်။ ဓမ္မ-သဒ္ဒါဟောသော ပိုင်းခြားခြင်းအနက်ကို အဘိ-သဒ္ဒါ ထွန်းပြပါသည်။

ဓမ္မသင်္ဂဏီကျမ်း၌ လာသော ကာမဝစရတရားထက် လွန်သော မဟဂ္ဂုတ်တရား, မဟဂ္ဂုတ်တရားထက် လွန်သော လောကုတ္တရာတရားကို ဓမ္မ-သဒ္ဒါဟောပါသည်၊ ဓမ္မ-သဒ္ဒါဟောသော လွန်သောအနက်ကို အဘိ-သဒ္ဒါ ထွန်းပြပါသည်။

အဘိ-သဒ္ဒါ ထွန်းပြသောအနက်ကို ထင်ရှားသိသာအောင် ရေးပြအပ်သည်ကား ပြီး၏။

သာ စ ပဋိသန္ဓိ ဒတွာဝ ဝိနိစ္ဆယ

(ဋီကာကျော်-ဥပပတ္တိဝေဒနီယကံကို ပြရာ၌ သာ စ ပဋိသန္ဓိ ဒတွာဝ ပဝတ္တိဝိပါကံ ဒေတိ-အစရှိသောဝါကျ၏ မသင့်ခြင်းကို ပြခြင်း။)

အတ္ထသာလိနီ ပန သတ္တမဇဝနစေတနာ သန္နိဋ္ဌာပက-စေတနာဘူတာ ဝုတ္တနယေန ပဋိလဒ္ဓဝိသေသာ အနန္တရတ္တ-ဘာဝေ ဝိပါကဒါယိနီ ဥပပဇ္ဇဝေဒနီယံ နာမ။ သာ စ ပဋိ-သန္ဓိ ဒတွာဝ ပဝတ္တိဝိပါကံ ဒေတိ။ ပဋိသန္ဓိယာ ပန အဒိန္နာယ ပဝတ္တိဝိပါကံ ဒေတီတိ နတ္ထိ၊ စုတိအနန္တရဉ္စ

ဥပပဇ္ဇဝေဒနီယဿ ဩကာသော။ ပဋိသန္ဓိယာ ပန ဒိန္နာယ
ဇာတိသတေပိ ပဝတ္တိဝိပါကံ ဒေတီတိ အာစရိယာ။

(ဋီကာကျော်၊ နှာ-၁၇၁။)

သာ စ ပဋိသန္ဓိံ ဒတွာဝ ပဝတ္တိဝိပါကံ ဒေတိ-အစရှိသော ဝါကျကား ဋီကာကျော်ဆရာ၏ စကားမဟုတ် အာစရိယဝါဒတည်း။

စသဒ္ဒါ-ဥပန္ယာသ။ သာ၊ ထိုသတ္တမဇော စေတနာသည်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဒတွာဝ၊ ပေး၍သာလျှင်။ ပဝတ္တိဝိပါကံ၊ ပဝတ္တိအကျိုးကို။ ဒေတိ၊ ပေး၏။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေကို။ အဒိန္နာယ၊ မပေးအပ်သည် ရှိသော်။ ပဝတ္တိဝိပါကံ၊ ပဝတ္တိအကျိုးကို။ ဒေတိ၊ ပေး၏။ ဣတိ၊ ဤသို့။ နတ္ထိ၊ မရှိ။

ဟိသဒ္ဒါ ကာရဏ။ စုတိအနန္တရံ၊ စုတိ၏အခြားမဲ့၌။ ဥပပဇ္ဇဝေဒနီယဿ၊ ဥပပဇ္ဇဝေဒနီယကံ၏။ ဩကာသော၊ အခွင့်သည်။ ဟောတိ၊ ဖြစ်၏။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေကို။ ဒိန္နာယ၊ ပေးအပ်သည်ရှိသော်။ ဇာတိသတေပိ၊ ဘဝအရာ၌လည်း။ ပဝတ္တိဝိပါကံ၊ ပဝတ္တိအကျိုးကို။ ဒေတိ၊ ပေး၏။ ဣတိ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။

အဓိပ္ပါယ်ကား—လူ့ဘုံ၌ ကုသိုလ်ကံ ပဋိသန္ဓေအကျိုးကို ပေး၏။ အကုသိုလ်သတ္တမဇောစေတနာသည် ပဋိသန္ဓေကျိုးကို မပေး၍ ပဝတ္တိကျိုးကိုမပေးနိုင်၊ ထို့ကြောင့် လူ့ဘုံ၌အကုသိုလ် ဥပပဇ္ဇဝေဒနီယကံ မရှိ။

အပါယ်ဘုံ၌ အကုသိုလ်ကံ ပဋိသန္ဓေကျိုးကို ပေး၏၊ ကုသိုလ်သတ္တမဇောစေတနာသည် ပဋိသန္ဓေကျိုးကို မပေး၍ ပဝတ္တိကျိုးကို မပေးနိုင်၊ ထို့ကြောင့် အပါယ်ဘုံ၌ ကုသိုလ် ဥပပဇ္ဇဝေဒနီယကံ မရှိ။

ဤကား-သာ စ ပဋိသန္ဓိံ ဒတွာဝ အစရှိသော ဝါကျ၏ အဓိပ္ပါယ်တည်း။

ဤဝါကျသည် ပါဠိ, အဋ္ဌကထာနှင့် မညီသောကြောင့် မသင့်။ မညီပုံကို ရှင်းပြဦးအံ့။

ခုဒ္ဒကနိကာယ ပေတဝတ္ထုအဋ္ဌကထာ၊ ဥရဂဝဂ္ဂ ခလ္လာဋိယ-
ပေတိဝတ္ထုဝဏ္ဏနာ၊ စာမျက်နှာ-၄၃-၉-တွင်——

ဤခလ္လာဋိယပေတိ ဝတ္ထု၌ မိဿကကံကြောင့် ကုသိုလ်သတ္တမဇော စေတနာ ဥပပဇ္ဇဝေဒနီယကံ၊ အကုသိုလ်သတ္တမဇောစေတနာ ဥပပဇ္ဇ-ဝေဒနီယကံ နှစ်ပါးစုံ ဒုတိယဘဝ၌ အကျိုးပေး၏၊ ထို့ကြောင့် မသင့်။

သင်္ဂြိုဟ်ဂဏ္ဌိအဆို မဟာဋီကာနှင့် မညီ

ဤဝတ္ထုကိုထောက်၍ ဋီကာ၌ပြသော အာစရိယဝါဒကို ပယ်သင့်လျက် မပယ်မူ၍ ဋီကာအာစရိယဝါဒ စကားကို အမှန်ယူပြီးလျှင် သင်္ဂြိုဟ်ဂဏ္ဌိ၌ အလယ်ဇော-ငါးချက်ဟည်းဟူသော အပရာပရိယဝေဒနီယကံ ဒုတိယဘဝ၌ အကျိုးပေး၏ဟု မိန့်၏။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာနှင့် မညီ။

ဥဘိန္နံ အန္တရေ ပဉ္စဇဝနစေတနာ အပရာပရိယဝေဒနီယ-
ကမ္မံ နာမ၊ တံ အနာဂတေ ယဒါ ဩကာသံ လဘတိ၊
တဒါ ဝိပါကံ ဒေတိ။

(ဝိသုဒ္ဓိမဂ္ဂ ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ စာမျက်နှာ-၂၃၆။)

အပရာပရိယာယေဟ် ဒိဋ္ဌဓမ္မာနန္တရာနာဂတတော
အညသ္မိံ အတ္တဘာဝပရိယာယေ အတ္တဘာဝပရိဝတ္တေ။

(ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ-စာမျက်နှာ-၃၇၆။)

ဤ ဋီကာ၌ မျက်မှောက်ဖြစ်သော အတ္တဘော၊ အခြားမရှိသော အနာဂတ်ဖြစ်သော အတ္တဘောမှ-ဟု အပါဒါန်ကို မိန့်တော်မူသောကြောင့် အပရာပရိယဝေဒနီယကံ-သည် ဒုတိယဘဝ၌ အကျိုးမပေးနိုင်။

ဤကား သင်္ဂြိုဟ်ဂဏ္ဌိ ဝိသုဒ္ဓိမဂ် မဟာဋီကာနှင့် မညီပုံတည်း။

သဏ္ဍပဒိကပုစ္ဆာ၌-သာ စ ပဋိသန္ဓိ ဒတွာဝ ပဝတ္တိဝိပါကံ ဒေတိ-အစရှိသော ဝါကျကို အမှန်ယူ၍—

ဤလူ့ဘုံ၌ခုနတွင် ဖြစ်ကြသည့် အချို့လူ။
အဖျားအနာနှင့်၊ နူရာမှာ ဒူလာနှော ရောဂါကထူ။
ထိုသည့်သူ ကံမှုဆိုရေး။
ဥပပဇ္ဇ အပရာနှင့်၊ နှစ်ပြာတွင် ဘယ်ကံသင့်ထယ် ကျမ်းလာနှင့်ရွေး။ (အမေး။)

ဤလူ့ဘုံ၌ခုနတွင် ဖြစ်ကြသည့် အချို့လူ။
အဖျားအနာနှင့်၊ နူရာမှာ ဒူလာနှော ရောဂါကထူ။
ထိုသည့်သူ ကံမှုဆိုရေး။
ဒိဋ္ဌယေ် အပရာလို့၊ ဤကိုသာ မှတ်ယူသင့်တယ် ကျမ်းနှင့်မဝေး။ (အဖြေ။)

အဓိပ္ပါယ်ကား—လူ့ဘုံ၌ ကုသိုလ်ကံသည် ပဋိသန္ဓေ အကျိုးကို ပေး၏၊ အကုသိုလ် ဥပပဇ္ဇဝေဒနီယကံသည် ပဋိသန္ဓေအကျိုးကို မပေး၍ ပဝတ္တိအကျိုးကို မပေးနိုင်။

ထို့ကြောင့် အကုသိုလ်ကံ၏ အကျိုးဖြစ်သော အဖျားအနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ၊ အပရာပရိယဝေဒနီယကံ နှစ်ပါးတို့ကြောင့် ဖြစ်၏၊ ဥပပဇ္ဇဝေဒနီယကံကြောင့် မဖြစ်။

ဤကား အဓိပ္ပါယ်တည်း။

သာ စ ပဋိသန္ဓိ ဒတွာဝ ပဝတ္တိဝိပါကံ ဒေတိ-အစရှိသော ဝါကျ၏ မသင့်ခြင်းကို ပြဆိုအပ်သည်ကား ပြီး၏။

ဇမ္ဗုသိရိဂုဏေယျ ဝိနိစ္ဆယ

ဝိနယပိဋက ပါရာဇိကကဏ္ဍ အဋ္ဌကထာ ဗာဟိရနိဒါနကထာ တတိယ သင်္ဂီတိကထာ-စာမျက်နှာ (၄၆)။

ဥပါလိ ဒါသကော စေဝ၊ သောဏကော သိဂ္ဂဝေါ တထာ။
တိဿော မောဂ္ဂလိပုတ္တော စ၊ ပဉ္စေတေ ဝိဇိတာဝိနော။

ပရမ္ပရာယ ဝိနယံ၊ ဒီပေ ဇမ္ဗုသိရိဝှယေ။
အစ္ဆိဇ္ဇမာန မာနေသုံ၊ တတိယော ယာဝ သင်္ဂဟော။

ဤဂါထာတွင် ဇမ္ဗုသိရိဝှယေ၌ သိရိ-သည်—

သောဘာ သမ္ပတ္တိသု သိရီ၊ လက္ခိတ္ထိ ဒေဝတာယ စ—

ဟူသော **အဘိဓာန်အနေကတ္ထဝဂ်၌ လာသော** သိရီသဒ္ဒါ မဟုတ်။

ရိ ရိက္ခကေသု ဧတေသု သမာနသာ သော ဟောတိ၊ သရိ
သရိက္ခော သရိသော (မောဂ္ဂလာန ဗျာကရဏ တတိယကဏ္ဍ)။

ဤသုတ်၌လာသော သရိသဒ္ဒါ ဖြစ်သည်။ ဝှ-အက္ခရာ သံယုဂ်ကြောင့် သရိ ဟု ရဿ ဖြစ်သည်။

သရိ သရိက္ခ သံဝါဒီ၊ ဝိဓောမိ သဒိသာ ဝိယ။
ပဋိပက္ခ ပစ္စနီကာ၊ သပက္ခော ပမိတောပမာ။

ဤသုဗောဓာလင်္ကာရ ဂါထာ ၇၀-၌လာသော သရိ-သဒ္ဒါဖြစ်သည်။

ထို့ကြောင့် သာရတ္ထဒီပနီဋီကာ ပ-တွဲ၊ ၁၁၁-၌—

ဇမ္ဗုသိရိဝှယေတိ ဇမ္ဗုသဒိသနာမေ၊ ဇမ္ဗုနာမကေတိ ဝုတ္တံ ဟောတိ၊ မဟန္တေန ဟိ ဇမ္ဗုရုက္ခေန အဘိလက္ခိတတ္တာ ဒီပေါပိ ဇမ္ဗူတိ ဝုစ္စတိ။

ဤဝါကျ၌ သရိ-သဒ္ဒါ၏အနက်ကို သဒိသ-ဟု ပြသည်။ အဝှယ-သဒ္ဒါ၏ **အနက်ကို နာမ-ဟု** ပြသည်။

ဇမ္ဗုသိရိဝှယေတိ၊ ဇမ္ဗုသိရိဝှယေ-ဟူသည်ကား၊ ဇမ္ဗုသဒ္ဒိသနာမေ၊ ဇမ္ဗုနှင့် တူသော အမည်ရှိသော၊ ဒီပေ၊ ကျွန်း၌။ ဇမ္ဗုနာမကေ၊ ဇမ္ဗု အမည်ရှိသော။ ဒီပေ၊ ကျွန်း၌။ ဇလတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ အကျယ်ကို ဆိုဦးအံ့။ မဟန္တေန၊ ကြီးသော၊ ဇမ္ဗုရုက္ခေန၊ သပြေပင်ဖြင့်။ အဘိလက္ခိတတ္တာ၊ မှတ်အပ်သည်၏ အဖြစ်ကြောင့်။ ဒီပေါပိ၊ ကျွန်းကိုလည်း၊ ဇမ္ဗုတိ၊ ဇမ္ဗုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား— သပြေပင်လည်း ဇမ္ဗုမည်သည်၊ ကျွန်းလည်း ဇမ္ဗုမည်သည်၊ ထို့ကြောင့် ဇမ္ဗုနှင့် တူသော အမည်ရှိသော ကျွန်းဟု ဆိုပါသည်။

ဇမ္ဗုနှင့် တူသော အမည်ရှိသောကျွန်း၊ (သဒ္ဒတ္ထ)။
ဇမ္ဗုအမည်ရှိသောကျွန်း၊ (နေယျတ္ထ)။

ဝုတ္တံဟောတိ၊ သိဒ္ဓံ ရှိက၊ နေယျတ်သိုလှ၊ စကားကျ။

(ရွှေရေးဆောင်နိယံ။)

သုဂတဝိဒတ္ထိ ဝိနိစ္ဆယ

မဇ္ဈိမ ပုရိသ-နှင့် မြတ်စွာဘုရား အရပ်တော်

သုဂတဝိဒတ္ထိယာတိ သုဂတဝိဒတ္ထိ နာမ ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော၊ ဝဍ္ဍကီဟတ္ထေန ဒိယဍ္ဍော ဟတ္ထော ဟောတိ။

(ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ ဒု-တွဲ၊ ကုဋိကာရသိက္ခာပဒဝဏ္ဏနာ၊ ၁၅၃။)

သုဂတဝိဒတ္ထိယာတိ၊ သုဂတဝိဒတ္ထိယာ-ဟူသော ပုဒ်၌။ သုဂတဝိဒတ္ထိ နာမ၊ မြတ်စွာဘုရား အထွာတော် မည်သည်ကား။ ဣဒါနိ၊ ယခု

အခါ၌။ မဇ္ဈိမဿ၊ မရှည်မပျပ် အလတ်ဖြစ်သော။ ပုရိသဿ၊ ယောကျ်ား၏။ တိဿော ဝိဒတ္ထိယော၊ သုံးထွာတို့သည်။ ဝဍ္ဎကီဟတ္ထေန၊ လယ်သမားတောင်ဖြင့်။ ဒိယဍ္ဎော ဟတ္ထော၊ တတောင့်ထွာသည်။ ဟောတိ၊ ဖြစ်၏။

မြတ်စွာဘုရား အထွာ-အတိုင်း အရှည်ကို ပြလိုသော အဋ္ဌကထာဆရာသည်—

သုဂတဝိဒတ္ထိ နာမ ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော။

သုဂတဝိဒတ္ထိ နာမ၊ မြတ်စွာဘုရား အထွာမည်သည်။ ဆဟတ္ထဿ၊ ခြောက်တောင်ရှိသော။ မဟလ္လကပုရိသဿ၊ ကြီးသော ယောကျ်ား၏။ တိဿော ဝိဒတ္ထိယော၊ သုံးထွာတို့တည်း။

ဤသို့ မပြုမူ၍ သုဂတဝိဒတ္ထိ နာမ ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော-ဟု မဇ္ဈိမ-သဒ္ဒါဖြင့် မိန့်တော်မူသောကြောင့်—

မြတ်စွာဘုရား အထွာတော်သည် လူရှည် လူပု မဟုတ်သော လေးတောင် အတိုင်းအရှည်ရှိသော မဇ္ဈိမပုရိသ၏ အထွာဖြင့် သုံးထွာရှိ၏-ဟု မှတ်အပ်၏။

မြတ်စွာဘုရား အထွာတော်သည် လောက၌ ထင်ရှားမရှိသော ခြောက်တောင်ရှိသော လူကြီး၏ အထွာဖြင့် သုံးထွာရှိ၏-ဟု မမှတ်အပ်။

မြတ်စွာဘုရား အရပ်တော်သည် မြတ်စွာဘုရား အထွာအားဖြင့် (၈) ထွာ ရှိ၏။

မဇ္ဈိမ ပုရိသ အထွာအားဖြင့် (၂၄)ထွာ ရှိ၏။

မဇ္ဈိမ ပုရိသ အတောင်အားဖြင့် (၁၂)တောင်ရှိ၏။

ဝိနည်း အဋ္ဌကထာအလိုအားဖြင့် မြတ်စွာဘုရားအရပ်တော် (၁၂) တောင်ရှိ၏။

ဘုရားရှင်အရပ်တော် ဝိနိစ္ဆယ

အမှာကံ ဘဂဝါ အဋ္ဌာရသဟတ္ထော။ (ဒီဃနိကာယ မဟာဝဂ္ဂအဋ္ဌကထာ မဟာပဒါနသုတ္တ သမ္ဘာရလပရိစ္ဆေဒဝဏ္ဏနာ၊ စာမျက်နှာ-၁၇။)

အမှာကံ၊ ငါတို့၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဋ္ဌာရသဟတ္ထော၊ တဆယ့်ရှစ်တောင် အတိုင်းအရှည်ရှိ၏။

ဒီဃနိကာယ မဟာဝဂ္ဂအဋ္ဌကထာ အလိုအားဖြင့် မြတ်စွာဘုရား၏ အရပ်တော် (၁၈)တောင်ရှိ၏။ အဋ္ဌကထာချင်း မိန့်ဆိုပုံမတူ။

"သတ္တာနံ ပါကတိကဟတ္ထေန ဆဟတ္ထော မဇ္ဈိမပုရိသော၊ တတော တိဂုဏံ ဘဂဝတော သရီရပ္ပမာဏန္တိ ဘဂဝါ အဋ္ဌာရသဟတ္ထော"တိ ဝဒန္တိ။ (ဒီဃနိကာယ မဟာဝဂ္ဂဋီကာ နှာ-၁၆။)

သတ္တာနံ၊ သတ္တဝါတို့၏။ ပါကတိကဟတ္ထေန၊ ပကတိအတောင်ဖြင့်။ ဆဟတ္ထော၊ ခြောက်တောင်ရှိသောသူသည်။ မဇ္ဈိမပုရိသော၊မဇ္ဈိမပုရိသ မည်၏။ တတော၊ ထိုမဇ္ဈိမပုရိသထက်။ တိဂုဏံ၊ သုံးဆတက်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သရီရပ္ပမာဏံ၊ ကိုယ်တော်အတိုင်းရှည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။အဋ္ဌာရသဟတ္ထော၊ ၁၈-တောင် အတိုင်းအရှည်ရှိ၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။

ကေစိဆရာတို့သည် အဋ္ဌကထာချင်း မိန့်ဆိုပုံတူစေခြင်းငှါ ခြောက်တောင်ရှိသောသူကို မဇ္ဈိမပုရိသ ဆိုကုန်၏။

ခြောက်တောင်ရှိသောသူ၏ ၁၂-တောင်နှင့် ၄-တောင်ရှိသောသူ၏ ၁၈-တောင် တူ၏။ ယို့ကြောင့် အဋ္ဌကထာချင်း မဆန့်ကျင်။ ဤကား ကေစိဆရာတို့၏ အလိုတည်း။

လောက၌ သတ္တဟတ္ထ ၇-တောင်မြင့်သောသူရှိလျှင် ခြောက်တောင် မြင့်သောသူကို မဇ္ဈိမပုရိသ ဟု ခေါ်ဆိုထိုက်၏။ လောက၌ ၇-တောင်

ရှိသောသူကို မဆိုထားနှင့်၊ ခြောက်တောင်မြင့်သောသူမရှိ၊ ထို့ကြောင့် ၆-တောင်ရှိသော သူကို မဇ္ဈိမပုရိသ-ဟု ဆိုခြင်းသည် လောကနှင့် ဆန့်ကျင်၏။ ဝိနည်းပါဠိတော်အဋ္ဌကထာ ဋီကာတို့နှင့်လည်း ဆန့်ကျင်၏။

> အပရေ ပန ဘဏန္တိ၊ "မနုဿာနံ ပါကတိကဟတ္ထေန စတု-ဟတ္ထော မဇ္ဈိမပုရိသော၊ တတော တိဂုဏံ ဘဂဝတော သရီ-ရပ္ပမာဏန္တိ ဘဂဝါ ဒွါဒသဟတ္ထော ဥပါဒိန္နကရူပဓမ္မဝသေန၊ သမန္တတော ပန ဗျာမမတ္တံ ဗျာမပ္ပဘာ ဖရတိတိ ဥပရိ ဆဟတ္ထံ အဗ္ဘုဂ္ဂတော၊ ဗဟလတရပ္ပဘာရူပေန သဒ္ဓိံ အဋ္ဌာရသဟတ္ထော ဟောတီ"တိ။
>
> (ဒီဃနိကာယ မဟာဝဂ္ဂဋီကာ စာမျက်နှာ-၁၆။)

အပရေ၊ တပါးသောဆရာတို့သည်။ ဘဏန္တိ၊ ဆိုကုန်၏။ ကိန္တိ၊အသို့လျှင်။ ဘဏန္တိ၊ဆိုကုန်သနည်း။ မနုဿာနံ၊ လူတို့၏။ ပါကတိကဟတ္ထေန၊ ပကတိ အတောင်ဖြင့်။ စတုဟတ္ထော၊ လေးတောင်အတိုင်းအရှည်ရှိသော သူသည်။ မဇ္ဈိမပုရိသော၊ မဇ္ဈိမပုရိသမည်၏။ တတော၊ ထိုထက်။ တိဂုဏံ၊ သုံးဆတက်သည်။ ဘဂဝတော၊မြတ်စွာဘုရား၏။ သရီရပ္ပမာဏံ၊ ကိုယ်တော် အတိုင်းအရှည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဥပါဒိန္နကရူပဓမ္မဝသေန၊ ဥပါဒိန္နက ရုပ်တရား၏ အစွမ်းဖြင့်။ ဒွါဒသဟတ္ထော၊ ၁၂-တောင်ရှိ၏။ သမန္တတော ပန၊ ထက်ဝန်းကျင်မှ။ ဗျာမမတ္တံ၊ တလံ အတိုင်းအရှည်ရှိသည်။ ဗျာမပ္ပဘာ၊ တလံအတိုင်းအရှည်ရှိသော ရောင်ခြည်တော်သည်။ ဖရတိ၊ နှံ့၏။ ဣတိ၊ ထို့ကြောင့်။ ဥပရိ၊ အထက်၌။ ဆဟတ္ထံ၊ ခြောက်တောင်။ အဗ္ဘုဂ္ဂတော၊ တက်၏။ ဗဟလတရပ္ပဘာရူပေန၊ တခဲနက်ထူသော အရောင်အဆင်းနှင့်။ သဒ္ဓိံ၊ တကွ။ အဋ္ဌာရသဟတ္ထော၊ ၁၈-တောင်ရှိသည်။ ဟောတိ၊ဖြစ်၏။ ဣတိ၊ ဤသို့။ ဘဏန္တိ၊ ဆိုကုန်၏။

အပရေဆရာတို့သည် 'သုဂတဝိဒတ္ထိ နာမ ဠဒါနိ မဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော' ဟူသော ဝိနည်းအဋ္ဌကထာကို အမှီပြု၍ လေးတောင်ရှိသောသူကို မဇ္ဈိမ ပုရိသ-ဟု ဆိုကုန်၏။

မြတ်စွာဘုရားအရပ်တော်သည် မြတ်စွာဘုရားအထွာဖြင့် ၈-ထွာရှိ၏။ မဇ္ဈိမပုရိသ အထွာဖြင့် ၂၄-ထွာရှိ၏။ မဇ္ဈိမပုရိသအတောင်ဖြင့် ၁၂-တောင်ရှိ၏။

ဝိနည်းအဋ္ဌကထာ အလိုအားဖြင့် မြတ်စွာဘုရား အရပ်တော် ၁၂-တောင် ရှိ၏။

ဒီဃနိကာယ အဋ္ဌကထာ အလိုအားဖြင့် ၁၈-တောင်ရှိ၏။

အဋ္ဌကထာချင်း ညီစေခြင်းငှါ ဝိနည်း အဋ္ဌကထာ၌ မိန့်အပ်သော ၁၂-တောင်ကို အထက်သို့ တက်သော ရောင်ခြည်တော် ခြောက်တောင်နှင့် ပေါင်း၍ မြတ်စွာဘုရားအရပ်တော် ၁၈-တောင်ရှိ၏-ဟု မိန့်ဆိုကုန်၏။

သုဂတဝိဒတ္ထိ နာမ ဠဒါနိ မဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော ဟူသော အဋ္ဌကထာ၌ အဘယ်သူသည် မဇ္ဈိမ ပုရိသမည်သနည်းဟု မေးဘွယ်ရှိ၍ သတ္တာနံ ပါကတိကဟတ္ထေန ဆဟတ္ထော မဇ္ဈိမပုရိသော-ဟု ကေစိဆရာတို့ မိန့်ဆိုကုန်၏။ မနုဿာနံ ပါကတိကဟတ္ထေန စတုဟတ္ထော မဇ္ဈိမပုရိသော-ဟု အပရေဆရာတို့ မိန့်ဆိုကုန်၏။

ဝိကပ္ပနာလောက်သော အငယ်ဆုံး သင်္ကန်း အတိုင်းအရှည်

ဆန္နံ့ စီဝရာနံ့ အညတရန္တိ ခေါမံ ကပ္ပါသိကံ ကောသေယျံ ကမ္ဗလံ သာဏံ ဘင်္ဂန္တိ ဣမေသံ ဆန္နံ့ စီဝရာနံ အညတရံ။ ဓေတေန စီဝရဿ ဇာတိံ ဒဿေတွာ ဣဒါနိ ပမာဏံ ဒဿေတုံ ဝိကပ္ပနုပဂံ ပစ္ဆိမန္တိ အာဟ။ တဿ ပမာဏံ ဒီဃတော ဒွေ ဝိဒတ္ထိယော, တိရိယံ ဝိဒတ္ထိ၊ တတြာယံ ပါဠိ " အနုဇာနာမိ

ဘိက္ခုဝေ အာယာမေန အဋ္ဌင်္ဂုလံ သုဂတင်္ဂုလေန စတုရင်္ဂုလဝိတ္ထတံ ပစ္ဆိမံ စီဝရံ ဝိကပ္ပေတုန္တိ။

(ပထမ ကထိန သိက္ခာပဒဝဏ္ဏနာ ၂၂၁-၂။)

ဆန္နံ စီဝရာနံ အညတရန္တိ၊ ဟူသည်ကား။ ခေါမံ၊ ခေါမချည်ဖြင့် ရက်အပ်သော သင်္ကန်း။ ကပ္ပါသိကံ၊ ဝါချည်ဖြင့် ရက်အပ်သော သင်္ကန်း။ ကောသေယျံ၊ ပိုးချည်ဖြင့် ရက်အပ်သော သင်္ကန်း။ ကမ္ဗလံ၊ သိုးမွေးဖြင့် ရက်အပ်သောသင်္ကန်း။ သာဏံ၊ ပိုက်ဆံလျှော်ဖြင့် ရက်အပ်သော သင်္ကန်း။ ဘင်္ဂံ၊ ငါးပါးစုံပေါင်း၍ ရက်အပ်သော သင်္ကန်း။ ဣတိ၊ ဤသို့။ ဣမေသံ ဆန္နံ စီဝရာနံ၊ ဤခြောက်ပါးသော သင်္ကန်းတို့တွင် **အညတရံ၊** တပါးပါးသောသင်္ကန်း။

ဧတေန၊ ဤဖြင့်။ စီဝရဿ၊ သင်္ကန်း၏။ ဇာတိံ၊ အမျိုးကို။ ဒဿေတွာ၊ ပြပြီး၍။ ဣဒါနိ၊ ယခုအခါ၌။ ပမာဏံ၊ အတိုင်းအရှည်ကို။ ဒဿေတုံ၊ ပြခြင်းငှါ။ဝိကပ္ပနုပဂံ ပစ္ဆိမန္တိ၊ ဟူ၍။ အာဟ၊ မိန့်ပြီ။

တဿ၊ ထိုဝိကပ္ပနာ လောက်သောနောက်ဆုံးသင်္ကန်း၏။ ပမာဏံ၊ အတိုင်း**အ**ရှည်သည်။ ဒီဃတော၊ အလျားမှ။ ဒွေ ဝိဒတ္ထိယော၊ နှစ်ထွာတို့တည်း။ တိရိယံ၊ အနံကား။ ဝိဒတ္ထိ၊ တထွာတည်း။ တတြ၊ ထို၌။ အယံ၊ ဤကား။ ပါဠိ၊ ပါဠိတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ **အာယာမေန၊ အ**လျားအားဖြင့်။ သုဂတင်္ဂုလေန၊ မြတ်စွာဘုရား လက်သစ်တော်ဖြင့်။ **အ**ဋ္ဌင်္ဂုလံ၊ လက်ရှစ်သစ်ရှိသော။ စတုရင်္ဂုလဝိတ္ထတံ၊ လက်လေးသစ်အနံရှိသော။ ပစ္ဆိမံ စီဝရံ၊ နောက်ဆုံးဖြစ်သော သင်္ကန်းကို။ ဝိကပ္ပေတုံ၊ ဝိကပ္ပနာပြုခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

အဓိပ္ပါယ်ကား—ဝိကပ္ပနာ လောက်သော **အ**ငယ်ဆုံးသင်္ကန်း၏ **အတိုင်းအရှည်သည်** အလျား နှစ်ထွာ၊ အနံ တထွာရှိ၏။ ပါဠိတော်၌

အင်္ဂုလိ-ဟူသောပုဒ်ကို ထောက်၍ ဒွေ ဝိဒတ္ထိယော၊ စတုရင်္ဂုလံ ဝိတ္ထတံ-ဟူသောပုဒ်ကို ထောက်၍ ဝိဒတ္ထိဟု အဋ္ဌကထာဆရာ မိန့်တော်မူသည်။

အဘယ်သူ၏ အထွာနည်းဟု မေးဘွယ်ရှိ၍ မဇ္ဈိမဿ ပုရိသဿ ဝိဒတ္ထိံ သန္ဓာယ ဒွေ ဝိဒတ္ထိယောတိ အာဒိ ဝုတ္တံ-ဟု သာရတ္ထဋီကာ(၂။၃၈၆)ဆရာ မိန့်တော်မူသည်။အလယ်အလတ်ဖြစ်သော ယောကျ်ား၏အထွာကိုရည်၍ ဒွေ ဝိဒတ္ထိယော အစရှိသော စကားကို အဋ္ဌကထာ မိန့်တော်မူပြီ။

ဤဝါကျ၌ အဘယ်သူသည် မဇ္ဈိမပုရိသ မည်သနည်း-ဟု မေးဘွယ်ရှိ၏။

မဇ္ဈိမပ္ပမာဏောတိ စတုဟတ္ထော ပုရိသော မဇ္ဈိမပ္ပမာဏော၊ ဆဟတ္ထောတိပိ ကေစိ။

(သာရတ္ထဒီပနီဋီကာ၊ ဒု-တွဲ၊ သုဒ္ဓိန္နဘာဏဝါရဝဏ္ဏနာ၊ စာမျက်နှာ-၉။)

မဇ္ဈိမပ္ပမာဏောတိ၊ ဟူသည်ကား။ စတုဟတ္ထော၊ လေးတောင်ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ မဇ္ဈိမပ္ပမာဏော၊ အလယ်အလတ် အတိုင်းအရှည်ရှိသော သူမည်၏။ ဆဟတ္ထော၊ ခြောက်တောင်ရှိသောသူသည်။ မဇ္ဈိမပ္ပမာဏော၊ မည်၏။ ဣတိပိ၊ ဤသို့လည်း။ ကေစိ၊ အချို့သော ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။

စတုဟတ္ထော ပုရိသော မဇ္ဈိမပ္ပမာဏော-ဟု သာရတ္ထဒီပနီဋီကာ မိန့်ဆော်မူသောကြောင့် လေးတောင်ရှိသောသူသည် မဇ္ဈိမပုရိသ မည်၏။

တဿ ပမာဏံ ဒီဃတော ဒွေ ဝိဒတ္ထိယော တိရိယံ ဝိဒတ္ထိ-ဟူသော အဋ္ဌကထာ၌ အဘယ်သူ၏ အထွာနည်း-ဟု မေးဘွယ်ရှိ၍—

မနုဿာနံ ပကတိဝိဒတ္ထိံ သန္ဓာယ ဒွေ ဝိဒတ္ထိယောတိအာဒိ ဝုတ္တံ။

(ဝိမတိ ဝိနောဒနီဋီကာ စာမျက်နှာ-၃၁၁)

မနုဿာနံ၊ လူတို့၏။ ပကတိဝိဒတ္ထိ ၊ ပကတိအထွာကို။ သန္ဓာယ၊ ရည်၍။ ဒွေ ဝိဒတ္ထိယောတိအာဒိ၊ ဒွေ ဝိဒတ္ထိယော အစရှိသော စကား ကို။ ဝုတ္တံ၊ မိန့်အပ်ပြီ။

ဤသို့ သာရတ္ထဒီပနီဋီကာ, ဝိမတိဝိနောဒနီဋီကာဆရာတို့ မိန့်တော်မူ သောကြောင့် လူတို့၏ ပကတိအထွာဖြင့် အလျား နှစ်ထွာ၊ အနံ တထွာ ရှိသော သက်နီးကို ဝိကပ္ပနာလောက်သော အငယ်ဆုံးသက်နီး-ဟု မှတ် အပ်၏။

၄-တောင်ရှိသောလူတို့၏ ပကတိအထွာဖြင့် အလျား နှစ်ထွာ၊ အနံ တထွာရှိသော လက်ကိုင်ပုဝါ, မျက်နှာသုတ်ပုဝါစသည်ကို ဝိကပ္ပနာ ပြုရ မည်၊ သို့မဟုတ် ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်ရမည်၊ မပြုလုပ်က နိဿဂ္ဂိ- ပါစိတ်သင့်၏ ဟုမှတ်။

ဇရှုးဆရာမြတ်တို့သည် ကေစိဝါဒကို အမှီပြု၍—

ရှင်စော တထွာ၊ မ-သုံးထွာ၊ တို့မှာ ထက်ဝက်တိုး-—

ဟု မိန့်ဆိုကြကုန်၏။

မြတ်စွာဘုရားတထွာသည် ၆-တောင်ရှိသော လူကြီးအထွာဖြင့် ၃-ထွာရှိ၏၊ ၄-တောင်ရှိသော ပကတိလူတို့၏ အထွာဖြင့် ၄-ထွာနှင့် လက် ၆-သစ်ရှိ၏။ တနည်း—၂-တောင်နှင့် လက် ၆-သစ် ရှိ၏-ဟု မိန့်ဆို ကုန်၏။

ဝိကပ္ပနာလောက်သော အငယ်ဆုံး သက်နီးသည် အလျား ၃-ထွာ၊ အနံ တထွာနှင့် ၆-လက်သစ် ရှိ၏-ဟု မိန့်ဆိုကုန်၏။

ကေစိဝါဒကို အမှီပြု၍ သက်နီးစသည်တို့၏ ပမာဏကို တွက်ခြင်း သည် ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့် မညီခြင်းကြောင့်၎င်း၊ အတွက်ခက် ခြင်း, အမှတ်ခက်ခြင်းကြောင့်၎င်း အကျိုးမရှိ-ဟု မှတ်အပ်၏။

န ဗဏ္ဍပါဏိဿဥ် ဗဏ္ဍဝိနိစ္ဆယ

န ဒဏ္ဍပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ-ကရဏီယာတိဥ်——

ဒဏ္ဍော နာမ မဇ္ဈိမဿ ပုရိသဿ စတုဟတ္ထော ဒဏ္ဍော။
တတော ဥက္ကဋ္ဌော အဒဏ္ဍော၊ ဩမကော အဒဏ္ဍော။

(ဝိနယပိဋက ပါစိတ္တိယပါဠိ သေခိယကဏ္ဍ စာမျက်နှာ ၂၆၃။)

ဤပါဠိတော်ကို ထောက်၍ လေးတောင်ရှိသောသူကို မဇ္ဈိမပုရိသ-ဟု မှတ်အပ်၏။ ၆-တောင်ရှိသောသူကို မဇ္ဈိမပုရိသ-ဟု မမှတ်အပ်။ အကယ်၍ ၆-တောင်ရှိသောသူကို မဇ္ဈိမပုရိသယူလျှင်၆-တောင်ရှိသောသူ၏ ၄-တောင် ရှိသော တောင်ဝှေးသည် ပကတိလူတို့၏ အတောင်ဖြင့် ၆-တောင် ရှိ၏၊ လောက၌ ၆-တောင်ရှည်သော တောင်ဝှေးကို မည်သူမျှ မကိုင်။ ထို့ကြောင့် ၆-တောင်ရှိသောသူကို မဇ္ဈိမ ပုရိသ-ဟုဆိုခြင်းသည် မသင့်။

ဥစ္စာသယန မြင့်မြတ်သောအိပ်ရာ-အတိုင်းအရှည် ဝိနိစ္ဆယ

ဥစ္စာသယန မဟာသယနာနီတိ ဧတ္ထ ဥစ္စာသယနန္တိ ပမာဏာတိက္ကန္တံ မဉ္စံ၊ မဟာသယနန္တိ အကပ္ပိယတ္ထရဏံ။

(ဝိနယပိဋက မဟာဝဂ္ဂအဋ္ဌကထာ၊ စမ္မက္ခန္ဓက၊ ၃၆၉။)

ဥစ္စာသယန မဟာသယနာနီတိ ဧတ္ထ၊ ၌။ ဥစ္စာသယနန္တိ၊ မြင့်သော အိပ်ရာဟူသည်ကား။ ပမာဏာတိက္ကန္တံ၊ အတိုင်းအရှည်ကိုလွန်သော။ မဉ္စံ၊ ညောင်စောင်း။ မဟာသယနန္တိ၊ ဟူသည်ကား အကပ္ပိယတ္ထရဏံ၊ မအပ်သောအခင်း။

နဝံ ပန ဘိက္ခုနာ မဉ္စံ ဝါ ပီဌံ ဝါ ကာရယမာနေန အဋ္ဌင်္ဂုလ-ပါဒကံ ကာရေတဗ္ဗံ သုဂတင်္ဂုလေန အညတြ ဟေဋ္ဌိမာယ၊ အဋနိယာ၊ တံ အတိက္ကာမယတော ဘေဒနကံ ပါစိတ္တိယန္တိ။

(ဝိနယပိဋက၊ ပါစိတ္တိယပါဠိ၊ မဉ္စပီဌသိက္ခာပဒ၊ ၂၁၈။)

ဤပါဠိ၌ မြတ်စွာဘုရား၏ လက်ရှစ်သစ်ကို သုံးဆ တိုး၍ ၂၄-လက်သစ်၊ တနည်း—တတောင်သည် ညှောင်စောင်းခြေ၏ ပမာဏဖြစ်၏၊ တတောင်မြင့်သောအခြေရှိသော ညှောင်စောင်းသည် အပ်၏၊ တတောင် ထက်ပိုလွန်သော အခြေရှိသော ညှောင်စောင်းသည် ဥစ္စာသယန မြင့်သောအိပ်ရာဖြစ်၍ မအပ်။

ကေစိဆရာတို့၏ အလိုအားဖြင့် မြတ်စွာဘုရား လက်ရှစ်သစ်ကို ၄-ဆနှင့် တဝက်တိုး၍ ၃၆-လက်သစ်သည်၊ တနည်း–တတောင်နှင့်တထွာသည် ညှောင်စောင်းခြေ ပမာဏဖြစ်၏။

တတောင့်ထွာအခြေရှိသော ညှောင်စောင်းသည် အပ်၏၊ တတောင့်ထွာထက် ပိုလွန်သောအခြေရှိသော ညှောင်စောင်းသည် ဥစ္စာသယန မြင့်သောအိပ်ရာဖြစ်၍ မအပ်။ ဤကား ကေစိဆရာတို့အလိုတည်း။

သညာစိကကုဋီ အတိုင်းအရှည် ဝိနိစ္ဆယ

သညာစိကကုဋီ၏ ပမာဏသည် မြတ်စွာဘုရား၏ အထွာဖြင့် အလျား ၁၂ ထွာရှိ၏။ ပကတိလူတို့၏ အထွာဖြင့် သုံးဆ တိုး၍ ၃၆-ထွာရှိ၏။ အတောင်အားဖြင့် ၁၈-တောင်ရှိ၏။ မြတ်စွာဘုရား၏ အထွာဖြင့် အနံ ၇-ထွာရှိ၏။ ပကတိလူတို့၏ အထွာဖြင့် သုံးဆ တိုး၍ ၂၁-ထွာရှိ၏။ အတောင်အားဖြင့် ၁၀-တောင်နှင့် တထွာရှိ၏။

ကေစိဆရာတို့၏ အလိုအားဖြင့် လေးဆနှင့် တဝက်တိုး၍ သညာစိကကုဋီ၏ ပမာဏသည် အလျား ၂၇-တောင်, အနံ ၁၅-တောင်နှင့်တထွာ ၆-လက်သစ်ရှိ၏။

ဆန်း ဝိနိစ္ဆယ

နမတ္ထုဂါထာအနက် ဝိနိစ္ဆယ

နမတ္ထု ဇနသန္တာန–တမသန္တာနဘေဒိနော။
ဓမ္မုဇ္ဇလန္တရုစိနော၊ မုနိန္ဒောဒါတရောစိနော။

ဆန်းကျမ်း ပဏာမဂါထာ၌ ဇနသန္တာန တမသန္တာန ဘေဒိနော-ဟူသောပုဒ်ကို တဿီလ ၄-နက်, တဒ္ဓမ္မ ၄-နက်, တဿာဝုကာရီ ၄-နက် အနက်ပေးကြ၏။ သဒ္ဒါကြီး, နျာသ, မောဂ္ဂလာန်, ရူပသိဒ္ဓိ, သဒ္ဒနီတိ အစရှိသော သဒ္ဒါကျမ်းအမျိုးမျိုးတို့၌ တဿီလ ၄-ဝါကျ, တဿာဝုကာရီ ၄-ဝါကျ, တဒ္ဓမ္မ ၄-ဝါကျ အစုံအလင်ပြထားခြင်း မရှိခြင်းကြောင့် သဒ္ဒါကျမ်းတို့၌လာသော အချို့အနက်သာ မှန်သည်၊ သဒ္ဒါကျမ်းတို့၌ မလာသော အချို့အနက်ကို အကျိုးမရှိဟု မှတ်ရမည်။

ဓမ္မုဇ္ဇလန္တရုစိနော ဟူသောပုဒ်ကို ရူပက, သဒိသ, ဥပမာ, သမုပေက္ခာ ၄-နက် ပေးကြ၏၊ သဒိသနှင့် ဥပမာ တူသည်ဖြစ်၍ နှစ်နက်ခွဲပေးရန်မလို။ အလင်္ကာကျမ်း၌ ရူပက၏ လက္ခဏာကို ပြသကဲ့သို့ ကျမ်းကြီးကျမ်းငယ်တို့၌ သမုပေက္ခာ၏ လက္ခဏာကို အထင်အရှား ပြထားခြင်း မရှိခြင်းကြောင့် သမုပေက္ခာ အနက်ပေးခြင်းကို အကျိုးမရှိ ဆင်ခြင်ရန်ရှိ၏။

သဗ္ဗဂလဟု ဝိနိစ္ဆယ

ဘဇသာ သဗ္ဗဂလဟူ၊ ပဉ္စမေ သဏ္ဌိတာ ဂဏာ။
အရိယာဒိမှိ ဝိညေယျာ၊ ဂဏော ဉ္စမ စတုက္ကလော။

ဤဂါထာ၌ သဗ္ဗဂလဟူ-ဟူသောပုဒ်ကို အလုံးစုံဂရုရှိသော မ-ဂိုဏ်း၊ အလုံးစုံ လဟုရှိသော န-ဂိုဏ်း-ဟု ဆရာများ အနက်ပေးကြ၏။

အလုံးစုံ ဂရုရှိသောဂိုဏ်း, အလုံးစုံ လဟုရှိသောဂိုဏ်း-ဟု အနက်ပေးမှ ဆန်းကျမ်းနှင့် ညီမည်။ ဆန်းကျမ်းဆရာသည် ဂရုနှစ်လုံးကို မ-ဂိုဏ်း

ဟူ၍ရှင်း, လဟုလေးလုံးကို နှ-ဂိုဏ်းဟူ၍ရှင်း မည်သည့်အရာ၌မျှ ဆိုခြင်း မရှိ။

ဆပ္ပစ္စယဒီပကဆရာ စသည်တို့သည် မတ္တာဝုတ္တိဆန်းအရာ၌ ဂရုနှစ်လုံးကို မ-ဂိုဏ်းဟူ၍ရှင်း, လဟုလေးလုံးကို နှ-ဂိုဏ်းဟူ၍ရှင်း ခေါ်ဆိုကြကုန်၏။ ထို့ကြောင့် ဆပ္ပစ္စယဒီပကဆရာသည်'ဇော နှာ ထဝါဏ္ဏဝါ ဝိသိ-လောကော' ဟူသောသုတ်၌ နှ-အရ လဟုလေးလုံး၊ လ-အရ လဟုတလုံး၊ ပေါင်း လဟုငါးလုံးဟု အထင်မှားလေသည်။

ထို့ကြောင့် ဆပ္ပစ္စယဒီပကကျမ်း၌—

ဒုတိယဂဏဋ္ဌာနေ ဇ-ဂဏေ ဌိတေ သတိ တတိယဂဏဋ္ဌာနေ မ-ဘ-ဣတိ ဒွေ ဝိကပ္ပါ။ ဒုတိယဂဏဋ္ဌာနေ နှ-ဂဏေ ဌိတေ သတိ နှာတိ ဝစနတော တတိယဂဏဋ္ဌာနေ သ-နှ-ဣတိ ဒွေ ဝိကပ္ပါ—

ဟု အဆို ချွတ်ယွင်းလေသည်။

နှာ-ဟူသောပုဒ်၌ နှ-အရ လဟုသုံးလုံး၊ လ-အရ လဟုတလုံး၊ ပေါင်း လဟုလေးလုံး ယူမှ ဆန်းကျမ်းနှင့်ညီ၍ မှန်သည်။

ယတိ ဝိနိစ္ဆယ

ပဌမဍ္ဎေ ဆဋ္ဌော စေ၊ သဗ္ဗလဟောတ္ထာဒိလဟုနိ ဘဝတိ ယတိ။
တပ္ပရကောဋ္ဌေပိ သစေ၊ စရိမေပိ ဘဝတိ စတုတ္ထောဋ္ဌေ။

အရိယာယ၊ အရိယာဂါထာ၏။ ပဌမဍ္ဎေ၊ ရှေ့ထက်ဝက်၌။ ဆဋ္ဌော၊ ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သောဂိုဏ်းသည်။ သဗ္ဗလဟု၊ အလုံးစုံ လဟုရှိသောဂိုဏ်းသည်။ စေ ဘဝတိ၊ အကယ်၍ဖြစ်ငြားအံ့။ ဧတ္ထ၊ ဤ ဆဋ္ဌဂိုဏ်း၌။ အာဒိလဟုနိ၊ အစလဟု၌။ ယတိ၊ ပုဒ်ဖြတ်ခြင်းသည်။ ဘဝတိ၊ ဖြစ်၏။ သော၊ ထိုဆဋ္ဌဂိုဏ်းသည်။ တပ္ပရကော၊ ထိုသဗ္ဗလဟု

ဂိုဏ်းနှောင်းသည်။ စေ ဘဝတိ၊ အကယ်၍ဖြစ်ငြားအံ့။ အန္တေပိ၊ ဆဌ-ဂိုဏ်း၏ အဆုံး၌လည်း။ ယတိ၊ ပုဒ်ဖြတ်ခြင်းသည်။ ဘဝတိ၊ ဖြစ်၏။ စရိမေပိ၊ နောက်ထက်ဝက်၌လည်း။ စတုတ္ထော၊ လေးခုတို့၏ ပြည့်ကြောင်းဖြစ်သောဂိုဏ်းသည်။ တပ္ပရကော၊ ထိုသဗ္ဗလဟု ဂိုဏ်းနှောင်းသည်။ စေ ဘဝတိ၊ အကယ်၍ ဖြစ်ငြားအံ့။ အန္တေ၊ စတုတ္ထဂိုဏ်း၏ အဆုံး၌။ ယတိ၊ ပုဒ်ဖြတ်ခြင်းသည်။ ဘဝတိ၊ ဖြစ်၏။

စရိမေပိ-၌ ပိသဒ္ဒါကား ဟေဋ္ဌာပေက္ခ သမ္ပိဏ္ဍန၊ ရှေ့ထက်ဝက်၌သာ ယတိဖြစ်သည်မဟုတ်၊ နောက်ထက်ဝက်၌လည်း ယတိ ဖြစ်၏-ဟု ပေါင်းသည်။

ဤ ဂါထာ၌ အဓိပ္ပါယ်ကား—အရိယာဂါထာ၏ ရှေ့ထက်ဝက်၌ ခြောက်ခုမြောက်ဂိုဏ်းသည် သဗ္ဗလဟု ဂိုဏ်းဖြစ်အံ့၊ ဆဌဂိုဏ်း၏ အစ၌ ပုဒ်ဖြတ်ရမည်၊ မဖြတ်လျှင် ယတိဟီနဒေါသ သင့်၏။ သတ္တမဂိုဏ်းသည် သဗ္ဗလဟု ဂိုဏ်းဖြစ်အံ့၊ ဆဌဂိုဏ်း၏အဆုံး၌ ပုဒ်ဖြတ်ရမည်၊ မဖြတ်လျှင် ယတိဟီနဒေါသ သင့်၏။ နောက်ထက်ဝက်၌ ငါးခုမြောက်ဂိုဏ်းသည် သဗ္ဗလဟုဂိုဏ်းဖြစ်အံ့၊ စတုတ္ထဂိုဏ်း၏ အဆုံး၌ ပုဒ်ဖြတ်ရမည်၊ မဖြတ်လျှင် ယတိဟီနဒေါသသင့်၏။

ဤသို့လျှင် အရိယာဂါထာတို့၌ ယတိဌာနသုံးပါး ရှိ၏၊ ရှေးဆရာမြတ်တို့က ပိ-သဒ္ဒါဖြင့် နောက် ထက်ဝက်၌ သတ္တမဂိုဏ်း သဗ္ဗလဟုဂိုဏ်းဖြစ်လျှင် ဆဌဂိုဏ်း၏ အဆုံး၌ ယတိကိုပေါင်း၏ဟု ဆိုကြကုန်၏။ ဆရာမြတ်တို့ကား ယတိဌာနလေးခုဟု ဆိုကြကုန်၏၊ ထိုသို့ ဆိုခြင်းသည် ပိ-သဒ္ဒါကို ကြည့်၍ တွေးခြင်းသာ ဖြစ်၏။

> ပဉ္စာယ လက္ခဏဋ္ဌေ၊ ပထမစ္စေ လက္ခဏန္တ၊ စပလာယ။
> ဒုတိယေ ဒလေထ ယဿာ၊ ပကိတ္တိတာ သာ ဇဃနစပလာ။

ဤ ဂါထာ၏ နောက် ထက်ဝက်၌ သတ္တမဂိုဏ်း သဗ္ဗလဟုဂိုဏ်းဖြစ်လျက် ဆဌလဟု၌ ပုဒ်မဖြတ်ခြင်းကြောင့် ဤဂါထာနှင့် မညီဟု မှတ်ရမည်။

အဘယ်သို့ မညီသနည်းဟူမူကား ဗုဒ္ဓေါ-အစရှိသော အက္ခရာနှစ်လုံး ရှိသောပုဒ်, ပုရိမေသာ-အစရှိသော အက္ခရာသုံးလုံးရှိသောပုဒ်တို့၌ အလယ်၌ ပုဒ်ဖြတ်ခြင်းမရှိသကဲ့သို့ ဇဃန်-ဟူသော ပုဒ်၌ ဇ-အက္ခရာ၌ ပုဒ်ဖြတ်ခြင်း မရှိ။ စာမိကရ, တထာဂတ-အစရှိသော အက္ခရာလေးလုံးရှိသော ပုဒ်တို့၌ အလယ်၌ ပုဒ်ဖြတ်၏၊ ယတိ ဖြတ်၏။

'ဇဃနစပလာတော့တွ ဇကာရေ ယတီတိ'-ဟု ဆပ္ပစ္စယဒီပကာ၌ မိန့်ခြင်းသည် အလင်္ကာဿတိဟိနဒေါသကို မကြည့်မိ၍ မိန့်ဆိုခြင်း ဖြစ်၏၊ ထို့ကြောင့် အရိယာဂါထာတို့၌ ယတိ-သုံးခုသာ ရှိ၏၊ လေးခုမရှိ-ဟု နိဿံသယ မှတ်အပ်၏။

ယတိဖြတ်, မဖြတ်ကို ထင်ရှားပြဦးအံ့—

ဒွိယာတဟာယလဟု ရထဂိတိ သသိကလာ။
ဝသုဟာယယတိရိမ မဏိဂုဏနိကရော။

ဤနှစ်ဂါထာတို့၌ န-ဂိုဏ်း လေးဂိုဏ်း၊ သ-ဂိုဏ်း တဂိုဏ်း ရှိသည် ဖြစ်၍ ဂိုဏ်း-ဂရုလဟု-အက္ခရာတူမျှ၏၊ ယတိ ဖြတ်-မဖြတ်သာ ထူး၏။

သသိကလာ ဂါထာ၌ ရှစ်လုံးမြောက် ရ-အက္ခရာသည် အထ-သဒ္ဒါ၏ အစ အက္ခရာဖြစ်၍ အ-အက္ခရာ ထ-အက္ခရာ နှစ်ခုတို့၏ အလယ်ကြား၌ ယတိ-မဖြတ်။

မဏိဂုဏနိကရ ဂါထာ၌ ရှစ်လုံးမြောက် မ-အက္ခရာသည် ဣမသဒ္ဒါ၏ အဆုံး အက္ခရာဖြစ်၍ ယတိ-ဖြတ်၏။

နိဿယဝါဒမသင့်

ဆန္ဒောသာရတ္ထ ဝိကာသနီဋီကာ၌—

နိဿယေ ပန အပိသဒ္ဒေါ သမုစ္စယေ၊ တေန အဒ္ဒေါပိ
အန္တေပိ ယတီတိ ဝုတ္တံ—

ဟု နိဿယဝါဒကို ပြတော်မူ၏။

ဤနိဿယဝါဒအလိုအားဖြင့် 'စရိမေပိ ဘဝတိ စတုတ္ထောန္တေ'-ဟူသော ပါဒကို – စရိမေ၊ နောက် ထက်ဝက်၌။ စတုတ္ထော၊ လေးခုမြောက်သော ဂိုဏ်းသည်။ တပ္ပုရကော၊ ထို သဗ္ဗလဟုဂိုဏ်းနှောင်းသည်။ စေ ဘဝတိ၊ အကယ်၍ ဖြစ်ငြားအံ့။ အာဒေါပိ၊ စတုတ္ထဂိုဏ်း၏ အစ၌ရင်း။ အန္တေပိ၊ စတုတ္ထဂိုဏ်း၏ အဆုံး၌ရင်း။ ယတိ၊ ပုဒ်ဖြတ်ခြင်းသည်။ ဘဝတိ၊ ဖြစ်၏။ (ဤသို့ အနက်ပေးအပ်၏။)

ဤနိဿယဝါဒ မသင့်သည်ကို ရှင်းပြအံ့—

ပိဘဝတိ-ဟူသော ပဥ္စမဂိုဏ်း သဗ္ဗလဟုဂိုဏ်းဖြစ်လျက် စရိမေ-ဟူသော စတုတ္ထဂိုဏ်း၏ အစဖြစ်သော စ-အက္ခရာ၌ ယတိ မပြတ်မူ၍ မေ ဟူသော အဆုံးအက္ခရာ၌သာလျှင် ယတိပြတ်ခြင်းကြောင့် စတုတ္ထဂိုဏ်း၏ အစ၌ ယတိပြတ်၏ဟူသော စကားသည် မသင့်။

ဆန်း နိဿယတစောင်၌ – ပထမဇွေဂါထာ၌ ဆပ္ပစ္စယဒီပကဆရာ၏ ဝိကပ် အစီအရင်ကိုရင်း၊ ဆပ္ပစ္စယဒီပကဝိကပ် အစီအရင်ကိုမှီသော ဆန်းပုံများကိုရင်း ချွတ်ယွင်း၏ဟု မိန့်၏။

ဝိကပ်အစီအရင် အကျိုးများပုံ

ဆပ္ပစ္စယဒီပက ဝိကပ် အစီအရင်၏ အကျိုးများပုံကို ပြဦးအံ့—

အနည္ညနိရောဓပဒ=ရှစ်ကုဋေ တသန်း ကိုးသိန်း နှစ်သောင်းသော အရိယာဂါထာတို့တွင် ယတိ-သုံးခုပါသောဂါထာ မည်မျှရှိသနည်းဟု မေးလျှင် ဖြေနိုင်ရန် ခဲယဉ်း၏၊ ဆပ္ပစ္စယဒီပကဝိကပ် အစီအရင်ကိုကြည့်၍ ယတိ သုံးခုပါသော အရိယာဂါထာပေါင်း အနုနည္ညစာမရ=နှစ်သန်း ငါးသိန်းခြောက်သောင်းရှိ၏-ဟု အလွယ်တကူ ဖြေဆိုနိုင်၏။

ရှစ်ကုဋေ တသန်း ကိုးသိန်း နှစ်သောင်းသော အရိယာဂါထာတို့တွင် ယတိ မရှိသောဂါထာ၊ ပထမ ယတိတခုသာ ရှိသောဂါထာ၊ ဒုတိယ ယတိ

တခုသာ ရှိသောဂါထာ၊ တတိယ ယတိတခုသာ ရှိသောဂါထာ၊ ပထမ ဒုတိယ ယတိနှစ်ခု ရှိသော ဂါထာ၊ ပထမ တတိယ ယတိနှစ်ခု ရှိသော ဂါထာ၊ ဒုတိယ တတိယ ယတိနှစ်ခုရှိသောဂါထာ တို့ကိုလည်း ယတိ သုံးခုရှိသော ဝိကပ် အစီအရင်ကို အမှီပြု၍ တွက်ကြည့်လျှင် အလွယ်တကူ သိနိုင်၏။

ယတိ မရှိသော ဂါထာ၊ယတိ တခုရှိသော ဂါထာ၊ယတိ နှစ်ခုရှိသော ဂါထာ၊ ယတိ သုံးခုရှိသော ဂါထာ တို့ကို ပေါင်းလျှင် အနည်းနိရောဓပဒ-ပတ္ထာရသင်္ချာ ဖြစ်၏။

ဤကား အကျိုးများပုံတည်း။

ဆပ္ပစ္စယဒီပကဆရာသည် ဆန္ဒောသာရတ္ထဝိကာသနိ၌ ပြအပ်သော နည်းကို ဆဋ္ဌောခိလဂါထာ၌ မိန့်ဆိုပြီးဖြစ်၍ ပထမဆဲ့-ဂါထာ၌ ယတိ သုံးခုပါသော ဝိကပ် အစီအရင်ကိုသာ ပြတော်မူသတည်း။

ဘုဇဂသုသ-ဂါထာ ဝိနိစ္ဆယ

ဘုဇဂသုသု မတာ နာ မော။

ယဿံ၊ အကြင် ဂါထာ၌။ နာ၊ န-ဂိုဏ်းနှစ်ခုတို့သည်ငင်း။ မော၊ မဂိုဏ်းသည်ငင်း။ စေ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ သာ၊ ထို ဂါထာကို။ ဘုဇဂသုသု၊ မြွေမှုတ်သံ ဂါထာဟူ၍။ မတာ၊ သိအပ်၏။

ပြယုဂ်ကား—

နယနသုဘဂကာယင်္ဂံ၊ မဓုရဝရသရောပေတံ။
အမိတဂုဏဂဏာဓာရံ၊ ဒသဗလမတုလံ ဝန္ဒေ။

ဤဂါထာ၌ လဟု ခြောက်လုံး၊ ဂရု သုံးလုံးရှိ၍ မြွေမှုတ်သံနှင့် တူသောကြောင့် ဘုဇဂသုသု မည်သည်။

ဝစနတ္ထဇောတိကာဋီကာ၌ အဆိုချတ်ယွင်း၏။ တချို့ နိဿယ၌ ပါဋ္ဌ် အနက် နှစ်ပါးလုံး ချတ်ယွင်း၏။

ဥပဋ္ဌိတာ-ဂါထာ ဝိနိစ္ဆယ

ဝုတ္တောဒယဆန်းကျမ်း သမဝုတ္တိနိဒ္ဒေသ၌ ရှေးစာအုပ်များ၌ 'တဇာ ဇာ ဂရုနာယမုပဋ္ဌိတာ သာ' ဟု တ-ဂိုဏ်း, ဇ-နှစ်ဂိုဏ်း, ဂရု နှစ်လုံးအားဖြင့် ၁၁-လုံး ရှိ၏၊ ၎င်း ၁၁-လုံးဘွဲ့ ဂါထာသည်—

"ဗာတ္တိံသတိလက္ခဏစိတြဒေဟံ၊
ဒေဟာဇုတိနိဂ္ဂတပင္ကလန္တံ။
ပညာဓိတိသီလဂုဏောဃဝိန္ဓံ၊
ဝန္ဒေ မုနိ မန္တိမဇာတိယုတ္တံ"

ဟူသော နမက္ကာရဂါထာနှင့်၎င်း၊ ဆရာတော် ဦးဗုဓ်နိဿယနှင့်၎င်း၊ မှိုင်းခိုင်းဆရာတော် ဆန်းပုံနှင့်၎င်း၊ ဝစနတ္ထဇောတိကာဋီကာနှင့်၎င်း ညီသည်ဖြစ်၍ သင့်၏။

အချို့ နောက်စာအုပ်များ၌ "တော ဇာ ဂရုဏာယမုပဋ္ဌိတာ" ဟု တ-ဂိုဏ်း, ဇ-နှစ်ဂိုဏ်း ဂရုတလုံးအားဖြင့် (၁၀) လုံးသာ ရှိ၏၊ ၎င်းဂါထာသည် ဆိုအပ်ပြီးသော ကျမ်းဂန်တို့နှင့် မညီခြင်းကြောင့် အသင့် ယုတ္တိ မရှိ။

အသုံးဝင်, မဝင် ဂါထာများ

ဝုတ္တောဒယဆန်းကျမ်း၌ ဂါထာတို့သည် အသုံးကျသော ဂါထာ၊ အသုံးမကျသော ဂါထာအားဖြင့် နှစ်မျိုး ရှိကုန်၏၊ ထို နှစ်မျိုးတို့တွင် ပါဠိတော် အဋ္ဌကထာတို့၌၎င်း၊ မူလဋီကာ, ဝိသုဒ္ဓိမဂ် မဟာဋီကာ, သာရတ္ထဒီပနီဋီကာ အစရှိသော ဋီကာကြီးတို့၌၎င်း ရှာမတွေ့သော ဂါထာသည် အသုံးမကျသော ဂါထာမည်၏။

အဘယ်တို့နည်းဟူမူကား—

သသိကလာ-ဂါထာ၊

မဏိဂုဏနိကရ-ဂါထာ၊

ဘြဲ့ နှ, ရိ, နာ ရ,နာ စထ ဂရှ ဒသက္က ဝိရမံ ဟိ ဘဒ္ဒက မိဒံ။
အစရှိသော များစွာသော ဂါထာတို့တည်း။

အဘယ်ကြောင့် အသုံးမကျသောဂါထာ မည်သနည်း၊ အဋ္ဌကထာ ဋီကာဆရာမြတ်တို့ အသုံးမချသောကြောင့် အသုံးမကျသော ဂါထာ မည်၏၊ ဤစကားကို ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၌ မလာသော သက္ကဋကျမ်းတို့၌သာ လာသော ဂါထာတို့ကို ရဟန်းငယ်, ရှင်ငယ်တို့ အကောင်းထင်ပြီး ကျက်မှတ်မည် စိုးသောကြောင့် ရေးလိုက်ရသတည်း။

သာမညဂါထာ ဝိနိစ္ဆယ

နဒိဿတော'တ္ထ ယံ ဆန္ဒံ၊ ပဌယောဂေ ဒိဿတေ ယဒိ။
ဝိသမ'က္ခရပါဒံ တံ၊ ဂါထာ သာမညနာမတော။

ဟူသော ဂါထာနှင့်အညီ ပါဠိတော်၌ မညီညွတ်သော အက္ခရာပါဒ ရှိသော ဂါထာများကို သာမညအမည်အားဖြင့် ဂါထာဟူ၍ မှတ်အပ်၏။

ဒါနဥ္စ ဓမ္မစရိယာ စ—စသည် ဝိနိစ္ဆယ

ဆန်းနှင့်ညီအောင် အက္ခရာပုဒ်ကို ဖျက်၍ မပြင်အပ်၊ ဆန်းနှင့်မညီသော်လည်း အပြစ်မရှိ၊ ဆန်းနှင့်ညီသော်လည်း သဒ္ဒါပျက်လျှင် အနက်ပျက်သောကြောင့် အပြစ်ရှိ၏။ ပါဠိတော်၌ မညီမညွတ်သော အက္ခရာ-ပါဒရှိသော ဂါထာများကို ဆန်းနှင့်ညီအောင် ပြင်ရာ၌ သဒ္ဒါပျက်များကို ပြဦးအံ့။

မင်္ဂလသုတ်၌—

ဒါနဥ္စ ဓမ္မစရိယာ-ဟု တချို့စာ၌ ရှိ၏၊ ရှေးစာအုပ်များ၌ ဒါနဥ္စ ဓမ္မစရိယာ စ-ဟု အက္ခရာ ၉-လုံး ရှိ၏၊ သဒ္ဒနီတိပါဠိနယာဒိသင်္ဂဟာ-၌ အရိယ-သဒ္ဒါ, စရိယ-သဒ္ဒါ, အရဟန္တ-သဒ္ဒါရှိလျှင် အက္ခရာပို၏-ဟု မိန့်သောကြောင့် ၉-လုံးရှိမှ သင့်၏။

ရတနသုတ်၌—

စတ္တူဟာပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ—

ဟု သဒ္ဒါပျက်၏၊ အဘဗ္ဗော ကာတုံရှိမှ သဒ္ဒါမှန်၏။

ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဤဂါထာ၌ 'အဘဗ္ဗ သော တဿ'-ဟု သဒ္ဒါပျက်၏။ အဘဗ္ဗော သော တဿ ရှိမှ သဒ္ဒါမှန်၏။

ဤဂါထာ၌ ပဌမပါဒ အက္ခရာ ၁၂-လုံး၊ အကြွင်း ၃-ပါဒတို့၌ အက္ခရာ ၁၁-လုံးစီရှိ၍ ဝိသမက္ခရပါဒဖြစ်ခြင်းကြောင့် သာမည အမည်အားဖြင့် ဂါထာဟူ၍ ခေါ်ဝေါ်အပ်၏။

ဣန္ဒဝဇိရာ စသော ဝိသေသ အမည်အားဖြင့် မခေါ်ဝေါ်အပ်။

ခီဏံ ပုရာဏံ ဂါထာကိုလည်း ဤနည်းအတိုင်း မှတ်အပ်၏။
ခီဏံ ပုရာဏံ နဝနတ္ထိ သမ္ဘဝံ-သဒ္ဒါပျက်၊ နဝံ နတ္ထိ-သဒ္ဒါမှန်။

န ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ န ကိဉ္စိ-သဒ္ဒါပျက်၊ ကတ္ထစိ နံ ကိဉ္စိ-သဒ္ဒါမှန်။

သီလက္ခန္ဓအဋ္ဌကထာ ဗြဟ္မဇာလသုတ် ပရိဗ္ဗာဇက ကထာဝဏ္ဏနာ၌—

ကုဒ္ဓေါ အတ္ထံ န ဇာနာတိ၊ ကုဒ္ဓေါ ဓမ္မံ န ပဿတိ။
အန္ဓံ တမံ တဒါ ဟောတိ၊ ယံ ကောဓော သဟတေ နရံ-၌—

အန္ဓ တမန္တိ အန္ဓဘာဝကရတမံ ဟု ဋီကာမိန့်သောကြောင့် အန္ဓတမံ ရှိမှ သဒ္ဒါမှန်၏၊ အန္ဓံ တမံ ရှိက သဒ္ဒါပျက်၏။

ပူဇာရဟေ ပူဇယတော၊ ဗုဒ္ဓေ ယဒိ ဝ သာဝကေ။
ပပဉ္စသမတိက္ကန္တေ၊ တိဏ္ဏသောကပရိဒ္ဒဝေ–

(ဓမ္မပဒပါဠိ၊ ဗုဒ္ဓဝဂ်၊ ၄၂။)

ဤဂါထာ၌ တိဏ္ဏသောကပရိဒ္ဒဝေ-ဟု သဒ္ဒါပျက်၏၊ တိဏ္ဏသောက ပရိဒေဝေ-ရှိမှ သဒ္ဒါမှန်၏။

သီတံ ဥဏှံ စသော ဂါထာပါဒ ဝိနိစ္ဆယ

ဝိနည်းသေနာသနက္ခန္ဓက ဝိဟာရာနုမောဒနာ၊ နှာ-၂၉၁-၂-၌-

သီတံ ဥဏှံ ပဋိဟန္တိ၊ တတော ဝါဠမိဂါနိ စ။
သရီသပေ စ မကသေ၊ သိသိရေ စာပိ ဝုဋ္ဌိယော။
တတော ဝါတာတပေါ ဃောရော၊ သဉ္ဇာတော ပဋိဟညတိ။

လေဏတ္ထဉ္စ သုခတ္ထဉ္စ၊ ဈာယိတုဉ္စ ဝိပဿိတုံ။
ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေ။

တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထသေနာသနာနိ စ။
ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။

တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာပနူဒနံ။
ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိ အနာသဝေါတိ။

ဝိဟာရာနုမောဒနဂါထာတို့၌ ပဌမဂါထာ ၆-ပါဒ၊ ဒုတိယ တတိယ စတုတ္ထ ပဉ္စမ ဂါထာတို့၌ ၄-ပါဒ စီသားလျှင် အနက်စပ်၏။ ဆဋ္ဌသင်္ဂီတိ ပိဋကစာအုပ်၌ ပဌမ ဒုတိယ တတိယ စတုတ္ထ ဂါထာတို့၌ ၄-ပါဒစီ ထား၏။ ပဉ္စမဂါထာ၌ ၆-ပါဒထား၏၊ အနက်မစပ်ပါ။

မဂ္ဂါရမ္မဏတိက် ဝိနိစ္ဆယ

ကတမေ ဓမ္မာ မဂ္ဂါရမ္မဏာ၊ အရိယမဂ္ဂံ အာရဗ္ဘ ယေ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ ဣမေ ဓမ္မာ မဂ္ဂါရမ္မဏာ။

(ဓမ္မသင်္ဂဏီပါဠိ နိက္ခေပကဏ္ဍ စာမျက်နှာ-၂၁၂။)

မဂ္ဂါရမ္မဏတ္တိကေ-နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတိ,ကိလေသေ ဝါ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ၊ မဂ္ဂေါ အာရမ္မဏံ ဧတေသန္တိ မဂ္ဂါရမ္မဏာ။

(အဋ္ဌသာလိနီအဋ္ဌကထာ၊ တိကမာတိကာပဒဝဏ္ဏနာ-၈၇။)

မဂ္ဂဟေတုက ဝိနိစ္ဆယ

၁။ ကတမေ ဓမ္မာ မဂ္ဂဟေတုကာ။ အရိယမဂ္ဂသမင်္ဂိဿ မဂ္ဂင်္ဂါနိ ဌပေတွာ တံသမ္ပယုတ္တော ဝေဒနာက္ခန္ဓော။ပ။ ဝိညာဏက္ခန္ဓော၊ ဣမေ ဓမ္မာ မဂ္ဂဟေတုကာ။

(ဓမ္မသင်္ဂဏီ၊ ၂၁၂။)

အဋ္ဌင်္ဂိကောပိ မဂ္ဂေါ ပစ္စယဋ္ဌေန ဧတေသံ ဟေတူတိ မဂ္ဂဟေတုကာ။

(အဘိ၊ဋ္ဌ၊၁၊၈၆။)

အဋ္ဌင်္ဂိကောပိ၊ အင်္ဂါရှစ်ပါးရှိသည်လည်းဖြစ်သော။ မဂ္ဂေါ၊ မဂ်သည်။ ပစ္စယဋ္ဌေန၊ မဂ္ဂပစ္စည်းဟူသောအနက်ကြောင့်။ ဧတေသံ၊ ထိုတရားတို့၏။ ဟေတု၊ အကြောင်းတည်း။ ဣတိ၊ ထို့ကြောင့်။ မဂ္ဂဟေတုကာ၊ မဂ္ဂဟေတုကမည်ကုန်၏။

ပစ္စယဋ္ဌေနာတိ မဂ္ဂပစ္စယဋ္ဌေန။ နိက္ခေပကဏ္ဍေပိ ဟိ ယေ-မဂ္ဂပစ္စယံ လဘန္တိ၊ န ပန သယံ မဂ္ဂပစ္စယဘာဝံ ဂစ္ဆန္တိ၊ တေ မဂ္ဂဟေတုကာတိ ဒဿေတုံ အရိယမဂ္ဂသမင်္ဂိဿ မဂ္ဂင်္ဂါနိ ဌပေ-တွာတိအာဒိ ဝုတ္တံ။

(ဓမ္မသင်္ဂဏီမူလဋီကာ တိကမာတိကာပဒဝဏ္ဏနာ စာမျက်နှာ-၄၆။)

ပစ္စယဋ္ဌေနာတိ၊ ဟူသည်ကား။ မဂ္ဂပစ္စယဋ္ဌေန၊ မဂ္ဂပစ္စည်းဟူသော အနက်ကြောင့်။ ဟိ-သစ္စံ၊ မှန်၏။ နိဂ္ဂဝေပကဏ္ဍေပိ၊ နိဂ္ဂဝေပကဏ္ဍ၌လည်း။ ယေ၊ အကြင် တရားတို့သည်။ မဂ္ဂပစ္စယံ၊ မဂ္ဂပစ္စည်းကို။ လဘန္တိ၊ ရကုန်၏။ ပန၊ ဗျတိရိက်ကို ဆိုဦးအံ့။ သယံ၊ ကိုယ်တိုင်။ မဂ္ဂပစ္စယဘာဝံ၊ မဂ္ဂပစ္စည်း၏ အဖြစ်သို့။ န ဂစ္ဆန္တိ၊ မရောက်ကုန်။ တေ၊ ထိုတရားတို့သည်။ မဂ္ဂဟေတုကာ၊ မည်ကုန်၏။ ဣတိ၊ ဤသို့။ ဒဿေတုံ၊ ပြခြင်းငှါ။ အရိယမဂ္ဂသမင်္ဂိဿ မဂ္ဂင်္ဂါနိ ဌပေတွာတိအာဒိ၊ ဤသို့ အစရှိသော စကားကို။ ဝုတ္တံ၊ ဟောအပ်ပြီ။

(ဤပါဠိ အဋ္ဌကထာ ဋီကာတို့ကို ထောက်၍ အနက် အရကောက်ကို မှတ်အပ်၏။)

မဂ္ဂဟေတုကာ၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော အကြောင်းရှိကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

မဂ္ဂဟေတုကာ ဓမ္မာ-ဟူသော ပုဒ်၏အရကား မဂ်စိတ်လေးခု၊ မဂ္ဂင် ရှစ်ပါးကြဉ်သော စေတသိက် အဋ္ဌဝီသ ရ၏။

အဓိပ္ပါယ်ကား—မဂ်စိတ်လေးခု၊ မဂ္ဂင်ရှစ်ပါးကြဉ်သော စေတသိက် အဋ္ဌဝီသတို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ မဂ္ဂပစ္စည်း မဖြစ်သောကြောင့် မဂ္ဂင်ရှစ်ပါး ဟူသော အကြောင်းရှိသော တရားမည်ကုန်၏။

မဂ္ဂင်ရှစ်ပါးတို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်ကုန်သော်လည်း မဂ္ဂပစ္စည်းလည်း ဖြစ်သောကြောင့် မဂ်ဟူသော အကြောင်းရှိသောတရား မမည်ကုန်။

၂။ အရိယမဂ္ဂသမင်္ဂိဿ အလောဘော အဒေါသော အမောဟော ဣမေ ဓမ္မာ မဂ္ဂဟေတူ၊ တံသမ္ပယုတ္တော ဝေဒနာ-က္ခန္ဓော ။ပ။ ဝိညာဏက္ခန္ဓော၊ ဣမေ ဓမ္မာ မဂ္ဂဟေတုကာ။

(ဓမ္မသင်္ဂဏီ နိက္ခေပကဏ္ဍပါဠိ၊ ၂၁၂။)

မဂ္ဂသမ္ပယုတ္တာ ဝါ ဟေတူ, မဂ္ဂေ ဝါ ဟေတူတိ မဂ္ဂဟေတူ၊ တေ ဧတေသံ ဟေတူတိပိ မဂ္ဂဟေတုကာ။

(အဋ္ဌသာလိနီအဋ္ဌကထာ၊ ၈၇-၈။)

ဝါ၊ တနည်းကား။ မဂ္ဂသမ္ပယုတ္တာ၊ မဂ်နှင့် ယှဉ်ကုန်သော။ ဟေတူ၊ ဟိတ်တို့တည်း။ ဝါ၊ တနည်းကား။ မဂ္ဂေ၊ မဂ်၌။ ဟေတူ၊ ဟိတ်တို့တည်း။ ဣတိ၊ ထို့ကြောင့်။ မဂ္ဂဟေတူ၊ မဂ္ဂဟေတုမည်ကုန်၏။ ဧတေသံ၊ ထိုတရားတို့၏။ တေ ဟေတူ၊ ထိုဟိတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိပိ၊ ထို့ကြောင့်လည်း။ မဂ္ဂဟေတုကာ၊ မဂ္ဂဟေတုက မည်ကုန်၏။

(ဤပါဠိအဋ္ဌကထာကို အမှီပြု၍ အနက် အရကောက်ကို မှတ်အပ်၏။)

မဂ္ဂဟေတုကာ၊ မဂ်နှင့် ယှဉ်သော ဟိတ်ရှိကုန်သော။ ဝါ၊ မဂ်၌ တည်သော ဟိတ်ရှိကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

မဂ္ဂဟေတုကာ-ဟူသော ပုဒ်၏အရကား-မဂ်စိတ်လေးခု စေတသိက် ဆတ္တိံသ-ရ၏။

မဂ္ဂဟေတူ ဌပေတွာ-ဟူ၍ မဟောသောကြောင့် အလောဘ အဒေါသကို မကြဉ်ရ။

မာတိကာ အရကောက်၌ အလောဘ အဒေါသကို ကြဉ်၏။ ပါဠိတော် အဋ္ဌကထာနှင့် မညီ။

၃။ အရိယမဂ္ဂသမင်္ဂိဿ သမ္မာဒိဋ္ဌိ မဂ္ဂေါ စေဝ ဟေတု စ။ သမ္မာဒိဋ္ဌိံ ဌပေတွာ တံသမ္ပယုတ္တော ဝေဒနာက္ခန္ဓော။ပ။ ဝိညာဏက္ခန္ဓော၊ ဣမေ ဓမ္မာ မဂ္ဂဟေတုကာ။

(ဓမ္မသင်္ဂဏီ နိက္ခေပကဏ္ဍပါဠိ၊ ၂၁၂။)

သမ္မာဒိဋ္ဌိ သယံ မဂ္ဂေါ စေဝ ဟေတု စ၊ ဣတိ မဂ္ဂေါ ဟေတု ဧတေသန္တိပိ မဂ္ဂဟေတုကာ။

(အဋ္ဌသာလိနီ အဋ္ဌကထာ၊ ၈၈။)

သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိသည်။ သယံ၊ ကိုယ်တိုင်။ မဂ္ဂေါ စေဝ၊ မဂ်လည်း မည်၏။ ဟေတု စ၊ ဟိတ်လည်းမည်၏။ ဣတိ၊ ဤသို့။ တေသံ၊ ထို တရားတို့၏။ မဂ္ဂေါ၊ မဂ်ဟူသော။ ဟေတု၊ ဟိတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိပိ၊ ထိုကြောင့်လည်း။ မဂ္ဂဟေတုကာ၊ မဂ္ဂဟေတုကမည်ကုန်၏။

(ဤ ပါဠိအဋ္ဌကထာကိုထောက်၍ အနက်အရကောက်ကို မှတ် အပ်၏။)

မဂ္ဂဟေတုကာ၊ မဂ်ဟုဆိုအပ်သော ဟိတ်ရှိကုန်သော။ ဓမ္မာ၊ တရား တို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

မဂ္ဂဟေတုကာ-ဟူသောပုဒ်၏ အရကား-မဂ်စိတ်လေးခု၊ အမောဟ ကြဉ်သော စေတသိက် ပဉ္စတိံသ-ရ၏။

သမ္မာဒိဋ္ဌိံ ဌပေတွာ-ဟူ၍ ဟောတော်မူသောကြောင့် အမောဟ ကို ကြဉ်ရ၏။

ပဌမနည်း၌ မဂ္ဂင်ရှစ်ပါးသည် မဂ္ဂဟေတုမည်၏။

ဒုတိယနည်း၌ အလောဘ အဒေါသ အမောဟ-ဟိတ်သုံးပါးသည် မဂ္ဂဟေတုမည်၏။

တတိယနည်း၌ သမ္မာဒိဋ္ဌိသည် မဂ္ဂဟေတုမည်၏။

မဂ္ဂါဓိပတိနော-၌ ဝိနိစ္ဆယ

အဘိဘဝိတွာ ပဝတ္တနဋ္ဌေန မဂ္ဂေါ အဓိပတိ ဧတေသန္တိ မဂ္ဂါဓိပတိနော (အဋ္ဌသာလိနီ အဋ္ဌကထာ၊ နှာ-၈၈။)

အဘိဘဝိတွာ၊ လွှမ်းမိုး၍။ ပဝတ္တနဋ္ဌေန၊ ဖြစ်သောအနက်ကြောင့်၊ ဧတေသံ၊ ထိုတရားတို့၏၊ မဂ္ဂေါ၊ မဂ်ဟူသော။ အဓိပတိ၊ အကြီးအမှူး သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ မဂ္ဂါဓိပတိနော၊ မဂ္ဂါဓိပတိ မည်ကုန်၏။ (ဆဋ္ဌီ ဗဟုဗ္ဗီဟိသမာသ်)

မဂ္ဂေါ အဓိပတိ မဂ္ဂါဓိပတိ (မူလဋီကာ နှာ-၄၇။)

ဤနှစ်ပုဒ်ကို မဂ္ဂါဓိပတိနော စ မဂ္ဂါဓိပတိ စ မဂ္ဂါဓိပတိနော-ဟု ကောသိက်ပြု။

မဂ္ဂါဓိပတိနော၊ မဂ်ဟုဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းရှိကုန်သော။ (ဝါ) မဂ်ဟုဆိုအပ်သော သဟဇာတာဓိပတိ ပစ္စည်းရှိကုန်သော။ (ဝါ) မဂ်လျှင် သဟဇာတာဓိပတိ ပစ္စည်းဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

အာရမ္မဏာဓိပတိ ဖြစ်အံ့-သောတာပတ္တိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခုပေ။ အရဟတ္တမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာဉာဏသမ္ပယုတ်စိတ် လေးခု၊ ဝိရတီ အပ္ပမညာကြဉ်သော စေတသိက်တေတ္တိံသ ရ၏။

သဟဇာတာဓိပတိ ဖြစ်အံ့–ဝိရိယအဓိပတိတပ်ခိုက် မဂ်စိတ်လေးခု၊ ဝိရိယကြဉ်သော စေတသိက် ပဉ္စတိံသ၊ ဝီမံသာဓိပတိတပ်ခိုက် မဂ်စိတ်-လေးခု၊ ဝီမံသကြဉ်သော စေတသိက် ပဉ္စတိံသ ရ၏။

ကမ္မခာရည်းသမာသ်၌ မဂ္ဂါဓိပတိနောဟူသော ပုဒ်၏အရကား– ဝီရိယအဓိပတိတပ်ခိုက် ဝီရိယ စေတသိက်တခုသာ ရ၏၊ ဝီမံသာဓိပတိ တပ်ခိုက် ဝီမံသစေတသိက်တခုသာ ရ၏။

ဗဟုဗ္ဗီဟိသမာသ်အရ ကမ္မခာရည်းသမာသ်အရ နှစ်ခုပေါင်းလျှင် မဂ္ဂါဓိပတိနော ဓမ္မာအရ မဂ်စိတ်လေးခု စေတသိက်ဆတ္တိံသ ရ၏။

(မန္တလေးမြို့ ပုဂံ အတွင်းဝန်တိုက်ဆရာတော် ဦးပဏ္ဍိတ၏နည်းကို အမှီပြုသည်။)

ခန္ဓယမက-၌ ပိယရူပ် သာတရူပ် ဝိနိစ္ဆယ

ပိယရူပံ, သာတရူပံ-ဟူသောပုဒ်၌ ရှေးဆရာများကောက်ပုံ ရှုပ်ထွေးသဖြင့် အလွယ်တကူ သိစေခြင်းငှါ ရှင်းလင်းဖော်ပြချက်မှာ—

ဥဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ နိဒ္ဒေသကို ဟောတော်မူ၏။ ပ။ ထိုအနုလောမသည်လည်း ပုစ္ဆာ, ဝိသဇ္ဇနာအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုပုစ္ဆာသည်လည်း သန္နိဋ္ဌာန်, သံသယအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား–ရူပံ ဟူသည်တည်း၊ ထို့နောင် သံသယကို ဟောတော်မူ၏၊ ဟောဟန်ကား ရူပက္ခန္ဓော ဟူသည်တည်း။

ပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိသဇ္ဇနာကို ဟောတော်မူ၏၊ ဟောဟန်ကား–ပိယရူပံ သာတရူပံ ရူပံ၊ န ရူပက္ခန္ဓော၊ ရူပက္ခန္ဓော ရူပဉ္စေဝ ရူပက္ခန္ဓော စ၊ ဟူသည်တည်း။

အနုလောမကို.... ၌၊ ပဋိလောမကို....၏၊ ထိုလည်း ပုစ္ဆာ, ဝိသဇ္ဇနာအားဖြင့် နှစ်ပါးရှိ၏၊ ထိုတွင်၊ ပုစ္ဆာကို....၏၊ ထိုလည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုတွင် သန္နိဋ္ဌာန်ကို.... ၏၊ ဟောဟန်ကား–ရူပက္ခန္ဓော-တည်း။ ထို့နောင် သံသယကို.... ၏၊ ဟောဟန်ကား–ရူပံ-ဟူသည်တည်း။

ထို့နောင် ဝိသဇ္ဇနာကို.... ၏၊ ဟောဟန်ကား–အာမန္တာတည်း။

ရူပံ၊ ရုပ်မည်၏။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာမည်သလော။ ဣတိပုစ္ဆာယံ၊ ဤသို့သော အမေးတော်သည်။ သတိ၊ ရှိသော်။ ပိယရူပံ၊ လောကီစိတ်စေတသိတ်, စေတသိက်ဒွေပညာသ ဟူသော ပိယရုပ်သည်။ သာတရူပံ၊ လောကီစိတ်စေတသိတ်, စေတသိက်ဒွေပညာသ-ဟူသော သာတရုပ်သည်။ ရူပံ၊ ရုပ်မည်၏။ န ရူပက္ခန္ဓော၊ ရူပက္ခန္ဓာမမည်။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်။ ရူပဉ္စေဝ၊ ရုပ်သည်းမည်၏။ ရူပက္ခန္ဓော စ ရူပက္ခန္ဓာလည်း မည်၏။ ဣတိ ဝိသဇ္ဇနာ၊ ဤသို့ ဖြေတော်မူသည်။ ဟောတိ၊ ဖြစ်၏။

။ပ။ရူပက္ခန္ဓော၊ ရူပက္ခန္ဓာမည်၏။ ရူပံ၊ ရုပ်မည်သလော။ ဣတိ· ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ အာမန္တာ၊ ရူပက္ခန္ဓာမည်သော တရား သည် ရုပ်မည်၏။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ဖြစ်၏။

ရူပံ ရူပက္ခန္ဓော ဟူ၍ ဟောတော်မူအပ်သော အနုလောမ ပုစ္ဆာ၌ ရူပံ·ဟူသော သန္နိဋ္ဌာနပုဒ်၏ အရကား–လောကီစိတ် ကောသိတို့ စေတသိက်ဒွေပညာသ·ဟု ဆိုအပ်သော ပိယရုပ် သာတရုပ် ရ၏၊ ရုပ် အဌဝီသလည်းရ၏။

ရူပက္ခန္ဓော·ဟူသော သံသယပုဒ်၏ အရကား—ရုပ်အဌဝီသသာ ရ၏။

ပစ္စနိက်၌—

န ရူပံ န ရူပက္ခန္ဓောတိ အာမန္တာ။

န ရူပက္ခန္ဓော န ရူပန္တိ ပိယရူပံ သာတရူပံ န ရူပက္ခန္ဓော ရူပံ၊ ရူပဥ္စ ရူပက္ခန္ဓဉ္စ ဌပေတွာ အဝသေသာ န စေဝ ရူပံ န စ ရူပက္ခန္ဓော။

ပဋိလောမ၌ န ရူပက္ခန္ဓော၊ မမည်။ န ရူပံ၊ လော ။ပ။ ပိယရူပံ၊ လောကီစိတ်ကောသိတို့ စေတသိက်ဒွေပညာသ ဟု ဆိုအပ်သော ပိယ ရုပ်သည်။ သာတရူပံ၊ လောကီစိတ် ကောသိတို့ စေတသိက်ဒွေပညာသ ဟုဆိုအပ်သော သာတရုပ်သည်။ န ရူပက္ခန္ဓော၊ မမည်။ ရူပံ၊ ရုပ်သော် ကား မည်၏။ ရူပဥ္စ၊ လောကီစိတ်ကောသိတို့ စေတသိက်ဒွေပညာသ ဟူသော ပိယရုပ် သာတရုပ်ကိုရင်း။ ရူပက္ခန္ဓဉ္စ၊ ရူပက္ခန္ဓာကိုရင်း။ ဌပေတွာ၊ ထား၍။ အဝသေသာ၊ တို့သည်။ န စေဝ ရူပံ၊ ပိယရုပ် သာတရုပ်လည်း မမည်။ န စ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာလည်း မမည်။

အနုလောမပုစ္ဆာ သန္နိဋ္ဌာနပုဒ်၏ အရကား—လောကုတ္တရာစိတ်ရှစ်ခု စေတသိက်ဆတ္တိံသ နိဗ္ဗာန် ပညတ် ရ၏။ သံသယ ရင်းရ၏။

ပဌိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏အရကား— လောကီစိတ်ကောသိတိ, စေတသိက်ဒွေပဉ္စာသ-ဟု ဆိုအပ်သော ပိယရူပ်, သာတရူပ် ရ၏၊ လောကုတ္တရာစိတ်ရှစ်ခု, စေတသိက်ဆတ္တိံသ နိဗ္ဗာန် ပညတ်လည်း ရ၏။ သံသယကား နောက်သာ ရ၏။

အဓိပ္ပါယ်ကား—

> ကိဉ္စ လောကေ ပိယရူပံ သာတရူပံ၊ စက္ခုလောကေ ပိယ-ရူပံ သာတရူပံ၊ တွေသော ဘဏ္ဍာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ တွေ နိဝိသမာနာ နိဝိသတိ။

ဤသို့ စသည်ဖြင့် မဟာသတိပဋ္ဌာနသုတ်၌ ဟောတော်မူသော ကြောင့် အလုံးစုံသော လောကီစိတ်ကောသိတိ စေတသိက်ဒွေပဉ္စာသ ရုပ်အဋ္ဌဝီသသည် ပိယရုပ် သာတရုပ် မည်၏။

ပိယရုပ် သာတရုပ် မဟုတ်သော လောကီစိတ်ကောသိတိ စေတသိက် ဒွေပဉ္စာသ ရုပ်အဋ္ဌဝီသ မရှိ-ဟု မှတ်အပ်၏။

သာသဝါ ဓမ္မာ၊ အနာသဝါ ဓမ္မာ-ဟူသော ဒုကမာတိကာပါဠိ၌ အလုံးစုံသော လောကီစိတ်ကောသိတိ စေတသိက်ဒွေပဉ္စာသ ရုပ်အဋ္ဌ-ဝီသသည် သာသဝ မည်သကဲ့သို့တည်း။

ရုပ်အဋ္ဌဝီသသည် ပိယရုပ် သာတရုပ် မည်သော်လည်း အနုလုံ ပစ္စနိက် နှစ်ပါးလုံး၌ န ရူပက္ခန္ဓော-ဟူသော ပုဒ်ကို ထောက်၍ ပိယရူပ် သာတရူပ်အရ – လောကီစိတ်ကောသိတိ စေတသိက်ဒွေပဉ္စာသ ကိုသာ ယူအပ်၏။ ရုပ်အဋ္ဌဝီသကို မယူအပ်။ ရူပဉ္စ ရူပက္ခန္ဓော စ ဌပေတွာ-ဟူသော ဝါကျ၌ ရူပက္ခန္ဓ ဟူသော ပုဒ်ကိုထောက်၍ ရုပ်-အရ လောကီစိတ် ကေ[illegible], စေ[illegible]သိက်ဒွေပဉ္စာသကိုသာ ယူအပ်သကဲ့သို့တည်း။

ပိယရူပံ သာတရူပံ ရူပံ န ရူပက္ခန္ဓောတိ ယံ ပိယရူပံ သာတ-ရူပန္တိ ဧတ္ထ ရူပန္တိ ဝုတ္တံ၊ တံ ရူပမေဝ န ရူပက္ခန္ဓောတိ အဓိပ္ပါယော။

ရူပက္ခန္ဓော ရူပဉ္စေဝ ရူပက္ခန္ဓော စာတိ ယော ပန ရူပက္ခန္ဓော၊ သော ရူပန္တိ ရူပက္ခန္ဓောတိပိ ဝတ္တုံ ဝဋ္ဋတီတိ အဓိပ္ပါယော။

(အဘိဓမ္မပိဋက ယမကပ္ပကရဏ အဋ္ဌကထာ၊ စာမျက်နှာ-၂၉၄။)

ပိယရူပံ သာတရူပံ ရူပံ န ရူပက္ခန္ဓောတိ၊ ဟူသည်ကား။ ယံ၊ အကြင် လောကီစိတ်ကောသီတိ, စေတသိက်ဒွေ(ပ)ညာသသကို။ ပိယရူပံ သာတရူပန္တိ ဧတ္ထ၊ ၌။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝုတ္တံ၊ ဟောအပ်ပြီ။ တံ၊ ထို လောကီစိတ်ကောသီတိ, စေတသိက်ဒွေပညာသ သည်။ ရူပမေဝ၊ ပိယရုပ်, သာတရုပ်သာ မည်၏။ န ရူပက္ခန္ဓော၊ ရူပက္ခန္ဓာ မမည်။ ဣတိ၊ ဤကား။ အဓိပ္ပါယော၊ အနက်။

ရူပက္ခန္ဓော ရူပဉ္စေဝ ရူပက္ခန္ဓော စာတိ၊ ဟူသည်ကား။ ယော၊ အကြင် တရားသည်။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာ မည်၏။ သော၊ ထိုတရားကို။ ရူပန္တိပိ၊ ပိယရုပ်, သာတရုပ် ဟူ၍ရင်း။ ရူပက္ခန္ဓောတိပိ၊ ရူပက္ခန္ဓာ ဟူ၍ရင်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤကား။ အဓိပ္ပါယော၊ အနက်။

ပဋ္ဌာန်းကျမ်း နိဒါန်းထားပုံ နေရာမကျ

ယမိုက်ကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋ္ဌာန်းကျမ်းကို ဟောဘော်မူ၏-အစရှိသော ပဋ္ဌာန်းနိဒါန်းကို ပဋ္ဌာန်းအရကောက်ကျမ်း ၌သာ ထားသင့်၏။

ရှေးဆရာမြတ်တို့သည် ပဋ္ဌာန်းနိဒါန်းကို သုံးချက်စု(စာအုပ်)၏အစ၌ ထားခြင်းကြောင့် ယခုအခါ ပဋ္ဌာန်းနိဒါန်း ပဋ္ဌာန်းကျမ်းမှာ မပါတော့ သဖြင့် ပဋ္ဌာန်းနိဒါန်း ကွယ်ပျောက်လျက်ရှိ၏။

ပဋ္ဌိစ္စဝါရပစ္စနိက် နပုရေဇာတ၌ အရကောက်

ပဋ္ဌိစ္စဝါရပစ္စနိက် နပုရေဇာတ၌ အရကောက် ချတ်ယှင်းသည်ကို ပြဦးအံ့—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နပုရေဇာတပစ္စယာ၊ အရူပေ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ကဋတ္တာ စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော ကဋတ္တာ စ ရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ ကဋတ္တာ စ ရူပံ၊ ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ။

(ကုသလတ္တိက ပဋိစ္စဝါရ၊ စာမျက်နှာ-၃၅။)

ဤပါဠိ၌ အရူပေ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ၏ အရကို အရူပဝိပါက်လေးခု, ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ အရူပဘုံ၌ ဖြစ်သောအခါ မနောဒွါရာဝဇ္ဇန်း မဟာကိရိယာရှစ်ခု အရူပကိရိယာလေးခု ဖိုလ်လေးခု စေတသိက်ဆတ္တိံသ နာမက္ခန္ဓာ ကောက်ရပါမည်။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံအရ ပဥ္စဝေါကာရပဋိသန္ဓေ ပန္နရသ စေတသိက်ပဥ္စတိံသ-ကို ကောက်ရပါမည်။ ဤသို့ ကောက်ခြင်းသည်—

နပုရေဇာတသုဒ္ဓ၌–အရူပဝိပါက် လေးခု၊ အရူပဘုံ၌ ဖြစ်သောအခါ လောဘမူ၊ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကိရိယာ၊ အရူပကုသိုလ်၊ အရူပကိရိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု နာမက္ခန္ဓာ၊ ပဥ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊

ဤတရားတို့သည် နပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန္နမဖြစ်သော တရားတို့မည်ကုန်၏

ဤ ပစ္စနိက် သုဒ္ဓသင်္ချာ ဝါရနှင့်ညီ၏။ ပဋ္ဌာန်းအရကောက်၍ ပဋိသန္ဓေ ရုပ်သက်သက်၌ သဟဇာတအတိုင်းကောက်-ဟု မှာထား၏။

အဓိပ္ပါယ်ကား အရူပေ ဝိပါကာဗျာကတဲ၌ အရူပဝိပါက်လေးခု ပဝတ္တိနာမက္ခန္ဓာကိုသာ ကောက်၍ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတဲ၌ အရူပ ဝိပါက်လေးခုကို ထည့်၍ ပဋိသန္ဓေစိတ် ကျေနပ်သ စေတသိက် ပဋ္ဌတိ ်သ ကောက်ရမည်ဟု ဆိုလိုသည်။

အရူပေ ဝိပါကာဗျာကတဲ၌ အရူပဝိပါက်လေးခု ပဝတ္တိ ပဋိသန္ဓေ နှစ်ပါးလုံး ပါပြီးဖြစ်၍ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတဲ၌ ပဋ္ဌဝေါကာရ-ပဋိသန္ဓေ ပန္နရသကိုသာ ကောက်သင့်၏။

ပုရေဇာတပစ္စနိက်၌ အရူပဝိပါက် လေးခုဟူ၍ရင်း၊ ဝိပ္ပယုတ္တပစ္စနိက်၌ အရူပဝိပါက်လေးခု ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ဟူ၍၄င်း အထူး ပြု၍ဆိုခြင်းသည် အကျိုးမရှိ၊

အဘယ်ကြောင့်နည်းဟူမူ အရူပဝိပါက်လေးခု ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါးသည် ပုရေဇာတပစ္စည်း ဝိပ္ပယုတ္တပစ္စည်း နှစ်ပါးတို့၏ ပစ္စနိက် ဖြစ်ခြင်းကြောင့်တည်း။

သမ္ပတ္တိ-ဝိပတ္တိ ဝိနိစ္ဆယ

အဘိဓမ္မာနည်း ကံ ၁၆-ပါး မြန်မာပြန်

(အဘိ၊ဋ္ဌ၊ ၂။၄၂၁။၄၃၄။)

(က) အချို့သော အကုသိုလ်ကံတို့သည် သမ္ပတ္တိလေးပါး တားမြစ် အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးကုန်။

(ခ) အချို့သော အကုသိုလ်ကံတို့သည် ဝိပတ္တိလေးပါးသို့ရောက်၍ အကျိုးပေးကုန်၏။

(ဂ) အချို့သော ကုသိုလ်ကံတို့သည် ဝိပတ္တိလေးပါး တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးကုန်။

(ဃ) အချို့သော ကုသိုလ်ကံတို့သည် သမ္ပတ္တိလေးပါးသို့ ရောက်၍ အကျိုးပေးကုန်၏။

သမ္ပတ္တိလေးပါး။

(၁) ဂတိသမ္ပတ္တိ၊
(၂) ဥပဓိသမ္ပတ္တိ၊
(၃) ကာလသမ္ပတ္တိ၊
(၄) ပယောဂ သမ္ပတ္တိ၊

(၁) ဂတိသမ္ပတ္တိဟူသည်ကား ပြည့်စုံသောဂတိ၊ လူ့ပြည်လောက နတ်ပြည်လောက ဖြစ်သည်။

(၂) ဥပဓိသမ္ပတ္တိဟူသည်ကား ပြည့်စုံသော ကိုယ်အဆင်းသဏ္ဍာန် လှခြင်း ဖြစ်သည်။

(၃) ကာလသမ္ပတ္တိဟူသည်ကား ပြည့်စုံသောအခါ ကောင်းသောမင်း ကောင်းသောလူတို့ အခါကာလဖြစ်သည်။

(၄) ပယောဂသမ္ပတ္တိ ဟူသည်ကား ကောင်းသောလုံ့လပြုခြင်း ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ကောင်းစွာကျင့်အပ်သော အကျင့်ကို ကျင့်ခြင်းဖြစ်သည်။

ဝိပတ္တိလေးပါး

(၁) ဂတိဝိပတ္တိ၊
(၂) ဥပဓိဝိပတ္တိ၊
(၃) ကာလဝိပတ္တိ၊
(၄) ပယောဂဝိပတ္တိ၊

(၁) ဂတိဝိပတ္တိဟူသည် ပျက်စီးသောဂတိ အပါယ်လေးဘုံ ဖြစ်သည်။

(၂) ဥပဓိဝိပတ္တိဟူသည် ယုတ်သော အတ္တဘော ရှိသည်အဖြစ် အဆင်းသဏ္ဌာန် မလှခြင်းဖြစ်သည်။

(၃) ကာလဝိပတ္တိဟူသည် ပျက်သောအခါ မကောင်းသောမင်း မကောင်းသောလူတို့ အခါကာလ ဖြစ်သည်။

(၄) ပယောဂဝိပတ္တိဟူသည် မကောင်းသော လုံ့လပြုခြင်း ဒုစရိုက် ၁၀-ပါးကို ပြုကျင့်ခြင်း ဖြစ်သည်။

အကုသိုလ်ကံသည် သမ္ပတ္တိလေးပါး၊ ဝိပတ္တိလေးပါးနှင့် စပ်၍ ၈-ပါး ရှိသည်။ ကုသိုလ်ကံသည်လည်း သမ္ပတ္တိလေးပါး၊ ဝိပတ္တိလေးပါးနှင့်စပ်၍ ၈-ပါး ရှိသည်။ ၂-ခုပေါင်း ၁၆-ပါး ရှိသည်။

(က) အချို့အကုသိုလ်ကံများ သမ္ပတ္တိလေးပါး တားမြစ်၍ အကျိုးမပေးပုံ

၁။ အကုသိုလ်ကံ ဂတိဝိပတ္တိ၊ ဂတိသမ္ပတ္တိ

အချို့သောသူအား များစွာသော မကောင်းမှုကံတို့သည် ဖြစ်ကုန်၏၊ ထိုမကောင်းမှု ကံတို့သည် ဂတိဝိပတ္တိ၌ တည်သောသူအား အကျိုးပေးကုန်ရာ၏။ ထိုသူသည် တခုသော ကောင်းမှုကံကြောင့် ဂတိသမ္ပတ္တိ လူ့ပြည်၊ နတ်ပြည်၌ ဖြစ်၏၊ ထိုသို့သဘောရှိသော လူ့ပြည် နတ်ပြည် အရပ်၌ အကုသိုလ်ကံ၏ အခွင့်မရှိ၊ စင်စစ် ကုသိုလ်ကံ၏သာလျှင် အခွင့် ဖြစ်၏။ ဤသို့ ထိုသူ၏ မကောင်းမှုကံတို့သည် ဂတိသမ္ပတ္တိ တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးနိုင်။

၂။ အကုသိုလ်ကံ ဥပဓိဝိပတ္တိ၊ ဥပဓိသမ္ပတ္တိ

တပါးသောသူအားလည်း များစွာသော မကောင်းမှုကံတို့သည် ဖြစ်ကုန်၏၊ ထိုမကောင်းမှုကံတို့သည် ဥပဓိဝိပတ္တိ၌တည်သော အဆင်း သဏ္ဌာန်မလှသောသူအား အကျိုးပေးကုန်ရာ၏။ ထိုသူသည် တခုသော

ကောင်းမှုကံကြောင့် ဥပဓိသမ္ပတ္တိ အတ္တဘော၏ ပြည့်စုံခြင်း, အဆင်းသဏ္ဌာန်လှခြင်း၌ တည်၏၊ ကောင်းစွာတည်သော အင်္ဂါကြီး ငယ်ရှိ၍ အဆင်းလှ၏၊ ရှုချင်ဘွယ်ရှိ၏၊ ပြဟ္မာနှင့်တူ၏၊ ကျွန်မဝမ်း၌ အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့သဘောရှိသော အတ္တဘောသည် ညစ်နွမ်းသော အမှုအား မလျော်ကပ်၊ ဤသို့နှလုံးပြု၍ ဆင်ထိန်း, မြင်းထိန်း, ဆိတ်ထိန်း, နွားကျောင်းခြင်းစသော အမှုတို့ကို ထိုသူကို မပြုစေကုန်၊ သိမ်မွေ့သော အဝတ်တို့ကို ဝတ်စေ၍ ဘဏ္ဍာစိုးအရာ စသည်တို့၌ ထားကုန်၏၊ အကယ်၍ မိန်းမဖြစ်အံ့၊ ဆင်စာ, ထမင်းချက်ခြင်း စသည်တို့ကို မပြုစေကုန်။ အဝတ်တန်းဆာကို ပေး၍ အိပ်ရာစောင့်ကိုလည်း ထိုမိန်းမကို ပြုကုန်၏။ သာမ မိဖုရားကဲ့သို့ အကျွမ်းဝင်သော အရာ၌လည်း ထားကုန်၏။

ဘာတိကမင်းလက်ထက်၌ နွားသားစားကုန်သော များစွာသော လူတို့ကိုဖမ်း၍ မင်းအား ပြကုန်ပြီ၊ သင်တို့သည် ဥစ္စာဒဏ်ကိုပေးခြင်းငှါ စွမ်းနိုင်ကုန်၏လော၊ ဤသို့ မေးအပ်ကုန်သည်ရှိသော် မစွမ်းနိုင်ကုန်ဟု လျှောက်ကုန်၏၊ ထိုအခါ၌ ထိုသူတို့ကို မင်ယင်ပြင်၌ ရှင်းလင်းသုတ်သင်သော သူတို့ကို ပြုကုန်၏။ ထိုသူတို့၏ တယောက်သော သမီးသည် အဆင်းလှ၏၊ ရှုချင်ဘွယ်ရှိ၏၊ ကြည်ညိုခြင်းကို ဖြစ်စေ‌တတ်၏၊ ထိုသူငယ်မကို မြင်၍ မင်းသည် နန်းတော်တွင်းသို့ ဆောင်၍ အကျွမ်းဝင်သော အရာ၌ ထား၏၊ ကြွင်းသော ဆွေမျိုးတို့သည်လည်း ထိုသူငယ်မ၏ အစွမ်းဖြင့် ချမ်းသာစွာ အသက်မွေးရကုန်၏၊ ထိုသို့သဘောရှိသော တင့်တယ်လှပသော အတ္တဘော၌ မကောင်းမှုကံတို့သည် အကျိုးပေးခြင်းငှါ မစွမ်းနိုင်ကုန်၊ ဤသို့ မကောင်းမှုကံတို့သည် ဥပဓိသမ္ပတ္တိ တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးကုန်။

၃။ အကုသိုလ်ကံ ကာလဝိပတ္တိ ကာလသမ္ပတ္တိ

တယောက်သောသူအား များစွာသော မကောင်းမှုကံတို့သည် ဖြစ်ကုန်၏၊ ထိုမကောင်းမှုကံတို့သည် ကာလဝိပတ္တိ၌ တည်သောသူအား

အကျိုးပေးကုန်ရာ၏။ ထိုသူသည် တခုသော ကောင်းမှုကံကြောင့် ကမ္ဘာဦးသူတို့၏ရင်း, စကြာမင်း၏ရင်း, မြတ်စွာဘုရားတို့၏ရင်း ဖြစ်သော အခါ၌ မင်းကောင်း လူကောင်းတို့၏ လက်ထက်အခါ၌ ဖြစ်၏။ ထိုသို့ သဘောရှိသောအခါ၌ ဖြစ်သောသူအား အကုသိုလ်ကံ၏ အကျိုးပေး ခြင်း အခွင့်မရှိ၊ စင်စစ် ကုသိုလ်ကံ၏သာ အခွင့်ရှိ၏၊ ဤသို့ ကာလသမ္ပတ္တိ တားမြစ်အပ်ကုန်သည်ဖြစ်၍ အကုသိုလ်ကံတို့သည် အကျိုးမပေးကုန်။

၄။ အကုသိုလ်ကံ ပယောဂဝိပတ္တိ ပယောဂသမ္ပတ္တိ

တပါးသောသူအားလည်း များစွာသော မကောင်းမှုကံတို့သည် ဖြစ် ကုန်၏၊ ထိုမကောင်းမှုကံတို့သည် ပယောဂဝိပတ္တိ၌ တည်သောသူအား အကျိုးပေးကုန်ရာ၏။ ထိုသူသည် တခုသော ကောင်းမှုကံကြောင့် ပယောဂသမ္ပတ္တိ၌တည်၍ သူ့အသက်သတ်ခြင်း စသည်တို့မှကြဉ်၍ ကာယ ဝစီ မနောသုစရိုက်တို့ကို ပြည့်စေ၏၊ ထိုသို့သဘောရှိသောအရာ၌ အကု သိုလ်ကံ၏ အကျိုးပေးခွင့်မရှိ၊ စင်စစ် ကုသိုလ်ကံ၏သာ အခွင့်ဖြစ်၏၊ ဤ သို့ ပယောဂသမ္ပတ္တိသည် တားမြစ်အပ်ကုန်သည်ဖြစ်၍ အကုသိုလ်ကံတို့ သည် အကျိုးမပေးကုန်။

(ခ) အချို့အကုသိုလ်ကံများ

ဝိပတ္တိလေးပါးသို့ရောက်၍ အကျိုးပေးပုံ

၅။ အကုသိုလ်ကံ ဂတိသမ္ပတ္တိ ဂတိဝိပတ္တိ

တပါးသောသူအားလည်း များစွာသော မကောင်းမှုကံတို့သည် ဖြစ် ကုန်၏၊ ထိုမကောင်းမှုကံတို့သည် ဂတိသမ္ပတ္တိ၌ တည်သောသူအား အကျိုးမပေးကုန်ရာ။ ထိုသူသည် တခုသော မကောင်းမှုကံကြောင့် ဂတိ ဝိပတ္တိ အပါယ်ဘုံ၌ ဖြစ်၏၊ ထိုအပါယ်ဘုံ၌ ထိုသူ၏မကောင်းမှုကံတို့သည် ကပ်၍ အလှည့်ကျ အလှည့်ကျ အကျိုးပေးကုန်၏၊ ရံခါငရဲ၌ ဖြစ်စေကုန် ၏၊ ရံခါ တိရစ္ဆာန်မျိုး၌ ဖြစ်စေကုန်၏၊ ရံခါ ပြိတ္တာဘုံ၌ ဖြစ်စေကုန်၏၊ ရံခါ အသုရကာယ်၌ ဖြစ်စေကုန်၏၊ ရှည်စွာသောကာလပတ်လုံး အပါယ်

ဘုံမှ ဦးခေါင်းချီခြင်း၊ ဦးခေါင်းထောင်ခြင်းငှါ မပေးကုန်၊ ဤသို့ ဂတိသမ္ပတ္တိ တားမြစ်အပ်သည်၏ အဖြစ်ကြောင့် အကျိုးပေးခြင်းငှါ မစွမ်းနိုင်သော အကုသိုလ်ကံတို့သည် ဂတိဝိပတ္တိသို့ရောက်၍ အကျိုးပေးကုန်၏။

၆။ အကုသိုလ်ကံ ဥပဓိသမ္ပတ္တိ ဥပဓိဝိပတ္တိ

တပါးသော သူအားလည်း များစွာသော မကောင်းမှုကံတို့သည် ဖြစ်ကုန်၏၊ ထိုမကောင်းမှုကံတို့သည် ဥပဓိသမ္ပတ္တိ၌ တည်သောသူအား အကျိုးမပေးကုန်ရာ။ ထိုသူသည် တခုသော မကောင်းမှုကံကြောင့် ဥပဓိဝိပတ္တိ၌ တည်၏၊ မကောင်းသောအဆင်းရှိ၏၊ မကောင်းသောသဏ္ဌာန်ရှိ၏၊ မကောင်းသဖြင့် တည်၏၊ ကြောက်မက်ဘွယ်ရှိ၏၊ တစ္ဆေနှင့်တူ၏၊ ထိုသူသည် အကယ်၍ ကျွန်မသမီး၌ ဖြစ်ငြားအံ့၊ ဤအမှုတို့သည် ထိုသူအား လျောက်ပတ်ကုန်၏ဟု အယုတ်ဆုံး ပန်းမှိုက်သွန် ဘင်ကျုံးကို အစပြု၍ အလုံးစုံညစ်နွမ်းသော အမှုတို့ကို ထိုသူကို ပြုစေကုန်၏၊ အကယ်၍ မိန်းမဖြစ်ငြားအံ့၊ ဤအမှုတို့သည် ထိုမိန်းမအား လျောက်ပတ်ကုန်၏ဟု အလုံးစုံသော ဆင်စာ ထမင်းချက်ခြင်း အစရှိသော ညစ်နွမ်းသောအမှုတို့ကို ပြုစေကုန်၏၊ အမျိုးကောင်းအိမ်၌ဖြစ်သော်လည်း အခွန်တောင်းသော မင်းချင်းယောကျ်ားတို့သည် အိမ်ကျွန်မ ထင်မှတ်၍ ပြက်ရယ်ပြုကုန်လျက် သွားကုန်၏၊ ကောတလဂါမီရွာ၌ သူဌေးကြီး၏ အိမ်ရှင်မကဲ့သို့တည်း။

ဤသို့ ဥပဓိသမ္ပတ္တိ တားမြစ်အပ်သည်၏ အဖြစ်ကြောင့် အကျိုးပေးခြင်းငှါ မစွမ်းနိုင်သော အကုသိုလ်ကံတို့သည် ဥပဓိဝိပတ္တိသို့ ရောက်၍ အကျိုးပေးကုန်၏။

၇။ အကုသိုလ်ကံ ကာလသမ္ပတ္တိ ကာလဝိပတ္တိ

တပါးသော သူအားလည်း များစွာသော မကောင်းမှုကံတို့သည် ဖြစ်ကုန်၏၊ ထိုမကောင်းမှုကံတို့သည် ကာလသမ္ပတ္တိ၌ ဖြစ်သောသူအား အကျိုးမပေးကုန်ရာ။ ထိုသူသည် တခုသော မကောင်းမှု ကံကြောင့်

ကာလဝိပတ္တိ မကောင်းသောမင်း, မကောင်းသော လူတို့လက်ထက်၌ ဖြစ်၏၊ အနှစ်မရှိ အကာသာဖြစ်သော ဩဇာမရှိသော အသက် ၁၀-နှစ်တမ်း အခါ၌ ဖြစ်၏၊ အကြင်အခါ၌ ၅-ပါးသော နွားနို့အရသာတို့သည် ပြတ်ကုန်၏၊ လူးထမင်းသည် ကောင်းမြတ်သော အစာဖြစ်၏၊ လူ့ပြည်၌ ဖြစ်သော်လည်း သမင်များ, နွားများနှင့်တူသော အသက်မွေးခြင်း ရှိ၏၊ ဤသို့ သဘောရှိသောကာလ၌ ကုသိုလ်ကံ၏ အကျိုးပေးခွင့် မရှိ၊ စင်စစ် အကုသိုလ်ကံ၏သာလျှင် အခွင့်ဖြစ်၏။ ဤသို့ ကာလသမ္ပတ္တိသည် တားမြစ်အပ်သည်၏ အဖြစ်ကြောင့် အကျိုးပေးခြင်းငှါ မစွမ်းနိုင်သော အကုသိုလ်ကံတို့သည် ကာလဝိပတ္တိသို့ရောက်၍ အကျိုးပေးကုန်၏။

၈။ အကုသိုလ်ကံ ပယောဂသမ္ပတ္တိ ပယောဂဝိပတ္တိ

တပါးသော သူအားလည်း များစွာသော မကောင်းမှုကံတို့သည် ဖြစ်ကုန်၏၊ ထိုမကောင်းမှုကံတို့သည် ပယောဂသမ္ပတ္တိ၌ တည်သောသူအား အကျိုးမပေးကုန်ရာ။ ထိုသူသည် ပယောဂဝိပတ္တိ၌တည်၏၊ သူ့အသက် သတ်ခြင်း အစရှိသော ၁၀-ပါးသော အကုသိုလ်ကံတို့ကို ပြု၏၊ ထိုသူကို ခိုးယူလာသော ဥစ္စာနှင့်တကွ သူခိုးဟုဖမ်း၍ မင်းအား ပြကုန်၏၊ မင်းသည် များစွာနှိပ်စက် ညှဉ်းဆဲခြင်းတို့ကို ပြုစေ၍ သတ်စေ၏။

ဤသို့ ပယောဂသမ္ပတ္တိ တားမြစ်အပ်သည်၏ အဖြစ်ကြောင့် အကျိုးပေးခြင်းငှါ မစွမ်းနိုင်သော အကုသိုလ်ကံတို့သည် ပယောဂဝိပတ္တိသို့ ရောက်၍ အကျိုးပေးကုန်၏။

ဤသို့ လေးပါးသော သမ္ပတ္တိတို့သည် တားမြစ်အပ်သော မကောင်းမှုကံသည် အကျိုးမပေးမူ၍ လေးပါးသော ဝိပတ္တိသို့ရောက်၍ အကျိုးပေး၏။

ဥပမာဖြင့် ထင်ရှားပြပေဦးအံ့—

တစုံတယောက်သော ယောကျ်ားသည် တစုံတခုသော အမှုဖြင့် မင်းကို နှစ်သက်စေရာ၏၊ ထိုအခါ၌ ထိုသူအား မင်းသည် အစိုးရရာထူးပေး၍ နေပုဒ်ကို ပေးရာ၏။

ထိုသူသည် ထိုဇနပုဒ်ကို ကောင်းစွာ သုံးဆောင်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ မျောက်သည် ယူအပ်သော ထမင်းထုပ်ကဲ့သို့ ဖျက်ဆီးရာ၏၊ သူတပါးတို့၏ လည်း နွား လယ်ယာ အရာမ် ဥယျာဉ်စသည်ကို အနိုင်အထက် လုယူ၏၊ လူတို့သည် 'မင်းကျွမ်းဝင်သောသူ' ဟူ၍ တစုံတခုသော စကားကို ပြောဆိုခြင်းငှါ မစွမ်းနိုင်ကုန်။

ထိုသူသည် တပါးသော အထူးသဖြင့် မင်းကျွမ်းဝင်သော အမတ်ကြီးကို ပြစ်မှားရာ၏၊ အမတ်ကြီးသည် ထိုသူကို ဖမ်း၍ ပုတ်ခတ် ရိုက်နှက်စေ၍ မြေကြီးကို ကျောက်ကုန်းဖြင့်တိုက်လျက် ဆွဲငင်စေ၍ မင်းသို့ကပ်၍ 'ဤမည်သောသူသည် သင်မင်းကြီး၏ ဇနပုဒ်ကို ဖျက်၏'ဟု ဖမ်းစေရာ၏။

မင်းသည် နှောင်အိမ်၌ နှောင်ဖွဲ့စေ၍ 'ဤမည်သောသူသည် အဘယ်သူ၏ ဥစ္စာကို ယူအပ်သနည်း'ဟု မြို့၌ စည်ကိုလှည့်လည်စေ၏၊ လူတို့သည် လာ၍ 'အကျွန်ုပ်၏ ဤမည်သော ဥစ္စာကို ယူအပ်၏၊ အကျွန်ုပ်၏ ဤမည်သောဥစ္စာကို ယူအပ်၏' ဟု ဆိုမြည်တမ်းခြင်း တထောင်ကို ဖြစ်စေကုန်ရာ၏။

မင်းသည် အတိုင်းထက်အလွန် အမျက်ထွက်၍ အထူးထူး အပြားပြား ထိုသူကို နှောင်အိမ်၌ ပင်ပန်းစေ၍ သတ်စေပြီးလျှင် 'သွားကြကုန်၊ ထိုသူ၏သကောင်ကို သုသာန်၌စွန့်၍ သံခြေကျင်းတို့ကို ယူခဲ့ကြကုန်' ဟု ဆိုရာ၏၊ ဤဥပမာကို မှတ်အပ်၏။

ဤဥပမာ၌ ဥပမာန ဥပမေယျ စပ်၍ ပြပေအံ့-

ထိုယောကျ်ား၏ တစုံတခုသောအမှုဖြင့် မင်းကိုနှစ်သက်စေ၍ အစိုးရခြင်း ရာထူးရသောအခါကဲ့သို့ ပုထုဇဉ်၏ တစုံတခုသော ကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်သော အခါကို မှတ်အပ်၏။

ထိုသူသည် ဇနပုဒ်ကိုဖျက်၍ လူတို့၏ ဥစ္စာကို ယူသည်ရှိသော် တစုံတယောက်သောသူ၏ တစုံတခုသောစကားကို ဆိုခြင်းငှါ မစွမ်းနိုင်သော

အခါကဲ့သို့ ဤပုထုဇဉ်သည် နတ်ပြည်၌ ဖြစ်သည်ရှိသော် အကုသိုလ်ကံ၏ အကျိုးပေးခွင့်မရသောအခါကို မှတ်အပ်၏။

ထိုသူ၏ တနေ့သ၌ တယောက်သော အထူးသဖြင့်မင်းကျွမ်းဝင်သော အမတ်ကြီး၌ ပြစ်မှား၍ ထိုအမတ်ကြီးသည် အမျက်ထွက်၍ ထိုသူကို ပုတ်ခတ်စေ၍ မင်းအား ကြားလျှောက်စေ၍ နှောင်အိမ်၌ နှောင်ဖွဲ့သောအခါကဲ့သို့ ဤသူ၏ နတ်ပြည်မှ စုတေ၍ ငရဲ၌ ဖြစ်သောအခါကို မှတ်အပ်၏။

လူတို့၏ 'အကျွန်ုပ်၏ ဤဥစ္စာကို ယူအပ်၏၊ အကျွန်ုပ်၏ ဤဥစ္စာကို ယူအပ်၏'ဟု မြည်တမ်းပြောဆိုသော အခါကဲ့သို့ ထိုသူသည် ငရဲ၌ ဖြစ်သည်ရှိသော် အလုံးစုံသော အကုသိုလ်ကံတို့၏ စုဝေး၍ ယူသောအခါကို မှတ်အပ်၏။

သုသာန်၌ စွန့်၍ သံခြေကျင်းတို့ကို ယူသောအခါကဲ့သို့ တခုသောကံသည် ကုန်သည်ရှိသော် တပါးသောကံ၏ အကျိုးဖြင့် ငရဲမှ ဦးခေါင်းကို မချီနိုင်၊ မထောင်နိုင်အောင် အလုံးစုံသော အာယုကပ်ပတ်လုံး ငရဲ၌ ကျက်သောအခါကို မှတ်အပ်၏။

အာယုကပ် တည်ခြင်းရှိသောကံကိုပြု၍ အာယုကပ် ပတ်လုံး ငရဲ၌ ကျက်သော သတ္တဝါတို့သည် တယောက်မက နှစ်ယောက်မက တရာမက တထောင်မက၊ ဤသို့ ကျက်သော သတ္တဝါတို့သည် ရေတွက်ခြင်းကို လွန်ကုန်၏။

(ဂ) အချို့ကုသိုလ်ကံများ ဝိပတ္တိလေးပါး တားမြစ်၍ အကျိုးမပေးပုံ

၉။ ကုသိုလ်ကံ ဂတိသမ္ပတ္တိ ဂတိဝိပတ္တိ

ဤလောက၌ အချို့သောသူအား များစွာသော ကောင်းမှုကံတို့သည် ဖြစ်ကုန်၏၊ ထိုကောင်းမှုကံတို့သည် ဂတိသမ္ပတ္တိ၌ တည်သောသူအား

အကျိုးပေးကုန်ရာ၏။ ထိုသူသည် တခုသော မကောင်းမှုကံကြောင့် ဂတိဝိပတ္တိ၌ဖြစ်အံ့၊ ငရဲ၌ရင်း, အသုရကာယ်၌ရင်း ဖြစ်၏၊ ထိုသို့သဘော ရှိသောအရပ်၌ ကုသိုလ်ကံအကျိုးပေးခြင်းငှါ မစွမ်းနိုင်၊စင်စစ်အကုသိုလ် ကံသည်သာလျှင် အကျိုးပေးခြင်းငှါ စွမ်းနိုင်၏၊ ဤသို့ ထိုသူ၏ ကုသိုလ် ကောင်းမှု ကံတို့သည် ဂတိဝိပတ္တိ တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုး မပေးကုန်။

၁၀။ ကုသိုလ်ကံ ဥပဓိသမ္ပတ္တိ ဥပဓိဝိပတ္တိ

တပါးသောသူအား များစွာသော ကောင်းမှုကံတို့သည် ဖြစ်ကုန်၏။ ထိုကောင်းမှုကံတို့သည် ဥပဓိသမ္ပတ္တိ၌ တည်သောသူအား အကျိုးပေး ကုန်ရာ၏။ ထိုသူသည် တခုသော မကောင်းမှုကံကြောင့် ဥပဓိဝိပတ္တိ၌ တည်၏၊ အဆင်းမလှ,တစ္ဆေမြောတ်နှင့်တူ၏၊ ထိုသူသည် မင်းသားဖြစ် သော်လည်း ရှင်ဘုရင်နတ်ရွာစံသောအခါ၌ မင်း၏အဖြစ်ကိုမရ၊'အဆင်း မလှ အသရေမရှိသောဤမင်းသားအား မင်းအဖြစ်ဖြင့် အဘယ်အကျိုး ရှိအံ့နည်း'ဟု တိုင် သူပြည်သားတို့သည် မင်းမြှောက်ခြင်းကို မပြုကုန်၊ စစ်သူကြီး အမတ်ကြီး စသူတို့၏ သားဖြစ်သော်လည်း စစ်သူကြီး အမတ် ကြီး အရာ စသည်ကို မရ။

ဒီပမင်း ဝတ္ထု

ဤအနက်ကို ထင်စွာပြခြင်းငှါ ဒီပမင်းဝတ္ထုကို ဆိုအပ်၏။

မင်းသည် သားဖွားသည်ရှိသော် မိဖုရားကြီး၌ ကြည်ညို၍ မိဖုရားကြီး ကြိုက်နှစ်သက်ရာ ဆုကိုယူလော့ဟု ဆုပေး၏။ မိဖုရားသည် ဆုကိုယူ၍ ထား၏၊ မင်းသားသည် ၇-နှစ်, ၈-နှစ်အရွယ် ရောက်သောအခါ၌ နန်း တော်ဝင်းအတွင်း၌ ကြက်တို့ကို တိုက်၏၊ ကြက်တကောင်သည် ခုန်၍ မင်းသား၏မျက်စိတို့ကိုဖျက်၏၊ မယ်တော်မိဖုရားသည် သားတော် ၁၅-နှစ် ၁၆-နှစ်အရွယ် ရောက်သောအခါ၌ မင်းအဖြစ်ကို ဆောင်အံ့-ဟု မင်းသို့ ကပ်၍ 'အရှင်မင်းကြီး သင်မင်းကြီးတို့သည် မင်းသား ဖွားမြင်သော

အခါ၌ ဆုကို ပေးအပ်ပြီ၊ အကျွန်ုပ်သည် ထိုဆုကိုယူ၍ ထား၏၊ ယခု အခါ ထိုဆုကို ယူအံ့’ဟုလျှောက်ပြီး ကောင်းပြီမိဖုရား ယူလော့-ဟု မိန့်၏။ ‘မင်းကြီး အကျွန်ုပ်သည် သင်မင်းကြီးတို့ အထံမှ တစုံတခု မရအပ်သော ပစ္စည်း ဥစ္စာ မည်သည် မရှိ၊ ယခုအခါ၌ အကျွန်ုပ်၏ သားအား မင်းအဖြစ်ကို ပေးလော့’ဟု လျှောက်၏၊‘မိဖုရား သင်၏သားသည် အင်္ဂါ ချွတ်ယွင်း၏၊ သင်၏သားအား မင်းအဖြစ်ကို ပေးခြင်းငှါ မသင့်’-ဟု မိန့်၏။ ‘သင်မင်းကြီးတို့သည် အကျွန်ုပ်အား ကြိုက်နှစ်သက်သော ဆုကို ပေးခြင်းငှါ မစွမ်းနိုင်ပဲလျက် အဘယ်ကြောင့် ဆုကိုပေးကုန်ရသနည်း’ ဟု လျှောက်၏။

မင်းကြီးသည် မိဖုရားက အလွန်နှိပ်စက်၍ ပြောသည် ဖြစ်၍ ‘သင်၏ သားအား အလုံးစုံသော လက်ာဒီပကျွန်း၌ မင်းအဖြစ်ကို ပေးခြင်းငှါ မသင့်၊ နာဂဒီပကျွန်း၌ ထီးနန်းဆောက်၍ နေစေ’–ဟု မင်းသားကို နာဂဒီပ ကျွန်းသို့ ပို့လေ၏။ ထိုမင်းသားသည် ဒီပမင်း ဖြစ်လေ၏။

ထိုမင်းသားသည် အကယ်၍ မျက်စိမချွတ်ယွင်းငြားအံ့ ယူဇနာသုံးရာ ရှိသော အလုံးစုံသော တမ္ဗပဏ္ဏိကျွန်း၌ ခပ်သိမ်းသော စည်းစိမ်အခြံအရံ ရှိသော မင်းအဖြစ်ကို ရရာ၏။

ဤသို့ ဥပဓိဝိပတ္တိ တားမြစ်အပ်ကုန်သည် ဖြစ်၍ ကုသိုလ်ကံတို့သည် အကျိုးမပေးကုန်။

၁၁။ ကုသိုလ်ကံ ကာလသမ္ပတ္တိ, ကာလဝိပတ္တိ

တပါးသော သူအားလည်း များစွာသော ကောင်းမှုကံတို့သည် ဖြစ်ကုန်၏၊ ထို ကောင်းမှုကံတို့သည် ကာလသမ္ပတ္တိ၌ တည်သောသူအား အကျိုး ပေးကုန်ရာ၏။ ထိုသူသည် တခုသော မကောင်းမှုကံကြောင့် ကာလဝိပတ္တိ၌ မကောင်းသောမင်း မကောင်းသောလူတို့၏ လက်ထက်၌ အနှစ်မပါ အကာသက်သက် ဖြစ်သော သြဇာမရှိသော နည်းသော အလက်ရှိသော ယုတ်သော ဂတိ၌ ဖြစ်၏၊ ထိုသို့ သဘောရှိသောအခါ၌

ကောင်းမှုကံသည် အကျိုးပေးခြင်းငှါ မစွမ်းနိုင်။ ဤသို့ ကာလဝိပတ္တိသည် တားမြစ်အပ်ကုန်သည် ဖြစ်၍ ကောင်းမှုကံတို့သည် အကျိုးမပေးကုန်။ ။

၁၂။ ကုသိုလ်ကံ ပယောဂသမ္ပတ္တိ, ပယောဂဝိပတ္တိ

တပါးသောသူအားလည်း များစွာသော ကောင်းမှုကံတို့သည် ဖြစ်ကုန်၏၊ ထိုကောင်းမှုကံတို့သည် ပယောဂသမ္ပတ္တိ၌ တည်သောသူအား အကျိုးပေးကုန်ရာ၏။ ဤသူသည် ပယောဂဝိပတ္တိ၌ တည်သည်ဖြစ်၍ သူ့အသက်သတ်ခြင်း, သူ့ဥစ္စာခိုးခြင်း စသော ဒုစရိုက် ၁၀-ပါးကို ပြုကျင့်၏။ ထို့ကြောင့် ထိုသူနှင့်တူသော ဇာတ်ရှိကုန်သော အမျိုးတို့သည် ထိမ်းမြားလက်ထပ်ခြင်းကို မပြုကုန်၊ 'ဤသူသည် မိန်းမကြူးသောသူတည်း၊ သေသောက်ကြူးတည်း၊ ဖဲသမား, ကစားသမားတည်း၊ ယုတ်မာသော ယောကျ်ားတည်း'-ဟု ကြံ၍ အဝေးက ရှောင်ကုန်၏၊ ကောင်းမှုကံတို့သည် အကျိုးပေးခြင်းငှါ မစွမ်းနိုင်ကုန်။ ဤသို့ ပယောဂဝိပတ္တိသည် တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးကုန်။

ဤသို့ လေးပါးသော သမ္ပတ္တိတို့သို့ ရောက်၍ အကျိုးပေးသော ကောင်းမှုကံသည် လေးပါးသော ဝိပတ္တိတို့သည် တားမြစ်အပ်သည်၏ အဖြစ်ကြောင့် အကျိုးမပေး။

(ဃ) အချို့ကုသိုလ်ကံများ သမ္ပတ္တိလေးပါးသို့ ရောက်၍ အကျိုးပေးပုံ

၁၃။ ကုသိုလ်ကံ ဂတိဝိပတ္တိ ဂတိသမ္ပတ္တိ

တပါးသော သူအားလည်း များစွာသော ကောင်းမှုကံတို့သည် ဖြစ်ကုန်၏၊ ထို ကောင်းမှုကံတို့သည် ဂတိဝိပတ္တိ၌ တည်သောသူအား အကျိုးမပေးကုန်ရာ။ ထိုသူသည် တခုသော ကောင်းမှုကံကြောင့် ဂတိသမ္ပတ္တိ၌ သာလျှင် ဖြစ်၏၊ ထို ဂတိသမ္ပတ္တိ၌ ထိုသူ၏ ထို ကောင်းမှုကံတို့သည်

ကပ်၍ အလှည့်ကျ အလှည့်ကျ အကျိုးပေးကုန်၏၊ ရံခါ လူ့ပြည်၌ ဖြစ်စေကုန်၏၊ ရံခါ နတ်ပြည်၌ ဖြစ်စေကုန်၏၊ ဤသို့ ဂတိဝိပတ္တိ တားမြစ်အပ်သည်၏ အဖြစ်ကြောင့် အကျိုးပေးခြင်းငှါ မစွမ်းနိုင်သော ကောင်းမှုကံတို့သည် ဂတိသမ္ပတ္တိသို့ ရောက်၍ အကျိုးပေးကုန်၏။

၁၄။ ကုသိုလ်ကံ ဥပဓိဝိပတ္တိ, ဥပဓိသမ္ပတ္တိ

တပါးသော သူအားလည်း များစွာသော ကောင်းမှုကံတို့သည် ဖြစ်ကုန်၏၊ ထိုကံတို့သည် ဥပဓိဝိပတ္တိ၌ တည်သောသူအား အကျိုးမပေးကုန်ရာ။ ထိုသူသည် တခုသောကောင်းမှုကံကြောင့် ဥပဓိသမ္ပတ္တိ၌သာ တည်၏၊ အဆင်း လှ၏၊ ရှုချင်ဘွယ် ရှိ၏၊ ကြည်ညိုဘွယ် ရှိ၏၊ ဗြဟ္မာနှင့်တူသော ကိုယ် ရှိ၏၊ ထိုသူ၏ ဥပဓိသမ္ပတ္တိ၌ တည်သည်၏အဖြစ်ကြောင့် ကောင်းမှုကံတို့သည် အကျိုးပေးကုန်၏၊ မင်းမျိုး၌ အကယ်၍ ဖြစ်ငြားအံ့၊ တပါးကုန်သော အစ်ကိုတို့သည် ရှိကုန်သော်လည်း 'ဤမင်းသား၏ အတ္တဘောသည် ပြည့်စုံ၏၊ ဤမင်းသားအား ထီးဖြူကို ဆောင်းစေအပ်သည် ရှိသော် လူအများ၏ ချမ်းသာခြင်းသည် ဖြစ်လတ့်'-ဟု ထို မင်းသားကို သာလျှင် မင်းအဖြစ်၌ အဘိသိက် သွန်းကုန်၏၊ အိမ်ရှေ့မင်းအိမ် စသည်တို့၌ ဖြစ်သည်ရှိသော် အဘ လွန်သောအခါ၌ အိမ်ရှေ့မင်းအဖြစ်ကို, စစ်သူကြီး အရာကို, ဘဏ္ဍာစိုး အရာကို, သူဌေး အရာကို ရ၏။ ဤသို့ ဥပဓိဝိပတ္တိ တားမြစ်အပ်သည်၏ အဖြစ်ကြောင့် အကျိုးပေးခြင်းငှါ မစွမ်းနိုင်သော ကုသိုလ်ကံတို့သည် ဥပဓိသမ္ပတ္တိသို့ ရောက်၍ အကျိုးပေးကုန်၏။

၁၅။ ကုသိုလ်ကံ ကာလဝိပတ္တိ, ကာလသမ္ပတ္တိ

တပါးသော သူအားလည်း များစွာသော ကောင်းမှုကံတို့သည် ဖြစ်ကုန်၏၊ထိုကောင်းမှုကံတို့သည် ကာလဝိပတ္တိ၌ တည်သောသူအား အကျိုးမပေးကုန်ရာ။ ထိုသူသည် တခုသောကောင်းမှုကံကြောင့် ကာလသမ္ပတ္တိ၌ ဖြစ်၏၊ ကောင်းသောမင်း ကောင်းသောလူတို့၏ လက်ထက်၌ ဖြစ်၏၊ ထိုသို့ သဘောရှိသောအခါ၏ ပြည့်စုံခြင်း၌ ဖြစ်သောသူအား ကောင်းမှုကံသည် အကျိုးပေး၏။

မဟာသောဏထေရ် ဝတ္ထု

ကာလဝိပတ္တိ၌ အကျိုးမပေးမူ၍ ကာလသမ္ပတ္တိ၌ ကောင်းမှုကံအကျိုး ပေးရာ၌ မဟာသောဏထေရ်၏ ဝတ္ထုကို ပြဆိုအပ်၏။

ဗြာဟ္မဏတိဿဘေး၌ စိတ္တလတောင်၌ ရဟန်း တသောင်းနှစ်ထောင်တို့သည် နေကုန်၏၊ ထို့အတူ တိဿမဟာဝိဟာရ၌ တသောင်းနှစ်ထောင်သော ရဟန်းတို့သည် နေကုန်၏၊ နှစ်ခုသောကျောင်းတိုက်ကြီးတို့၌ သုံးနှစ်တို့၏ စားနပ်ရိက္ခာတို့ကို တည့်တည်း၌သာလျှင် ကြွက်ကြီးတို့သည် စား၍ ဖွဲမျှကိုသာလျှင် ထားကြကုန်၏၊ စိတ္တလတောင်၌ ရဟန်းသံဃာသည် 'တိဿမဟာဝိဟာရ၌ ရိက္ခာဖြစ်လတံ့၊ ထိုအရပ်၌ သွား၍ နေကုန်အံ့'-ဟု ကျောင်းတိုက်မှ ထွက်၏၊ တိဿမဟာဝိဟာရ၌လည်း ရဟန်းသံဃာသည် 'စိတ္တလတောင်၌ ရိက္ခာဖြစ်လတံ့၊ ထိုအရပ်၌ သွား၍ နေကုန်အံ့'-ဟု ကျောင်းတိုက်မှ ထွက်၏၊ နှစ်ခုသော ကျောင်းတိုက်မှ ရဟန်းတို့သည် တခုသော နက်သောချောက်၏ ကမ်း၌ ပေါင်းဆုံမိကြကုန်သည်ဖြစ်ရကား မေးလျှောက်၍ ရိက္ခာ၏ကုန်သောအဖြစ်ကို သိ၍ ထိုအရပ်၌ သွား၍ အဘယ် ပြုကုန်အံ့နည်း-ဟု နှစ်သောင်းလေးထောင်ကုန်သော ရဟန်းတို့သည် နက်သောချောက်တော်သို့ ဝင်ထိုင်လျက်သာလျှင် ဥပါဒိသေသ မရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုကုန်ပြီ။ နောက်အခါ၌ ဘေးငြိမ်းသည်ရှိသော် ရဟန်းသံဃာသည် သိကြားနတ်မင်းကို ခေါ်၍ ဓာတ်တော်တို့ကို ဆောင်ယူ၍ စေတီကို ပြုပြီ။

ဗြာဟ္မဏတိဿ ခိုးသူ သည်လည်း ဇနပုဒ်ကို ဖျက်ဆီး၏၊ သံဃာသည် စည်းဝေးတိုင်ပင်၍ 'ခိုးသူကို တားမြစ်လော့'-ဟု သိကြားမင်းထံသို့ ရှစ်ပါးသော မထေရ်တို့ကို စေလွှတ်၏၊ သိကြားနတ်မင်းသည် 'အရှင်ဘုရားတို့ အကျွန်ုပ်သည် ဖြစ်ပေါ်လာသော ခိုးသူကို တားမြစ်ခြင်းငှါ မတတ်နိုင်၊ သံဃာသည် သမုဒ္ဒရာတဖက်ကမ်းသို့ ကြွတော်မူလော၊ အကျွန်ုပ်သည် သမုဒ္ဒရာအစောင့်ကို ပြုအံ့'-ဟု လျှောက်၏။

သံဃာသည် ခပ်သိမ်းသော အရပ်တို့မှ နာဂကျွန်းသို့ ကြွတော်မူ၍ ဇမ္ဗုကောလ ဆိပ်ကမ်း၌ ဘုံသုံးဆင့် သုံးထပ်ရှိသော လှေဖောင်ကြီးကို ဖွဲ့စေ၏၊ တခုသော ဘုံအဆပ်သည် ရေ၌နစ်၏၊ တခုသော ဘုံအထပ်၌ ရဟန်းသံဃာ နေတော်မူ၏၊ တခုသော ဘုံအထပ်၌ သပိတ်သင်္ကန်းတို့ကို ထားတော်မူကုန်၏။

သံယုတ္တဘာဏက စူဠသီဝထေရ်, ဠလသိဒတ္တထေရ်, မဟာသောဏထေရ်၊ ဤသုံးပါးသော ထေရ်တို့သည် ထိုပရိသတ်တို့၏ အကြီးအမှူး ပါမောက္ခ ဖြစ်ကုန်၏။

ထိုသုံးပါးတို့တွင် နှစ်ပါးသော ထေရ်တို့သည် မဟာသောဏထေရ်ကို 'ငါ့ရှင် မဟာသောဏ ဖောင်ကြီးသို့ တက်လော'-ဟု မိန့်တော်မူကုန်ပြီ၊ 'အချင်ဘုရားတို့ အရှင်ဘုရားတို့သည် ဖောင်ကြီးပေါ်သို့ တက်ကုန်လော'-ဟု လျှောက်လေ၏၊ ငါ့ရှင် ရေ၌သေခြင်းသည်ရင်း, ကြည်းကုန်း၌ သေခြင်းသည်ရင်း တူသည်သာလျှင်တည်း၊ ငါတို့သည် မသွားကုန်အံ့၊ သင့်ကိုအမှီပြု၍ နောင်အခါ၌ သာသနာတော်၏ အစဉ်အဆက် တည်လတ္တံ့၊ ငါ့ရှင် သင်သွားလော၊ ဤသို့ မိန့်ကုန်ပြီ၊ 'အရှင်ဘုရားတို့ အကျွန်ုပ်သည် အရှင်ဘုရားတို့ မသွားကုန်သည်ရှိသော် မသွားအံ့'-ဟု လျှောက်၏၊ သုံးကြိမ်တိုင်အောင် မိန့်ဆိုသော်လည်း မဟာသောဏ ထေရ်ကို ဖောင်ပေါ်သို့ တက်စေခြင်းငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ ပြန်ကြကုန်၏။

ထိုအခါ၌ စူဠသီဝထေရ်သည် ဠလသိဒတ္တထေရ်ကို 'ငါ့ရှင် ဠလသိဒတ္တ နောင်အခါ၌ မဟာသောဏထေရ်ကို မှီ၍ သာသနာအစဉ်အဆက် တည်လတ္တံ့၊ သင်သည် မဟာသောဏထေရ်ကို လက်မှ မလွှတ်လင့်'-ဟု မိန့်၏၊ 'အရှင်ဘုရား အရှင်တို့သည် အသို့နည်း'-ဟု ဠလသိဒတ္တမထေရ်က လျှောက်၏၊ 'ငါသည် မဟာစေတီကို ရှိခိုးအံ့'၊ ဤသို့ဆို၍ နှစ်ပါးသော မထေရ်တို့ကို ဆုံးမ၍ အစဉ်အတိုင်း သွားသည်ရှိသော် မဟာဝိဟာရသို့ ရောက်လေ၏။

ထိုအခါ၌ မဟာဝိဟာရသည် အသံတိတ်ဆိတ်၏၊ စေတီယင်ပြင်၌ ကြက်ဆူပင်တို့သည် ပေါက်ကုန်၏၊ စေတီကို ချုံတို့သည် ရံအပ်၏၊ မှော်သည် ဖွဲ့ယှက်အပ်၏။

မထေရ်သည် ထင်ရှားရှိသော မြတ်စွာဘုရားအား အရှိအသေ ပြုခြင်းကို ပြသကဲ့သို့ မဟာစေတီကို ရှိခိုး၍ အနောက်အရပ်၌ ဇရပ်သို့ ဝင်၍ ကြည့်လျက် 'ဤသို့သဘောရှိသော လာဘ်အားဖြင့် မြတ်သော အဖြစ်, ကျော်စောခြင်းအားဖြင့် မြတ်သောအဖြစ်သို့ ရောက်သော ဘုရား၏ သရီရဓာတ်စေတီအရပ်သည် ကိုးကွယ်ရာ မရှိသည်ဖြစ်၏'၊ ဤသို့ ကြံလျက် နေ၏။

ထိုအခါ အနီးသစ်ပင်၌ စိုးအုပ်၍နေသော နတ်သည် ခရီးသွားသော လူအသွင်ဖြင့် ဆန်တကွမ်းစာကိုရင်း, ထန်းလျက်ခဲကိုရင်း ယူ၍ ထေရ်၏ အနီးသို့ သွား၍ အရှင်ဘုရား အရှင်တို့သည် အဘယ်အရပ်၌ သွားကုန် အံ့နည်း-ဟု လျှောက်၏၊ ဥပါသကာ ငါသည် တောင်အရပ်သို့ သွားအံ့-ဟု မိန့်တော်မူ၏၊ အကျွန်ုပ်သည်လည်း ထိုအရပ်၌သာလျှင် သွားလို၏၊ အရှင်ဘုရား အတူသွားကုန်အံ့-ဟု လျှောက်၏၊ ငါသည် အားနည်း၏၊ သင်၏သွားခြင်းဖြင့် သွားခြင်းငှါ မတတ်နိုင်၊ ဥပါသကာ သင် ရှေ့က သွားလော့-ဟု မိန့်တော်မူ၏၊ အကျွန်ုပ်သည်လည်း အရှင်ဘုရားတို့ သွားခြင်းဖြင့် သွားအံ့-ဟု ထေရ်၏ သပိတ်သကန်းကို ယူ၏၊ တိဿ မည်သော ကန်၏ ကန်ရိုးကို တက်သောအခါ၌ သပိတ်ကို ဆောင်စေ၍ အဖျော်လုပ်၍ ကပ်ပြီ၊ သောက်ခါမျှ၌သာလျှင် ထေရ်၏ အနည်းငယ် သော အားသည် ကောင်းစွာ တည်၏၊ နတ်သည် မြေကို ချုံး၍ ဝေဏု မြစ်၏ အနီး၌ တခုသော စွန့်အပ်သော ကျောင်းသို့ ရောက်၍ ထေရ်အား နေရာအရပ်ကို သုတ်သင်၍ ပေး၏။

နောက်နေ့၌ ထေရ်၏ မျက်နှာသစ်ပြီးကာမျှ၌ ယာဂုကြို၍ ကပ်၏၊ ယာဂုသောက်ပြီးသော ထေရ်အား ဆွမ်းချက်၍ ကပ်၏၊ ထေရ်သည် 'ဥပါသကာ သင်၏အတွက် ထားဦးလော'-ဟု ဆို၍ သပိတ်ကို လက်ဖြင့်

ပိတ်၏၊ 'အကျွန်ုပ်သည် အဝေးသို့ မသွားအံ့'ဟု ဆို၍ နတ်သည် ထေရ်၏သပိတ်၌ ဆွမ်းကို ထည့်၍ ထေရ်ဆွမ်းစားပြီးလတ်သော် သပိတ်သက်န်းကို ယူ၍ ခရီးသွားလျက် မြေကိုချုံး၍ ဇဋ္ဌရမည်သော မြစ်အနီးသို့ ပင့်ဆောင်၍ 'အရှင်ဘုရား ဤအရပ်သည် သစ်ရွက်စားသောသူတို့၏ နေရာအရပ်တည်း၊ မီးခိုးများ ထင်ရှား၏၊ အကျွန်ုပ်သည် ရွှေ့၌သွားအံ့'-ဟု ဆို၍ ထေရ်ကို ရှိခိုး၍ မိမိ၏ဘုံသို့ ပြန်သွားလေ၏၊ ထေရ်သည် အလုံးစုံ ဘေးရှိသော ကာလပတ်လုံး သစ်ရွက်စားသောသူတို့ကို အမှီပြု၍ နေ၏။

ဣသိဒတ္တထေရ်သည်လည်း အစဉ်သဖြင့် လှည့်လည်သည်ရှိသော် အင္ဂမည်သော ဇနပုဒ်သို့ ရောက်ပြီ၊ ထိုအရပ်၌ လူတို့သည် မမှည့်လွန်းသော သစ်မည်စည်အသီးတို့ကို ခွဲ၍ အစေ့ကို ယူ၍ အခွံကို စွန့်၍ သွားကုန်ပြီ၊ ထေရ်သည် 'ငါ့ရှင် မဟာသောဏ ဆွမ်းအာဟာရသည် ထင်၏'-ဟု ဆို၍ သပိတ်သက်န်းကို ဆောင်စေ၍ သက်န်းကိုရုံ၍ သပိတ်ကို ထုတ်ဆောင်၍ ရပ်ပြီ၊ သူငယ်တို့သည် ထေရ်ရပ်သည်ကိုမြင်၍ 'ဤသစ်မည်စည်သီးအခွံဖြင့် တစုံတခုသော အကျိုးသည် ဖြစ်လတ္တံ့'-ဟု ကြံ၍ သဲကို သုတ်၍ သစ်မည်စည်အခွံကို သပိတ်၌ထည့်၍ လှူကုန်ပြီ၊ ထေရ်တို့သည် သုံးဆောင်ကုန်ပြီ၊ ခုနစ်ရက်တိုင်တိုင် ထိုသစ်မည်စည်အခွံသာလျှင် အာဟာရဖြစ်၏။

အစဉ်သဖြင့် စောရိယမည်သော အိုင်သို့ ရောက်၏၊ လူတို့သည် ကြာစွယ်တို့ကိုယူ၍ ကြာရိုးတို့ကိုစွန့်၍ သွားကုန်ပြီ၊ ထေရ်သည် 'ငါ့ရှင် မဟာသောဏ ဆွမ်းအာဟာရသည် ထင်၏'-ဟု ဆို၍ သပိတ်သက်န်းကို ဆောင်စေ၍ သက်န်းကိုရုံ၍ သပိတ်ကို ထုတ်ဆောင်၍ ရပ်၏၊ ရွာသူငယ်တို့သည် ကြာရိုးတို့ကို သုတ်သင်၍ သပိတ်၌ ထည့်၍ လှူကုန်၏၊ ထေရ်တို့သည် သုံးဆောင်ကုန်ပြီ၊ ခုနစ်ရက်တိုင်တိုင် ကြာရိုးသည်သာလျှင် အာဟာရ ဖြစ်၏။

အစဉ်အတိုင်း သွားကုန်သည်ရှိသော် သစ်ရွက်စားသော လူတို့၏ နေရာအရပ်၌ တခုသော ရွာတံခါးသို့ ရောက်ကုန်၏၊ ထိုရွာ၌ တယောက်သော သူငယ်မ၏ မိဘတို့သည် တောသို့ သွားကုန်သည်ရှိသော် 'တစုံတယောက်သော အရှင်သည် အကယ်၍ လာငြားအံ့၊ တစုံတခုသော အရပ်၌ သွားခြင်းငှါ မပေးလင့်၊ အရှင်၏ နေရာအရပ်ကို ပြောကြားလော ချစ်သမီး'-ဟု ဆိုကုန်၏။

သူငယ်မသည် ထေရ်တို့ကိုမြင်၍ သပိတ်ကို ယူ၍ နေထိုင်စေပြီ၊ အိမ်၌ စပါးမျိုးသည် မရှိ၊ ခေးမကိုကိုင်၍ ခြင်ရွေး တောငှက်ပျောသစ်ခေါက်ကို ခြင်ရွေးနွယ် အရွက်တို့နှင့်တကွ တပေါင်းတည်းစင်း၍ သုံးပုံတို့ကိုပြု၍ တပုံကို ကုလိဒတ္တထေရ်၏သပိတ်၌ ထား၍ တပုံကို မဟာသောဏထေရ်၏ သပိတ်၌ ထား၍ 'ပိုသောအပုံကို ကုလိဒတ္တ ထေရ်၏ သပိတ်၌ ထားအံ့'ဟု လက်ဆန့်ပြီ၊ လက်သည် လည်၍ မဟာသောဏထေရ်၏ သပိတ်၌ တည်စေပြီ၊ ကုလိဒတ္တထေရ်သည် 'ပြာဟ္မဏတိဿဘေး၌ ခြင်ရွေး တောငှက်ပျော အပုံ၌ အကျိုးပေးသောကံသည် အရပ်ကာလ ပြည့်စုံသော အခါ၌ အဘယ်မျှ အတိုင်းအရှည်ရှိသော အကျိုးကို ပေးလတ္တံနည်း'-ဟု မိန့်ပြီ၊ ထိုထေရ်တို့သည် ထိုခြင်ရွေး တောငှက်ပျောကို ဘုဉ်းပေး၍ နေရာအရပ်သို့ သွားကုန်ပြီ။

သူငယ်မသည်လည်း တောမှလာသော မိဘတို့အား ပြောကြား၏၊ 'ထေရ်နှစ်ပါးတို့သည် လာကုန်၏၊ ထိုထေရ်တို့အား အကျွန်ုပ်သည် နေရာအရပ်ကို ကြားလျှောက်အပ်ပြီ'၊ ဤသို့ ပြောကြား၏၊ ထိုနှစ်ယောက်သော သူတို့သည်လည်း ထေရ်တို့အနီးသို့ သွား၍ ရှိခိုး၍ 'အရှင်ဘုရားတို့ အကြင် ဝတ္ထုကို အကျွန်ုပ်တို့သည် ရကုန်၏၊ ထိုဝတ္ထုဖြင့် အရှင်တို့ကို လုပ်ကျွေးကုန်အံ့၊ ဤအရပ်၌သာလျှင် နေကုန်လော့'-ဟု ပဋိညာဉ်ကို ယူကုန်ပြီ၊ ထေရ်တို့သည်လည်း ခဲသိမ်းသော ဘေးကာလတို့ပတ်လုံး ထိုသူတို့ကို မှီ၍ နေကုန်၏။

ပြာဟ္မဏတိဿ ခိုးသူသည် သေသည်ရှိသော် ပိတုံမည်သော မင်းမြတ်သည် ထီးကိုဆောင်းပြီ၊ ဘေးသည် ငြိမ်း၏၊ ဇနပုဒ်သည် ပြည့်စုံ၏၊

ဤသို့ ကြား၍ သမုဒ္ဒရာ ထဖက်ကမ်းမှ ရဟန်းသံဃာသည် လှေဖြင့် မဟာတိတ္ထဆိပ်ကမ်း၌ သက်ဆင်း၍ 'မဟာသောဏထေရ် အဘယ်အရပ်၌ နေသနည်း'-ဟု မေး၍ ထေရ်၏အထံသို့ သွား၏၊ ထေရ်သည် ငါးရာသော ရဟန်း ခြံရံလျက် ကာလကန္ဒာ မဏ္ဍလာရာမကျောင်းသို့ ရောက်၏။

ထိုအခါ၌ ကာလကန္ဒာ၌ ခုနစ်ရာအတိုင်း အရှည်ရှိသော အမျိုးတို့သည် နေကုန်၏၊ ညဉ့်အဖို့၌ နတ်တို့သည် လှည့်လည်၍ 'မဟာသောဏထေရ်သည် ရဟန်းငါးရာခြံရံလျက် မဏ္ဍလာရာမကျောင်းသို့ ရောက်၏၊ တယောက် တယောက်သည် ကိုးတောင်ရှိသော ပုဆိုးနှင့်တကွ တကျပ်တကျပ်ထိုက်တန်သော ဆွမ်းကိုလှူလော'-ဟု လူတို့ကို ပြောဆိုကုန်ပြီ။

နောက်နေ့၌ ထေရ်တို့သည် ကာလကန္ဒာသို့ ဆွမ်းခံဝင်ကုန်၏၊ လူတို့သည်ထိုင်စေ၍ ယာဂုကို ကပ်လှူကုန်၏၊ မဏ္ဍလာရာမကျောင်း၌နေသော တိဿဘူတိထေရ်သည် သံဃထေရ်ဖြစ်၍ နေ၏၊ တယောက်သော မဟာဥပါသကာသည် တိဿဘူတိထေရ်ကို ရှိခိုး၍ 'အရှင်ဘုရား မဟာသောဏထေရ်သည် အဘယ်ထေရ်နည်း'-ဟု မေးလျှောက်၏။

ထိုအခါ မဟာသောဏထေရ်သည် ငယ်သည်ဖြစ်၍ ပရိသတ်အစွန်၌ နေ၏၊ တိဿဘူတိထေရ်သည် လက်ကိုဆန့်၍ 'ဥပါသကာ ဤရဟန်းသည် မဟာသောဏမည်၏'-ဟု မိန့်၏၊ ဥပါသကာသည် မဟာသောဏထေရ်ကို ရှိခိုး၍ သပိတ်ကို ယူ၏၊ မဟာသောဏထေရ်သည် သပိတ်ကိုမပေး၊ တိဿဘူတိထေရ်သည် 'ငါ့ရှင်သောဏ သင် မသိသကဲ့သို့ ဤအတူ ငါတို့လည်း မသိကုန်၊ ဘုန်းရှိကုန်သော သူတို့အား နတ်တို့သည် လုပ်ကျွေးကုန်၏၊ သပိတ်ကိုလွှတ်လော့, ဿီတင်းသုံးဘော်တို့အား ချီးမြှောက်ခြင်းကိုပြုလော့'-ဟု မိန့်ပြီ၊ မဟာသောဏထေရ်သည် သပိတ်ကို ပေး၏၊ မဟာဥပါသကာသည် သပိတ်ကိုယူ၍ သွား၍ တကျပ်တန်သော ဆွမ်းဖြင့် ပြည့်စေ၍ ကိုးတောင်ရှိသော ပုဆိုးကို သပိတ်အောက်က ခံသည်ကို ပြု၍ ဆောင်၍ ထေရ်၏လက်၌ ထား၏၊ တပါးသော ဥပါသကာ

သည်လည်း ထေရ်၏လက်၌ ထား၏၊ ဤသို့ ခုနစ်ရာသော ပုဆိုးတို့ကိုဂ်ငး, ခုနစ်ရာသော ဆွမ်းတို့ကိုဂ်ငး မဟာသောဏထေရ်အားသာလျှင် လှူကုန်ပြီ။

မဟာသောဏထေရ်သည် ရဟန်းသံဃာအား ဝေဘန်ခြင်းကိုပြု၍ အစဉ်သဖြင့် မဟာဝိဟာရသို့ ရောက်၍ ခံတွင်းဆေး၍ မဟာဗောဓိကို ရှိခိုး၍ မဟာစေတီကို ရှိခိုး၍ ထူပါရုံ၌ရပ်လျက် သက်န်းကိုရုံ၍ ရဟန်းသံဃာခြံရံလျက် တောင်တံခါးဖြင့် မြို့ကိုဝင်၍ တံခါးမှ သီတင်းသုံးနေထိုင်ရာ ဇရပ်တိုင်အောင် ဤအတွင်း၌ အသပြာခြောက်ဆယ်ထိုက်သော ဆွမ်းကို ရ၏၊ ထိုအခါမှစ၍ ပူဇော်သက္ကာရ အတိုင်းအရှည် မရှိ၊ မရေမတွက်နိုင်အောင် များ၏။

ထိုသို့ ကာလဝိပတ္တိ အခါပျက်သော အချိန်၌ သစ်မည်စည်သီး အခွံသည်ဂ်ငး, ကြာရိုးသည်ဂ်ငး ရခဲ၏၊ ကာလသမ္ပတ္တိ၌ ဤသို့ သဘောရှိသော များစွာသော လာဘ်သည် ဖြစ်ပြီ။

ဝတ္တပ္ပကနိဂြောဓမထေရ် ဝတ္ထု

ဝတ္တပ္ပကနိဂြောဓမထေရ်၏လည်း သာမဏေအခါ၌ ပြာဟ္မဏတိဿဘေးသည် ဖြစ်၏၊ သာမဏေသည်ဂ်ငး, သာမဏေ၏ ဥပဇ္ဈာယ်ဆရာသည်ဂ်ငး သမုဒ္ဒရာ တဖက်ကမ်းသို့ မသွားကုန်၊ 'သစ်ရွက်စားသော လူတို့ကို အမှီပြု၍ နေကုန်အံ့'-ဟု တောရွာသို့ ရှေးရှုသွားကုန်၏။

သာမဏေသည် ခုနစ်ရက် အတိုင်းအရှည်ရှိသော ကာလပတ်လုံး အစာမစားရသည်ဖြစ်၍ တခုသော ရွာပျက်အရပ်၌ ထန်းပင်၌ ထန်းသီး အရင့်ကိုမြင်၍ ဥပဇ္ဈာယ်ဆရာကို 'အရှင်ဘုရား အနည်းငယ် ငံ့တော်မူကုန်လော၊ ထန်းသီးမှည့်ကိုချအံ့'-ဟု လျှောက်၏၊ သာမဏေ သင်သည် အားနည်း၏၊ မတက်လင့်-ဟု မိန့်၏၊ 'အရှင်ဘုရား တက်အံ့'ဟု ဓားငယ်ကိုကိုင်၍ ထန်းပင်ကိုတက်၍ ထန်းသီးခိုင်ကို ဖြတ်ခြင်းငှါ အားထုတ်၏၊ ဓားငယ်အသွားသည် ကျွတ်၍ မြေကြီး၌ ကျ၏။

ထေရ်သည် ‘ဤသာမဏေသည် ပင်ပန်းလျက် ထန်းပင်ကို တက်၏၊ ယခုအခါ၌ အဘယ်သို့ ပြုလတ္တံ့နည်း’-ဟု ကြံ၏၊ သာမဏေသည် ထန်းရွက်ကို ခွဲ၍ ခွဲ၍ ဓားငယ်ရိုး၌ ချီ၍ ထန်းရွက်တို့ကို ဆက်၍ မြေ၌ချ၍ ‘အရှင်ဘုရား ဓားငယ်သွားကို ဤအရိုး၌ သွင်းကုန်ကြွားအံ့၊ စင်စစ် ကောင်းသည် ဖြစ်ရာ၏’-ဟု လျှောက်ပြီ၊ ထေရ်သည် ‘သာမဏေသည် အကြောင်းပညာနှင့် ပြည့်စုံ၏’-ဟု ဓားငယ်သွားကို သွင်း၍ ပေး၏၊ သာမဏေသည် ဓားငယ်ကိုချီ၍ ထန်းသီးတို့ကို ချ၏၊ ထေရ်သည် ဓားငယ်ကို ချစေ၍ လိမ့်သွားသော ထန်းသီးကိုခွဲ၍ သာမဏေကို ထန်းပင်မှ ဆင်းသောအခါ၌ ‘သာမဏေ သင် အားနည်း၏၊ ဤ ထန်းသီးဆန်ကို စားဦးလော့’-ဟု မိန့်၏။

‘အရှင်ဘုရား အကျွန်ုပ်သည် အရှင်ဘုရားတို့ မစားလျှင် မစားအံ့’ဟု ဆို၍ ဓားငယ်ကိုကိုင်၍ ထန်းသီးတို့ကိုခွဲ၍ သပိတ်ကို ထုတ်ဆောင်၍ ထန်းသီးဆန်ကို ထည့်၍ မထေရ်အား ကပ်လှူ၍ မိမိစားပြီ။

အကြင်မျှလောက်သော ကာလပတ်လုံး ထန်းသီးတို့သည် ရှိကုန်၏။ ထိုမျှလောက်သော ကာလပတ်လုံး ထိုအရပ်၌သာလျှင် နေ၍ ထန်းသီးကုန်သည်ရှိသော် အစဉ်သဖြင့် သစ်ရွက်စားသော လူတို့၏ နေရာအရပ်၌ တခုသော စွန့်အပ်သောကျောင်းသို့ ဝင်ကုန်၏၊ သာမဏေသည် ထေရ်၏ နေရာအရပ်ကို သုတ်သင်ပြီ၊ ထေရ်သည် သာမဏေအား အဆုံးအမ ပေး၍ ကျောင်းသို့ ဝင်ပြီ။

သာမဏေသည် ‘နေရာအရပ်မဟုတ်သည်၌ ပျက်စီးကုန်သော ကိုယ်အတ္တဘောတို့၏ အတိုင်းအရှည်သည် မရှိ၊ မြတ်စွာဘုရားတို့အား ခစားခြင်းကိုပြုအံ့’ ဟု စေတီပြင်သို့သွား၍ မြက်သစ်ပင်ကိုနုတ်၏၊ ခုနစ်ရက် အတိုင်း အရှည် အစာမစားရသည် ဖြစ်၍ တုန်လှုပ်လျက် လဲကျ၍ လျောင်းလျက်သာလျှင် မြက်တို့ကို နုတ်၏။

အချို့သော လူတို့အသည် တော၌ လှည့်လည်ကုန်သည်ရှိသော် ပျားကို ရ၍ ဆင်းတို့ကိုရင်း, ဟင်းရွက်ကိုရင်း ယူ၍ မြက်လှုပ်သော အမှတ်ဖြင့်

'ဤလုပ်သောသူသည် သမင်လေလော' ဟု အောက်မေ့၍ သာမဏေ၏ အနီးသို့ သွား၍ 'သာမဏေ ဘာလုပ်သလဲ' ဟု ပြောဆိုကုန်၏။ ဥပါသကာတို့ မြက်နုတ်၏ဟု မိန့်ပြီ၊ 'အရှင်ဘုရား တပါးသော တစုံတယောက်သောသူ ရှိသေး၏လော'-ဟု လျှောက်၏၊ ဥပါသကာတို့ ရှိပါ၏၊ ငါ၏ ဥပဇ္ဈာယ်ဆရာသည် ကျောင်းအခန်းတွင်း၌နေ၏-ဟု မိန့်၏၊ 'အရှင်ဘုရား မဟာထေရ်အား လှူ၍ စားလော့' ဟု သာမဏေအား ပျားကို လှူ၍ မိမိ၏ နေရာအရပ်ကို ပြောကြား၍ 'အကျွန်ုပ်တို့သည် သစ်ခက်ကျိုးကိုချ၍ သွားကုန်အံ့၊ ဤသစ်ခက်ကျိုးအမှတ်ဖြင့် ထေရ်ကိုပင့်၍ အရှင်ကြွလာလော့' ဟု ဆို၍ သွားကုန်ပြီ။

သာမဏေသည် ပျားကိုယူ၍ထေရ်၏အနီးသို့ သွား၍ အပ၌ရပ်လျက် 'အရှင်ဘုရား ရှိခိုးပါ၏' ဟု လျှောက်ပြီ။ မထေရ်သည် 'သာမဏေသည် မွတ်သိပ် ဆာလောင်ခြင်းဖြင့် ပူလောင်သည်ဖြစ်၍ လာသည်ဖြစ်လတ့်' ဟု ဆိတ်ဆိတ်နေပြီ၊ သာမဏေသည် နောက်တဖန် 'အရှင်ဘုရား ရှိခိုးပါ၏' ဟု လျှောက်ပြီ၊ 'သာမဏေ အဘယ့်ကြောင့် အားနည်းသော ရဟန်းတို့အား ချမ်းသာစွာအိပ်ခြင်းကို မပေးသနည်း' ဟု မိန့်ပြီ၊ 'အရှင်ဘုရားတံခါးကိုဖွင့်ခြင်းငှါ သင့်လျော်၏' ဟု-လျှောက်ပြီ၊ ထေရ်သည် ထ၍ တံခါးကိုဖွင့်၍ 'သာမဏေ သင်ဘာသည် အဘယ်ကို ရခဲ့သနည်း'-ဟု မိန့်ပြီ၊ 'လူတို့သည်ပျားကိုလှူအပ်၏၊ စားခြင်းငှါလျှောက်ပတ်၏ အရှင်ဘုရား'-ဟု လျှောက်၏၊ 'သာမဏေ ဤအတိုင်းစားလျှင် ပင်ပန်းကုန်လတ္တံ့၊ ဖျော်ရည် လုပ်၍ သောက်ကုန်အံ့'-ဟု မိန့်၏၊ သာမဏေသည် ဖျော်ရည် လုပ်၍ ကပ်လှူ၏။

ထိုအခါ၌ သာမဏေကို ထေရ်သည် 'သာမဏေ သင်သည် လူတို့၏ နေရာအရပ်ကို မေးလိုက်၏လော' ဟု မိန့်၏၊ 'အရှင်ဘုရား လူတို့သည် အလိုအလျောက် နေရာအရပ်ကို ပြောကြားကုန်၏'-ဟု လျှောက်ပြီ၊ 'သာမဏေ နံနက်၌ သွားကုန်သည်ရှိသော် ပင်ပန်းကုန်လတ္တံ့၊ ယခုအခါ၌သာ သွားကုန်အံ့'-ဟု သပိတ်သင်္ကန်းကို ယူစေ၍ ကျောင်းမှထွက်လေ၏၊ ထိုဆရာတပည့်တို့သည် သွား၍ လူတို့၏ နေရာအရပ်၏ အနီး၌ နေကုန်ပြီ။

သာမဏေသည် ညဥ့်အဖို့၌ 'ငါသည် ရှင်သာမဏေ ပြုသောအခါမှ စ၍ ရွာ၏အနီး၌ အရုဏ်ကို မတက်စေဘူးပြီ'၊ဤသို့ကြံ၏၊ ထိုသာမဏေသည် သပိတ်ကိုယူ၍ အရုဏ်တက်စေခြင်းငှါ တောသို့သွား၏၊ မဟာထေရ်သည် သာမဏေကို အိပ်ရာအရပ်၌ မမြင်သည်ဖြစ်၍ 'လူသားစားသောသူတို့သည် ဖမ်းယူအပ်သည် ဖြစ်လတ္တံ့'-ဟု ကြံ၏။

သာမဏေသည် တော၌ အရုဏ်တက်စေ၍ သပိတ်ဖြင့် ရေကိုရှင်း၊ ဒန်ပူကိုရှင်း ယူ၍လာ၏၊ 'သာမဏေ အဘယ်အရပ်၌ သွားသနည်း၊ ကြီးသော ရဟန်းတို့အား သင်သည် ဝိတက်ကို ဖြစ်စေအပ်၏၊ ဒဏ်အမှုကိုဆောင်လော့'-ဟု မိန့်ပြီ၊ 'အရှင်ဘုရား ဆောင်အံ့'-ဟု လျှောက်၏။ ထေရ်သည် မျက်နှာသစ်၍ သင်္ကန်းကိုရုံ၏၊ ဆရာတပည့်နှစ်ပါးတို့သည်လည်း လူတို့၏ နေရာအရပ်သို့ သွားကုန်၏၊ လူတို့သည်လည်း မိမိ၏ စားအပ်သော သစ်ဥ သစ်မြစ် သစ်သီး သစ်ရွက်ကို လှူကုန်ပြီ၊ ထေရ်သည်လည်း ဘုဉ်းပေးသုံးဆောင်၍ ကျောင်းသို့ သွား၏။

သာမဏေသည် ရေကိုဆောင်၍ 'အရှင်ဘုရား ခြေတို့ကိုဆေးလော့'-ဟု လျှောက်၏၊ 'သာမဏေ သင်သည် ညဥ့်၌ အဘယ်အရပ်၌ သွားသနည်း၊ ငါတို့အား ဝိတက်ကို ဖြစ်စေ၏'-ဟု မိန့်ပြီ၊ 'အရှင်ဘုရား ရွာ၏အနီး၌ အကျွန်ုပ်သည် အရုဏ်ကို မတက်စေဘူးပြီ၊ အရုဏ်တက်စေခြင်းငှါ တောသို့ သွား၏'-ဟု လျှောက်၏၊ 'သာမဏေ သင့်အား ဒဏ်ဆောင်ခြင်းအမှုသည် မသင့်လျော်၊ ငါ့အားသာလျှင် သင့်လျော်၏'-ဟု ဆို၍ ထိုနေရာ၌သာ နေပြီ၊ ငါတို့သည် အိုကုန်ပြီ၊ ဤမည်သော အမှုသည် ဖြစ်လတ္တံ့ဟု သိခြင်းငှါ မတတ်ကောင်း၊ 'သင်သည် မိမိကိုယ်ကို စောင့်လော့'-ဟု သာမဏေအား အမှတ်သညာကို ပေးလေ၏၊ ထေရ်သည် အနာဂါမ်တည်း။

ထိုထေရ်ကို နောက်အဖို့၌ လူသားစားသောသူတို့သည် စားကုန်ပြီ၊ သာမဏေသည် မိမိကိုယ်ကိုစောင့်၍ ဘေးငြိမ်းသည်ရှိသော် သင့်လျော်သောအရပ်၌ ဥပဇ္ဈာယ်ကို ယူ၍ ရဟန်းပြု၍ မြတ်စွာဘုရား စကားတော်

ကို သင်ယူ၍ ပိဋကတ်သုံးပုံဆောင်ဖြစ်၍ ဝတ္တဗ္ဗကနိဂြောဓထေရ် မည်သည် ဖြစ်ပြီ။

ပိတုမင်းမြတ်သည် တိုင်းပြည်ကို အုပ်ချုပ်၏၊ သမုဒ္ဒရာ တဖက်ကမ်းမှ လာတိုင်း လာတိုင်းသော ရဟန်းတို့သည် 'အဘယ်အရပ်၌ ဝတ္တဗ္ဗကနိဂြောဓထေရ်နေသနည်း၊ အဘယ် အရပ်၌ ဝတ္တဗ္ဗကနိဂြောဓထေရ်နေသနည်း' ဟုမေး၍ ထို ဝတ္တဗ္ဗကနိဂြောဓထေရ်အထံသို့ သွားကုန်၏၊ များစွာသော ရဟန်းသံဃာသည် ထေရ်ကို ခြံရံပြီ။

ထို ထေရ်သည် များစွာသော ရဟန်းအပေါင်းခြံရံလျက် အစဉ်သဖြင့် မဟာဝိဟာရသို့ရောက်၍ မဟာဗောဓိကိုရင်း, မဟာစေတီကိုရင်း, ထူပါရုံကိုရင်း ရှိခိုး၍ မြို့သို့ဝင်၏၊ တောင်တံခါးတိုင်အောင် သွားစဉ်သာလျှင် ကိုးဌာနတို့၌ ဌာနတိုင်း ဌာနတိုင်း သုံးထည်သောသင်္ကန်းကိုရ၏၊ မြို့တွင်းသို့ ဝင်သောအခါမှစ၍ များစွာသော ပူဇော်သက္ကာရသည် ဖြစ်၏။

ဤသို့ ကာလဝိပတ္တိ အခါပျက်သောအခါ၌ ထန်းသီး သစ်ဥ သစ်မြစ် သစ်ရွက်သည်လည်း ရခဲ၏၊ ကာလသမ္ပတ္တိ၌ ဤသို့သဘောရှိသော များစွာသော လာဘ်သည် ဖြစ်၏။

ဤသို့ ကာလဝိပတ္တိ တားမြစ်အပ်သည်၏အဖြစ်ကြောင့် အကျိုးပေးခြင်းငှါ မစွမ်းနိုင်သောကံတို့သည် ကာလသမ္ပတ္တိသို့ ရောက်၍ အကျိုးပေးကုန်၏။

၁၆။ ကုသိုလ်ကံ ပယောဂဝိပတ္တိ ပယောဂသမ္ပတ္တိ

တပါးသောသူအားလည်း များစွာသော ကောင်းမှုကံတို့သည် ဖြစ်ကုန်၏၊ ထိုကံတို့သည် ပယောဂဝိပတ္တိ၌ တည်သောသူအား အကျိုးမပေးကုန်ရာ။ ထိုသူသည် တခုသော ကောင်းမှုကံကြောင့် ကောင်းသောလူ့လင်၌ တည်သည်ဖြစ်၍ သုံးပါးသော သုစရိုက်တို့ကို ပြည့်စေ၏၊ ငါးပါးသီလ, ဆယ်ပါးသီလကို စောင့်၏၊ ကာလသမ္ပတ္တိ၌ ဖြစ်သောသူအား မင်းတို့သည် ခပ်သိမ်းသော တန်းဆာဖြင့် ဆင်အပ်ကုန်သော မင်းသမီးတို့ကို

ထိုသူအား သင့်လျော်ကုန်၏ဟု ပို့ကုန်၏၊ ယာဉ် စစ်သည် ပတ္တမြား ရွှေ ငွေ·စသည် အပြားရှိသော ထိုထိုလက်ဆောင်ကို ထိုသူအား လျောက် ပတ်၏ဟု ပို့ကုန်၏။

ကောင်းသောလှူလှု၍ တည်သောသူသည် ရဟန်းအဖြစ်သို့ ရောက် သော်လည်း များသောအခြံအရံ ရှိ၏၊ များသောအာနုဘော် ရှိ၏၊ ထို စကားရပ်၌ ဤဆိုလတ္တံ့သည့်ကား ဝတ္ထုတည်း။

စူဠသုဓမ္မ မထေရ်ဝတ္ထု

ကူဠကဏ္ဍမင်းသည် ဂိရိရွာအနီး၌ နေသော စူဠသုဓမ္မထေရ်ကို မြတ် နိုး၏၊ ထိုမင်းသည် ဥပ္ပလဝါပိ မည်သော ကြာကန်၌နေလျက် ထေရ်ကို ပင့်ခေါ်စေ၏၊ ထေရ်သည် ကြွလာ၍ မာလာရုံကျောင်းတိုက်၌ နေ၏၊ မင်းသည် ထေရ်၏မယ်းတော်ကို 'ထေရ်သည် အဘယ်ကို ကြိုက်နှစ်သက် သနည်း'-ဟု မေး၏၊ မြတ်သောမင်းကြီး သစ်ဥကို ကြိုက်နှစ်သက်၏-ဟု လျှောက်၏၊ မင်းသည် သစ်ဥကိုယူစေ၍ ကျောင်းသို့သွား၍ ထေရ်အား လှူသည်ရှိသော် မျက်နှာကို ကြည့်ခြင်းငှါ မစွမ်းနိုင်၊ ထိုမင်းသည် ကျောင်းမှ ထွက်၍ ပရိဝုဏ်အပ၌ မိဖုရားကို 'ထေရ်သည် အဘယ်သို့ သဘောရှိသနည်း'-ဟု မေး၏၊ သင်မင်းမြတ်သည် ယောကျ်ားဖြစ်လျက် မော့ကြည့်ခြင်းငှါ မစွမ်းနိုင်၊ အကျွန်ုပ်သည် အသို့လျှင် စွမ်းနိုင်အံ့နည်း၊ အဘယ်သို့ သဘောရှိ၏ဟု အကျွန်ုပ်မသိ-ဟု လျှောက်၏၊ မင်းသည် ငါ၏တိုင်းနိုင်ငံ၌ အခွန်ဆက်သော သူကြွယ်၏ သားကို မော့ကြည့်ခြင်းငှါ မစွမ်းနိုင်၊ အချင်းတို့ မြတ်စွာဘုရားသာသနာတော်မည်သည် ကြီးမြတ် စွတကား-ဟု လက်ပမ်းပေါက် ခတ်၏။

တိပိဋကစူဠနာဂထေရ် ဝတ္ထု

ကူဠကဏ္ဍမင်းသည် တိပိဋကစူဠနာဂထေရ်ကိုလည်း မြတ်နိုး၏၊ ထို ထေရ်၏ လက်ချောင်း၌ တခုသောအနာ ပေါက်၏၊ မင်းသည် ထေရ်ကို ဖူးမြင်အံ့-ဟု ကျောင်းသို့သွား၍ အားကြီးသော ချစ်ခြင်းဖြင့် လက်

ချောင်းကို ပါးစပ်ဖြင့် ငုံ၍၊ ပါးစပ်အတွင်း၌သာလျှင် အနာသည် ပေါက်ကွဲ၍၊ သွေးပြည်ကို မထွေးမူ၍ ထေရ်၌ ချစ်ခြင်းဖြင့် ကောင်းသော အစာအာဟာရကဲ့သို့ မျို၍၊ ထို တိပိဋကစူဠနာဂထေရ်သည်သာလျှင် နောက်အဖို့၌ သေရာညောင်စောင်း၌ လျောင်းပြီ။

မင်းသည် သွား၍ ကျင်ကြီးခွက်ကို ဦးခေါင်း၌ထား၍ 'တရားလှည်း၏ဝင်ရိုးသည် ကျိုး၏၊ တရားလှည်း၏ ဝင်ရိုးသည် ကျိုး၏'ဟု ငိုကြွေးမြည်တမ်းလျက် လှည့်လည်၏၊ မြေကြီးကို အစိုးရသောမင်း၏ မစင်ခွက်ကို ဦးခေါင်းဖြင့် ရွက်၍ လှည့်လည်ခြင်းမည်သည် အဘယ်သူ၏ သွားရာလမ်းခရီးနည်း၊ ကောင်းသော လုံ့လရှိသောသူ၏ သွားရာ လမ်းခရီးတည်း။

ဤသို့ ပယောဂဝိပတ္တိသည် တားမြစ်အပ်သည်၏ အဖြစ်ကြောင့် အကျိုးပေးခြင်းငှါ မစွမ်းနိုင်သောကံတို့သည် ပယောဂသမ္ပတ္တိသို့ ရောက်၍ အကျိုးပေးကုန်၏။

ဤသို့ လေးပါးသော ဝိပတ္တိတို့သည် တားမြစ်အပ်သော ကောင်းမှုကံသည် အကျိုးမပေးမူ၍ လေးပါးသော သမ္ပတ္တိတို့သို့ ရောက်၍ အကျိုးပေး၏။

ထိုစကား၌ ဤဆိုလတ္တံ့သည်ကား ဟုတ်မှန်သော အနက်ကို ပြ၍ ဥပမာတည်း၊ တယောက်သော မင်းကြီးသည် တယောက်သော အမတ်အား အနည်းငယ်မျှဖြင့် အမျက်ထွက်၍ ထိုအမတ်ကို နှောင်အိမ်၌ နှောင်ဖွဲ့စေ၏၊ ထိုအမတ်၏ ဆွေမျိုးတို့သည် မင်း၏ အမျက်ထွက်သော အဖြစ်ကို သိ၍ တစုံတခုသောစကားကို မဆိုမူ၍ ကြမ်းသောအမျက်ကင်းသည်ရှိသော် မင်းကို ထိုအမတ်၏ အပြစ်မရှိသော အဖြစ်ကို သိစေကုန်၏၊ မင်းသည်လွှတ်၍ ထိုအမတ်၏ အစိုးရ ရာထူးကို ပြကတေ့အတိုင်း ပြု၏၊ ထိုအခါ၌ ထိုအမတ်၏ ထိုထိုအရပ်မှ လာကုန်သော လက်ဆောင်တို့၏ အတိုင်းအရှည်ပမာဏသည် မရှိဖြစ်၏၊ အိမ်နေလူတို့သည် လက်ဆောင်ကို ခံယူခြင်းငှါ မတတ်နိုင်ကုန်။

ထိုဥပမာ၌ မင်း၏အနည်းငယ်မျှဖြင့် အမျက်ထွက်၍ ထိုအမတ်အား နှောင်အိမ်၌ ဖွဲ့စေအပ်သောအခါကဲ့သို့ ပုထုဇဉ်၏ ငရဲ၌ဖြစ်သောအခါကို သိအပ်၏။ ထိုအမတ်၏ ဆွေမျိုးတို့သည် မင်းကိုသိစေ၍ အစိုးရ ရာထူးကို ပြကတေ့အတိုင်း ပြုသောအခါကဲ့သို့ ထိုသူ၏နတ်ပြည်၌ ဖြစ်သောအခါကို သိအပ်၏။ လက်ဆောင်ကိုယူခြင်းငှါ မစွမ်းနိုင်သောအခါကဲ့သို့ လေးပါး ကုန်သော သမ္မတ္တိသို့ ရောက်၍ ကောင်းမှုကံတို့၏ နတ်ပြည်လောကမှ လူ့ပြည်လောကသို့ရင်း၊ လူ့ပြည်လောကမှ နတ်ပြည်လောကသို့ရင်း၍သို့ ချမ်းသာသောအရပ်တခုမှ ချမ်းသာသောအရပ်တခုသို့ ဆောင်၍ ကမ္ဘာ တသိန်းပတ်လုံးလည်း ချမ်းသာသောအကျိုးကိုပေး၍ နိဗ္ဗာန်သို့ရောက် စေခြင်းကို သိအပ်၏။

အဘိဓမ္မာနည်းအားဖြင့် ကံ တဆယ့်ခြောက်ပါး မြန်မာပြန် ပြီး၏။

အင်္ဂုတ္တိုရ် တိကနိပါတ် ဒေဝဒူတဝဂ် နိဒါနသုတ် မြန်မာပြန်

(အံ၊ ၁၊ ၁၃၃-၅)

ရဟန်းတို့ ဝဋ်သို့ရောက်စေတတ်သောကံတို့၏ ဖြစ်ခြင်း၏အကြောင်း တို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်းဟူမူကား—လောဘ သည် ဝဋ်သို့ရောက်စေတတ်သော ကံတို့၏ ဖြစ်ခြင်း၏အကြောင်းတည်း။ ဒေါသသည် ဝဋ်သို့ရောက်စေတတ်သော ကံတို့၏ ဖြစ်ခြင်း၏ အကြောင်း တည်း။ မောဟသည် ဝဋ်သို့ရောက်စေတတ်သော ကံတို့၏ ဖြစ်ခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ လောဘသည် ပြုအပ်သော ဝါ-လောဘရှိသောသူသည် ပြုအပ်သော အကြင်ကံသည် လောဘကြောင့် ဖြစ်၏။ လောဘလျှင် ဆောင်နှင်းသကဲ့သို့ ဖြစ်သော အကြောင်း ရှိ၏။ လောဘလျှင် ဖြစ် ကြောင်းရှိ၏။ အကြင်အရပ်၌ ထိုလောဘလျှင် အကြောင်းရှိသော ကံရှိသော ပုဂ္ဂိုလ်၏ အတ္တဘောသည် ဖြစ်၏။ ထိုအရပ်၌ ထိုအတ္တဘော လျှင် အကြောင်းရှိသောကံသည် အကျိုးပေး၏။ အကြင်အရပ်၌ ထို

လောဘလျှင် အကြောင်းရှိသောကံသည် အကျိုးပေး၏။ ထိုအရပ်၌ ထို လောဘလျှင် အကြောင်းရှိသောကံ၏ မျက်မှောက်သော ကိုယ်၏အဖြစ်၌ရင်း, တမလွန်ဘဝသို့ရောက်၍ရင်း, အဆက်ဆက်သော အတ္တဘော၌ရင်း အကျိုးကို ခံစားရ၏။

(ဒေါသ, မောဟလည်း ဤနည်းအတူတူပင်တည်း။)

ရဟန်းတို့ ဥပမာသော်ကား မကျိုးမပြတ်ကုန်သော မပုပ်ဆွေးကုန်သော လေ နေပူတို့သည် မဖျက်ဆီးအပ်ကုန်သော အဆန်တည်းဟူသော အနှစ်ကို ယူကုန်သော ကောင်းမွန်စွာ သိုမှီးထားအပ်ကုန်သော မျိုးစေ့တို့ကို ကောင်းသောလယ်ယာ၌ ကောင်းမွန်စွာ အပြေအပြစ်ပြုအပ်သော မြေ၌ ကြဲအပ်၏၊ မိုး လေအယဉ်သည်လည်း ကြိမ်ဖန်များစွာ သွန်းလောင်းရာ၏၊ ဤသို့ ကောင်းသော လယ်မြေအရပ်၌ ကြဲချအပ်သော မျိုးစေ့တို့၌ မိုးရေမပြတ်သည်ရှိသော် ထိုမျိုးစေ့တို့သည် ကြီးပွါးခြင်း, စည်ပင်ပေါက်ရောက်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်ကုန်ရာသကဲ့သို့၊

ရဟန်းတို့ ဤအတူသာလျှင် လောဘသည် ပြုအပ်သော အကြောင်းကံသည် လောဘကြောင့် ဖြစ်၏၊ လောဘလျှင် အကြောင်းနိဒါန်းရှိ၏၊ လောဘလျှင် အကြောင်းသမုဒယ ရှိ၏။ အကြင်အရပ်၌ ထိုလောဘလျှင် အကြောင်းရှိသော ကံရှိသောပုဂ္ဂိုလ်၏ အတ္တဘောသည် ဖြစ်၏၊ ထိုအရပ်၌ ထိုလောဘလျှင် အကြောင်းရှိသော ကံသည် အကျိုးပေး၏၊ အကြင်အရပ်၌ ထိုလောဘလျှင် အကြောင်းရှိသော ကံသည် အကျိုးပေး၏၊ ထိုအရပ်၌ ထိုလောဘလျှင် အကြောင်းရှိသော ကံ၏ မျက်မှောက်သော ကိုယ်၏အဖြစ်၌ရင်း, တမလွန်ဘဝသို့ ရောက်၍ရင်း, အဆက်ဆက်သော အတ္တဘော၌ရင်း အကျိုးကို ခံစားရ၏။ (ပ) ရဟန်းတို့ ဝဋ္ဋသို့ ရောက်စေတတ်သောကံတို့၏ ဖြစ်ခြင်း၏ အကြောင်းတို့သည် ဤသုံးပါးတို့ပေတည်း။

ရဟန်းတို့ ဝဋ္ဋကင်းရာ ဖြစ်သော နိဗ္ဗာန်သို့ ရောက်စေတတ်သော ကံတို့၏ ဖြစ်ခြင်း၏ အကြောင်းတို့သည် ဤသုံးပါးတို့တည်း။ အဘယ် သုံးပါးတို့နည်းဟူမူ အလောဘ သည် ဝဋ္ဋကင်းရာ နိဗ္ဗာန်သို့ ရောက်စေ တတ်သော ကံတို့၏ ဖြစ်ခြင်း၏ အကြောင်းတည်း။ အဒေါသ သည်။ပ။ တည်။ အမောဟ သည်။ပ။ တည်း။

ရဟန်းတို့ အလောဘသည် ပြုအပ်သော အကြင်ကံသည် အလောဘ ကြောင့် ဖြစ်၏၊ အလောဘလျှင် ဆောင်နှင်းသကဲ့သို့ဖြစ်သော အကြောင်း ရှိ၏၊ အလောဘလျှင် ဖြစ်ကြောင်းရှိ၏။

လောဘသည် အရဟတ္တမဂ်ဖြင့် ကင်းသော်သာလျှင် ထိုလောဘလျှင် အကြောင်းရှိသော ကံသည် ပယ်အပ်သည် ဖြစ်၏၊ ဖြတ်အပ်သော ကိုလေသာတည်းဟူသော အကြောင်းရှိသည်၊ ထန်းပင်၏ အရာကဲ့သို့ ပြုအပ်သည်၊ တဖန် မဖြစ်ခြင်းကို ပြုအပ်သည်၊ နောင်အခါ၌ တဖန် မဖြစ်ခြင်းသဘောရှိသည် ဖြစ်၏။

(အဒေါသ၊ အမောဟလည်း ဤအတူပင်တည်း။)

ရဟန်းတို့ ဥပမာသော်ကား မကျိုးမပြတ်ကုန်သော မပုပ်ဆွေး ကုန်သော လေ၊ နေပူတို့သည် မဖျက်ဆီးအပ်ကုန်သော အဆန်တည်း ဟူသော အနှစ်ကို ယူကုန်သော ကောင်းမွန်စွာ သိုမှီးထားအပ်ကုန်သော မျိုးစေ့တို့သည် ရှိကုန်၏၊ ထိုမျိုးစေ့တို့ကို ယောကျ်ားသည် မီးဖြင့် တိုက်ငြားအံ့၊ မီးဖြင့်တိုက်၍ မီးသွေးကို ပြုငြားအံ့၊ မီးသွေးကိုပြု၍ ကြီးစွာသော လေတို့သည်မူလည်း လွှင့်ငြားအံ့၊ လျင်သော ရေအယဉ် ရှိသော မြစ်၌မူလည်း မျောငြားအံ့၊ ရဟန်းတို့ ဤသို့ မျောအပ်သည် ရှိသော် ထိုမျိုးစေ့တို့သည် ဖြတ်အပ်သော အမြစ်ရင်း ရှိကုန်သည်၊ ထန်းပင်၏အရာကဲ့သို့ ပြုအပ်ကုန်သည်၊ တဖန်မဖြစ်ခြင်းကို ပြုအပ် ကုန်သည်၊ နောင်အခါ၌ တဖန်မဖြစ်ခြင်း သဘော ရှိကုန်သည် ဖြစ်ကုန် ရာသကဲ့သို့၊ ရဟန်းတို့ ဤအတူသာလျှင် အလောဘသည် ပြုအပ်သော

အကြင်ကံသည် အလောဘကြောင့် ဖြစ်၏၊ အလောဘလျှင် အကြောင်း နိဒါန်း ရှိ၏၊ အလောဘလျှင် အကြောင်းသမုဒယ ရှိ၏။

လောဘသည် အရဟတ္တမဂ်ဖြင့် ကင်းသော်သာလျှင် ထိုလောဘလျှင် အကြောင်းရှိသောကံသည် ပယ်အပ်သည်ဖြစ်၍ ဖြတ်အပ်သော ကိလေသာ တည်းဟူသော အကြောင်းရှိသည်၊ ထန်းပင်၏ အရာကဲ့သို့ ပြုအပ်သည်၊ တဖန်မဖြစ်ခြင်းကို ပြုအပ်သည်၊ နောင်အခါ၌ တဖန်မဖြစ်ခြင်းသဘော ရှိသည် ဖြစ်၏။

(အဒေါသ, အမောဟလည်း ဤအတူပင်တည်း။)

ရဟန်းတို့ ဝဋ်ကင်းရာဖြစ်သော နိဗ္ဗာန်သို့ ရောက်စေတတ်သော ကံတို့၏ ဖြစ်ခြင်း၏ အကြောင်းတို့သည် ဤသုံးပါးတို့ပေတည်း။

ပညာမဲ့သော သူမိုက်သည် နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ လောဘကြောင့် ဖြစ်သော ကံကိုသော်၎င်း၊ ဒေါသကြောင့် ဖြစ်သော ကံကိုသော်၎င်း၊ မောဟကြောင့်ဖြစ်သော ကံကိုသော်၎င်း ပြုလုပ်၏၊ ထိုသူမိုက်သည် ထိုကံကို ဤ မိမိအတ္တဘော၌ပင်လျှင် ခံစားအင်၏၊ ထိုကံ၏ တပါးသောတည်ရာသည် မရှိ။

ထို့ကြောင့် ပညာရှိသောရဟန်းသည် လောဘကြောင့် ဖြစ်သော ကံကို၎င်း, ဒေါသကြောင့်ဖြစ်သော ကံကို၎င်း, မောဟကြောင့် ဖြစ်သော ကံကို၎င်း မပြုတော့ချေ၊ ထိုရဟန်းသည် အရဟတ္တမဂ်နှင့်ယှဉ်သော ဝိဇ္ဇာကိုဖြစ်စေလျက် ဒုဂ္ဂတိဘဝအားလုံးတို့ကို ပယ်စွန့်ရာ၏။

သုတ္တန်ဒေသနာတော်နည်း ကံ ၁၁-ပါး မြန်မာပြန်

(အံ၊ ၁၂၊ ၂။၁၀၄-၁၁၁။)

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ၊

(၂) ဥပပဇ္ဇဝေဒနီယကံ၊

(၃) အပရာပရိယာယဝေဒနီယကံ၊

(၄) ယဂ္ဂရက်၊

(၅) ယဗ္ဗဟုလက်၊

(၆) ယဒါသန္နက်၊

(၇) ကဋတ္တာက်၊

(၈) ဇနကက်၊

(၉) ဥပတ္ထမ္ဘကက်၊

(၁၀) ဥပပီဠကက်၊

(၁၁) ဥပဃာတကက်၊

၁။ ဒိဋ္ဌဓမ္မဝေဒနီယက်

မျက်မှောက်ဖြစ်သော ပစ္စုပ္ပန်အတ္တဘောသည် ဒိဋ္ဌဓမ္မ၊ ထိုမျက်မှောက်ဖြစ်သော ပစ္စုပ္ပန်အတ္တဘော၌ ရရှိခံစားအပ်သော အကျိုးရှိသော က်သည် ဒိဋ္ဌဓမ္မဝေဒနီယက် မည်၏။

၂။ ဥပပဇ္ဇဝေဒနီယက်

ပစ္စုပ္ပန်ဘဝမှ အခြားမဲ့သောဘဝ၌ ရရှိခံစားအပ်သော အကျိုးရှိသောက်သည် ဥပပဇ္ဇဝေဒနီယက် မည်၏။

၃။ အပရာပရိယာယဝေဒနီယက်

မျက်မှောက်ဖြစ်သော ပစ္စုပ္ပန်အတ္တဘော, အခြားမဲ့သောအတ္တဘောမှ တပါးသော အတ္တဘော အဆက်ဆက်၌ ရရှိခံစားအပ်သော အကျိုးရှိသော က်သည် အပရာပရိယာယဝေဒနီယက် မည်၏။

ဒိဋ္ဌဓမ္မ ဝေဒနီယက် အကျိုးပေးပုံ

ထို၃-ပါးသောက်တို့တွင် တခုသောဇောဝီထိ၌ ခုနစ်ပါးသော စိတ်တို့ ဖြစ်ရာ ကုသိုလ်ဇောဝီထိဖြစ်အံ့၊ ယင်းကုသိုလ်ဇောတို့တွင် ပထမဇော

စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏၊ အကုသိုလ်ဇောဝီထိ ဖြစ်အံ့၊ ယင်းအကုသိုလ်ဇောတို့တွင် ပဌမဇောစေတနာသည် ဒိဋ္ဌဓမ္မ ဝေဒနီယကံ မည်၏။

ထိုဒိဋ္ဌဓမ္မဝေဒနီယကံသည် ဤပစ္စုပ္ပန်အတ္တဘော၌သာ အကျိုးပေး၏၊ ကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးရာ၌ ကာကဝဋ္ဋိယ, ပုဏ္ဏသူဌေးတို့ကဲ့သို့ မှတ်ရမည်။ အကုသိုလ် ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးရာ၌ နန္ဒ-ဘီလူး, နန္ဒလုလင်, နန္ဒနွားသတ်သမား, ကောကာလိယ, သုပ္ပဗုဒ္ဓ, ဒေဝဒတ်, စိဉ္စမာဏတို့ကဲ့သို့ မှတ်ပါ။

ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပစ္စုပ္ပန်အတ္တဘော၌ အကျိုးမပေးစွမ်းနိုင်ခဲ့သော် အဟောသိကံမည်၏၊ အကျိုးမပေးတော့ပေ။

ဒိဋ္ဌဓမ္မဝေဒနီယကံသည် ကုသိုလ်ပဌမဇောစေတနာဖြစ်အံ့၊ ကာလဝိပတ္တိ, ဂတိဝိပတ္တိ, ဥပဓိဝိပတ္တိ, ပယောဂဝိပတ္တိ ဟူသော ဝိပတ္တိလေးပါးတို့နှင့် ပြည့်စုံခဲ့သော် အဟောသိကံအဖြစ်သို့ရောက်၍ အကျိုးမပေးတော့ပေ။

ဒိဋ္ဌဓမ္မဝေဒနီယကံသည် အကုသိုလ် ပဌမဇောစေတနာဖြစ်အံ့၊ ကာလသမ္ပတ္တိ, ဂတိသမ္ပတ္တိ, ဥပဓိသမ္ပတ္တိ, ပယောဂသမ္ပတ္တိဟူသော သမ္ပတ္တိလေးပါးနှင့် ပြည့်စုံခဲ့သော် အဟောသိကံအဖြစ်သို့ရောက်၍ အကျိုးမပေးတော့ပေ။

သမင်လိုက် မုဆိုးဥပမာ

ထိုဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးပေးပုံကို ပြဆိုလတ္တံ့သော သမင်လိုက်သော မုဆိုးဥပမာဖြင့် သိအပ်၏။ သမင်လိုက်သော မုဆိုးသည် သမင်ကိုမြင်၍ လေးနှင့်ပစ်ရာ မြားသည် သမင်ကိုထိမှန်ငြားအံ့၊ သမင်သည် ထိုမြားထိမှန်ရာအရပ်၌သာ လဲ၍ သေဆုံးခြင်းသို့ ရောက်၏၊ ထိုအခါ မုဆိုးသည် သမင်ကို ခုတ်ဖြတ်ပိုင်းထစ်၍ အသားတို့ကိုယူပြီး

သားမယားတို့ကို ကျွေးမွေးပြုစု၏၊ အကယ်၍ ပစ်အပ်သောမြားသည် သမင်ကို မထိမှန်ငြားအံ့၊ သမင်သည် ပြေးလေ၍ ထိုအရပ်သို့ တဖန် ပြန်မလှည့်တော့သကဲ့သို့တည်း။

ဤဥပမာ၌ သမင်ကို မြားမှန်ခြင်းကဲ့သို့ ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုး ပေးပုံကို မှတ်အပ်၏။ သမင်ကို မြားမမှန်ခြင်းကဲ့သို့ ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အဟောသိကံအဖြစ်သို့ရောက်၍ အကျိုးမပေးပုံကို မှတ်အပ်၏။

ဥပပဇ္ဇဝေဒနီယကံ အကျိုးပေးပုံ

ဒါန၊ သီလအစရှိသော ပုညကြိယဝတ္ထု ၁၀-ပါး၊ ပါဏာတိပါတ အစရှိသော အကုသိုလ်ကမ္မပထတရား ၁၀-ပါးဟုဆိုအပ်သော အကျိုး ကိစ္စကို ပြီးစေတတ်သော သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယကံ မည်၏။

ထိုဥပပဇ္ဇဝေဒနီယကံသည် ပစ္စုပ္ပန်ဘဝမှ အခြားမဲ့သော အတ္တဘော၌ အကျိုးကိုပေး၏။ ထိုသတ္တမဇောစေတနာဟုဆိုအပ်သော ဥပပဇ္ဇဝေဒနီယ ကံကို—

ကုသိုလ်အတို၌–ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့်တကွဖြစ်သော ပဌမဈာန်နှင့်ယှဉ်သောကုသိုလ်၊

ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့် တကွ ဖြစ်သော ဒုတိယဈာန်နှင့်ယှဉ်သောကုသိုလ်၊

သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သော တတိယဈာန်နှင့် ယှဉ်သောကုသိုလ်၊

ဥပေက္ခာ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွ ဖြစ် သော စတုတ္ထဈာန်နှင့်ယှဉ်သော ကုသိုလ်၊

အာကာသာနဉ္စာယတနဈာန်နှင့် ယှဉ်သောကုသိုလ်၊

ဝိညာဏဉ္စာယတနဈာန်နှင့် ယှဉ်သော ကုသိုလ်၊

အာကိဉ္စညာယတနစျာန်နှင့် ယှဉ်သော ကုသိုလ်၊

နေဝသညာနာသညာယတနစျာန်နှင့်ယှဉ်သော ကုသိုလ်-ဟု ဆိုအပ်သော ရှစ်ပါးသော သမာပတ်၏အစွမ်းဖြင့် သိအပ်၏။

အကုသိုလ်အဘို့၌—

အမိကိုသတ်ခြင်း၊

အဘကိုသတ်ခြင်း၊

ရဟန္တာကိုသတ်ခြင်း၊

ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုခြင်း၊

သံဃာကိုသင်းခွဲခြင်းတို့၏ အစွမ်းဖြင့် သိအပ်၏။

ထိုကုသိုလ်ကံ, အကုသိုလ်ကံနှစ်မျိုးတို့တွင် သမာပတ်ရှစ်ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် တခုသော သမာပတ်ကြောင့် ဗြဟ္မာပြည်၌ ဖြစ်အံ့၊ ကြွင်းသော သမာပတ်တို့သည် အဟောသိကံ အဖြစ်သို့ ရောက်ကုန်၏၊ အကျိုးမပေးကုန်။

ပဉ္စာနန္တရိယကံ ငါးပါးကို ပြုသောသူသည် တခုသော ပဉ္စာနန္တရိယကံကြောင့် ငရဲ၌ဖြစ်အံ့၊ ကြွင်းသော ပဉ္စာနန္တရိယကံတို့သည် အဟောသိကံ အဖြစ်သို့ ရောက်ကုန်၏၊ အကျိုးမပေးကုန်။

ဤဥပပဇ္ဇဝေဒနီယကံ၏ အကျိုးပေးရာကိုလည်း ရှေး၌ ပြဆိုအပ်ပြီးသော ဥပမာဖြင့်သာလျှင် သိအပ်၏။

အပရာ ပရိယာယ ဝေဒနီယကံ အကျိုးပေးပုံ

အလယ်ဇော ငါးခု စေတနာသည် အပရာပရိယာယဝေဒနီယကံ မည်၏၊ ကိုအပရာပရိယာယဝေဒနီယကံသည် အနာဂတ်ကာလ၌ အကျိုးပေးရန် အခွင့်ကိုရ၏၊ ထိုအခါ၌ အကျိုးကိုပေး၏။ သံသရာ မဆုံးသေးသမျှ အဟောသိကံ အဖြစ်သို့ မရောက်ဟူလို။

ခွေးမုဆိုးဥပမာ

ဤ အပရာပရိယာယဝေဒနီယကံကို ခွေးမုဆိုးဥပမာဖြင့် သိအပ်၏။

ခွေးမုဆိုးသည် သမင်ကိုမြင်၍ ခွေးကို လွှတ်အပ်သည်ရှိသော် ခွေးသည် သမင်နောက်သို့ အစဉ်အတိုင်းလိုက်၍ အကြင်အရပ်၌ မှီပြီးအံ့၊ ထို မှီရာ အရပ်၌သာလျှင် သမင်ကို ကိုက်ခဲရာသကဲ့သို့ ဤအပရာပရိယာယဝေဒနီယကံသည် အကြင်ဘုံဘဝဌာန၌ အကျိုးပေးရန် အခွင့်ကိုရ၏၊ ထိုဘုံဘဝဌာန၌သာလျှင် အကျိုးကိုပေး၏၊ ထိုအပရာပရိယာယ ဝေဒနီယကံမှ လွတ်သော သတ္တဝါမည်သည် မရှိဟူလို။

၄။ ယဂ္ဂရုကံ

ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော လေးသောကံ, ပေါ့သောကံတို့တွင် အကြင်ကံသည် လေး၏၊ ထိုကံသည် ယဂ္ဂရုကံမည်၏။ ထိုကံကို–

ကုသိုလ်အဘို့၌ မဟဂ္ဂုတ်ကံ-ဟူ၍ သိအပ်၏။

အကုသိုလ်အဘို့၌—

အမိကိုသတ်ခြင်း၊

အဖကိုသတ်ခြင်း၊

ရဟန္တာကိုသတ်ခြင်း၊

ဘုရားရှင်အား သွေးစိမ်းတည်အောင် ပြုခြင်း၊

သံဃာကိုသင်းခွဲခြင်း-ဟူသောပဉ္စာနန္တရိယကံ၏အစွမ်းဖြင့် သိအပ်၏။

ထိုလေးသောကံ (ယဂ္ဂရုကံ) ရှိခဲ့သော် ကြွင်းကုန်သော ကုသိုလ်ကံ အကုသိုလ်ကံတို့သည် အကျိုးပေးခြင်းငှါ မစွမ်းနိုင်ကုန်။

ထိုနှစ်ပါးသော ကုသိုလ်ဂရုက - ကံ, အကုသိုလ်ဂရုက-ကံ သည်သာ ပဋိသန္ဓေကျိုးကို ပေး၏။ မုန့်ညင်းစေ့ ပမာဏရှိသော ကျောက်စရစ်ခဲ

သံတွေခဲကို ရေအိုင်၌ ထည့်အပ်သည်ရှိသော် ရေအပြင်၌ ပေါ်ခြင်းငှါ မစွမ်းနိုင်၊ ရေ၏အောက်သို့သာ မြုပ်သွားသကဲ့သို့ ဤအတူပင်လျှင် ကုသိုလ်ကံ, အကုသိုလ်ကံ၌ အကြင်ကံသည် လေး၏၊ ထိုလေးသော ကံသည်သာ အကျိုးပေး၏။

၃။ ယဗ္ဗဟုလကံ

ကုသိုလ်ကံ, အကုသိုလ်ကံတို့တွင် အကြင်ကံသည် များ၏၊ ထိုကံသည် ယဗ္ဗဟုလကံ မည်၏။ ထိုကံကို ရှည်စွာသောညဥ့်တို့ပတ်လုံး ရအပ်သော အာသေဝနပစ္စည်း၏ အစွမ်းဖြင့် သိအပ်၏။

(တနည်း) ကုသိုလ်ကံတို့တွင် အကြင်ကံသည် ရှင်လန်းဝမ်းမြောက်ခြင်းကို ပြုတတ်၏၊ ထိုကံသည် ယဗ္ဗဟုလကံ မည်၏။

အကုသိုလ်ကံတို့တွင် အကြင်ကံသည် ပူပန်ခြင်း ထိတ်လန့်ခြင်းကို ပြုတတ်၏၊ ထိုကံသည် ယဗ္ဗဟုလကံ မည်၏။

ထို ယဗ္ဗဟုလကံသည် ဥပမာအားဖြင့်—

လက်ဝှေ့သမားနှစ်ယောက်တို့သည် လက်ဝှေ့ထိုးသတ်ရန် စင်မြင့်ပေါ်သို့ ရောက်ကုန်သည်ရှိသော် အကြင်လက်ဝှေ့သမား တယောက်သည် အားခွန်ဗလနှင့်ပြည့်စုံ၏၊ ထိုအားခွန်ဗလနှင့် ပြည့်စုံသော လက်ဝှေ့သမားသည် အားနည်းသော အားခွန်ဗလနှင့် မပြည့်စုံသော တယောက်သောလက်ဝှေ့သမားကို အလဲ ထိုးသတ်၍သွားသကဲ့သို့ ဤအတူသာလျှင် အကြင်ကံသည် အာသေဝန၏ အစွမ်းဖြင့်လည်း များ၏။ အာသန္န၏ အစွမ်းဖြင့်လည်း အားကြီး၏၊ ထိုကံသည် အားနည်းသော ကံကို လွှမ်းမိုး၍ အကျိုးပေး၏။ ဒုဋ္ဌဂါမဏိအဘယမင်း၏ ကံကဲ့သို့ မှတ်အပ်၏။

ဒုဋ္ဌဂါမဏိ အဘယမင်း ဝတ္ထု

ဒုဋ္ဌဂါမဏိအဘယမင်းသည် စူဠင်္ဂဏိယ စစ်ပွဲ၌ ရှုံးသဖြင့် မြင်းမကို စီး၍ ထွက်ပြေးခဲ့ရာ အလုပ်အကျွေးဖြစ်သော တိဿအမတ်တယောက်သာ

နောက်က ပါလာခဲ့၏၊ တခုသော တောအုပ်သို့ဝင်၍ နေကြသည်ရှိသော် ဆာလောင်မွတ်သိပ်လှသဖြင့် ညီငယ် တိဿ ငါသည် အလွန်ဆာလောင်မွတ်သိပ်၏၊ အဘယ်သို့ ပြုကုန်အံ့နည်း-ဟု မိန့်ဆိုသောအခါ 'အရှင်မင်းကြီး ကျွန်တော်မျိုးသည် ပုဆိုးကြားနှ်ထား၍ တခုသောရွှေခွက်ငယ်ဖြင့် ထည့်၍ ဆောင်ခဲ့သော ထမင်းရှိပါ၏'-ဟု လျှောက်၏၊ ထိုသို့ဖြစ်လျှင် ယူခဲ့လော့-ဟု မိန့်၏။

တိဿအမတ်သည် ပုဆိုးကြားမှထုတ်၍ မင်း၏ ရှေ့မှော်က်၌ ထား၏၊ မင်းသည်ကြည့်၍ တိဿ လေးပုံ ပုံလော့-ဟု မိန့်၏၊ မင်းကြီး ကျွန်ုပ်တို့ သုံးယောက်သာ ဖြစ်လျက် အဘယ်ကြောင့် လေးပုံ-ပုံရ အံ့နည်း-ဟု လျှောက်ထားသော် ညီငယ်တိဿ အကြင်အခါမှစ၍ ငါသည် မိမိကိုယ်ကို ဆင်ခြင်အောက်မေ့၏၊ ငါသည် အရှင်ကောင်း အရှင်မြတ်တို့အား မပေးလှူမူ၍ အာဟာရကို သုံးဆောင်ဘူးသည် မည်သည်မရှိ (မသုံးဆောင်စဘူး)၊ ယခုအချိန်မှာလဲ ငါသည် အရှင်ကောင်း အရှင်မြတ်တို့အား မပေး မလှူဒါန်းပဲ မသုံးဆောင်အံ့-ဟု မိန့်၏၊ တိဿသည် လေးပုံ ပြု၏။

မင်းသည်အခါကို ကြွေးကြော်ပါလော-ဟု မိန့်ဆိုသော် မင်းကြီး လူအများ စွန့်အပ်သော တော၌ အရှင်ကောင်း အရှင်မြတ်တို့ကို အဘယ်မှ ရကုန်ပါအံ့နည်း-ဟု လျှောက်၏။ 'အရှင်ကောင်း အရှင်မြတ်တို့ကို ရခြင်း, မရခြင်းသည် သင်၏တာဝန် မဟုတ်၊ ငါ့အား သဒ္ဓါတရားသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ အရှင်ကောင်း အရှင်မြတ်တို့ကို ရအံ့၊ ရဲရဲတင်းတင်းသာ အခါကို ကြွေးကြော်ပါလော့'-ဟု မိန့်ဆို၏၊ တိဿသည် 'အရှင်ဘုရားတို့ အချိန်တန်ပါပြီ၊ အရှင်ဘုရားတို့ အချိန်တန်ပါပြီ'ဟု သုံးကြိမ်ကြွေးကြော်သံကို ပြု၏။

ထိုအခါ၌ တိဿ၏ ကြွေးကြော်သံကို ဗောဓိမာတုမဟာတိဿထေရ်သည် ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြား၍ ဤအသံသည် အဘယ်အရပ်၌ ဖြစ်လေသနည်း-ဟု ဆင်ခြင်လတ်သော် ဒုဋ္ဌဂါမဏိအဘယမင်းသည် စစ်

ရှုံးသဖြင့် တောအရပ်၌ဝင်၍ ပုန်းအောင်နေခိုက် တခုသော ထမင်းအဖို့ကို မသုံးဆောင်မူ၍ လှူအံ့သောငှါ ကြွေးကြော်သော အသံပေတည်း-ဟု သိ၍ ယနေ့ ငါသည် မင်းအား ချီးမြှောက်ခြင်းငှါသင့်၏-ဟု စိတ်၏သွားခြင်းဖြင့် ကြွလာ၍ မင်း၏ရှေ့၌ ရပ်လေ၏။

မင်းသည် မထေရ်ကို မြင်လတ်သော် ကြည်ညိုသောစိတ်ဖြစ်၍ ညီငယ် တိဿ ကြည့်လော့-ဟု ပြောဆိုကာ မထေရ်ကို ရှိသေစွာရှိခိုးပြီး အရှင်ဘုရား သပိတ်ကို ပေးသနားတော်မူပါ-ဟု လျှောက်၏၊ မထေရ်သည် သပိတ်ကို မင်းအား ပေးလိုက်၏၊ မင်းသည် မိမိသုံးဆောင်ရန်ထားအပ်သော အဖို့နှင့်တကွ မထေရ်အား လှူရန်ထားအပ်သော အဖို့ကို သပိတ်၌ ထည့်ပြီ၊ 'အရှင်ဘုရား ဆာလောင်မွတ်သိပ်ခြင်းကြောင့် ပင်ပန်းခြင်း မဖြစ်ပါစေသတည်း'-ဟု ဆုတောင်း၍ မထေရ်ကို ရှိခိုးပြီး ရပ်တည်နေ၏။

တိဿအမတ်သည်လည်း ငါ၏ အရှင်မျက်မှောက်၌ ငါသည် စားခြင်းငှါ မသင့်တော်-ဟုကြံ၍ မိမိ၏ အဖို့ဖြစ်သော ထမင်းကိုလည်း မထေရ်၏ သပိတ်၌သာ ထည့်၍လှူဒါန်း၏။

မြင်းမသည်လည်း ငါ၏ အဖို့ဖြစ်သော ထမင်းကို မထေရ်အားသာလျှင် လှူဒါန်းခြင်းငှါ သင့်၏-ဟု အကြံ ဖြစ်၏၊ မင်းသည် မြင်းမကို ကြည့်၍ ဤမြင်းမသည်လည်း မိမိ၏အဖို့ဖြစ်သော ထမင်းကို မထေရ်၏ သပိတ်၌ ထည့်ခြင်းကို တောင့်တ၏ ဟု သိ၍ ထိုမြင်းမ၏ အဖို့ဖြစ်သော ထမင်းကိုလည်း မထေရ်၏ သပိတ်၌သာ ထည့်ပြီး မထေရ်ကို ရှိခိုးပြီးလျှင် ပြန်ကြွစေ၏။

မထေရ်သည် ထိုဆွမ်းကို ယူ၍ ကြွသွားပြီးလျှင် ရဟန်းသံဃာတော် မြတ်အပေါင်းအား တလုပ်စာ တလုပ်စာသော ဆွမ်းကို ပေးလှူ၏။

မင်းကြီးသည်လည်း ငါသည် အလွန်ဆာလောင်မွတ်သိပ်၏၊ အရှင်မြတ်သည် အကြွင်းအကျန်ဖြစ်သော ထမင်းတို့ကို အကယ်၍များ ပြန့်ပို့

လျှင် ကောင်းပေစွ-ဟု ကြံစည်၍ နေ၏၊ မထေရ်သည် မင်း၏စိတ်အကြံကို သိ၍ သုံးဆောင်ပြီးသည်မှ ကြွင်းသောထမင်းကို မင်းနှင့်တကွ သုံးဦးသားတို့ မျှလောက်ရုံပြု၍ သပိတ်ကို ကောင်းကင်သို့ ပစ်လွှတ်လိုက်၏။ သပိတ်သည် ကောင်းကင်ခရီးဖြင့်လာ၍ မင်း၏လက်၌ တည်၏၊ သပိတ်၌ပါသောထမင်းသည် မင်းနှင့်တကွ သုံးဦးသားတို့ အလိုရှိတိုင်း သုံးဆောင်ခြင်းငှါ ဖြစ်၏။

ထမင်းသုံးဆောင်ပြီးသောအခါ မင်းသည် သပိတ်ကိုဆေးပြီး သပိတ်ချည်းသက်သက် ပြန်မပို့အံ့-ဟု ကြံ၍ မိမိ၏ အပေါ်ရုံပုဆိုးကို ချွတ်၍ သပိတ်ကို ရေစင်အောင်သုတ်ပြီး ပုဆိုးကို သပိတ်ထဲ၌ ထည့်၍ သပိတ်သည် သွား၍ ငါ၏အရှင်ဖြစ်သော မထေရ်၏လက်၌ တည်စေသတည်း-ဟု ကြံ၍ ကောင်းကင်သို့ ပစ်လွှတ်၏၊ သပိတ်သည် ကောင်းကင်ခရီးဖြင့် သွား၍ မထေရ်၏လက်၌ တည်လေ၏။

နောက်အဖို့၌ မင်းကြီးသည် မြတ်စွာဘုရား၏ သရီရဓာတ်တော် ရှစ်ဖို့တဖို့ကို ဌာပနာ၍ အတောင် ၁၂၀-ရှိသော မဟာစေတီကို တည်၏၊ စေတီမပြီးဆုံးမီ သေဆုံးဘို့ရန် အချိန်သို့ ရောက်လာ၏၊ ထိုသို့ သေဆုံးရန် အချိန်ရောက်၍ မဟာစေတီ၏ တောင်ဘက်၌ လျောင်းစက်၍ နေ၏။

ရဟန်း သံဃာတော်များသည် နိကာယ်ငါးရပ်၏ အစွမ်းဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို ပြုလတ်သော် နတ်ပြည်ခြောက်ထပ်မှ နတ်ရထားခြောက်စင်းတို့သည် လာ၍ ကောင်းကင်၌ တည်ကုန်၏။

မင်းကြီးသည် ကောင်းမှုပေစာထုပ်ကို ယူခဲ့ကြကုန်-ဟု မိန့်ဆိုပြီး အစမှ စပြီး ကောင်းမှုစာရင်းကို ဖတ်ကြားစေ၏၊ ထိုသို့ ဖတ်ကြားစေသောအခါ မင်းကြီးကို တစုံတခုသော ကုသိုလ်ကောင်းမှုကသည် နှစ်သက် ရွှင်လန်း ဝမ်းမြောက်ခြင်းကို မဖြစ်စေနိုင်၊ မင်းကြီးသည် နောက်သို့ ဆက်ဖတ်ရန် မိန့်ဆိုသောအခါ ကောင်းမှုပေစာထုပ်ကို ဖတ်သောသူသည် မင်းကြီး သင်မင်းကြီးသည် စူဠင်္ဂဏိယစစ်ပွဲ၌ ရှုံးသဖြင့် ပေါ့အုပ်သို့ဝင်၍ ပုန်းရှောင်နေစဉ် တခုသော ရွှေခွက်ယယ်ဖြင့် ထည့်

အပ်သော ထမင်းကို လေးဖို့ပြု၍ ဗောဓိမာတု မဟာတိဿထေရ်အား ဆွမ်းကို ပေးလှူအပ်ပြီ-ဟု ဖတ်ကြား၏။

မင်းကြီးသည် ရပ်လော - ဟု ဆို၍ ရဟန်း သံဃာတော်ကို အရှင်ဘုရားတို့ အဘယ်နတ်ပြည်သည် မွေ့လျော်ဘွယ်ရာ ကောင်းပါသနည်း-ဟု မေးလျှောက်၏၊ မင်းကြီး ခပ်သိမ်းသော ဘုရားလောင်းတို့၏ နေရာဖြစ်သော တုသိတာနတ်ဘုံသည် မွေ့လျော်ဘွယ်ရာ ဖြစ်၏-ဟု မိန့်သောအခါ မင်းကြီးသည် သေခြင်းကိုပြု၍ တုသိတာဘုံမှလာသော ရထား၌သာ တည်၍ တုသိတာဘုံသို့ သွားပြီ။

ဤဆိုအပ်ပြီးသည်ကား အားကြီးသောကံ၏ အကျိုးပေးရာ၌ ဝတ္ထုတည်း။

၆။ ယဒါသန္တကံ

ကုသိုလ်, အကုသိုလ်ဖြစ်ကုန်သော ကံတို့တွင် အကြင် ကံသည် သေခါနည်းသောအခါ၌ အောက်မေ့ခြင်းငှါ စွမ်းနိုင်၏၊ ထိုကံသည် ယဒါသန္တကံမည်၏။

ထို ယဒါသန္တကံသည် ဥပမာအားဖြင့် နွားအပေါင်းဖြင့် ပြည့်သော နွားခြံ၏တံခါးကို ဖွင့်အပ်သည်ရှိသော် နောက်အဖို့၌ ဆုံးမထိုက်သောနွား, အားခွန်ဗလနှင့် ပြည့်စုံသောနွားတို့သည် ရှိကုန်သော်လည်း အကြင် နွားသည် နွားခြံတံခါးအနီး၌ နေ၏၊ ယုတ်စွအဆုံး အားနည်းသော နွားအိုပင် ဖြစ်သော်လည်း ခြံတံခါးနှင့် နီးအံ့၊ ထိုနွားခြံတံခါးနှင့် နီးသော နွားသာလျှင် ရှေးဦးစွာ ခြံ၏အပြင် ထွက်ရာသကဲ့သို့ ဤအတူသာလျှင် တပါးကုန်သော ကုသိုလ်ကံ, အကုသိုလ်ကံတို့သည် ရှိကုန်သော်လည်း သေခါနီးသည်၏ အဖြစ်ကြောင့် အကျိုးပေး၏။

ဒမိဠတံခါးစောင့် ဝတ္ထု

ထိုယဒါသန္နက်-၌ ဤသို့ဆိုလတ္တံ့သည်ကား ဝတ္ထုတည်း။

မဓုအင်္ဂဏရွာ၌ ဒမိဠမည်သော တံခါးစောင့်သည် မနက်စောစော ကပင် ငါးများချိတ်ကိုယူ၍ သွားပြီး ငါးတို့ကိုသတ်၍ သုံးပုံ ပုံပြီးလျှင် တဖို့ဖြင့် ဆန်ကိုဝယ်၏၊ တဖို့ဖြင့် နို့ဓမ်းကို ဝယ်၏၊ တဖို့ကို ချက်စား၏၊ ဤနည်းဖြင့် အနှစ်ငါးဆယ် (၅၀) တိုင်တိုင် သူ့အသက်သတ်ခြင်း အမှုကို ပြု၏၊ နောက်အဖို့၌ အသက်ကြီးသည်ဖြစ်၍ မထနိုင်သော အိပ်ခြင်းသို့ ရောက်လေ၏။

ထိုအခါ၌ ဂိရိဝိဟာရ၌နေသော စူဠပိဏ္ဍပါတိကတိဿထေရ်သည် ဤသတ္တဝါသည် ငါထင်ရှားရှိစဉ် မပျက်စီးသင့်-ဟုကြံ၍ ကြွသွားပြီ၊ ထိုဒမိဠမည်သော တံခါးစောင့်၏ အိမ်တံခါး၌ ရပ်၏။

ထိုအခါ ဒမိဠမည်သော တံခါးစောင့်၏ မယားသည် အရှင် မထေရ်သည် ကြွလာ၏-ဟု ပြောကြား၏၊ ငါသည် အနှစ် (၅၀) တို့ပတ်လုံး မထေရ်၏ အထံသို့ မသွားစဘူး (မရောက်ဘူးပေ)၊ အဘယ်မည်သော ငါ၏ ဂုဏ်ကျေးဇူးကြောင့် မထေရ်သည် ကြွလာဘိသနည်း (ကြွလာပါလိမ့်)၊ ထိုမထေရ်ကို ကြွပါလော-ဟု မယားအား လျှောက်ထားခိုင်းလိုက်၏၊ မယားသည် အရှင်ဘုရား ကြွတော်မူပါ-ဟု လျှောက်၏။

မထေရ်သည် 'ဥပါသကာ ကိုယ်၏ဖြစ်ခြင်းသည် အဘယ်သို့နည်း'ဟု မေး၏၊ 'အရှင်ဘုရား အားနည်း၏'-ဟု လျှောက်၏၊ မထေရ်သည် အိမ်တွင်းသို့ဝင်၍ သတိကိုဖြစ်စေပြီး သင်သည် သီလကို ယူအံ့လော-ဟု မိန့်ဆိုသောအခါ အရှင်ဘုရား ယူပါအံ့ ပေးတော်မူပါ-ဟု လျှောက်၏၊ မထေရ်သည် သရဏဂုံကို ပေးပြီး၍ ငါးပါးသီလကို ပေးခြင်းငှါ အား ထုတ်၏၊ ထိုဥပါသကာအား ငါးပါးသီလဟု ဆိုသောအခါ၌သာလျှင် လျှာသည် ပြတ်ကျ၏၊ ခိုင်ခြင်းသို့ ရောက်၏၊ မထေရ်သည် ဤမျှဖြင့် တော်သင့်ပြီ-ဟု အိမ်မှဖဲ၍ ကြွသွားလေ၏။

ထို ဥပါသကာသည်လည်း သေလွန်၍ စာတုမဟာရာဇ်နတ်ဘုံ၌ ဖြစ်လေ၏၊ နတ်ဘုံ၌ ဖြစ်သော ခဏ၌သာလျှင် 'ငါသည် အဘယ်မည်သောကံကို ပြုခဲ့၍ ဤစည်းစိမ်ချမ်းသာကို ရရှိခံစားအပ်သနည်း'-ဟု ဆင်ခြင်လတ်သော် မထေရ်ကို အမှီပြု၍ ရအပ်သော အဖြစ်ကိုသိ၍ နတ်ပြည်မှ လာ၍ မထေရ်ကို ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်သောနေရာ၌ ရပ်၍ နေ၏၊ 'ဤ ရပ်၍နေသောသူသည် အဘယ်သူဖြစ်သနည်း'-ဟု မေးလတ်သော် 'အရှင်ဘုရား တပည့်တော် ဒမိဠတံခါးစောင့်ပါဘုရား'-ဟု လျှောက်၏၊ သင်သည် အဘယ်အရပ်၌ ဖြစ်သနည်း-ဟု မေးသောအခါ အရှင်ဘုရား တပည့်တော် စာတုမဟာရာဇ်နတ်ဘုံ၌ ဖြစ်ပါသည်-ဟု လျှောက်၏၊ အရှင်ဘုရားသည် တပည့်တော်အား ငါးပါးသီလတို့ကို အကယ်၍ပေးအံ့ အထက်နတ်ပြည်၌ ဖြစ်ရာ၏ ဟု လျှောက်၏။ ငါသည် အဘယ်သို့ ပြုနိုင်အံ့နည်း၊ ချစ်သား သင်သည် ငါပါးသီလကို ယူခြင်းငှါ မစွမ်းနိုင်၊ ဤသို့ မိန့်ဆိုသောအခါ ထိုနတ်သားသည် မထေရ်ကို ရှိခိုး၍ နတ်ပြည်သို့သာလျှင် ပြန်သွားလေ၏။

ဤဆိုအပ်ပြီးသည်ကား ကုသိုလ် ယဒါသန္နကံ အကျိုးပေးရာ၌ ဝတ္ထုတည်း။

မဟာဝါစကာလဥပါသကာ ဝတ္ထု

ဂင်္ဂါမြစ်၏အနီး၌ မဟာဝါစကာလမည်သော ဥပါသကာတယောက်သည် ရှိ၏၊ ထို ဥပါသကာသည် နှစ်သုံးဆယ်တိုင်တိုင် သောတာပတ္တိမဂ်အကျိုးငှါ ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို စီးဖြန်း သရဇ္ဈာယ်ပြီး၍ ဤသို့ ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို စီးဖြန်း သရဇ္ဈာယ်သော ငါသည် နိမိတ်အရောင်မျှကိုသော်လည်း ဖြစ်စေခြင်းငှါ မစွမ်းနိုင်ပြီ၊ မြတ်စွာဘုရားသာသနာတော်သည် ဝဋ်မှ မထွက်မြောက်စေနိုင်သည်ဖြစ်လတ္တံ့-ဟု အယူဖောက်ပြန်ခြင်းသို့ရောက်၍ သေခြင်းသို့ ရောက်လတ်သော် မဟာဂင်္ဂါ၌ ကိုးဥသဘရှိသော မိချောင်း-ပြိတ္တာ ဖြစ်၏။

တနေ့သောအခါ ကစ္ဆက ဆိပ်ဖြင့် ကျောက်တိုင်တိုက်သော လှည်းအစီး ခြောက်ဆယ်တို့သည် သွားကုန်၏၊ ထိုမိချောင်း-ပြိတ္တာသည် ထိုအလုံးစုံသော လှည်း နွား လူ ကျောက်တို့ကို စား၏။

ဤဆိုအပ်ပြီးသည်ကား အကုသိုလ် ယဒါသန္နကံ အကျိုးပေးရာ၌ ဝတ္ထုတည်း။

၇။ ကဋတ္တာကံ

ဤဆိုအပ်ပြီးသော ယဂ္ဂရုကံ, ယဗ္ဗဟုလကံ, ယဒါသန္နကံ-သုံးပါးတို့မှလွတ်သော ဉာဏ်မယှဉ်သည်၏ အစွမ်းဖြင့် ပြုအပ်သောကံသည် ကဋတ္တာကံ မည်၏။

ထိုကဋတ္တာကံသည် ဥပမာအားဖြင့် သူရူးသည် ပစ်လွှတ်အပ်သော ဒုတ် တောင်ဝှေးသည် အကြောင် အမှတ်မရှိ တစုံတခုသောအရပ်သို့ သွားသကဲ့သို့ ဤအတူသာလျှင် ယဂ္ဂရုကံ, ယဗ္ဗဟုလကံ, ယဒါသန္နကံတို့ မရှိခဲ့သော် အကြောင် အမှတ်မရှိ တစုံတခုသောဘဝ၌ ပဋိသန္ဓေတို့ကို ဖြစ်စေခြင်း၏ အစွမ်းဖြင့် အကျိုးပေး၏။

၈။ ဇနကကံ

ဇနကကံသည် တခုသော ပဋိသန္ဓေကို ဖြစ်စေ၍ ပဝတ္တိအကျိုးကို မဖြစ်စေ။ ပဝတ္တိအခါ တပါးသော ကံသည် အကျိုးကို ဖြစ်စေ၏။

ဥပမာသော်ကား—အမိသည် သားကို မွေးဖွားစေရုံသာတည်း၊ နို့ထိန်းသည်သာ အရွယ်ရောက်သည့်တိုင် ကြီးပွါးအောင် စောင့်ရှောက်ကြည့်ရှု မွေးမြူသည်သာတည်း။ ဤဥပမာ အတူသာလျှင် အမိကဲ့သို့ ပဋိသန္ဓေကို ဖြစ်စေတတ်သော ဇနကကံ, နို့ထိန်းကဲ့သို့ ပဝတ္တိအခါ၌ ရောက်သောကံ တူပုံကိုမှတ်။

၉။ ဥပတ္ထမ္ဘကကံ

ဥပတ္ထမ္ဘကကံကို ကုသိုလ်၌ရှင်း, အကုသိုလ်၌ရှင်း ရအပ်၏။

ထင်စွာပြဦးအံ့ — အချို့သောသူသည် ကုသိုလ်ကိုပြု၍ သုဂတိဘုံ၌ ဖြစ်၏၊ ထိုသူသည် ထိုသုဂတိဘုံ၌ပင် အဖန်တလဲလဲ ကုသိုလ်ကိုပြု၍ ထို ကုသိုလ်ကံ ထောက်ပံ့၍ များစွာသော နှစ်အရာအထောင်တို့တိုင်အောင် သုဂတိဘုံ၌သာလျှင် ကျင်လည်ရ၏။

အချို့သောသူသည် အကုသိုလ်ကိုပြု၍ ဒုဂ္ဂတိဘုံ၌ ဖြစ်၏၊ ထိုသူသည် ထိုဖြစ်သော ဒုဂ္ဂတိဘုံ၌ အဖန်တလဲလဲ အကုသိုလ်ကိုပြု၍ ထိုအကုသိုလ်ကံ သည် ထောက်ပံ့၍ များစွာသော နှစ်အရာအထောင်တို့တိုင်အောင် ဒုဂ္ဂတိ ဘဝ၌သာလျှင် ကျင်လည်ရ၏။

နည်းတပါးကို ဆိုဦးအံ့—ဇနကကံသည် ကုသိုလ်လည်းဖြစ်၏၊ အကု သိုလ်လည်းဖြစ်၏။ ထိုကုသိုလ် အကုသိုလ် ဖြစ်သော ဇနကကံသည် ပဋိသန္ဓေအခါ၌ရှင်း, ပဝတ္တိအခါ၌ရှင်း ရုပ်ဖြစ်သော အကျိုးခန္ဓာ, နာမ် ဖြစ်သော အကျိုးခန္ဓာကို ဖြစ်စေ၏။

ဥပတ္ထမ္ဘကကံသည် အကျိုးကိုဖြစ်စေခြင်းငှါ မစွမ်းနိုင်၊ တပါးသော ကံသည် ပဋိသန္ဓေကို ပေးအပ်သည်ရှိသော် အကျိုးကို ဖြစ်စေအပ်သည် ရှိသော် ဖြစ်လတ္တံ့သော ချမ်းသာဆင်းရဲကို ထောက်ပံ့၏၊ ရှည်မြင့်စွာ သောကာလပတ်လုံး ထောက်ပံ့ခြင်းကို ဖြစ်စေ၏။

၁၀။ ဥပပီဠကကံ

ဥပပီဠကကံသည် တပါးသော ကံသည် ပဋိသန္ဓေကို ပေးအပ်သည် ရှိသော် အကျိုးကိုဖြစ်စေအပ်သည်ရှိသော် ဖြစ်လတ္တံ့သော ချမ်းသာ ဆင်းရဲကို နှိပ်စက်၏၊ ရှည်မြင့်စွာသော ကာလပတ်လုံး ဖြစ်စေခြင်းငှါ မပေး။

ထိုဥပပီဠကကံ၌ ဤဆိုလတ္တံ့သောနည်းကို သိအပ်၏။

ကုသိုလ်ကံသည် အကျိုးပေးသော် အကုသိုလ်ကံသည် နှိပ်စက်၍ ထို ကုသိုလ်ကံ၏ အကျိုးပေးခြင်းငှါ အခွင့်ကိုမပေး၊ အကုသိုလ်ကံသည် အကျိုးပေးသော် ကုသိုလ်ကံသည် နှိပ်စက်၍ ထို အကုသိုလ်ကံ၏ အကျိုး ပေးခြင်းငှါ အခွင့်ကိုမပေး။

ဥပမာသော်ကား — ကြီးပွါးလတ္တံ့ဖြစ်သော သစ်ပင်ကိုရင်း, ခြုံကို ရင်း, နွယ်ကိုရင်း တစုံတယောက်သောသူသည် ဒုတ်ဖြင့်မူလည်း ပုတ်ခတ် ဖျက်ဆီးအံ့၊ ဒါးဖြင့်မူလည်း ခုတ်ဖြတ်ငြားအံ့၊ ထိုအခါ ထိုသစ်ပင် ခြုံနွယ် တို့သည် ကြီးပွါးခြင်းငှါ မစွမ်းနိုင်သကဲ့သို့ ဤဥပမာ အတူသာလျှင် ကုသိုလ်ကံသည် အကျိုးပေးလတ်သော် အကုသိုလ်ကံသည် နှိပ်စက်အပ် သည်ဖြစ်၍ ကုသိုလ်ကံသည် အကျိုးပေးခြင်းငှါ မစွမ်းနိုင်တော့ပေ၊ အကုသိုလ်ကံသည်မူလည်း အကျိုးပေးလတ်သော် ကုသိုလ်ကံသည် နှိပ်စက် အပ်သည်ဖြစ်၍ အကုသိုလ်ကံသည် အကျိုးပေးခြင်းငှါ မစွမ်းနိုင် တော့ပေ။

ထိုအကုသိုလ် ဥပပီဠကကံ, ကုသိုလ် ဥပပီဠကကံ အရာ၌ သုနက္ခတ္တ ရဟန်း၏ အကုသိုလ်ကံသည် ကုသိုလ်ကံကို နှိပ်စက်၏။ ခိုးသူသတ် ယောကျ်ား၏ ကုသိုလ်ကံသည် အကုသိုလ်ကံကို နှိပ်စက်၏။

ဝါတကာဠက ခိုးသူသတ်ယောကျ်ား ဝတ္ထု

ရာဇဂြိုဟ်ပြည်၌ ဝါတကာဠကမည်သော ယောကျ်ားသည် အနှစ် ငါးဆယ်တိုင်တိုင် ခိုးသူသတ်သော အမှုကို ထမ်းဆောင်၏။

ထိုအခါ၌ မင်းအား အရှင်မင်းကြီး ဝါတကာဠကသည် အသက်ကြီး ပြီဖြစ်၍ ခိုးသူတို့ကို သတ်ခြင်းငှါ မစွမ်းနိုင်ပါကုန်-ဟု လျှောက်ထားကြ ကုန်၏၊ ဤသို့ဖြစ်လျှင် ဝါတကာဠကကို ထို ခိုးသူသတ်သော ရာထူးမှ ချထားကုန်-ဟု မိန့်၏။

အမတ်တို့သည် ထို ဝါတကာဠကကို ခိုးသူသတ်ရာထူးမှ ချ၍ တယောက် သောသူကို ခိုးသူသတ်ရာထူး၌ ထားကုန်၏။

ဝါတကာဋ္ဌကသည်လည်း အကြင်မျှလောက်သော နှစ်တို့ပတ်လုံး ထို ခိုးသူသတ်သော အမှုကို ပြု၏၊ ထိုမျှသော နှစ်တို့ပတ်လုံး အဝတ်ပုဆိုး အသစ်တို့ကို ဖုံးလွှမ်း ဝတ်ဆင်ခြင်းငှါရင်း, ကောင်းမွန်သော ပန်းတို့ကို ပန်ဆင်ခြင်းငှါရင်း, နို့ဃနာထမင်းကို စားခြင်းငှါရင်း, ခေါင်းလျှော်ခြင်းငှါရင်း မရခဲ့ချေ။

ထို ဝါတကာဋ္ဌကသည် ငါသည် ရှည်စွာသော နေ့ညဉ့်တို့ပတ်လုံး ညစ်နွမ်းသောအသွင်ဖြင့် သွားလာရ၏၊ ဤသို့ ကြံစည်အောက်မေ့၍ ငါ့အား နို့ဃနာထမင်းကို ချက်ပေးလော့-ဟု မယားအား စေခိုင်းပြီး ရေချိုးစရာ နံ့သာမှုန့်တို့ကို ယူ၍ ရေချိုးဆိပ်သို့သွားကာ ရေချိုးပြီးလျှင် အဝတ်ပုဆိုး အသစ်တို့ကိုဝတ်၍ နံ့သာလိမ်းကာ ပန်းတို့ကို ပန်ဆင်ပြီး အိမ်သို့ ပြန်လာသည်ရှိသော် သာရိပုတ္တထေရ်ကိုမြင်၍ ငါသည် ညစ်နွမ်းသော အလုပ်မှ ကင်းလွတ်၏၊ ငါသည် အရှင်သာရိပုတ္တရာထေရ်ကိုလည်း မြင်အပ်ပြီ-ဟု ရွှင်လန်းနှစ်သက်သော စိတ်ရှိသည်ဖြစ်၍ မထေရ်ကို အိမ်သို့ ပင့်ဆောင်ပြီး အသစ်ဖြစ်သော ထောပတ် သကြားမှုန့်တို့ဖြင့် စီရင်အပ်သော နို့ဃနာဆွမ်းဖြင့် လုပ်ကျွေး၏၊ မထေရ်သည် ထို ဝါတကာဋ္ဌကအား ဆွမ်းအနုမောဒနာ တရားကိုဟော၏။

ထို ဝါတကာဋ္ဌကသည် ဆွမ်းအနုမောဒနာတရားကို ကြားနာ၍ သောတာပတ္တိမဂ်၏ ဤမှာဘက်ဖြစ်သော အနုလောမခန္တီမည်သော ဝိပဿနာဉာဏ်ရ၍ မထေရ်ကိုလိုက်ပို့ပြီး ပြန်လှည့်လာခဲ့စဉ် ခရီးအကြား၌ သားငယ်ရှိသော နွားမသည် နင်း၍ ဝေ့သတ်သဖြင့် အသက်ကုန်ခြင်းသို့ ရောက်၍ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။

ရဟန်းတို့သည် မြတ်စွာဘုရားကို မေးလျှောက်ကုန်၏၊ ‘အရှင်ဘုရား ခိုးသူသတ်သော ယောကျ်ားသည် ယနေ့ပင် ညစ်နွမ်းသော ခိုးသူသတ်သောအမှုမှ ကင်းလွတ်ခဲ့၏၊ယနေ့ပင် သေလွန်ပါ၏၊ အဘယ်အရပ်၌ ဖြစ်ပါသနည်း’-ဟု မေးလျှောက်ကုန်၏၊ ရဟန်းတို့ တာဝတိံသာနတ်ပြည်၌ ဖြစ်၏၊ ဤသို့ မိန့်တော်မူ၏။

အရှင်ဘုရား ခိုးသူသတ်သောသူသည် ရှည်မြင့်စွာသော ညဉ့်တို့ပတ်လုံး ယောကျ်ားတို့ကို သတ်၏၊ မြတ်စွာဘုရားသည်လည်း နတ်ပြည်၌ ဖြစ်၏-ဟု မိန့်ဆိုတော်မူ၏၊ အကုသိုလ်ကံ၏ အကျိုးသည် မရှိယောင် တကား၊ ဤသို့ ပြန်ကြား လျှောက်ထားကုန်၏။

ရဟန်းတို့ ဤသို့ မပြောဆိုကြကုန်လင့်၊ အားကြီးသော ကလျာဏမိတ္တဟူသော မှီရာကို ရ၍ တရားစစ်သူကြီးဖြစ်သော သာရိပုတ္တထေရ်အား ဆွမ်းကိုပေးလှူပြီး ဆွမ်း အနုမောဒနာ တရားကို နာကြားစဉ် သောတာပတ္တိမဂ်၏ ဤမှာဘက် ဖြစ်သော အနုလောမခန္တိမည်သော ဝိပဿနာဉာဏ်ကို ရသောကြောင့် ခိုးသူသတ်သော ယောကျ်ားသည် ထို တာဝတိံသာနတ်ပြည်၌ ဖြစ်ရာ၏-ဟု မိန့်တော်မူလေ၏။

> ကောင်းစွာ ဟောအပ်သော တရားကို ကောင်းစွာကြားနာရသောကြောင့် မြို့၌နေသော ခိုးသူသတ်သော ယောကျ်ားသည် သောတာပတ္တိမဂ်၏ ဤမှာဘက်ဖြစ်သော အနုလောမခန္တိ မည်သော ဝိပဿနာဉာဏ်ကိုရ၍ နတ်ပြည်၌ မွေ့လျော်ရ၏။

၁၁။ ဥပဃာတကကံ

ဥပဃာတကကံသည်ကား—မိမိသည် ကုသိုလ် အကုသိုလ် ဖြစ်လျက် တပါးသော အားနည်းသောကံကိုဖြတ်၍ ထိုအားနည်းသောကံ၏ အကျိုးပေးခြင်းကို တားမြစ်၍ မိမိ၏ အကျိုးပေးရန် အခွင့်ကို ပြု၏၊ ဤသို့ ဥပဃာတကကံသည် အကျိုးပေးရန် အခွင့်ပြုအပ်သည်ရှိသော် ထိုဥပဃာတကကံသည် အကျိုးပေးခြင်းကို ဖြစ်စေသည်မည်၏-ဟု ဆိုအပ်၏။

ဥပစ္ဆေဒကကံ ဟူသည်လည်း ထိုဥပဃာတကကံ၏ အမည်ပင်ဖြစ်၏။

ထို ဥပဃာတကကံ၌ ဤနည်းကို သိအပ်၏–ကုသိုလ်ကံအကျိုးပေးသောအခါ၌ တခုသော အကုသိုလ်ကံသည် ထ၍ ထိုကုသိုလ်ကံကိုဖြတ်၍ ကျစေ၏၊ အကုသိုလ်ကံ အကျိုးပေးသောအခါ၌လည်း တခုသောကုသိုလ်ကံသည် ထ၍ ထိုအကုသိုလ်ကံကို ဖြတ်၍ ကျစေ၏။

ဤကံအည် ဥပစ္ဆေဒကကံမည်၏၊ ထိုဥပစ္ဆေဒကကံအရာ၌ အဇာတသတ်မင်း၏ကံသည် ကုသိုလ်ကိုဖြတ်သော ဥပစ္ဆေဒကကံဖြစ်၏၊ အင်္ဂုလိမာလထေရ်၏ကံသည် အကုသိုလ်ကို ဖြတ်သော ဥပစ္ဆေဒကကံ ဖြစ်၏။

ဤကား ကံ ၁၁-ပါး အကျိုးပေးပုံတည်း။

မြန်မာစာသည် ပါဠိဘာသာကို အမှီပြု၍ ရေးသားရပုံ

ကက်-ကင်-ကစ်-ကည်-ကတ်-ကန်-ကပ်-ကမ်-ကယ်-ဟူသော မြန်မာစာများ ပါဠိကို အမှီပြု၍ ရေးသားပုံမှာ—

ကက် သက္က, စက္က-စသည်ကို အမှီပြု၍ ကက်-ဟု ရေးသည်။

ကင် မင်္ဂလ, သင်္ဂဟ-စသည်ကို အမှီပြု၍ ကင်-ဟု ရေးသည်။

ကစ် သစ္စ, မစ္စ-စသည်ကို အမှီပြု၍ ကစ်-ဟု ရေးသည်။

ကည် ပညာ,သညာ,ကညာ-စသည်ကို အမှီပြု၍ ကည်-ဟုရေးသည်။

ကတ် သတ္တ,အတ္တ-စသည်ကို အမှီပြု၍ ကတ်-ဟု ရေးသည်။

ကန် သန္တ, အန္တ-စသည်ကို အမှီပြု၍ ကန်-ဟု ရေးသည်။

ကပ် ကပ္ပ, ဝပ္ပ-စသည်ကို အမှီပြု၍ ကပ်-ဟု ရေးသည်။

ကမ် ကမ္မ, သမ္မ-စသည်ကို အမှီပြု၍ ကမ်-ဟု ရေးသည်။

ကယ် အယျ-စသည်ကို အမှီပြု၍ ကယ်-ဟု ရေးသည်။

ပါဠိနှင့်မညီသော ရေးသားချက်များ

အဂ္ဂ,သဂ္ဂ-စသည်ကိုထောက်၍ 'ကဂ်'ဟု မရေးရ၊ အဘယ်ကြောင့် ဆိုသော်၊ က-သတ်နှင့် အသံတူသောကြောင့်တည်း။ (တေဒဂ်-စသည့် ပါဠိပျက်သတ်ပုံ အနည်းငယ်ရှိ၏။)

သဇ္ဇနု, တဇ္ဇနု-စသည်ကိုထောက်၍'ကင်'ဟု မရေးရ၊ အဘယ်ကြောင့် ဆိုသော် စ-သတ်နှင့် အသံတူသောကြောင့်တည်း။

က-ကြီးကို ည-သတ်၍ 'ကီ'ဟု လုံးကြီးတင် ဆန်ခတ်သံ ဖတ်ကြ၏။ မြန်မာစာသည် ပါဠိကို မှီသောစာ ဖြစ်ခြင်းကြောင့်ရင်း, ပါဠိ၌ ပညာ, သညာ, ကညာ-ဟူသောပုဒ်တို့ကို ပီညာ, သီညာ, ကီညာ-ဟု လုံးကြီး တင်ဆန်ခတ်သံ မဖတ်ရခြင်းကြောင့်ရင်း, ပင်ညာ, သင်ညာ, ကင်ညာ-ဟု င-သတ်သံ ဖတ်ရခြင်းကြောင့်ရင်း'ကီ'ဟု လုံးကြီးတင် ဆန်ခတ်သံ ဖတ် ကြခြင်းသည် ပါဠိနှင့် မညီပါ။

စွယ်စုံကျော်ထင်ကျမ်း၌ –

ဘုရားဘုန်းစည်၊ သင်္ဂြိုဟ်သည်၊ စေတီ တည်ပါလေလိမ့် နည်း ဟူ၍ရင်း၊

ဘုရားဘုန်းစည်၊ လက်ထက်သည်၊ မည်စေတီကား အဦးနည်း ဟူ၍ရင်း၊

ည-အက္ခရာသတ်၍ ရေး၏၊ ပါဠိနှင့် မညီပါ။

ဘုရားဘုန်းစီ၊ သင်္ဂြိုဟ်သီ၊ စေတီ တီပါလေလိမ့်နီး၊

ဘုရားဘုန်းစီ၊ လက်ထက်သီ၊ မီစေတီကား အဦးနီး–

ဤကဲ့သို့ လုံးကြီးတင်ဆန်ခတ်၍ ဤကာရန္တနှင့်ရေးမှ ဓမ္မီ,သံဃီ,ဉာဏီ စသောပါဠိနှင့် ညီပါမည်။

(ယခုအခါ စည်- သည်- မည်- တည်- စသည်ဖြင့် အများ ရေးနေ ကြသည်။)

စွယ်စုံကျော်ထင်ကျမ်း၌ အည်ကာရန် ပုစ္ဆာ (၂၃)ပုဒ်၊ သံတူ ကြောင်းကွဲ အည်-ကာရန် ပုစ္ဆာ (၂၇)ပုဒ်ရှိ၏၊ ရင်းပုဒ်တို့၌ ပကတိ

ဤ ကာရန္တ လုံးကြီးတင် ဆန်ခတ်နှင့် ရေးမှ ပါဠိနှင့် ညီပါသည်၊ အ-အက္ခရာကိုည-သတ်၍ 'အည်'ဟု ရေးခြင်းသည် ပါဠိနှင့် မညီပါ။

စွယ်စုံကျော်ထင်ကျမ်း၌ အည့်ကာရန်ပုစ္ဆာ (၁၄)ပုဒ်၊သံတူကြောင်းကွဲ အည့်ကာရန် (၈)ပုဒ်တို့၌–

ရေသနုပ်တည့်၊ ဝတ်တုံလှည့်၊ ကန်ပြည့် အဘယ်တန်ခိုးနည်း။

မျက်စောင်းထိုးလှည့်၊ နဂါးကြည့်၊ မြည့်မြည့်ဘယ်ကြောင့် ကြေသနည်း။

ရှေတည့်တည့် မတ်မတ်တည့် လက်မတည့် ရှယ်တည့် စိတ်မတည့် အသို့နည်း—

ဟု အ-အက္ခရာကို 'ည' သတ်, အောက်မြစ်၍ 'အည့်' ဟု ရေးခြင်းသည် ပါဠိနှင့် မညီပါ။ ထို့ကြောင့်—

ရေသနုပ်တိ၊ ဝတ်တုံလှို၊ ကန်ပြို အဘယ်တန်ခိုးနည်း။

မျက်စောင်းထိုးလှို၊ နဂါးကြို၊ မြိုမြိုဘယ်ကြောင့် ကြေသနည်း။

ရှေတိတိ မတ်မတ်တိ လက်မတိ ရှယ်တိတိ စိတ်မတိ အဘယ် သို့နည်း။

ဤကဲ့သို့ ပကတိ ဣ-သရလုံးကြီးတင်နှင့် ရေးမှ ဣသိ, ယတိ, မုနိ ဟူသောပါဠိနှင့်ညီ၍ သင့်ပါသည်။

အည်ကာရန်, အည့်ကာရန် ပုစ္ဆာတို့၌ ည- အက္ခရာကိုသတ်၍ ရေးခြင်းသည် ပါဠိနှင့် မညီပါ။ ပကတိ 'ဣ' သရ 'ဤ' သရတို့နှင့် ရေးမှ ပါဠိနှင့် ညီပါသည်။

ည–ကြီးသတ်၍ ကည် - ခည် ဟုရေးပြီး ကီ - ခီ ဟု လုံးကြီးတင် ဆန်ခတ်သံနှင့် ဖတ်ကြ၏၊ ပါဠိနှင့် မညီပါ။

ဥ - ကလေးသတ်၍ ကဉ် - ခဉ် ဟု ရေးပြီး ကင် - ခင် ဟု င - သတ်သံနှင့် ဖတ်ကြ၏။

ဆင်းတုတင်ပျဉ်၊ ခွေသောလျှဉ်၊ ဝိညာဉ်ဘုရား ခွေလိမ့်နည်း။

လူပျိုနာစဉ်၊ ရိမယှဉ်၊ မချဉ်တမြစ် ဘယ်ဆေးနည်း။

ဤသို့ 'ဉ' ကလေးသတ်၍ င - သတ်သံ ဖတ်ခြင်းသည် ပညာ, သညာ စသော ပါဠိနှင့် ညီ၏။ သို့သော် င-သတ်နှင့် အသံတူသောကြောင့် အကျိုးမရှိ။

သက္က, စက္က စသည်ကို ထောက်၍ 'ကက်' ဟု ရေးသော်လည်း အဂ္ဂ, သဂ္ဂ စသည်ကို ထောက်၍ 'ကဂ်' ဟု မရေးသကဲ့သို့ မှတ်ပါ။

မြန်မာစာ၌ ည - အက္ခရာကို ပါဠိ၌ ည - နှစ်လုံးဆင့်သံ ဖတ်ရ၏။ မြန်မာစာ၌ ဉ -အက္ခရာကို ပါဠိ၌ ဥ-ဟူ၍ရင်း၊ အု-ဟူ၍ရင်း ဆင်ခြင်စဉ်းစား ဖတ်ရ၏။

ဤကား ည-အက္ခရာ ရှုပ်ထွေးပုံတည်း (မှားတတ်ပုံတည်း)။

မြန်မာစာ၌ အသုံးမကျသော အက္ခရာများ

ကိ-ကီ-ကီး-ဟု လုံးကြီးတင် ဆန်ခတ်နှင့် ရှိပြီးဖြစ်သောကြောင့် ကည့်-ကည်-ကည်း-ဟု ည-အက္ခရာကိုသတ်၍ ရေးခြင်းသည်ရင်း၊

ထိုအတူ ခ-စသော အက္ခရာ (၃၂) လုံးတို့ကို ည-အက္ခရာသတ်၍ ရေးခြင်းသည်ရင်း၊

ကျိ-ကျီ-ကျီး-ဟု လုံးကြီးတင် ဆန်ခတ်နှင့် ရှိပြီးဖြစ်သောကြောင့် ကျည့်-ကျည်-ကျည်း ဟု ည-အက္ခရာကိုသတ်၍ ရေးခြင်းသည်ရင်း၊

ကြိ-ကြီ-ကြီး ဟု လုံးကြီးတင် ဆန်ခတ်နှင့် ရှိပြီးဖြစ်သောကြောင့် ကြည့်-ကြည်-ကြည်း ဟု ညအက္ခရာနှင့်သတ်၍ ရေးခြင်းသည်ရင်း၊

ည-ညာ-ညိ-ညီ-စသည် ရှိပြီးဖြစ်သောကြောင့် ၎-အက္ခရာကို ရရစ်၍ ငြ-ငြာ-ငြိ-ငြီ စသည်ဖြင့် ရေးခြင်းသည်ရင်း၊

ယှ-ယှာ-ယှိ-ယှီ-ယှု-ယှူ-စသည် ရှိပြီးဖြစ်သောကြောင့် ရှ-ရှာ-ရှိ-ရှီ-ရှု-ရှူ-စသော အက္ခရာများသည်ရင်း အသံတူသောကြောင့် အသုံးမကျသောအက္ခရာများ ဖြစ်ပါသည်။

ယှ-ယှာ စသော အက္ခရာများသည် ဠမံ စိဝရံ တုယှံ ဝိကပ္ပေမိ-ဟူသော ပါဠိနှင့်ရင်း၊ တုယှံ မယှဉ္ဇ-ဟူသော သဒ္ဒါသုတ်နှင့်ရင်း ညီ၍ အလွန်သင့်ပါ၏။

(သတိ)။ ပါဠိ၌ ရှ-ရှာ-ရှိ-ရှီ စသည် မရှိပါ။

ကိတ်-ကိန်-ကိပ်-ကိမ်-ကုတ်-ကုန်-ကုပ်-ကုမ်-ကောက်-ကောင်-ကိုက်-ကိုင်- ကိုဝ်တို့ ပါဠိမှီ၍ ရေးသားပုံ

ကိတ်	စိတ္တ, မိတ္တ—စသည်ထောက်၍	ကိတ်-ဟု	ရေးသည်။
ကိန်	ဌန္ဒ, ခိန္န —စသည်ထောက်၍	ကိန်-ဟု	ရေးသည်။
ကိပ်	သိပ္ပ, ဒိပ္ပ —စသည်ထောက်၍	ကိပ်-ဟု	ရေးသည်။
ကိမ်	ဒိမ္ဘ, ဂိမှ —စသည်ထောက်၍	ကိမ်-ဟု	ရေးသည်။
ကုတ်	သုတ္တ, ဗုတ္တ —စသည်ထောက်၍	ကုတ်-ဟု	ရေးသည်။
ကုန်	နုန္န, တုန္န —စသည်ထောက်၍	ကုန်-ဟု	ရေးသည်။
ကုပ်	ဥပ္ပလ, ကုပ္ပ —စသည်ထောက်၍	ကုပ်-ဟု	ရေးသည်။
ကုမ်	ကုမ္ဘ, ဂုမ္ဗ —စသည်ထောက်၍	ကုမ်-ဟု	ရေးသည်။
ကောက်	ပါတိမောက္ခ—စသည်ထောက်၍	ကောက်-ဟု	ရေးသည်။
ကောင်	ပေါင်္ခါနုပေါင်္ခ ထောက်၍	ကောင်-ဟု	ရေးသည်။

ဤကား မြန်မာစာ ပါဠိမှီ၍ ရေးထားခြင်းကို သိစေခြင်းငှါ ပါဠိနှင့် ယှဉ်တွဲပြလိုက်သည်။

မှတ်ချက်။ ။ကိုက်-ကိုင်-ကိုဝ် (၃)လုံး မြန်မာ၌သာ သုံးသည်၊ ပါဠိသုံး မရှိပါ။

ပါဠိ၌ င-သံယောဂ၊ င-သတ်ရှိလျှင် အောက်က က-ခ-ဂ-ဃ (၄) လုံး ရှိ၏။ ပုံစံကား—သင်္က, ကင်္ခါ, ဂင်္ဂါ, ဇင်္ဃာ။

ပါဠိ၌ ည-သံယောဂ၊ ည-သတ်ရှိလျှင် အောက်က စ-ဆ-ဇ-ဈ-ည (၅) လုံး ရှိ၏၊ ပုံစံကား—ပဉ္စ, ပိဉ္ဆ၊ အဉ္ဇလိ, ဝဉ္ဈာ, ပညာ။

ဤသို့လျှင် ပါဠိ၌ င-သံယောဂ၊ င-သတ်၊ ည-သံယောဂ၊ ည-သတ် ထူးခြားပါ၏။

မြန်မာစာ၌ င-သတ်နောက်က မှတ်စရာ အက္ခရာမရှိ၊ နေချင်သည့် အက္ခရာနေ၏။ ထို့အတူ ည-သတ်နောက်က နေချင်သည့်အက္ခရာ နေ၏။

ပါဠိ၌ တ-သံယောဂ၊ တ-သတ်ရှိလျှင် အောက်က တ-ထ (၂) လုံး ရှိ၏၊ ပုံစံကား—သတ္တ, သတ္ထ။

ပါဠိ၌ ပ-သံယောဂ၊ ပ-သတ်ရှိလျှင် အောက်က ပ-ဖ (၂) လုံး ရှိ၏၊ ပုံစံကား—ကပ္ပ, မဟာပ္ဖလ။

ဤသို့ ပါဠိ၌ တ-သံယောဂ၊ တ-သတ်၊ ပ-သံယောဂ၊ ပ-သတ် ထူးခြားပါ၏။

မြန်မာစာ၌ တ-သတ်နောက်က နေချင်သည့်အက္ခရာ နေ၏၊ ပ-သတ်နောက်က နေချင်သည့်အက္ခရာ နေ၏၊ တ-သတ်၊ ပ-သတ် ကွဲပြားအောင် မှတ်စရာ အက္ခရာမရှိ။

ဝ-အက္ခရာမှတပါး တ-သတ်၊ ပ-သတ် အသံတူ၏၊ ဝ-အက္ခရာ၌သာ အသံထူး၏။

ဥပ်ဖွဟွတ်ဟွတ်၊ မန္တန်ရွတ်၊ သံလွှတ် ဘယ်ကလာပ်ပေနည်း။

သေသေသပ်သပ်၊ ပြားပြားဝပ်၊ ယုန်ဝပ် တုပ်ဝပ်မည်သို့နည်း။

ဤသို့ ဝ-အက္ခရာ တလုံး၌သာ အသံထူးပါသည်။

စွယ်စုံကျော်ထင်ကျမ်း၌—

တရားအမြတ်၊ ဟောတုံလတ်၊ နတ် ဘယ်နားဖြင့် နာသနည်း။

နတ်သာ ဖူးအပ်၊ လူမစပ်၊ ရောင်လျှပ်ဘုရား ဘယ်မျှနည်း—
ဟု တ-သတ်၊ ပ-သတ် ခွဲခြား၍ ရေး၏။

တရားအမြပ်၊ ဟောတုံလပ်၊ နပ် ဘယ်နားဖြင့် နာသနည်း

နပ်သာဖူးအတ်၊ လူမစတ်၊ ရောင်လျှတ်ဘုရား ဘယ်မျှနည်း—
ဟု ပြောင်းပြန် ရေးသော်လည်း စွယ်စုံကျော်ထင်ကျမ်းနှင့် မညီရှိသာ ရှိ၏၊ မှားသည်ဟု မဆိုနိုင်ပါ။

ပါဠိ၌ ပ-သံယုဂ်ရှိလျှင် အောက်က နောက်က ပ-ဖ ၂-လုံးသာ ရှိ၏။ ပုံစံကား— သိပ္ပ-ပုပ္ဖ။

မြန်မာစာ၌ ပ-နောက်က အမှတ်မရှိ အက္ခရာနေ၏။

ပါဠိ၌ န-သံယုဂ်ရှိလျှင် အောက်က နောက်က တ-ထ-ဒ-ဓ-န ၅-လုံး ရှိ၏။ ပုံစံကား— စိန္တာ, ဂန္ထ, စန္ဒ, ဂန္ဓ, အန္န။

မြန်မာစာ၌ န-နောက်က အမှတ်မရှိ အက္ခရာနေ၏။

ပါဠိ၌ မ-သံယုဂ်ရှိလျှင် အောက်က နောက်က ပ-ဖ-ဗ-ဘ-မ ၅-လုံး ရှိ၏။ ပုံစံကား— စမ္ပာ, သမ္ဖပ္ပလာပ, အမ္ဗ, သယမ္ဘူ, ဓမ္မ။

မြန်မာစာ၌ မ-နောက်က အမှတ်မရှိ အက္ခရာနေနိုင်၏။

မှတ်ချက်။ ။ပါဠိ၌ သံယုဂ်အထက်လုံးနှင့် မြန်မာစာ၌ အသတ်အက္ခရာ တူ၏၊ ပါဠိ၌ သံယုဂ် အထက်လုံးသည် မြန်မာစာ၌ အသတ်အက္ခရာ ဖြစ်လာ၏ ဟူလို။

မြန်မာစာ၌ သတ်သော အက္ခရာများ

က-င-စ-ဉ-တ-န-ပ-မ-ယ၊ ပေါင်း ၉-လုံး ဖြစ်၏။

မြန်မာစာ၌ မသတ်ရသော အက္ခရာများ

ခ-ဆ-ဌ-ထ-ဖ-ဟူသော ဒုတိယအက္ခရာ ၅ လုံး၊

ဃ-ဈ-ဎ-ဓ-ဘ-ဟူသော စတုတ္ထအက္ခရာ ၅-လုံး၊ ပေါင်း ၁၀-လုံး ဖြစ်ပါသည်။

အဘယ်ကြောင့် မသတ်ရသနည်း ဟူမူကား၊ ၎င်းအက္ခရာ ၁၀-လုံး နှောင်းရာ၌ ရှေ့အက္ခရာကို ဂရုရွတ်ရသော အရာဌာန မရှိသောကြောင့် တည်း။

ထိုစကားကို ထင်ရှားပြပေအံ့—

သက္က-၌ က-သံယုဂ်ကြောင့် သ-အက္ခရာကို ဂရု ရွတ်ရသကဲ့သို့ရင်း၊ မင်္ဂလ-၌ င-သံယုဂ်ကြောင့် မ-အက္ခရာကို ဂရုရွတ်ရသကဲ့သို့ရင်း၊ ခ-အက္ခရာ၊ ဆ-အက္ခရာ နှောင်းသောကြောင့် ဂရုရွတ်ရသော အရာဌာနမရှိ၊ ထို့ကြောင့် ၎င်းအက္ခရာ ၁၀-လုံးကို မြန်မာစာ၌ မသတ်ရပါ။

မုခ်-ဟု ခ-သတ်၍ ရေးခြင်း၊ မိုဃ်း-ဟု ဃ-သတ်၍ ရေးခြင်း၊ အဘိဓမ္မတ္ထသင်္ဂဟပါဌ်, အုဌ်-ဟု ဌ-သတ်၍ရေးခြင်း၊ သုဓ်သင်-ဟု ဓ-သတ်၍ ရေးခြင်း၊ လာဘ်-ဟု ဘ-သတ်၍ ရေးခြင်းများသည် ပါဠိနှင့်၎င်း, မြန်မာစာနှင့်၎င်း မညီပါ။

အဘယ်သို့ ပါဠိနှင့်မညီသနည်း ဟူမူကား၊ ပါဠိ၌ ဒွေဘာဝ-သံယောဂ-အက္ခရာ ၂-လုံးဆင့်ရှိရာ၌ အဘက်အလုံးနှင့် မြန်မာစာ၌ အသတ်-အက္ခရာ တူညီပါ၏။

ခ-ဆ-စသော အက္ခရာ ၁၀-လုံးတို့သည် ဒွေဘာဝ-သံယောဂအက္ခရာ ၂-လုံးဆင့်ရာ၌ အဘက်အက္ခရာ အဖြစ်ဖြင့် နေရိုးထုံးစံမရှိ၊ ထို့ကြောင့် ပါဠိနှင့် မညီပါ။

အဘယ်သို့ မြန်မာစာနှင့် မညီသနည်း ဟူမူကား မြန်မာသင်ပုန်းကြီး၌ ခ-ဆ-စသော ၁၀-လုံးကို အသတ်နှင့် ရေးသားခြင်းမရှိ၍ မြန်မာစာနှင့် မညီပါ။

မြန်မာစာ၌ အသံအက္ခရာထက် အရေးအက္ခရာများပုံ

အသံ-တသံ၊ အရေး ၂-မျိုး။ ဥ-ဥ၊ ယှ-ရှ စသည်။

အသံ-တသံ၊ အရေး ၃-မျိုး။ ဣ-အိ-၏၊ ကံ-ကန်-ကမ် စသည်။

အသံ-တသံ၊ အရေး ၄-မျိုး။ ကျတ်-ကျပ်-ကြတ်-ကြပ်၊ ယှိ-ယှည့်ရှိ-ရှည့် စသည်။

အသံ-တသံ၊ အရေး ၆-မျိုး။ ကျံ-ကျန်-ကျမ်-ကြံ-ကြန်-ကြမ် စသည် ဖြစ်ပါသည်။

ပါဠိစာပေ ကျမ်းဂန်များ၌ အသံအက္ခရာနှင့် အရေးအက္ခရာ ညီမျှ၍ အလွန်သန့်ရှင်း၏။ မြန်မာစာ၌ အသံအက္ခရာထက် အရေးအက္ခရာ ပိုမို များပြားသောကြောင့် အလွန်ရှုပ်ထွေး၏။

သတ္တဝါအနန္တ၊ တိရစ္ဆာန်အနန္တ၊ သစ်ပင်အနန္တ၊ ဝတ္ထုပစ္စည်းအနန္တတို့၌ ယ-ပင့်၊ ရ-ရစ်၊ တ-သတ်၊ ပ-သတ်၊ န-သတ်၊ မ-သတ်၊ သေးသေးတင်တို့ကို ခွဲခြားသတ်မှတ်၍ ရေးခြင်းဖြင့် ဘာတခုမျှ အကျိုးထူး မမြင်ပါ။

ထို့ကြောင့် ယ-ပင့်၊ ရ-ရစ်တို့ကိုရင်း၊ တ-သတ်၊ ပ-သတ်တို့ကိုရင်း၊ န-သတ်၊ မ-သတ်၊ သေးသေးတင် တို့ကိုရင်း ရေးချင်သည့်အက္ခရာနှင့် ရေး၊ ဌာန်-ကရိုဏ်း-ပယတ် အသံ တူသောကြောင့် ပါဠိဘာသာ အနေအား ဖြင့် အပြစ်မရှိနိုင်ပါ။

ရှေးဆရာမြတ်တို့သည် အချို့ဝတ္ထုကို ယ-ပင့်နှင့် ရေး၏၊ အချို့ဝတ္ထုကို ရ-ရစ်နှင့်ရေး၏၊ အချို့ဝတ္ထုကို တ-သတ်နှင့်ရေး၏၊ အချို့ဝတ္ထုကို ပ-သတ် နှင့် ရေး၏၊ အချို့ဝတ္ထုကို န-သတ်နှင့်ရေး၏၊ အချို့ဝတ္ထုကို မ-သတ်နှင့် ရေး၏၊ အချို့ဝတ္ထုကို သေးသေးတင်နှင့်ရေး၏။ အဘယ်ကြောင့် ဤသို့ ရေးသနည်းဟူမူ ခိုင်ခံ့သော တစုံတခု အကြောင်းပြစရာ ပါဠိဘာသာ သာဓကမရှိ၊ ရေးချင်လို့ ရေးခြင်းသာ ဖြစ်နိုင်၏။

ရှေးဆရာများသည် မိမိတို့ရေးချင်သည့် အက္ခရာ သတ်ပုံနှင့် ရေးသကဲ့သို့ နောက်ပုဂ္ဂိုလ်များလည်း ဌာန်-ကရိုဏ်း-ပယတ်-အသံတူရာ၌ မိမိရေးချင်သည့် အက္ခရာ သတ်ပုံနှင့် ရေးသော်လည်း အပြစ်မရှိနိုင်ပါ။

ရှေးဆရာများ ရေးထားကြသည့် သတ်ပုံကျမ်းဂန်များနှင့်မညီ၍ မှားသည်ဟု မဆိုအပ်၊ သတ်ပုံကျမ်းဂန်များသည် ခိုင်မာသော ပါဠိသာဓက အထောက်အထား ခိုင်ခိုင်မာမာ မရှိပါ။ မြန်မာစကား မပျက်စီးနိုင်အောင် ရေးသားခြင်း ဖြစ်၏။ အဘိဓာန်အရာ၌ အသုံးပြုသင့်၏။

ရှေးဆရာများသည်—

"တိရစ္ဆာန်ချေ၊ ဟောက်၍နေ၊ မြိုင်ခြေ မနီးကမ်း"ဟူ၍ရင်း၊

"ပူချမ်းဆင်းရဲ၊ ကိုက်ခဲဖြုတ်ခြင်း၊ အိပ်ချင်အိပ်ရ"ဟူ၍ရင်း၊

"စောလူးစံမြောက်၊ နှစ်ဆယ်ခြောက်တွင်၊ ချောက်ချောက်မြိုင်ခြား" ဟူ၍ရင်း၊

"ငါမွေးသည်မျောက်၊ ငါ့ကိုချောက်၊ ပယ်ဖျောက်ကိုလည်း ပင့်ရမည်"ဟူ၍ရင်း။

"ကျားဆရာကြောင်၊ တောမှာပြောင်၊ ဆင်ပြောင်ကိုလည်း ရစ်ရမည်"ဟူ၍ရင်း—

ယ-ပင့် ရ-ရစ်များကို ခွဲခြား၍ ရေးသားကြ၏။ ဌာန်-ကရိုဏ်း-ပယတ် အသံတူက မိမိရေးချင်သည့် အက္ခရာ သတ်ပုံနှင့် ရေးနိုင်၏။

ရှေးဆရာများသည် တ-အက္ခရာကိုသတ်၍ ရေးအပ်သော စကားလုံးများ၏ အင်္ဂါလက္ခဏာကိုရင်း၊ ပ-အက္ခရာကိုသတ်၍ ရေးအပ်သော စကားလုံးများ၏ အင်္ဂါ-လက္ခဏာကိုရင်း မပြကြကုန်။

မြန်မာစကား အနန္တ၌ တွေ့ဘူး မြင်ဘူးသော တ-အက္ခရာ သတ်၍ ရေးထားသော စကားလုံးများကို ပေါင်း၍ တ-သတ် လင်္ကာတွေ ရေးကြ၏။

မြန်မာစကား အနက္ခ၌ တွေ့ဘူး မြင်ဘူးသော ပ-အက္ခရာ သတ်၍ ရေးသားသော စကားလုံးများကို ပေါင်း၍ ပ-သတ်လက်ာတွေ ရေး ကြ၏။

သတ်ပုံကျမ်းများသည် သမုဒ္ဒရာနှင့်တိုင်း၍ လုပ်ထားသော ပိုက်ကွန် နှင့် တူ၏။

မြန်မာစာကို နိုင်ငံခြားသားများက ကြောက်ကြ၏၊ အဘယ့်ကြောင့် ကြောက်သနည်းဟူမူ၊ အသံအက္ခရာထက် အရေးအက္ခရာ ပိုမိုများခြင်း ကြောင့်ရှင်း, အရေးတမျိုး အပြောတမျိုးဖြစ်ခြင်းကြောင့်ရှင်း ကြောက် ကြ၏။

အဘယ်သို့ အရေးတမျိုး အပြောတမျိုး ဖြစ်သနည်းဟူမူ၊ မန်ကျည်း ပင်-ဟု ရေးပြီး မရီးပင်-ဟု ပြော၏၊ ဆီးပင်-ဟု ရေးပြီး ဇီးပင်-ဟု ပြော၏၊ ထန်းလျက်-ဟု ရေးပြီး ထညက် ဟု ပြော၏၊ မန္တလေး-ဟု ရေး ပြီး မန်းဒလေး-ဟု ပြော၏၊ ဤသို့စသည်ဖြင့် အရေးတမျိုး အပြော တမျိုး အလွန်များပါ၏။

မြန်မာစာကို စည်းကမ်းမရှိသောစာ-ဟု နိုင်ငံခြားသားများ အပြစ် ဆိုကြ၏၊ စည်းကမ်းတိတိကျကျ မရှိပုံကိုလည်း မြန်မာသင်ပုန်းကြီး စာ အုပ်နှင့် သတ်ပုံကျမ်းများကို ကြည့်လျှင် သိနိုင်၏။

မြန်မာစာ၌ ရေးပုံ မတူပုံ

မြန်မာစာ၌ ရေးပုံမတူသည်ကို ပြဦးအံ့၊ စွယ်စုံကျော်ထင်၌—

မန္တန်ခုနစ်အုတ်၊ သဲသဲအုတ်၊ ဘုရားအုတ်၊ ဗေဒင်အုတ် မည်သို့နည်း။

ဘုရားအုတ်ကို တ-သတ်၍ ရေး၏။

အဘိဓာန်နိဿယသစ် ၁၉၄၃-ခုနှစ် ပုံနှိပ်စာအုပ်၌လည်း ဋ္ဌကာ= အုတ်-ဟု တ-သတ်၍ ရေး၏။ တချို့ ဋ္ဌကာ-သဒ္ဒါကို ထောက်၍ အုဋ်-ဟု ဋ-သတ်၍ ရေး၏၊

စွယ်စုံကျော်ထင်၌—

သောဘိတထည်၊ ပုဂ္ဂိုလ်သည်၊ မည်တောဒဂ် ရသနည်း-ဟူ၍ရှင်း၊

ပျားတရထည်၊ ဂုဏ်လုပ်တည်၊ အဝတ်ထည် မဟာထည် အသို့နည်း-ဟူ၍ရှင်း၊

ည-သတ်၍ သောဘိတထည့်, မဟာထည်-ဟု လာ၏။ တချို့က ထေရ-သဒ္ဒါ ထောက်၍ သောဘိတထေရ်, မဟာထေရ်-ဟု ရေးကြ၏။

စွယ်စုံကျော်ထင်၌—

"ကျင့်မှုနည် ရေနည် အာဇာနည် ဖွေနည် မဲနည်အသို့နည်း" ဟု အာဇာနည်ကို ည-သတ်၍ ရေး၏၊ တချို့က အာဇာနီယ-သဒ္ဒါကို ထောက်၍ အာဇာနီ-ဟု လုံးကြီးတင်ဆန်ခတ်နှင့် ရေး၏။

စွယ်စုံကျော်ထင်၌—

အံ-အံ့-အုံ-အုံ့-အုံး- ဤ ၅-ကာရန်ကို သေးသေးတင်နှင့် ရေး၏၊ မ-အက္ခရာသတ်၍ မရေး။

'ဆိတ်နံ့၊ မိုးနံ့၊ အလျားနံ့၊ ရှပ်နံ့ ဘယ်အနက် ဟောသနည်း'-ဟု ရှပ်နံ့-ကို သေးသေးတင်နှင့် ရေး၏။ တချို့က နာမ-သဒ္ဒါ ထောက်၍ ရှပ်နာမ်-ဟု ရေး၏။

အမ်း-အိမ်-အိမ့်-အိမ်း—ဤ ၄-ကာရန်ကို မ-သတ်၍ ရေး၏၊ သေးသေးတင်နှင့် မရေး။

"အံ-အံ့-အုံ-တွင်၊ သေးသေးတင်၊ အမ်းလျှင်အိ-မ-သတ်။"

စွယ်စုံကျော်ထင်၌—

"တရံ၊ ကိုယ်ရံ၊ ကျုံထရံ၊ မဟာရံ၊ နံ့ရံ ဘဲ့နယ်နည်း"

ဟု မဟာရံ-ကို သေးသေးတင်နှင့် လာ၏၊ နိုင်ငံတော် ဝိနိစ္ဆယဖြတ်ထုံး ၈ အုပ်၌—အာရာမ-သဒ္ဒါ ထောက်၍ အာရာမ်-ဟု ရေး၏။

ရှေးအခါက သူ့ဌွေး-ဟု ရေးကြ ဧပြောဆိုကြ၏၊ သေဌွေး-ဟု ရေးခြင်း ပြောဆိုခြင်း မရှိ။ ပဏ္ဍိတဝေဒနီယဒီပနီကျမ်း၌ သေဋ္ဌိ-ဟူသော ပါဠိ ထောက်၍ သေဌွေး-ဟု ရေး၏၊ ၎င်းကို အတုလိုက်၍ တချို့က သေဌွေး-ဟု ရေးကြ၏၊ သေဌွေး-ဟု ပြောဆိုခြင်း မရှိ။ တချို့က စကားပြောသည့်အတိုင်း သဌွေး-ဟု ရေးကြ၏။

"ပြိုသည့်ကမ်းပါး၊ ပါးသည့်စက္ကူ၊ ကူသည့်လိုဏ်ဝ၊ ဝသည့်ဘီလူး၊ လူးသည့်ကျွဲအို။"

ဤလင်္ကာကို ထောက်၍ ရှေးအခါက အုတ်ကူ, ကျောက်ကူ-ဟု ရေးကြ ပြောဆိုကြ၏။ တချို့က ဂုဟာ-ဟူသော ပုဒ်ကို ထောက်၍ အုတ်ဂူ, ကျောက်ဂူ-ဟု ရေးကြ၏။

ညှော်ရေးချက် အမှတ်ခက်

အာဂန္တု-ကို ညှော်သည်-ဟု ဧ-အက္ခရာကို ည-သတ်၍ ရေး၏၊ ပါဠိ၌ အ-အက္ခရာနောင် ပညာ၊ ဣ-အက္ခရာနောင် အဘိညာ၊ ဥ-အက္ခရာနောင် ပုည-ဟု ည-သံယောဂ ရှိ၏၊ ဧ-အက္ခရာနောင် ည-သံယောဂ မရှိ။ မြန်မာသင်ပုန်းကြီး၌ အ-အက္ခရာကိုသာ ည-သတ်၍ ရေး၏၊ ဧ-အက္ခရာကို ည-သတ်၍ ရေ ခြင်း မရှိ၊ ထို့ကြောင့် ညှော်သည်-ဟု ရေးခြင်းသည် အမှတ်ခက် အဖတ်ခက်လှသည်။

သျှင်, ယှင် အဆုံးအဖြတ်

"ပတိဋ္ဌာသရ၊ သာမျတ္တ၏၊ အရထုတ်ဖွေ၊ အဆွေအိမ်ရှင်၊ ဆင်ဖြူရှင်မျိုး၊ ဟ-ထိုး ရ-ကြီး၊ တသီးထိုမှ၊ အယျ-အယျေ၊ ဘန္တေ-ဘောန္တော၊ အာဝုဒ္ဓသာနှင့်၊ မိန့်ဟောသဒ္ဒါ၊ အာယသ္မာ၊ ဘဒန္တ၏၊ အငွေထွေပြား၊ အနက်များမူ၊ မှတ်သားဆန်းကြယ်၊ သ-ဝယ် ယ-ပင့်၊ ဟ-ဆွဲဆင့်လော။"

ဤလင်္ကာနှင့်အညီ သ-ယ-ပင့် ဟ-ထိုးနှင့် 'အသျှင်'-ဟု ရေးကြ၏၊ ပါဠိ၌ သ-ယ-ပင့် ဟ-ထိုး မရှိ၊ မြန်မာသင်ပုန်းကြီး၌လည်း သ-ယ-ပင့်

ဟ-ထိုး မဆိုထားနှင့် ၁၈-ဟ-ထိုးပင် မရှိ၊ ထို့ကြောင့် သ-အက္ခရာအစား ယ-ဟ-ထိုးနှင့် အယှင်-ဟု ရှိမှ ပါဠိဘာသာ မြန်မာဘာသာနှင့် ညီမည်။

သဒ္ဒနီတိ ဓာတုမာလာ၌ က-ကာရန္တဓာတ်၊ ခ-ကာရန္တဓာတ်၊ ဂ-ကာရန္တဓာတ် စသည်ဖြင့် အဆုံးအက္ခရာချင်း တူရာတူရာ ပေါင်းရေး ထားသဖြင့် အဆုံးအက္ခရာများ မပျက်စီးနိုင်။ နောက် စာပြင်ဆရာများက ကာဒိ-ဓာတ်၊ ခါဒိ-ဓာတ်၊ ဂါဒိ ဓာတ် စသည်ဖြင့် အစအက္ခရာချင်း တူရာ တူရာပေါင်း ရေးထားသဖြင့် အစအက္ခရာများ မပျက်စီးနိုင်။ ထို့ ကြောင့် သဒ္ဒနီတိ ဓာတုမာလာသည် အက္ခရာပုဒ် မပျက်မစီး မှန်ကန်စွာ တည်၏။

စွယ်စုံကျော်ထင်ကျမ်း သံတူကြောင်းကွဲ လင်္ကာများ၌ အဆုံးစာလုံး ချင်းတူသော စကားလုံးများကို ပေါင်း၍ ရေးထားသဖြင့် သံတူကြောင်း ကွဲလင်္ကာများ၌ ပါဝင်သော စကားလုံးများ၏ အဆုံးစာလုံးများ မပျက် စီးနိုင်ပါ။

ဤကား သံတူကြောင်းကွဲလင်္ကာများ၏ အသုံးကျပုံ ဖြစ်သည်။

မြန်မာ, သီဟိုဠ် အသံထွက်

ဝ-အက္ခရာ၌ တ-သတ်-ပ-သတ်-န-သတ်-မ-သတ်တို့၌ မြန်မာ သီဟိုဠ် ရွတ်ဖတ်ပုံ (အသံထွက်ပုံ) အထူးကား–

ဝတ္တ, ဝပ္ပ, ဝန္ဒနာ, ဝမ္မ-တို့၌ မြန်မာက-ဝတ်တ-ဝတ်ပ-ဝန်ဒနာ-ဝန်မ-ဟု ရွတ်ဖတ်၏။

သီဟိုဠ်က-ဝပ်တ-ဝပ်ပ-ဝမ်ဒနာ-ဝမ်မ-ဟု ရွတ်ဖတ်၏။

ရှ-ဍ္ဍ ဖတ်ပုံ

ရှ-အက္ခရာကို ယှေ-လို့ ဖတ်ရမည်၊ ရှေ-လို့ ဖတ်ရမည်ဟု အမှန်အကန် မသိကြပါ၊ လယ်တီဆရာတော်ရေးသော သင်ပုန်းကြီးစာအုပ်ကို တွေ့ဘူး သောသူများသာ ရှေ-ဟု ဖတ်ရမည်ကို သိ၏။

ပါဠိပျက် အသိခက်

ပါဠိကို မြန်မာပြန်ဆိုရာ၌ မြန်မာလို အပြန်ခက်သော ပုဒ်များကို ပါဠိအတိုင်း ထားသင့်၏၊ ရှေးဆရာမြတ်တို့သည် မြန်မာလို အပြန်ခက်သော ပုဒ်များကို ပါဠိအတိုင်း မထားမူ၍ ပါဠိကို ဖျက်ထားကြ၏၊ မြန်မာစာ သက်သက်ကိုသာ တတ်သောသူများသည် ပါဠိပျက်များ၏ အနက်ကို မသိ၊ ပါဠိသက်သက်ကိုသာ တတ်သော သူများသည် ပါဠိ၏အနက်ကို သိသော်လည်း ပါဠိပျက်များ၏ အနက်ကို မသိ။

ဥပမာ – သမ္ပဋိစ္ဆနစိတ္တံ=သမ္ပဋိစ္ဆိုင်းစိတ်-ဟု မြန်မာပြန်ရာ၌ သမ္ပ-ဋိစ္ဆိုင်းစိတ်ဟု ရွတ်ဆိုလျှင် မြန်မာစကား မဟုတ်၍ မြန်မာလူမျိုးများ မသိကြ၊ ပါဠိပျက် ဖြစ်နေ၍ ပါဠိတတ်သူများလည်း မသိကြ၊ ထို့ကြောင့် ပါဠိပျက်များသည် အသိခက်လှသည်။

ဝိညာဏ——ဏ-ဖြုတ်၍ ဉ -ကလေး တပိုင်းသတ်ပြီး ဝိညာဉ်-ဟူ၍ရင်း၊

ဥယျာန——ယ-သံယုဂ်နှင့် န-ကိုဖြုတ်၍ ဉ -ကလေး တပိုင်းသတ်ပြီး ဥယျာဉ်-ဟူ၍ရင်း၊

ယာန——န-ကိုဖြုတ်၍ ဉ -ကလေး တပိုင်းသတ်ပြီး ယာဉ်-ဟူ၍ရင်း မြန်မာပြန်ကြ၏။

ထိုအတူ ဝေါဠုမ္ဗန=ဝုဋ္ဌော ဟူ၍ရင်း၊ ယမက=ယမိုက် ဟူ၍ရင်း၊ မဂ္ဂဋ္ဌော=မဂ်၌တည်သောသူ။ ဖလဋ္ဌော=ဖိုလ်၌တည်သောသူ၊ (ဌာန-သဒ္ဒါ မဟုတ်၍ မဂ္ဂဋ္ဌာန်-ဖလဋ္ဌာန် ဟူ၍ မရေးရပါ၊) အဓိကရဏ=အဓိကရုဏ်း၊ ကရဏ=ကရိုဏ်း၊ ပဋ္ဌပကရဏ=ပဋ္ဌပကြိုဏ်၊ အမတ=အမြိုက်၊ ဒုစ္စရိတ=ဒုစရိုက်၊ သုစရိတ=သုစရိုက်၊ မဟာဂ္ဂတ=မဟာဂ္ဂုတ်၊ သဟာဂတ=သဟာဂုတ်၊ ဏ္ဌရိယာပထ=ဏ္ဌရိယာပုထ်၊ ပဒ=ပုဒ်၊ လာဘ=လာဘ်၊ ပါဌ=ပါဌ်၊ တေဒဂ္ဂ=တေဒဂ်၊ ဒုက္ကဋ=ဒုက္ကဋ်၊ ဇနပဒ=ဇနပုဒ်၊ ဥပေါသထ=ဥပုသ်၊ ပါသာဒ=ပြာသာဒ်၊ ဇေတဝန=ဇေတဝန်၊ ဌာန=ဌာန်၊ ပဋ္ဌာန=

ပဋ္ဌာန်း၊ ကေဝဇနေ=ကေဝုစ်၊ ဗဟုဝစနေ=ဗဟုဝုစ်၊ နိဗ္ဗာနေ=နိဗ္ဗာန်၊ ဝိမာနေ=ဗိမာန်၊ သုသာနေ=သုသာန်၊ နိဂမနေ=နိဂုံး။

သေးသေးတင် ရေးထုံး

ပါဠိ၌ မ-အက္ခရာ အဆုံးရှိသော ပုဒ်များကို မြန်မာစာ၌ သေးသေး တင်နှင့် ရေးရိုးထုံးစံ ရှိ၏။

ပုံစံကား—ကုသလကမ္မ=ကုသိုလ်ကံ၊ ဂေါစရဂါမ=ဂေါစရဂံ၊ သကဒါ-ဂါမိ=သကဒါဂံ၊ အနာဂါမိ=အနာဂံ၊ ပဌမယာမ=ပဌမယံ၊ လောက ဓမ္မ=လောကဓံတရား၊ ဥ ယျဓမ္မ=ဥ ယျဓံတရား၊ နာမ=နံ၊ အာ-ရာမ=အရံ၊ ပုဗ္ဗာရာမ=ပုဗ္ဗာရုံကျောင်း၊ အသောကာရာမ=အသော ကာရုံကျောင်း၊ အနုလောမ=အနုလုံ၊ ပဋိလောမ=ပဋိလုံ၊ ဘူမိ=ဘုံ၊ နိဂမ=နိဂုံး။

မြို့ကားမစုံ၊ စျေးသာစုံ၊ နိဂုံ အမည်ပေး။

အစ အဆုံး၊ ခပတ်ဖုံး၊ နိဂုံးအုပ်ရန် ရေး။

ပါဠိမှ မြန်မာပြန်သို့ ပြောင်းလဲပုံ

ဇမ္ဗုဒီပ=ဇမ္ဗုဒိပ်ကျွန်း၊ (ဒီပ=ဒိပ် ကျွန်း ဟု မြန်မာပြန်သည်၊) ပစ္စယ=ပစ္စည်း၊ သမုဒယ=သမုဒ္ဒယ်စ္စည်း၊ အန္တရာယ=အန္တရာယ်၊ နိကာယ=နိကာယ်၊ အပါယ=အပါယ်၊ မိဂဒါယ=မိဂဒါဝုန်တော၊ အင်္ဂုတ္တရ=အင်္ဂုတ္တိုရ်၊ ဝိဇ္ဇာဓရ=ဝိဇ္ဇာမိုရ်၊ ဝိနယဓရ=ဝိနည်းမိုရ်။

ပါဠိ၌ လ-အက္ခရာ အဆုံးရှိသော ပုဒ်များကို လ-အက္ခရာကိုသတ်၍ ရှေ့အက္ခရာကို လုံးကြီးတင် တချောင်းငင်နှင့် တွဲစပ်ပြီးလျှင် မြန်မာ ပြန်ကြ၏။

ပုံစံကား—ကုသလ=ကုသိုလ်၊ ပုဂ္ဂလ=ပုဂ္ဂိုလ်၊ ဖလ=ဖိုလ်၊ ဗလ=ဗိုလ်၊ တက္ကသီလ=တက္ကသိုလ်၊ သီဟဠ=သီဟိုဠ် စသည်တို့ ဖြစ်သည်။

ပါဠိ၌ ဝ-အက္ခရာ အဆုံးရှိသော ပုဒ်များကို မြန်မာပြန်အနက် ပေးသောအခါ ဝ-အက္ခရာကို ဩ-ပြု၍ ရှေ့အက္ခရာနှင့်စပ်ပြီး အနက် ပေးကြ၏။

ပုံစံကား—အဗျယီဘာဝ=အဗျယီဘော၊ ဘာဝ=ဘော၊ သဘာဝ= သဘော၊ ဇဝန=ဇော၊ မာလုဝလတာ=မာလောနွယ်၊ (မောဂ္ဂလ္လာန် နိဿယ၌ မာလုဝလတာ၊ ခွေးတောက်နွယ်-ဟု အနက်ပေး၏၊ အသင့်ယုတ္တိ ရှိ၏၊ ခွေးတောက်နွယ်သည် သရက်ပင်ပေါ်တက်၍ သရက်ပင်ကို အလွန် ဖျက်ဆီး၏၊) ရာဇဂဟ=ရာဇဂြိုဟ်၊ ဝိဂ္ဂဟ=ဝိဂြိုဟ်၊ သင်္ဂဟ=သင်္ဂြိုဟ်- စသည် မြန်မာပြန် အနက်ပေးရာတို့၌လည်း နည်းမှီး သိကြပါကုန်။

ပါဠိ၌ ပ-အက္ခရာကို မြန်မာ၌ ပြ-ဟု ရေးသားပြောဆိုကြ၏။

ပုံစံကား—ပညာကို ပြညာ၊ ပဋ္ဌမ=ပြဋ္ဌမ၊ ပစ္စယ=ပြစ္စည်း၊ ပဓာန= ပြဓာန်း၊ ပယောဂ=ပြယုဂ်၊ ပက္ခဒိန=ပြက္ခဒိန်၊ ပါဠိဟာရိယ=ပြာဠိဟာ၊ ပါသာဒ=ပြာသာဒ်၊ ပညတ္တိ=ပြညတ်၊=ပြင်းညတ်။

မြန်မာစာ အကြောင်းကို မြန်မာတမျိုးသားလုံး ချမ်းသာခြင်း အကျိုးငှါရင်း, အကြားအမြင် များစေခြင်း အကျိုးငှါရင်း မိမိဆန္ဒ မိမိစေတနာအတိုင်း ရေးပါသည်၊ ပညာရှိတို့ မနှစ်သက်၍ အပြစ်တင်လျှင် သည်းခံပါ၏။

ဤကား မြန်မာစာသည် ပါဠိဘာသာကို အမှီပြု၍ ရေးသားရပုံ အမြွက်တည်း။

နာနာပဒ ဝိနိစ္ဆယကျမ်း ပြီးပြီ။

စေတသိကယုတ္တာယုတ္တပ္ပကာသနီ ရှစ်ချက်စု အဓိပ္ပါယ်ကျမ်း

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

နိဒါန်း

မိတ္ထိလာနယ် မလှိုင်စီရင်စု ပန်းအိုင်နဂရ ပစ္ဆိမဌာန သံဘိုရွာလျှင် ဖွားရာဇာတိ ပဝတ္တိရေထွက်ရွာ ကြီးမြင့်လာသဖြင့် မန္တလေးမြို့၌ အဘိဓမ္မတ္ထနယပါရဂူ လွန်စွာ တတ်မြောက်တော်မူသော သုဓမ္မာဝင် ပုဂံအတွင်းဝန် ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိက တပည့်ဖြစ်သည်နှင့်အညီ ထိုဆရာတော်ဘုရားကြီးသည် ချပို့ ပြသတော်မူအပ်သော အဘိဓမ္မတ္ထနည်းနာနယတို့ကို ရကြီးရမိ ဟုဘ်တိုင်းသိသဖြင့် ကြည်ဖြူမြတ်လေး ကျောင်းတိုက်တာပေး၍ ချီးမြှောက်ခြင်း၊ အလှူခံယူတော် မူရသော ပုဂံအတွင်းဝန်တိုက်၏ သခင် ပဏ္ဍိတာဘိဓဇ·ဟု ဘွဲ့ချီပညတ် သမုတ်အပ်သော ငါသည် ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းစသော အဘိဓမ္မတ္ထ ညဝါဓမ္မ ဟောရိုး အရကောက်ကျမ်းများ၌ သင်အံလေ့ကျက် အားထုတ် ဆောင်ရွက်ခြင်းကို အလိုရှိကုန်သော ဉာဏ်မရင့်သေးသော မန္ဒနုနယ် စာသင်ငယ်ပုဂ္ဂိုလ်တို့သည် သိမ်မွေ့ခဲခက်သော ယှဉ်နည်း ကြဉ်နည်း သမ္ပယောဂ အရကောက်နည်းများကို လွယ်လင့်တကူ ကြည့်ရှုကာမျှနှင့် စူးရှနက်နဲသော ဉာဏ်ပဋိဘာန် အမြင်သန်သဖြင့် သဘောသက်ဝင်နိုင်ကြစေခြင်းအကျိုးငှါ စေတသိက်တို့၏ ယထာဓမ္မ သဘာဝအလျောက် ရသင့်တိုင်းကောက်၍ ဝေဘန်ရာဖြစ်သော သုဒ္ဓလေးချက် မိဿကလေးချက် ဤရှစ်ချက်သော ခွဲနည်းသရုပ်များကို အကျယ်ထုတ်ဖော် ရေးသားအံ့သတည်း။

ရတနတ္တယပဏာမနှင့်

ပဋိညာဉ်

၁။ တိလောကမဟိတံ နာထံ၊ ဗုဒ္ဓံ တမန္ဓနာသကံ။
သမ္ဗုဒ္ဓပူဇိတံ ဓမ္မံ၊ နတွာ နိရင်္ဂဏံ သံဃံ။

(ဝတ္တဂါထာ)

၂။ ဝန္ဒိတွာ မိရံ သိရသာ၊ ဂရုံ ဂါရဝဘာဇနံ။
ဝိနယာစာရသမ္ပုဏ္ဏံ၊ သောတူနံ သုခဗုဒ္ဓိယာ။

(ပဌမ ဘကာရဝိပုလာ)

၃။ အဘိဓမ္မာဘိသိက္ခာနံ၊ အာရဘိဿာမိ မံ အဟံ။
ဣဒါနိ ကုလပုတ္တာနံ၊ တံ နိသာမေထ သာဓဝေါ။

(ပထျာဝတ္တဂါထာ)

၁။ တိလောကမဟိတံ၊ သုံးပါးသော လောကသည် ပူဇော်အပ်တော်မူထသော။ နာထံ၊ လူနတ်ပြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာလည်း ဖြစ်တော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကိုင်း။ တမန္ဓနာသကံ၊ မောဟ တည်းဟူသော အမိုက်မှောင်ကို ပယ်ဖြတ်ခုတ်လှီး ဖျက်ဆီးကင်းစင်စေတတ်ထသော။ သမ္ဗုဒ္ဓပူဇိတံ၊ မြတ်စွာဘုရားတို့သည် ပူဇော်အပ်တော် မူပြီးထသော။ ဓမ္မဉ္စ၊ တရားတော်မြတ်ကိုလည်းကောင်း။ နိရင်္ဂဏံ၊ ကိလေသာတည်းဟူသော အညစ်အကြေး မရှိထသော။ သံဃဉ္စ၊ သံဃာတော်မြတ်ကိုလည်းကောင်း။ နတွာ နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။

၂-၃။ ဝိနယာစာရသမ္ပုဏ္ဏံ၊ ဝိနည်းအကျင့် အာစာရနှင့်လည်းပြည့်စုံထသော။ ဂါရဝဘာဇနံ၊ အရိုအသေပြုခြင်း၏ တည်ရာလည်း ဖြစ်ထသော။ မိရံ၊ ကျောက်ထီးတန္တု အလေးပြုအပ်သော။ ဂရုံ၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကို။ ဝန္ဒိတွာ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊

ရှိခိုးပြီး၍။ ဣဒါနိ၊ ယခုအခါ၌။ ကုလပုတ္တာနံ၊ အမျိုးကောင်းသား ဖြစ်ကုန်သော။ အဘိဓမ္မာဘိသိက္ခာနံ၊ အဘိဓမ္မာကို သင်ကြားကြကုန်သော။ သောတူနံ၊ မန္ဒနုနယ် စာသင်ငယ် ပုဂ္ဂိုလ်တို့၏။ သုခဗုဒ္ဓိယာ၊ သိမ်မွေ့ခက်ခဲသော စေတသိက်တို့၏ ယှဉ်နည်း ကြဉ်နည်း ဖြစ်သော သမ္ပယောဂ ကောက်နည်းများကို လွယ်လင့်တကူ ကြည့်ရှုကာမျှနှင့် စူးရှနက်နဲသော ဉာဏ်ပဋိဘာန် အမြင်သန်သဖြင့် သဘောသက်ဝင်၍ ချမ်းသာစွာ သိလွယ်စေခြင်းငှါ။ ဣမံ ကပ္ပံ၊ စေတသိက်တို့၏ ယှဉ်နည်း ကြဉ်နည်းဖြစ်သော သမ္ပယောဂနည်းများကို မူလမူလီအားဖြင့် ကော်လှည့်၍ ခွဲပြအပ်သော ဤရှစ်ချက်စုအဓိပ္ပါယ်ကျမ်းကို။ အဟံ၊ ပုဂံအတွင်းဝန်တိုက်၏ သခင် ပဏ္ဍိတာဘိဓဇ-ဟု ဘွဲ့ချီးပညတ် သမုတ်အပ်သော ငါသည်။ အာရဘိဿာမိ၊ စီရင်ရေးသား အားထုတ်ပေအံ့။ တံ၊ ထိုအားထုတ်အပ်သော ရှစ်ချက်စုအဓိပ္ပါယ်ကျမ်းကို။ သာဓဝေါ၊ အဘိဓမ္မာ၌ သင်အံလေ့ကျက် အားထုတ်ဆောင်ရွက်ခြင်းကို အလိုရှိကြကုန်သော သူတော်ကောင်း အပေါင်းတို့သည်။ နိသာမေထ၊ ကြည့်ရှုမှတ်သားကြကုန်လော့။

ပဏာမ ၃-ဂါထာ တို့၏ အနက်ယောဇနာ ပြီးပြီ။

သမ္ပယောဂဥဒ္ဒေသဂါထာ

သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ၊ ယထာယောဂံ ပကိဏ္ဏကာ။
စုဒ္ဒသာကုသလေသွေဝ၊ သောဘနေသွေဝ သောဘနာ

ဟူသောပါဠ်ဖြင့် သမ္ပယောဂဥဒ္ဒေသဂါထာကို ပြ၏။

ဤသမ္ပယောဂဥဒ္ဒေသပါဠ်တို့တွင် သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ-ပါဠ်ဖြင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခုတို့သည် စိတ်တခုယုတ် ကိုးဆယ်တို့၌ ယှဉ်သည်ကို ပြ၏။

နဒနသဓ ၁၀–ပ–မ သ၊

ယထာယောဂံ ပက်ိဏ္ဏကာ-ဟူသော ပါဌ်ဖြင့် ပကိဏ္ဏကစေတသိက် ခြောက်ခုဘို့သည် စိတ်တခုယုတ်ကိုးဆယ်တို့၌ ယှဉ်သင့်သည်အားလျော်စွာ ယှဉ်သည်ကို ပြ၏။

သဗ္ဗစိတ္တသာဓာရဏာ စေတသိက် ခုနစ်ခု, ပကိဏ္ဏက စေတသိက် ခြောက်ခုအားဖြင့် ပေါင်းသော် အညသမာန်း စေတသိက် တရေသ ဖြစ်၏။ ဤအညသမာန်းရာသီသည် စိတ်တခုယုတ်ကိုးဆယ်တို့၌ ရအပ်၏-ဟု သိရာ၏။

စုဒ္ဒသာကုသလေသွေဝ-ဟူသော ပါဌ်ဖြင့် အကုသိုလ် စေတသိက် တဆယ့်လေးခုတို့သည် အကုသိုလ်စိတ် တဆယ့်နှစ်ခုတို့၌သာလျှင် ယှဉ်သင့်သည်အားလျော်စွာ ယှဉ်ကုန်၏-ဟု ပြသည်။ ဧဝ-သဒ္ဒါဖြင့် ဤအကုသလရာသီ စေတသိက် တဆယ့်လေးခုသည် အကုသိုလ်စိတ် တဆယ့်နှစ်ခု၌သာလျှင် ရအပ်၏။ အဟိတ်စိတ်, သောဘနစိတ်တို့၌ မရအပ်ဟု ပြသည်။

သောဘနေသွေဝ သောဘနာ-ဟူသောပါဌ်ဖြင့် သောဘန စေတသိက် နှစ်ဆယ့်ငါးခုတို့သည် သောဘနစိတ် တခုယုတ်ခြောက်ဆယ် တို့၌သာလျှင် ယှဉ်သင့်သည်အားလျော်စွာ ယှဉ်၏။ ဧဝ-သဒ္ဒါဖြင့် သောဘန ရာသီ စေတသိက် နှစ်ဆယ့်ငါးခုတို့သည် သောဘနစိတ် တခုယုတ် ခြောက်ဆယ်တို့၌သာလျှင် ရအပ်၏၊ အသောဘနစိတ်တို့၌ မရအပ်ဟု ပြသည်။

ရာသီ ၃-ပါးနှင့် စိတ် ၈၉-ပါး

ရာသီသုံးပါးကို စိတ်တခုယုတ် ကိုးဆယ်တို့၌ အသီးသီးရအပ်, မရအပ် တွက်သော်ကား—

အကုသိုလ်စိတ်၌ အကုသလရာသီ,အညသမာန်းရာသီအားဖြင့် နှစ်ရာသီ ရအပ်၏၊ စေတသိက် အရေအတွက်အားဖြင့်ကား သတ္တဝီသတည်း။

အဟိတ်စိတ်၌ အညသမာန်း တရာသီ ရအပ်၏၊ စေတသိက် အရေ အတွက်အားဖြင့် တေရသတည်း။

သောဘနစိတ်၌ သောဘနရာသီ, အညသမာန်း ရာသီအားဖြင့် နှစ်ရာသီ ရအပ်၏၊ စေတသိက်အရေအတွက်အားဖြင့် အဋ္ဌတိံသတည်း။

အကုသိုလ်စိတ်, အဟိတ်စိတ်၌ အကုသလရာသီ, အညသမာန်း ရာသီ အားဖြင့် နှစ်ရာသီ ရအပ်၏၊ စေတသိက် အရေအတွက်အားဖြင့် သတ္တဝီသသာ ရ၏။

အကုသိုလ်စိတ်, သောဘနစိတ်၌ အကုသလရာသီ, အညသမာန်း ရာသီ, သောဘနရာသီအားဖြင့် သုံးရာသီ ရ၏၊ စေတသိက်အရေအတွက် အားဖြင့် ဒွေပညာသ ရ၏။

အဟိတ်စိတ်, သောဘနစိတ်၌ အညသမာန်းရာသီ, သောဘနရာသီ အားဖြင့် နှစ်ရာသီ ရအပ်၏။ စေတသိက် အရေအတွက်အားဖြင့် အဋ္ဌတိံ သရ၏။

စိတ်တခုယုတ်ကိုးဆယ်၌ သုံးရာသီ ရ၏၊ စေတသိက် အရေအတွက်ကား ဒွေပညာသတည်း။

ရာသီအရကို မြင်မှ စေတသိက်အယှဉ်ကို နိုင်မည်ဖြစ်၍ ရာသီအစုကို ရေတွက်သောနည်းကား ပြီး၏။

သမ္ပယောဂနည်း ၁၆-ပါး၌ ၂-ချက်စု သရုပ်ခွဲ

သဗ္ဗစိတ္တသာဓာရဏစေတသိက်ယှဉ်ပုံ

သတ္တ သဗ္ဗတ္တ ယုဇ္ဇန္တိ–ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသ မှုလိုရကား ဏထံ သဗ္ဗစိတ္တသာဓာရဏာ တာဝ။ပ။ လဗ္ဘန္တိ-မိန့်။ သတ္တ-ကို ဣမေ စေသိကာ-ဟု ဖွင့်သည်။ သဗ္ဗတ္တ၌ ထ-ပစ္စည်းသည် ဝုစ်နှစ်ပါးနှင့် ဆက်ဆံရကား ဧဟူဝစနန္တ-ဟု သိစေခြင်းငှါ သဗ္ဗေသုပိ-ဟု ဖွင့်သည်။ သဗ္ဗသဒ္ဒါသည်

သာဝသေသသဗ္ဗ, နိပ္ပဒေသသဗ္ဗ နှစ်ပါးတို့တွင် နိပ္ပဒေသ-ဟု သိစေခြင်းငှါ ကေနနုဝုတ္တိစိတ္တုပ္ပါဒေသု-ဟုဖွင့်သည်။ ယုဇ္ဇန္တိ-ကို လဗ္ဘန္တိ-ဟုဖွင့်သည်။

သမာနဝါဒကား ထိုစကားမသင့်ဟု ပယ်၏။ အဘယ်ကြောင့်နည်း ဟူမူကား သမ္မာဝါစာကြဉ်အပ်သော ဝိရမိတဗ္ဗဝတ္ထု လေးပါးဟု ဆိုအပ် သော ဝစီဒုစရိုတလေးပါးတို့တွင် တပါးပါးကြဉ်ကာမျှနှင့် လောကုတ္တရာ စိတ်၌ သမ္မာဝါစာယှဉ်နိုင်၏-ဟူသော အဓိပ္ပါယ်ရောက်၏။

သမ္မာကမ္မန္တကြဉ်အပ်သော ဝိရမိတဗ္ဗဝတ္ထု သုံးပါးဟု ဆိုအပ်သော ကာယဒုစရိတ သုံးပါးတို့တွင် တပါးပါးကြဉ်ကာမျှနှင့် လောကုတ္တရာစိတ် ၌ သမ္မာကမ္မန္တယှဉ်နိုင်၏-ဟူသော အဓိပ္ပါယ်ရောက်၏။

သမ္မာအာဇီဝကြဉ်အပ်သော ဝိရမိတဗ္ဗဝတ္ထု ၇-ပါးဟု ဆိုအပ်သော ဒုရာဇီဝ ၇-ပါးတို့တွင် တပါးပါးကြဉ်ကာမျှနှင့် လောကုတ္တရာစိတ်၌ သမ္မာအာဇီဝယှဉ်နိုင်၏-ဟူသော အဓိပ္ပါယ်ရောက်၏။

တပါးပါးကြဉ်ကာမျှနှင့် လောကုတ္တရာစိတ်၌ ဝိရတီမယှဉ်နိုင်၊ ဝစီ-ဒုစရိတ ဝိရမိတဗ္ဗဝတ္ထု လေးပါး၊ ကာယဒုစရိတ ဝိရမိတဗ္ဗဝတ္ထုသုံးပါး၊ ဒုရာဇီဝ ဝိရမိတဗ္ဗဝတ္ထု ၇-ပါးတို့ကို အကြွင်းအကျန်မရှိ ကြဉ်ရှောင်မှသာလျှင် လောကုတ္တရာစိတ်၌ ဝိရတီစေတသိက် သုံးခု ယှဉ်နိုင်၏-ဟူသော အဓိပ္ပါယ်ကို သိစေလို၍ သဗ္ဗဘာပိ-ဟူသောပါဌ်ကို အရှင်အနုရုဒ္ဓါဆရာ ဆိုသည်ဟု မှတ်အပ်၏။

'လောကိယေသု ပန ကာမာဝစရကုသလေသွေဝ'-၌ ဧဝ-သဒ္ဒါကား ကာမဝိပါက်, ကြိယာ, မဟဂ္ဂုတ်စိတ်တို့ကိုကန့်။

ဝိရတီစေတသိက် မဟာဝိပါက်၌ မယှဉ်ခြင်းအကြောင်း

ဝိရတီစေတသိက်သည် အကြောင်းဖြစ်သော မင်္ဂလေးခု, အကျိုးဖြစ်သောဖိုလ်လေးခု၌ ယှဉ်သကဲ့သို့ အကြောင်းဖြစ်သော မဟာကုသိုလ်စိတ်၌ယှဉ်၍ အကျိုးဖြစ်သော မဟာဝိပါက်စိတ်ကို အဘယ်ကြောင့်မယှဉ်သနည်းဟူမူ—

ပဉ္စသိက္ခာပဒံ ကုသလံယေဝ။

ဟု သိက္ခာပဒ ဝိဘင်းပါဠိတော်၌ ဘုရားဟောတော်မူသောကြောင့် လောကီ၌ယှဉ်သော ဝိရတီသည် ကုသိုလ်၌သာ ယှဉ်သည်၊ ဝိပါက်-ကြိယာတို့၌ မယှဉ်ဟူပေ။

မဟဂ္ဂုတ်ကုသိုလ်လည်း လောကီကုသိုလ်ဖြစ်လျက် အဘယ်ကြောင့် ဝိရတီ မယှဉ်သနည်းဟူမူ ဝိရတီစေတသိက် သုံးခုသည် ကာမဘုံ၌ ဖြစ်စဉ်ကတည်းကပင် ကာယပယောဂ, ဝစီပယောဂတို့ကို ပယ်ပြီးဖြစ်၍ အလွန် စင်ကြယ်သောကြောင့် မယှဉ်ဟူပေ၏။

ဝိရတီစေတသိက် လောကုတ္တရာစိတ်၌ ယှဉ်ခြင်းအကြောင်း

ဟီနာ ဓမ္မာ၊ မဇ္ဈိမာ ဓမ္မာ၊ ပဏီတာ ဓမ္မာ။

ဟု ဟောတော်မူသောကြောင့် လောကုတ္တရာ ဒေသနာကို ပဏီတ အရာထား၍ အမြတ်ဆုံးတရားဖြစ်လျက် အဘယ်ကြောင့် ဝိရတီယှဉ်လေသနည်း ဟူမူကား အနုသယကိလေသာပယ်၍ ယှဉ်သောကြောင့် ယှဉ်နိုင်၏ ဟူလို။

ဝိရတီစေတသိက်သည် လောကုတ္တရာစိတ်၌ ယှဉ်သောအခါ နိယတ၊ လောကီ၌ ယှဉ်သောအခါ အနိယတ။

ကဒါစိ ဝိသုံ ဝိသုံဖြစ်ပုံ

လောကီ၌ ယှဉ်သောအခါ ကဒါစိ ဝိသုံ ဝိသုံ ဖြစ်ပုံကား—

မဟာကုသိုလ်စိတ်၌ သမ္မာဝါစာယှဉ်ခိုက် သမ္မာဝါစာသည် ကဒါစိ၊ သမ္မာကမ္မန္တ, သမ္မာအာဇီဝသည် ဝိသုံ ဝိသုံ။ သမ္မာကမ္မန္တယှဉ်ခိုက် သမ္မာကမ္မန္တသည် ကဒါစိ၊ သမ္မာဝါစာ, သမ္မာအာဇီဝသည် ဝိသုံ ဝိသုံ။ သမ္မာအာဇီဝယှဉ်ခိုက် သမ္မာအာဇီဝသည် ကဒါစိ၊ သမ္မာဝါစာ, သမ္မာကမ္မန္တသည် ဝိသုံ ဝိသုံ။

လောကီ၌ယှဉ်သော ဝိရတီ ကဒါစိ ဝိသုံ ဝိသုံ ဖြစ်ရသည်ကား ဝိရမိတဗ္ဗဝတ္ထုကို အမြဲတပြိုင်နက် မကြဉ်ရှောင်နိုင်၊ ဝိရမိတဗ္ဗဝတ္ထု တပါးတပါးသာ ကြဉ်ရှောင်နိုင်သည်၊ တပါးတပါးမှာလည်း အခါခပ်သိမ်း မကြဉ်ရှောင်နိုင်၊ ကြဉ်သောအခါယှဉ်၏၊ မကြဉ်သောအခါ မယှဉ်၍ ကဒါစိ ဝိသုံ ဝိသုံ ဖြစ်ရသည်။

ဝိရတီယှဉ်သောစိတ်ကို ပေါင်းသော် လောကုတ္တရာစိတ်ရှစ်ခု, မဟာကုသိုလ်စိတ်ရှစ်ခု၊ ပေါင်းတဆယ့်ခြောက်ခုသော စိတ်၌သာလျှင် ဝိရတီယှဉ်၏။

အပ္ပမညာစေတသိက်ယှဉ်ပုံ

အပ္ပမညာစေတသိက်သည် အဘယ်မျှလောက်သောစိတ်တို့နှင့် ယှဉ် သနည်း-ဟု မေးဘွယ်ရှိ၍ 'အပ္ပမညာယော။ ပ။ ကေစိ ဝဒန္တိ' မိန့်။

၂၈-ပါး ဟူသော်ကား ပဉ္စမဈာန်ကြဉ် မဟဂ္ဂုတ်စိတ် ဒွါဒသ၊ မဟာ ကုသိုလ်စိတ်ရှစ်ခု၊ မဟာကြိယာစိတ်ရှစ်ခု ပေါင်း ၂၈-ပါးသောစိတ်တို့၌ သာယှဉ်၏။ ဝေ-သဒ္ဒါဖြင့် ဤ ၂၈-ခုသောစိတ်မှ ကြွင်းသော ကာမ, မဟဂ္ဂုတ်, လောကုတ္တရာစိတ်တို့ကိုကန့်။

ပဉ္စမဈာန်ကြဉ်ရကြောင်း

ပဉ္စမဈာန်ကြဉ်ရသည်မှာ အပ္ပနာသို့ရောက်သော အပ္ပမညာသည် တရံတခါမျှ သောမနဿနှင့်ကင်း၍ မဖြစ်သောကြောင့် ကြဉ်ရသည်။

ကဒါစိ, နာနာဖြစ်ပုံ

ကဒါစိ,နာနာဖြစ်ဟန်ကား ၂၈-ခုသော စိတ်တို့တွင် ကရုဏာယှဉ်သည် ဖြစ်အံ့၊ ကရုဏာသည် ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြုသောအခါ ယှဉ် ၏။ မပြုလျှင် မယှဉ်သည်ကား ကဒါစိ၊ ကရုဏာယှဉ်လျှင်ပင် မုဒိတာ မယှဉ်သည်ကား နာနာဖြစ်၏။

မုဒိတာသည် သုခိတသတ္တဝါပညတ်ကို အာရုံပြုလျှင်ယှဉ်၏၊ မပြုလျှင် မယှဉ်သည်ကား ကဒါစိ၊ မုဒိတာ ယှဉ်လျှင်ပင် ကရုဏာမယှဉ်သည် ကား နာနာဖြစ်၏။

နှစ်ပါးစုံမယှဉ်သည်ကား ဘိန္နာရမ္မဏတ္တာ ဖြစ်သောကြောင့်တည်း။

အပ္ပမညာ မဟာဝိပါက်၌ မယှဉ်ခြင်းအကြောင်း

ရူပကုသိုလ် ရူပဝိပါက်, အကြောင်းအကျိုးဖြစ်သော စိတ်များ၌ အပ္ပမညာ ယှဉ်သကဲ့သို့ အကြောင်းဖြစ်သော မဟာကုသိုလ်၌ ယှဉ်၍ အကျိုးဖြစ်သော မဟာဝိပါက်တို့ကို အဘယ်ကြောင့် အပ္ပမညာ မယှဉ်

လေသနည်း ဟူမူကား ဘိန္နာရမ္မဏတ္တာ ဖြစ်သောကြောင့် ဟိတ်ခတ်သတည်း။

အာရုံပြားဟန်ကား–အပ္ပမညာဒွေးသည် ပညတ်ကိုအာရုံပြု၏၊ မဟာဝိပါက်ကား ကာမတရားကို အာရုံပြု၏။ ဤကား ပြားပုံတည်း။ အပ္ပမညာဒွေးသည် ၂၈-ခုသောစိတ်ယှဉ်ရာ၌ အနိယတပင်တည်း။

ပညာစေတသိက် ယှဉ်မှုံ

ပညာစေတသိက်သည် အဘယ်စိတ်တို့၌ ရအပ်သနည်း မေးဘွယ်ရှိ၍ 'ပညာ ပန။ပ။ သမ္ပယောဂံ ဂစ္ဆတိတိ'-မိန့်။

၄၇-ပါးကား–ဉာဏသမ္ပယုတ်စိတ် ၁၂-ခု၊ မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅-ခု၊ ပေါင်း ၄၇-ပါးသော စိတ်တို့၌သာလျှင် အမြဲ ယှဉ်၏။ ဝေ-သဒ္ဒါဖြင့် ဤမှတပါးသောစိတ်တို့၌ မရအပ်-ဟု သိရာ၏။

ဤ သောဘနစိတ်၌ ရသိအားဖြင့် အညသမာန်းရာသိ, သောဘနရာသိ၊ နှစ်ရာသိရ၍ စေတသိက်အရေအတွက် အဋ္ဌတ္တိံသ ဖြစ်၏။ ၎င်းအဋ္ဌတ္တိံသကို မှတည်၍ နုတ်ရမည်။

သောဘနစိတ် တခုယုတ်ခြောက်ဆယ်၌ ရ-မရ ရွေးရမည့် စေတသိက်ကား–သောဘနရာသိ၌ ဝိရတိတဒ္ဒါန, အပ္ပမညာတဒ္ဒါန, ပညာတဒ္ဒါန၊ အညသမာန်းရာသိ၌ ဝိတက်, ဝိစာရ, ပီတိ၊ ပေါင်း ခြောက်ဒ္ဒါနကြည့်၍ ရွေးချယ်ရမည်။

သောဘနစိတ် တခုယုတ်ခြောက်ဆယ်၌ စေတသိက် မည်မျှယှဉ်သနည်း မေးလျှင် အဋ္ဌတ္တိံသ ယှဉ်၏-ဟု ပြောရာ၏။ မဟာကုသိုလ်လည်း ၎င်းနည်းအတိုင်းပင်။

မဟာဝိပါက်၌ ဝိရတိတဒ္ဒါန, အပ္ပမညာတဒ္ဒါနကြဉ်သော စေတသိက်တေတ္တိံသ ယှဉ်၏-ဟု ပြောရာ၏။ ၎င်း၊ကြဉ်သော စေတသိက်တို့၏ ပါဠိကို ရွတ်လေ၊ သို့မှ ကြဉ်သည် ယှဉ်သည် သိဆာ ကျေပွန်သည်။

မဟာကိရိယာစိတ်၌ ဝိရတီတဋ္ဌာန ကြဉ်သော စေတသိက်ပဥ္စတိံသ ရ၏၊ ဝိရတီ ကြဉ်ရာ၌ ပါဠိ ရှတ်လေ။

မဟဂ္ဂုတ်စိတ်၌ကား ဝိရတီတဋ္ဌာန ကြဉ်သော စေတသိက်ပဥ္စတိံသ ယှဉ်၏။

လောကုတ္တရာစိတ်၌ အပ္ပမညာ ကြဉ်သော စေတသိက်ဆတ္တိံသ ယှဉ်၏-ဟု ပြောရာ၏။ အပ္ပမညာ ကြဉ်ရာ၌ ပါဠိ ရှတ်လေ။

ၚင်းအပြင် သောဘနစိတ် တခုယုတ်ခြောက်ဆယ် ကုန်အောင် တခုစီ တခုစီ ခွဲ၍ ခွဲ၍သော်ၚင်း၊ သို့မဟုတ် တခုနှင့်တခု တွဲ၍ တွဲ၍ အလိုရှိသလိုမေးက အလိုရှိသလိုပင် ဖြေနိုင်ရန် ခြောက်ဋ္ဌာနကို ရသင့်၊ မရသင့်၊ ကြဉ်သင့်၊ မကြဉ်သင့် ကြည့်ရှု၍ ပါဠိ ရှတ်၍ ရှတ်၍ ခွဲလေ၊ ပါဠိ ရှတ်မှု အမြင်ကျယ်သည်၊ အမြင်ကျယ်မှ သမ္ပယောဂနည်းနိုင်သည်၊ သမ္ပယောဂ နည်းနိုင်မှ ရှစ်ချက်ခွဲနည်း သဘောကျနိုင်မည်။ (ကျယ်အံ့စိုးသောကြောင့် ဤမျှသာ ဥပလက္ခဏ နည်းအားဖြင့် ပြလိုက်သည်။

သောဘနသာဓာရဏစေတသိက် ရှစ်ချက်စု သရုပ်ခွဲ

သောဘနစေတသိက် ၂၅-ပါးတို့တွင်——

သောဘနသာဓာရဏစေတသိက် ဧကူနဝီသ သည် သောဘနစိတ်-ဧကူနသဋ္ဌိ ယှဉ်ရာ၌ တခု တခု မူတည်၍ တခု တခု မူလိသွတ်၍ သုဒ္ဓလေးချက်၊ မိဿကလေးချက် ခွဲနည်း။

ဝိရတီစေတသိက်သုံးခုသည် ၁၆-ခုသော စိတ်ယှဉ်ရာ၌ သုဒ္ဓလေးချက်၊ မိဿကလေးချက် ခွဲနည်း၊

အပ္ပမညာစေတသိက်သည် ၂၈-ခုသော စိတ်ယှဉ်ရာ၌ သုဒ္ဓလေးချက်၊ မိဿကလေးချက် ခွဲနည်းတို့ကို အရကောက်၍ ပြဦးအံ့။

သဒ္ဒါမူ သတိမူလီ

ရှစ်ချက်စု မာတိကာ

သဒ္ဒါနှင့် ယှဉ်သောတရား၊

သဒ္ဒါနှင့် မယှဉ်သောတရား၊

သတိနှင့် ယှဉ်သောတရား၊

သတိနှင့် မယှဉ်သောတရား၊ ဤကား သုဒ္ဓလေးချက်။

သဒ္ဒါ, သတိ နှစ်ပါးစုံ ယှဉ်သောတရား၊

သဒ္ဒါ, သတိ နှစ်ပါးစုံ မယှဉ်သောတရား၊

သဒ္ဒါနှင့်သာ ယှဉ်၍ သတိနှင့် မယှဉ်သောတရား၊

သတိနှင့်သာ ယှဉ်၍ သဒ္ဒါနှင့် မယှဉ်သောတရား၊ ဤကား မိဿက လေးချက်။

မာတိကာစဉ် ပြီး၏။

နောက်နောက်သော ရှစ်ချက်ခွဲနည်းမှာ ဤကဲ့သို့ မာတိကာစဉ် ထားပြီး ခွဲလေ။

သုဒ္ဓလေးချက်

(၁) သဒ္ဒါနှင့် ယှဉ်သောတရား – သောဘနစိတ် တခုယုတ် ခြောက်ဆယ်၊ သဒ္ဒါကြဉ်သော စေတသိက် သတ္တတိံသ ရ၏။

(၂) သဒ္ဒါနှင့် မယှဉ်သောတရား – အသောဘနစိတ် သုံးဆယ်၊ စေတသိက် သတ္တဝီသ၊ သောဘနစိတ် တခုယုတ် ခြောက်ဆယ်၌ရှိသော သဒ္ဒါ စေတသိက် တခုယုတ် ခြောက်ဆယ်၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

(၃) သတိနှင့် ယှဉ်သောတရား—သောဘနစိတ် တခုယုတ် ခြောက်ဆယ်၊ သတိကြဉ်သော စေတသိက်သတ္တတိံသ ရ၏။

(၄) သတိနှင့် မယှဉ်သောတရား– အသောဘနစိတ် သုံးဆယ်၊ စေတသိက် သတ္တဝီသ၊ သောဘနစိတ် တခုယုတ် ခြောက်ဆယ်၌ ရှိသော သတိစေတသိက် တခုယုတ် ခြောက်ဆယ်၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

သဒ္ဓါမူ သတိမူလီ၌ သုဒ္ဓလေးချက် ပြီး၏။

မိဿကလေးချက်

(၁) သဒ္ဓါနှင့်သတိ နှစ်ပါးစုံ ယှဉ်သောတရား- သောဘနစိတ် တခုယုတ် ခြောက်ဆယ်၊ သဒ္ဓါ၊ သတိကြဉ်သော စေတသိက်ဆတ္တိံသ ရ၏။

(၂) သဒ္ဓါ သတိ နှစ်ပါးစုံ မယှဉ်သောတရား–အသောဘနစိတ် သုံးဆယ်၊ စေတသိက်သတ္တဝီသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

(၃) သဒ္ဓါနှင့်သာ ယှဉ်၍ သတိနှင့် မယှဉ်သောတရား – သောဘနစိတ် တခုယုတ် ခြောက်ဆယ်၌ ရှိသော သတိစေတသိက် တခုယုတ် ခြောက်ဆယ် ရ၏။

(၄) သတိနှင့်သာ ယှဉ်၍ သဒ္ဓါနှင့် မယှဉ်သောတရား – သောဘနစိတ် တခုယုတ် ခြောက်ဆယ်၌ ရှိသော သဒ္ဓါစေတသိက် တခုယုတ် ခြောက်ဆယ် ရ၏။

သဒ္ဓါမူ သတိမူလီ၌ မိဿကလေးချက် ပြီး၏။

သဒ္ဓါမူ ပြီး၏။

ဤနည်းအတူ သဒ္ဓါမူ ဟိရီမူလီ-အစရှိသော မူလီ ၁၇-ပါး၌ သုဒ္ဓ မိဿကများကို သဒ္ဓါမူ သတိမူလီကို နည်းမှီ၍ ခွဲလေ။

သတိမူ-အစရှိသော မူလ ၁၇-ပါး, မူလီတရား ၅၃-ပါးတို့ကိုလည်း ကုန်အောင် သဒ္ဓါမူ သတိမူလီနည်း မှီ၍ သုဒ္ဓလေးချက်, မိဿကလေး ချက်ကုန်အောင် ခွဲလေ။

သောဘနသာဓာရဏစေတသိက် ၁၉-ပါး၌ သုဒ္ဓလေးချက်, မိဿက လေးချက် ခွဲနည်းပြီး၏။

ဝိရတီစေတသိက် ရှစ်ချက်စု သရုပ်ခွဲ
သမ္မာဝါစာမူ သမ္မာကမ္မန္တမူလီ

သုဒ္ဓလေးချက်

(၁) သမ္မာဝါစာနှင့် ယှဉ်သောတရား – လောကုတ္တရာစိတ် ရှစ်ခု၊ သမ္မာဝါစာ ကြဉ်သော စေတသိက် ပဥ္စတိံသ၊ သမ္မာဝါစာ ယှဉ်ခိုက် မဟာကုသိုလ်စိတ် ရှစ်ခု၊ ဝိရတီ, အပ္ပမညာ ကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

(၂) သမ္မာဝါစာနှင့် မယှဉ်သောတရား– လောကုတ္တရာစိတ် ရှစ်ခု၌ ရှိသော သမ္မာဝါစာစေတသိက် ရှစ်ခု၊ သမ္မာဝါစာ ယှဉ်ခိုက် မဟာကုသိုလ်စိတ် ရှစ်ခု၌ ရှိသော သမ္မာဝါစာစေတသိက် ရှစ်ခု၊ သမ္မာဝါစာ မယှဉ်ခိုက် - မယှဉ်နေ လောကီစိတ် ကောသီတိ၊ သမ္မာဝါစာ ကြဉ်သော စေတသိက် ကေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

(၃) သမ္မာကမ္မန္တနှင့် ယှဉ်သောတရား– လောကုတ္တရာစိတ် ရှစ်ခု၊ သမ္မာကမ္မန္တ ကြဉ်သော စေတသိက် ပဥ္စတိံသ၊ သမ္မာကမ္မန္တ ယှဉ်ခိုက် မဟာကုသိုလ်စိတ် ရှစ်ခု၊ ဝိရတီ, အပ္ပမညာ ကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

(၄) သမ္မာကမ္မန္တနှင့် မယှဉ်သောတရား – လောကုတ္တရာစိတ် ရှစ်ခု၌ ရှိသော သမ္မာကမ္မန္တစေတသိက် ရှစ်ခု၊ သမ္မာကမ္မန္တယှဉ်ခိုက် မဟာ-ကုသိုလ်စိတ် ရှစ်ခု၌ ရှိသော သမ္မာကမ္မန္တစေတသိက် ရှစ်ခု၊ သမ္မာကမ္မန္တ မယှဉ်ခိုက် မယှဉ်နေ လောကီစိတ် ကောသီတိ၊ သမ္မာကမ္မန္တကြဉ်သော စေတသိက် ကောပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

(သုဒ္ဓလေးချက် ပြီး၏။)

မိဿက လေးချက်

(၁) သမ္မာဝါစာနှင့်သာယှဉ်၍ သမ္မာကမ္မန္တနှင့် မယှဉ်သော တရား– လောကုတ္တရာစိတ် ရှစ်ခု၌ ရှိသော သမ္မာကမ္မန္တစေတသိက် ရှစ်ခု၊ သမ္မာ· ဝါစာယှဉ်ခိုက် မဟာကုသိုလ်စိတ် ရှစ်ခု၊ ဝိရတီ ,အပ္ပမညာ ကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

(၂) သမ္မာကမ္မန္တနှင့်သာ ယှဉ်၍ သမ္မာဝါစာနှင့် မယှဉ်သောတရား– လောကုတ္တရာစိတ် ရှစ်ခု၌ ရှိသော သမ္မာဝါစာစေတသိက် ရှစ်ခု၊ သမ္မာ· ကမ္မန္တ ယှဉ်ခိုက် မဟာကုသိုလ်စိတ် ရှစ်ခု၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

(၃) သမ္မာဝါစာ, သမ္မာကမ္မန္တ နှစ်ပါးစုံ ယှဉ်သော တရား— လောကုတ္တရာစိတ် ရှစ်ခု၊ သမ္မာဝါစာ, သမ္မာကမ္မန္တ ကြဉ်သော စေတသိက် စတုတ္တိံသ ရ၏။

(၄) သမ္မာဝါစာ, သမ္မာကမ္မန္တ နှစ်ပါးစုံ ယှဉ်သော တရား– သမ္မာဝါစာယှဉ်ခိုက် မဟာကုသိုလ်စိတ် ရှစ်ခု၌ ရှိသော သမ္မာဝါစာ· စေတသိက် ရှစ်ခု၊ သမ္မာကမ္မန္တ ယှဉ်ခိုက် မဟာကုသိုလ်စိတ် ရှစ်ခု၌ရှိသော သမ္မာကမ္မန္တစေတသိက် ရှစ်ခု၊ သမ္မာဝါစာ, သမ္မာကမ္မန္တ မယှဉ်ခိုက် မယှဉ်နေ လောကီစိတ် ကောသီဘိ၊ သမ္မာဝါစာ, သမ္မာကမ္မန္တ ကြဉ်သော စေတသိက်ပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

မိဿက လေးချက် ပြီး၏။

သမ္မာအာဇီဝမူလီလည်း ဤနည်းအတူ ခွဲလေ၊ သမ္မာအာဇီဝ ဆိုရှိ မျှသာ ထူးတော့သည်။

သမ္မာဝါစာမူ ပြီး၏။

သမ္မာကမ္မန္တမူ သမ္မာအာဇီဝမူလီလည်း သမ္မာဝါစာမူ သမ္မာကမ္မန္တ· မူလီနည်း မှီ၍ ခွဲလေ။

သမ္မာကမ္မန္တမူ ပြီး၏။

အပ္ပမညာစေတသိက် ရှစ်ချက်စု သရုပ်ခွဲ
ကရုဏာမူ မုဒိတာမူလီ

သုဒ္ဓလေးချက်

(၁) ကရုဏာနှင့် ယှဉ်သောတရား–ကရုဏာယှဉ်ခိုက် ပဥ္စမဈာန် ကြဉ်သော မဟဂ္ဂုတ်စိတ် ၁၂-ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာ စိတ် ရှစ်ခု၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက်တွေတွဲ့သ ရ၏။

(၂) ကရုဏာ မယှဉ်သော တရား–ကရုဏာ မယှဉ်ခိုက် ပဥ္စမဈာန် ကြဉ်သော မဟဂ္ဂုတ်စိတ် ၁၂-ခု, မဟာကုသိုလ်စိတ် ရှစ်ခု, မဟာကြိယာ စိတ် ရှစ်ခုဥ္ဆ ရှိသော ကရုဏာစေတသိက် ၂၈-ခု၊ ကရုဏာ မယှဉ်ခိုက် မယှဉ်နေ စိတ်တခုယုတ် ကိုးဆယ်၊ ကရုဏာကြဉ်သော စေတသိက် ကေပညာသ၊ ရုပ်အဌဝီသ၊ နိဗ္ဗာန် ရ၏။

မုဒိတာသုဒ္ဓ ၂-ချက်မှာ ဤနည်းကို မှီ၍ ခွဲလေ။ မုဒိတာ ဆိုရုံမျှသာ ထူးတော့သည်။

သုဒ္ဓလေးချက် ပြီး၏။

မိဿက လေးချက်

(၁) ကရုဏာ မုဒိတာ နှစ်ပါးစုံယှဉ်သော တရား–မရှိ။

(၂) ကရုဏာ မုဒိတာ နှစ်ပါးစုံ မယှဉ်သောတရား–ကရုဏာယှဉ်ခိုက် ပဥ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ်ဒွါဒသ, မဟာကုသိုလ်စိတ် ရှစ်ခု, မဟာကြိယာစိတ် ရှစ်ခုဥ္ဆရှိသော ကရုဏာစေတသိက် ၂၈-ခု၊ ကရုဏာ မုဒိတာ မယှဉ်ခိုက် မယှဉ်နေ စိတ်တခုယုတ် ကိုးဆယ်၊ ကရုဏာ မုဒိတာ ကြဉ်သော စေတသိက်ပညာသ၊ ရုပ်အဌဝီသ၊ နိဗ္ဗာန် ရ၏။

(၃) ကရုဏာနှင့်သာယှဉ်၍ မုဒိတာနှင့် မယှဉ်သောတရား–ကရုဏာ ယှဉ်ခိုက် ပဥ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ်ဒွါဒသ၊ မဟာကုသိုလ်စိတ်

ရှစ်ခု၊ မဟာကြိယာစိတ် ၈-ခု၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက်တွေတွဲ့သ ရ၏။

(၄) မုဒိတာနှင့်သာ ယှဉ်၍ ကရုဏာနှင့် မယှဉ်သောတရား–မုဒိတာယှဉ်ခိုက် ပဉ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ်ဒွါဒသ မဟာကုသိုလ်စိတ်ရှစ်ခု၊ မဟာကြိယာစိတ် ရှစ်ခု၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက်တွေတွဲ့သရ၏။

မိဿကလေးချက် ပြီး၏။

ကရုဏာမူ မုဒိတာမူလီ ပြီး၏။

သမ္မာဝါစာမူ ကရုဏာမူလီ

သုဒ္ဓလေးချက်

သမ္မာဝါစာမူ ကရုဏာမူလီ၌ သုဒ္ဓလေးချက်မှာ သမ္မာဝါစာမူ သမ္မာကမ္မန္တမူလီ သုဒ္ဓ ၂-ချက်၊ ကရုဏာမူ–မုဒိတာမူလီ သုဒ္ဓ ၂-ချက်ကဲ့သို့ ခွဲလေ။

သမ္မာဝါစာမူ ကရုဏာမူလီ၌ သုဒ္ဓလေးချက် ပြီး၏။

မိဿကလေးချက်

(၁) သမ္မာဝါစာ ကရုဏာ နှစ်ပါးစုံ ယှဉ်သောတရား–မရှိ။

(၂) သမ္မာဝါစာ ကရုဏာ နှစ်ပါးစုံ မယှဉ်သောတရား–သမ္မာဝါစာယှဉ်ခိုက် မဟာကုသိုလ်စိတ် ရှစ်ခု၌ရှိသော သမ္မာဝါစာစေတသိက် ရှစ်ခု၊ လောကုတ္တရာစိတ် ရှစ်ခု၌ရှိသော သမ္မာဝါစာစေတသိက် ရှစ်ခု၊ ကရုဏာယှဉ်ခိုက် ပဉ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ်ဒွါဒသ, မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာစိတ် ရှစ်ခု၌ရှိသော ကရုဏာစေတသိက် ၂၈-ခု၊ သမ္မာဝါစာ, ကရုဏာ မယှဉ်ခိုက် မယှဉ်နေ လောကီစိတ် စေတသိတ်၊

သမ္ဘာဝါစာ, ကရုဏာကြဉ်သော စေတသိက် ၂၁ သာ၊ ရှပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ဤဒုတိယမိဿကဌ် သမ္ဘာဝါစာယှဉ်ခိုက် ဝိသေသနမှာ မဟာကုသိုလ်ကိုသာ ရည်၍ မ-သော ဝိသေသနပေတည်း။

(၃) သမ္ဘာဝါစာနှင့်သာ ယှဉ်၍ ကရုဏာနှင့် မယှဉ်သောတရား— သမ္ဘာဝါစာယှဉ်ခိုက် မဟာကုသိုလ်စိတ် ၈-ခု၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက်တေတ္တိံသ၊ လောကုတ္တရာစိတ် ရှစ်ခု၊ သမ္ဘာဝါစာကြဉ်သော စေတသိက်ပဋ္ဌတိံသ ရ၏။

(၄) ကရုဏာနှင့်သာ ယှဉ်၍ သမ္ဘာဝါစာနှင့် မယှဉ်သောတရား— ကရုဏာ ယှဉ်ခိုက် မဟာကုသိုလ်စိတ် ၈ ခု၊ မဟာကြိယာစိတ် ရှစ်ခု၊ ပဥ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ်ဒွါဒသ၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

သမ္ဘာဝါစာမူ ကရုဏာမူလိဌ် မိဿကလေးချက် ပြီး၏။

မုဒိတာမူလိလည်း ကရုဏာမူလိအတိုင်းပင်။

သမ္ဘာဝါစာမူ ပြီး၏။

သမ္ဘာကမ္မန္တမူ ကရုဏာမူလိ, မုဒိတာမူလိ၊ သမ္ဘာအာဇီဝမူ ကရုဏာ-မူလိ, မုဒိတာမူလိတို့မှာ သမ္ဘာဝါစာမူ ကရုဏာမူလိ, မုဒိတာမူလိတို့ကဲ့သို့ မှတ်လေ။

ဝိရတီသုံးခု တခု တခု မူတည်၍ အပ္ပမညာနှစ်ခု တခု တခု မူလိပြု၍ သုဒ္ဓလေးချက်, မိဿကလေးချက်ခွဲနည်း ပြီး၏။

ဝိရတီ မိဿကမူ အပ္ပမညာ မိဿကမူလီ

ဝိရတီသုံးပါးလုံး မိဿကမူတည်၍ အပ္ပမညာနှစ်ပါးလုံး မိဿကမူလီ သွတ်၍ သုဒ္ဓ, မိဿကတွဲ၍ ခွဲနည်းပြဦးအံ့။

သုဒ္ဓလေးချက်

(၁) ဝိရတီနှင့် ယှဉ်သောတရား – ဝိရတီယှဉ်ခိုက် မဟာကုသိုလ်စိတ် ရှစ်ခု၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ၊ လောကုတ္တရာ စိတ် ရှစ်ခု၊ စေတသိက် ဆတ္တိံသ ရ၏။

ဤဝိရတီယှဉ်ခိုက်ဆိုရာ၌ တပါးပါးသော ဝိရတီယှဉ်သော အခိုက်၌ရှိသော ဝိရတီသည် ယှဉ်ဖော် ယှဉ်ဖက် ဝိရတီတပါး မရှိသောကြောင့် ကြဉ်သည်။

အပ္ပမညာ ကြဉ်ရာ၌လည်း ဝိရတီတပါးပါး ယှဉ်ခိုက်၌ အပ္ပမညာ မယှဉ်နိုင်၊ အဘယ်ကြောင့်နည်းဟူမူ ဘိန္နာရမ္မဏတ္တာ ဖြစ်သောကြောင့်တည်း။

(၂) ဝိရတီနှင့် မယှဉ်သောတရား – သမ္မာဝါစာယှဉ်ခိုက် မဟာကုသိုလ်စိတ်ရှစ်ခု၌ရှိသော သမ္မာဝါစာစေတသိက် ရှစ်ခု၊ သမ္မာကမ္မန္တ ယှဉ်ခိုက် မဟာကုသိုလ်စိတ်ရှစ်ခု၌ရှိသော သမ္မာကမ္မန္တစေတသိက် ရှစ်ခု၊ သမ္မာအာဇီဝယှဉ်ခိုက် မဟာကုသိုလ်စိတ်ရှစ်ခု၌ရှိသော သမ္မာအာဇီဝ စေတသိက်ရှစ်ခု၊ ဝိရတီ မယှဉ်ခိုက် မယှဉ်နေ လောကီစိတ် ကော်သီတိ၊ ဝိရတီကြဉ်သော စေတသိက် ဧကူနပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ဤ၌ မယှဉ်ခိုက်ကား–မဟာကုသိုလ်စိတ်ရှစ်ခုကို ရည်သည်။

မယှဉ်နေကား–မဟာကုသိုလ်မှ ကြွင်းသော လောကီစိတ် ၇၃-ခု, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကို ရည်သည်။

(၃) အပ္ပမညာနှင့်ယှဉ်သောတရား – အပ္ပမညာယှဉ်ခိုက် ပဉ္စမဈာန် ကြဉ်သော မဟာဂ္ဂုတ်စိတ် ဒွါဒသ၊ မဟာကုသိုလ်စိတ်ရှစ်ခု၊ မဟာကြိယာ စိတ် ရှစ်ခု၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက်တေတ္တိံသ ရ၏။

ဤ၌ အပ္ပမညာ-ဟု သာမညဆိုသော်လည်း ကရုဏာ,မုဒိတာ အသီးအသီးယှဉ်သည်ကို ရည်၍ဆိုသည်။

(၄) အပ္ပမညာနှင့် မယှဉ်သောတရား–ကရုဏာယှဉ်ခိုက် ပဉ္စမဈာန် ကြဉ် မဟဂ္ဂုတ်စိတ် ဒွါဒသ, မဟာကုသိုလ်စိတ်ရှစ်ခု, မဟာကြိယာစိတ် ရှစ်ခု၌ရှိသော ကရုဏာစေတသိက် ၂၈-ခု၊ မုဒိတာယှဉ်ခိုက် ပဉ္စမဈာန် ကြဉ်သော မဟဂ္ဂုတ်စိတ်ဒွါဒသ, မဟာကုသိုလ်စိတ်ရှစ်ခု, မဟာကြိယာ စိတ်ရှစ်ခု၌ရှိသော မုဒိတာစေတသိက် ၂၈-ခု၊ ကရုဏာ,မုဒိတာ မယှဉ်ခိုက် မယှဉ်နေ စိတ်တခုယုတ် ကိုးဆယ်၊ ကရုဏာ မုဒိတာကြဉ်သောစေတသိက် ပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ဤ၌ ကရုဏာမုဒိတာ မယှဉ်ခိုက်ကား ကရုဏာမုဒိတာ ယှဉ်သော စိတ် ၂၈-ခု ရည်သည်၊ မယှဉ်နေကား ၂၈-ခုသော စိတ်မှ ကြွင်းသော ၆၁-ခုသောစိတ်, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကို ရည်သည်။

ဝိရတီ မိဿကမူ အပ္ပမညာမိဿကမူလီ သုဒ္ဓလေးချက် ပြီး၏။

မိဿကလေးချက်

(၁) ဝိရတီ, အပ္ပမညာ နှစ်ပါးစုံယှဉ်သောတရား–မရှိ။

(၂) ဝိရတီ, အပ္ပမညာ နှစ်ပါးစုံ မယှဉ်သောတရား- ဝိရတီယှဉ်ခိုက် မဟာကုသိုလ်စိတ် ၈-ခု၌ရှိသော ဝိရတီစေတသိက် ၃-ခု။

ဤ ဝိရတီ(၃)ခု ကောက်ရာ၌ အသီးအသီးယှဉ်သော ဝိရတီကို ရည်၍ကောက်သည်။

ကရုဏာယှဉ်ခိုက် မဟာကုသိုလ်စိတ် ၈-ခု, မဟာကြိယာစိတ် ၈-ခု, ပဉ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ် ဒွါဒသ၌ရှိသော ကရုဏာစေတသိက် ၂၈-ခု။

မုဒိတာယှဉ်ခိုက် မဟာကုသိုလ်စိတ် ၈-ခု, မဟာကြိယာစိတ် ၈-ခု, ပဥ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ်ဒွါဒသ၌ ရှိသော မုဒိတာစေတသိက် ၂၈-ခု။

ဤ အပ္ပမညာကောက်ရာ၌ အသီးအသီးယှဉ်သော အပ္ပမညာကို ကောက်သည်။

ဝိရတီ,အပ္ပမညာမယှဉ်ခိုက် မယှဉ်နေ လောကီစိတ် ကောသီတိ၊ဝိရတီ, အပ္ပမညာကြဉ်သောစေတသိက်သတ္တဗတ္တာလီသ၊ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။

(၃) ဝိရတီနှင့်သာယှဉ်၍ အပ္ပမညာနှင့် မယှဉ်သောတရား – ဝိရတီ ယှဉ်ခိုက် မဟာကုသိုလ်စိတ် ၈-ခု၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ၊ လောကုတ္တရာစိတ်ရှစ်ခု၊ စေတသိက်ဆတ္တိံသ ရ၏။

(၄) အပ္ပမညာနှင့်သာယှဉ်၍ ဝိရတီနှင့် မယှဉ်သော တရားကား– အပ္ပမညာယှဉ်ခိုက် မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ ပဥ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ်ဒွါဒသ၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

ဝိရတီ မိဿကမူ အပ္ပမညာ မိဿကမူလီ၌ မိဿကလေးချက် ပြီး၏။

ဝိရတီ မိဿကမူ အပ္ပမညာ မိဿကမူလီ ပြီး၏။

ဝိရတီ ယှဉ်, မယှဉ်တရားများ

ဤ၌ ဝိရတီ ၃-ပါးနှင့်ယှဉ်သောတရား၊ ဝိရတီ ၂-ပါးနှင့် ယှဉ်သော တရား၊ ဝိရတီ ၁-ပါးနှင့်ယှဉ်သောတရား၊ ဝိရတီ တပါးမှ မယှဉ်သော တရားများကို တနည်းကောက်၍ ပြဦးအံ့။

(၁) ဝိရတီ ၃-ပါးနှင့် ယှဉ်သော တရား– လောကုတ္တရာစိတ် ၈-ခု၊ ဝိရတီကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

(၂) ဝိရတီ ၂-ပါးနှင့် ယှဉ်သော တရား–လောကုတ္တရာစိတ် ၈-ခု၌ ရှိသော ဝိရတီစေတသိက် ၃-ခု ရ၏။

(၃) ဝိရတီ ၁-ပါးနှင့်ယှဉ်သောတရား–ဝိရတီယှဉ်ခိုက် မဟာကုသိုလ် စိတ် ၈-ခု၊ ဝိရတီ၊ အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

(၄) ဝိရတီတပါးမှ မယှဉ်သောတရား–ဝိရတီယှဉ်ခိုက် မဟာကုသိုလ် စိတ်ရှစ်ခုဠ်ရှိသော ဝိရတီစေတသိက် ၁-ခု၊ ဝိရတီမယှဉ်ခိုက် မယှဉ်နေ လောကီစိတ် ကောသီတိ၊ ဝိရတီကြဉ်သော စေတသိက် ကျေနုပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ဝိရတီ ၃-ပါးနှင့် ယှဉ်သောတရား၊ ဝိရတီ ၂-ပါးနှင့် ယှဉ်သောတရား၊ ဝိရတီ ၁-ပါးနှင့်ယှဉ်သောတရား၊ တပါးနှင့်မျှ မယှဉ်သော တရားများကို တနည်းကောက်ပြရာ ပြီး၏။

သောဘနရာသိဠ်—

သောဘနသာဓာရဏ စေတသိက် ကျေနုဝီသတို့တွင် သဒ္ဓါအစရှိသော မူလအားဖြင့် ၁၈-ပါး၊ မူလီအားဖြင့် ၁၇၁-ပါး။

ဝိရတီစေတသိက်တို့၏ သမ္မာဝါစာမူ သမ္မာကမ္မန္တမူလီ, သမ္မာအာဇီဝ မူလီ၊ သမ္မာကမ္မန္တမူ သမ္မာအာဇီဝမူလီအားဖြင့် မူလ (၂) ပါး၊ မူလီ ၃-ပါး။

အပ္ပမညာ စေတသိက်တို့၏ ကရုဏာမူတည်၍ မုဒိတာမူလီပြု၍ မူလ ၁-ပါး၊ မူလီ ၁-ပါး။

ဝိရတီစေတသိက် ၃-ခုတွင် တခုတခု မူတည်၍ အပ္ပမညာ စေတသိက် ၂-ခု တခုတခု မူလီသွတ်၍ မူလ ၃-ပါး၊ မူလီ ၆-ပါး။

ဝိရတီစေတသိက် မိဿက မူတည်၍ အပ္ပမညာ စေတသိက် ၂-ပါး မိဿကမူလီသွတ်၍ မူလတပါး၊ မူလီ ၁-ပါး။

ဤသို့အားဖြင့် သောဘန စေတသိက် ၂၅-ခုတို့၌ မူလ ၂၅-ပါး မူလီ ၁၈၂-ပါး ဖြစ်သတည်း။

သမ္ပယောဂနည်း ၄-ပါး

သမ္ပယောဂနည်း ၄-ပါးဟူသော်ကား—

(၁) သောဘနသာဓာရဏ စေတသိက် ၁၉-ခုသည် သောဘန စိတ် တခုယုတ် ခြောက်ဆယ်ယှဉ်ရာ၌ သမ္ပယောဂနည်း ၁-ပါး။

(၂) ဝိရတီစေတသိက် ၃-ခုသည် ၁၆-ပါးသော စိတ်ယှဉ်ရာ၌ သမ္ပ-ယောဂနည်း ၁-ပါး။

(၃) အပ္ပမညာဒွေးသည် ၂၈-ပါးသော စိတ်ယှဉ်ရာ၌ သမ္ပယောဂ နည်း တပါး။

(၄) ပညာစေတသိက်သည် ၄၇-ပါးသော စိတ်ယှဉ်ရာ၌ သမ္ပယောဂ နည်း တပါး၊ ဤသို့လျှင် သမ္ပယောဂနည်း လေးပါးဖြစ်သတည်း။

ဤသည်လျှင် သောဘနစိတ် ၂၅-ခုတို့၏ သမ္ပယောဂနည်း လေးပါး၌ သုဒ္ဓ ၄-ချက်,မိဿက ၄-ချက်၊ ၈-ချက်သော သရုပ်ခွဲနည်းတည်း၊ ဤတွင် ရှေ့ကား စကားတရပ် အပြီးသတ်တည်း။

သမ္ပယောဂနည်း ၁၆-ပါး၌ ရှစ်ချက်စု သရုပ်ခွဲ ပြီး၏။

အနိယတ စေတသိက် ၁၁-လုံး

ဣဿာမစ္ဆေရ ကုက္ကုစ္စ–ဝိရတိကရုဏာဒယော။
နာနာ ကဒါစိ မာနော စ၊ ထိနမိဒ္ဓံ တထာ သဟ—

ဟူသော ဂါထာပါဌ်၌ အနိယတ စေတသိက်ကား–ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ကရုဏာ၊ မုဒိတာ၊ မာန၊ ထိန၊ မိဒ္ဓ–၁၁-ပါးတည်း။

နိယတ, အနိယတ ဖြစ်ပုံ

၁။ ဒေါသမူ သသင်္ခါရိကဥပါဒ်သောအခါ၌ ယထာရဟ ဖြစ် ထိုက်သော စေတသိက်ကား–လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာ, ပီတိ ကြဉ်

သော စေတသိက် ဗာဝီသ ဖြစ်ထိုက်၏။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ စေတသိက်ကား အနိယတ၊ ကြွင်း စေတသိက် သတ္တရသကား နိယတ။

၂။ ဒေါသမူ အသင်္ခါရိကစိတ် ဥပါဒ်သောအခါ တက္က ယထာရဟ ဖြစ်ထိုက်သော စေတသိက်ကား–လောဘ, ဒိဋ္ဌိ, မာန, ထိန,မိဒ္ဓ,ဝိစိကိစ္ဆာ, ပီတိကြဉ်သော စေတသိက် ဝီသ။ ၎င်းတွင် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက်ကား အနိယတ၊ ကြွင်း စေတသိက် သတ္တရသကား နိယတ။

၃။ ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ဥပါဒ်သောအခါ တက္က ယထာရဟ ဖြစ်ထိုက်သော စေတသိက်ကား–ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဧကဝီသ။ ၎င်းတွင် မာန, ထိန, မိဒ္ဓ စေတသိက်ကား အနိယတ၊ ကြွင်း စေတသိက် အဋ္ဌာရသကား နိယတ။

၄။ ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိကစိတ် ဥပါဒ်သောအခါ တက္က ယထာရဟ ဖြစ်ထိုက်သော စေတသိက်ကား–ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဧကူနဝီသ။ ၎င်းတွင် မာန စေတသိက်ကား အနိယတ၊ ကြွင်း စေတသိက် အဋ္ဌာရသကား နိယတ။

၅။ အကုသိုလ် သသင်္ခါရိကစိတ်ငါးခု ဥပါဒ်သောအခါ တက္က ယထာရဟ ဖြစ်ထိုက်သော စေတသိက်ကား–ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်ဆဗ္ဗီသ။ ၎င်းတွင် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, မာန, ထိန, မိဒ္ဓ စေတသိက်ကား အနိယတ၊ ကြွင်းသော စေတသိက် ဝီသကား နိယတ။

ထိန, မိဒ္ဓ တက္က ရံခါ, တက္က အသီးအသီး ဖြစ်ပုံ

ထိန,မိဒ္ဓ စေတသိက်သည် တက္ကလည်းဖြစ်၏၊ ရံခါလည်းဖြစ်၏၊ ဖြစ်ဟန်ကား—

ထိန မိဒ္ဓသည် ယှဉ်သောအခါ အတူတူ၊ မယှဉ်သောအခါ အတူတူ။ ဤကား တက္က ဖြစ်ဟန်တည်း။

စိတ်စေတသိက် မခံ့သောအခါ ယှဉ်၏၊ ခံ့သောအခါ မယှဉ်။ ဤကား ရံခါ ယှဉ်ဟန်တည်း။

ထိန, မိဒ္ဓ စေတသိက်သည် လောဘ, မစ္ဆရိယ, ကုက္ကုစ္စ, မာနစေတသိက် တို့နှင့် တကွ ရံခါလည်း ဖြစ်၏၊ တကွ အသီးအသီးလည်း ဖြစ်၏။ ဖြစ် ဟန်ကား—

ထိန, မိဒ္ဓ စေတသိက်သည် ဒေါသမူ သသင်္ခါရိကစိတ်၌ လောဘနှင့် အတူ ယှဉ်ခိုက် လောဘနှင့်တကွ ဖြစ်၏၊ မစ္ဆရိယ, ကုက္ကုစ္စ, မာန စေတသိက်တို့နှင့် အသီးအသီး ဖြစ်၏။

မစ္ဆရိယနှင့် အတူယှဉ်ခိုက် မစ္ဆရိယနှင့်တကွ ဖြစ်၏၊ လောဘ, ကုက္ကုစ္စ, မာန စေတသိက်တို့နှင့် အသီးအသီးဖြစ်၏။

ကုက္ကုစ္စနှင့် အတူယှဉ်ခိုက် ကုက္ကုစ္စနှင့်တကွ ဖြစ်၏၊ လောဘ, မစ္ဆရိယ, မာနစေတသိက်တို့နှင့် အသီးအသီး ဖြစ်၏။

ထိန, မိဒ္ဓသည် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိကစိတ်၌ မာနနှင့် အတူ ယှဉ်ခိုက် မာနနှင့်တကွ ဖြစ်၏၊ လောဘ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက်တို့ နှင့် အသီးအသီး ဖြစ်၏။

ထိန, မိဒ္ဓ စေတသိက်သည် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌ယှဉ် ခိုက် လောဘ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက်တို့နှင့် အသီးအသီးသာ ဖြစ်၏။

ဤကား တကွ ရံခါ, တကွ အသီးအသီး ဖြစ်ပုံတည်း။

ဝိရတိ, အပ္ပမညာ ရံခါ, အသီးအသီး ဖြစ်ပုံ

မဟာကုသိုလ်စိတ်ရှစ်ခု ဥပါဒ်သောအခါ တကွ ယထာရဟ ဖြစ်ထိုက် သော စေတသိက်ကား—အဋ္ဌတိံသ။ ၎င်းတွင် ဝိရတိ, အပ္ပမညာ ငါးခု ကား အနိယတ၊ ကြွင်း စေတသိက် တေတ္တိံသကား နိယတ။

ဤ၌ အနိယတ စေတသိက်ငါးခုသည် ကဒါစိလည်း ဖြစ်၏။ အသီးအသီးလည်း ဖြစ်ကုန်၏။ ဖြစ်ဟန်ကား–သမ္မာဝါစာယှဉ်ခိုက် သမ္မာဝါစာသည် ကဒါစိ၊ သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ကရုဏာ, မုဒိတာတို့ကား အသီးအသီးတည်း။

သမ္မာကမ္မန္တယှဉ်ခိုက် သမ္မာကမ္မန္တသည် ကဒါစိ၊ သမ္မာဝါစာ, သမ္မာအာဇီဝ, ကရုဏာ, မုဒိတာတို့ကား အသီးအသီးတည်း။

သမ္မာအာဇီဝယှဉ်ခိုက် သမ္မာအာဇီဝသည် ကဒါစိ၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, ကရုဏာ, မုဒိတာတို့ကာ အသီးအသီးတည်း။

ကရုဏာယှဉ်ခိုက် ကရုဏာ ကဒါစိ၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, မုဒိတာတို့ကား အသီးအသီးတည်း။

မုဒိတာယှဉ်ခိုက် မုဒိတာသည် ကဒါစိ၊ ကြွင်း စေတသိက် လေးပါးကား အသီးအသီးတည်း။

မဟာကြိယာစိတ်ရှစ်ခု၊ ပဉ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ် ဒွါဒသ၊ ဤနှစ်ဆယ်သောစိတ် ဥပါဒ်သောအခါ တကွ,ယထာရဟ ဖြစ်ထိုက်သော စေတသိက်ကား–ဝိရတီကြဉ်သော စေတသိက် ပဉ္စတိံသ။ ၎င်းတွင် ကရုဏာ, မုဒိတာ အနိယတ၊ ကြွင်း စေတသိက်ကား နိယတ။

ကဒါစိ ဖြစ်ဟန်, အသီးအသီး ဖြစ်ဟန်မှာ စုဏ္ဏိယ ဆိုခဲ့သည်အတိုင်း မှတ်။

ဣဿာ, မစ္ဆရိယ အစရှိသော အနိယတ စေတသိက်တဆယ့်တခုတို့သည် အဘယ်ကြောင့် အသီးအသီး ဖြစ်ကုန်သနည်း။ ဘိန္နာရမ္မဏတ္တာ ဟိတ်ခတ်။

အဘယ်ကြောင့် ကဒါစိ ဖြစ်ကုန်သနည်း၊ အညာနော အာရမ္မဏာ အာပါထဂမနကာလေခယာ သမ္ဘဝတော-ဟိတ်ခတ်။

ပီတိ, သုခ, ဝေဒနာတို့၌ ရှစ်ချက်စု သရုပ်ခွဲ

ဝေဒနာတိက် ပီတိတိက်တို့၌ သဘောကျ လွယ်ကူစေရန် သုခ သဟဂုတ်စိတ် ၆၃-ခု၌ရှိသော သုခဝေဒနာ၊ ပီတိသဟဂုတ်စိတ် ၅၁-ခု၌ရှိသော ပီတိစေတသိက် ၅၁-ခုတို့၌ သုဒ္ဓ ၄-ချက်၊ မိဿက ၄-ချက် ခွဲနည်းကို ပြဦးအံ့။

ရှစ်ချက်စု မာတိကာ

၁။ ပီတိနှင့်ယှဉ်သောတရား၊

၂။ ပီတိနှင့် မယှဉ်သောတရား၊

၃။ သုခဝေဒနာနှင့် ယှဉ်သောတရား၊

၄။ သုခဝေဒနာနှင့်မယှဉ်သောတရား၊ (သုဒ္ဓလေးချက်။)

၅။ ပီတိ, သုခဝေဒနာ နှစ်ပါးစုံယှဉ်သောတရား၊

၆။ ပီတိ, သုခဝေဒနာ နှစ်ပါးစုံ မယှဉ်သောတရား၊

၇။ ပီတိနှင့်သာယှဉ်၍ သုခဝေဒနာနှင့် မယှဉ်သောတရား၊

၈။ သုခဝေဒနာနှင့်သာယှဉ်၍ ပီတိနှင့်မယှဉ်သောတရား။

(မိဿကလေးချက်။) ဤကား မာတိကာစဉ်တည်း။

သုဒ္ဓလေးချက်

(၁) ပီတိနှင့်ယှဉ်သောတရား — သပ္ပီတိကစိတ် ငါးဆယ့်တခု၊ ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆယ့်တ္တာလီသ ရ၏။

(၂) ပီတိနှင့်မယှဉ်သောတရား — သပ္ပီတိကစိတ်ငါးဆယ့်တခု၌ရှိသော ပီတိစေတသိက် ငါးဆယ့်တခု၊ နိပ္ပီတိကစိတ် ခုနစ်ဆယ်၊ ပီတိကြဉ်သော စေတသိက် ကေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

(၃) သုခဝေဒနာနှင့် ယှဉ်သောတရား– သုခသဟဂုတ်စိတ် ခြောက်ဆယ့်သုံးခု၊ သုခဝေဒနာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆစတ္တာလီသ ရ၏။

(၄) သုခဝေဒနာနှင့် မယှဉ်သောတရား–သုခသဟဂုတ်စိတ် ခြောက်ဆယ့်သုံးခုဥ္စရှိသော သုခဝေဒနာ ခြောက်ဆယ့်သုံးခု၊ ဒေါသမူဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်၊ ဥပေက္ခာသဟဂုတ်စိတ် ငါးဆယ့်ငါးခု၊ ပီတိ, သုခကြဉ်သော စေတသိက် ဧကပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

သုဒ္ဓလေးချက် ပြီး၏။

မိဿကလေးချက်

(၁) ပီတိ, သုခဝေဒနာနှစ်ပါးစုံယှဉ်သောတရား–ပီတိသဟဂုတ်စိတ် ငါးဆယ့်တခု၊ ပီတိ, သုခ, ဒေါသ, ဣဿာ မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပဉ္စစတ္တာလီသ ရ၏။

(၂) ပီတိ, သုခဝေဒနာ နှစ်ပါးစုံ မယှဉ်သောတရား– သုခသဟဂုတ် ကာယဝိညာဏ်,စတုတ္ထဈာန်ကောဒသဉ္စရှိသော သုခဝေဒနာတဆယ့်တခု၊ ဒေါသမူဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်၊ ဥပေက္ခာသဟဂုတ်စိတ် ငါးဆယ့်ငါးခု၊ ပီတိ, သုခကြဉ်သော စေတသိက် ဧကပညာသ။ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

(၃) ပီတိနှင့်သာယှဉ်၍ သုခဝေဒနာနှင့် မယှဉ်သောတရား–ပီတိသဟဂုတ်စိတ် ငါးဆယ့်တခုဥ္စရှိသော သုခဝေဒနာ ငါးဆယ့်တခု ရ၏။

(၄) သုခဝေဒနာနှင့်သာ ယှဉ်၍ ပီတိနှင့် မယှဉ်သော တရား–ပီတိသဟဂုတ်စိတ် ငါးဆယ့်တခုဥ္စရှိသော ပီတိစေတသိက် ငါးဆယ့်တခု၊ သုခသဟဂုတ် ကာယဝိညာဏ်၊ စတုတ္ထဈာန်စိတ် ကောဒသ၊ ဝိတက်, ဝိစာရ, ပီတိ, သုခ ကြဉ်သော စေတသိက် စတုတ္တိံသ ရ၏။

မိဿကလေးချက် ပြီး၏။

ပီတိနှင့် သုခဝေဒနာ၌ သုဒ္ဓ ၄-ချက် မိဿက ၄-ချက် ပြီး၏။

စိတ္တေန သမမုဒ္ဒိသေ အဓိပ္ပါယ်

'စိတ္တေန သမမုဒ္ဒိသေ'ဟူသော အဋ္ဌကထာ၊ စိတ္တေန သမံ ဘေဒံ ဥဒ္ဒိသေ၊ သဇ္ဇစိတ္တသာ ခရဏာ တာဝ သတ္တ ကျေနနဝုတိစိတ္တေသု ဥပ္ပဇ္ဇနတော ပစ္စေကာ ကျေနနဝုတိဝိဓာ, ပကိဏ္ဏကေသု ဝိတက္ကော ပဉ္စပညာသစိတ္တေသု ဥပ္ပဇ္ဇနတော ပဉ္စပညာသဝိဓောတိ အာဒိနာ ကထေယျာတိ အတ္ထော-ဟူသော ဋီကာပါဌ်ကို နှစ်လုံးသွင်းမှ ယှဉ်ခြင်း ကြည်ခြင်း ကောက်ယူခြင်းများ လွယ်ကူစွာ သဘောကျနိုင်မည်။

ဟိတ် ခြောက်ပါးနှင့်စပ်လျဉ်းသော အရကောက်များကို လွယ်ကူ သိမှတ်နိုင်ရန် တင်ကြို၍ ဟိတ်တရားတို့၏ ထူးခြားဟန်သရုပ်ကို ဝေဘန်၍ ပြပေအံ့။

အဟိတ်တရားနှင့် ဟိတ်တရား

အဟိတ်တရား—အဟိတ်စိတ်အဋ္ဌာရသ, ဆန္ဒကြဉ်သော အညသမာန်း စေတသိက်ဒွါဒသ, မောဟမူဒွေး၌ မောဟ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန် ရ၏။

ဤ၌ မောဟမူဒွေး၌ မောဟဟိတ်ကား သမ္ပယုတ်ဟိတ်တပါး မရှိသောကြောင့် အဟိတ်စေတသိက် မည်၏။

ကေဟိတ်တရားကား – မောဟမူဒွေး၊ လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ ပီတိ, ဆန္ဒ, မောဟကြဉ်သော စေတသိက် ပန္နရသ၊ လောဘမူစိတ်ရှစ်ခု၌ရှိသော လောဘ မောဟ၊ ဒေါသမူဒွေး၌ရှိသော ဒေါသ မောဟ၊ ဉာဏဝိပ္ပယုတ်စိတ် ၁၂-ခု၌ရှိသော အလောဘ အဒေါသ ရ၏။

ဤ၌ မောဟမူစိတ် နှစ်ခုကား–မောဟဟိတ်တပါးနှင့်သာ ယှဉ်၍ ကေဟိတ်စိတ် မည်၏။ စေတသိက်ပန္နရသကား မောဟဟိတ်တပါးနှင့်သာ ယှဉ်ရသောကြောင့် ကေဟိတ်စေတသိက် မည်၏။ လောဘမူစိတ်၌ လောဘဟိတ် မောဟဟိတ် နှစ်ပါးမှာ လောဘဟိတ်မှာ မောဟဟိတ်နှင့် ယှဉ်၏၊ မောဟဟိတ်မှာလည်း လောဘဟိတ်နှင့်ယှဉ်ရ၍ ဟိတ်တပါးစီ

ရှိရကား ကေဟိတ်စေတသိက် မည်၏။ ဒေါသမူဒွေး၌ ဒေါသဟိတ် မောဟဟိတ်၊ ဉာဏဝိပ္ပယုတ်စိတ် ၁၂-ခု၌ အလောဘဟိတ် အဒေါသ ဟိတ်တို့မှာလည်း လောဘမူစိတ်၌ရှိသော လောဘဟိတ် မောဟဟိတ် နှစ်ပါးအတူဖြစ်၍ ကေဟိတ် စေတသိက် မည်၏။

ဒွိဟိတ်တရား–လောဘမူစိတ်ရှစ်ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, လောဘ, မောဟ, ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဝီသ၊ ဒေါသမူဒွေး၊ လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာ, ဒေါသ, မောဟ, ပီတိကြဉ်သော စေတ-သိက်ဝီသ၊ ဉာဏဝိပ္ပယုတ်စိတ် ၁၂-ခု၊ အလောဘ, အဒေါသ, အမောဟ ကြဉ်သော စေတသိက်ပဉ္စတိံသ၊ တိဟိတ်စိတ် ၄၇-ခု၌ ရှိသော အလောဘ, အဒေါသ, အမောဟ ရ၏။

လောဘမူစိတ်၌ လောဘ, မောဟကြဉ်ရသည်ကား–လောဘမူစိတ် ရှစ်ခုမှာ လောဘဟိတ်, မောဟဟိတ်နှစ်ပါးနှင့် သမ္ပယုတ္တမဖြစ်၍ ဒွိဟိတ် စိတ် မည်၏။ စေတသိက် ဝီသမှာ လောဘဟိတ်, မောဟဟိတ်နှစ်ပါးနှင့် သမ္ပယုတ္တမဖြစ်၍ ဒွိဟိတ်စေတသိက် မည်၏။

လောဘဟိတ်မှာ မောဟဟိတ်နှင့်, မောဟဟိတ်မှာ လောဘဟိတ်နှင့် သမ္ပယုတ္တမဖြစ်ရ၍ ဤလောဘ, မောဟဟိတ်နှစ်ပါးသည် ကေဟိတ် စေတသိက်, ကေဟိတ်တရားတွင် ဝင်သည်ဖြစ်၍ ကြဉ်သည်။

ဒေါသမူဒွေး၌ ဒေါသ, မောဟ၊ ဉာဏဝိပ္ပယုတ်စိတ်၌ အလောဘ, အဒေါသ ကြဉ်ရသည်ကား လောဘမူစိတ်၌ လောဘ, မောဟကြဉ်သော နည်းမျိုး သိလေ။

တိဟိတ်စိတ် ၄၇-ခု၌ရှိသော ဟိတ်သုံးပါးသည် အလောဘဟိတ်မှာ အဒေါသဟိတ်, အမောဟဟိတ်နှင့်၊ အဒေါသဟိတ်မှာ အလောဘဟိတ်, အမောဟဟိတ်နှင့်၊ အမောဟဟိတ်မှာ အလောဘဟိတ်, အဒေါသဟိတ် နှစ်ပါးနှင့် သမ္ပယုတ္တမဖြစ်၍ ဟိတ်နှစ်ပါးစီ ရှိရကား ၎င်းဟိတ်သုံးပါး ဒွိဟိတ်စေတသိက်ဖြစ်၍ ကောက်သည်။

တိဟိတ်တရား ကား ႇတိဟိတ်စိတ် ၄၇-ခု၊ ဟိတ်သုံးပါးကြဉ်သော စေတသိက်ပဥ္စတိံသ ရ၏။ တိဟိတ်စိတ် ၄၇-ခုမှာ ဟိတ်သုံးပါးနှင့်ယှဉ်ရသောကြောင့် တိဟိတ်စိတ် မည်၏။ ဟိတ်သုံးပါးမှာ ဟိတ်တပါးလျှင် ဟိတ်နှစ်ပါးစီ ယှဉ်သောကြောင့် ဒွိဟိတ်စေတသိက်, ဒွိဟိတ်တရားတွင် ဝင်သည်။ ဟိတ်သုံးပါးမှ ကြွင်းသော စေတသိက်ပဥ္စတိံသမှာ ဟိတ်သုံးပါးစီဖြင့် ယှဉ်ရသောကြောင့် တိဟိတ်စေတသိက် မည်၏။

အဟိတ်တရားနှင့် ဟိတ်တရားခွဲနည်း ပြီး၏။

သင်္ဂြိုဟ်သမ္ပယောဂ ဂ-ချက်စု အရကောက် ပြီးပြီ။

အာရမ္မဏ သင်္ဂဟ ဒွါရဝိမုတ်စိတ် အဓိပ္ပါယ်

အစိတ်အစိတ် အနုသန္ဓေ

အာရမ္မဏ သင်္ဂဟ—

ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိဘဝင်္ဂစုတိသင်္ခါတာနံ ဆဗ္ဗိဓမ္ပိ ယထာသမ္ဘဝံ ယေဘုယျေန ဘဝန္တရေ ဆဒွါရဂ္ဂဟိတံ ပစ္စုပ္ပန္နမတီတံ ပညတ္တိဘူတံ ဝါ ကမ္မနိမိတ္တဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ'—

ဟူသောပါဌ်၌ အစိတ် အစိတ် အနုသန္ဓေဆိုအံ့။

ခြောက်ဒွါရ၌ဖြစ်သောစိတ်တို့၏ အာရုံကို ပြ၍ သိရပြီ၊ ပဋိသန္ဓေ, ဘဝင်, စုတိဟု ဆိုအပ်သော ဒွါရဝိမုတ်စိတ် တခုယုတ်နှစ်ဆယ်တို့၏ အာရုံကို မပြပြီလော မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေအံ့သောငှါ 'ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိဘဝင်္ဂစုတိသင်္ခါတာနံ' အစရှိသော ပါဌ်ကိုမိန့်။

ထိုပါဌ်တို့တွင် လိုရင်းကား 'ဒွါရဝိမုတ္တာနဉ္စ ဆဗ္ဗိဓမ္ပိ အာရမ္မဏံ ဟောတိ' ဟူသတည်း။

ထိုပါဌ်၏ အဓိပ္ပါယ်ကား—ပဋိသန္ဓေ, ဘဝင်, စုတိဟု ဆိုအပ်သော ဒွါရ ဝိမုတ်စိတ် တခုယုတ် နှစ်ဆယ်တို့သည် ခြောက်ပါးသော အာရုံကို အာရုံပြုသော ဟူလိုသတ်။

အရှင်အနုရုဒ္ဓါဆရာ· ပဋိသန္ဓေ,ဘဝင် ဇုတိဟု ဆိုအပ်သော ဒွါရ ဝိမုတ်စိတ်တခုယုတ် နှစ်ဆယ်တို့သည် ခြောက်ပါးသောအာရုံကို အာရုံ ပြုသောဟုဆို၏။ အာဝဇ္ဇန်းသည် တစုံတခုသော စိတ်သည် မယူအပ်သေး သော အာရုံကို ယူသကဲ့သို့ ဒွါရဝိမုတ်စိတ် တခုယုတ် နှစ်ဆယ်တို့သည် လည်း မယူအပ်သေးသော အာရုံကိုပင် ယူလေသလောဟု မေးဘွယ်ရှိ၍ ထိုအမေးကို ဖြေအံ့သောငှါ 'ဘဝန္တရေ ဆဒွါရဂ္ဂဟိတံ' ဟူသော ပါဌ်ကိုမိန့်။

ထိုပါဌ်၏ အဓိပ္ပါယ်ကား—အာဝဇ္ဇန်းသည် တစုံ တခုသော စိတ်သည် မယူအပ်သေးသော အာရုံကို ယူပြီးသကဲ့သို့ ဒွါရဝိမုတ်စိတ် တခုယုတ် နှစ်ဆယ်တို့သည်လည်း တစုံတခုသော စိတ်သည် မယူအပ်သေးသော အာရုံကို ယူသည်မဟုတ်၊ အတီတာနန္တရဘဝ၌ ခြောက်ဒွါရဖြင့် ဆဒွါရိက မရဏာသန္နဇော ယူပေးမှ ယူနိုင်၏ ဟူလိုသော်။

အရှင်အနုရုဒ္ဓါဆရာ· ပဋိသန္ဓေ, ဘဝင်, စုတိဟု ဆိုအပ်သော ဒွါရ ဝိမုတ်စိတ် တခုယုတ် နှစ်ဆယ်တို့သည် အတီတာနန္တရဘဝ၌ ခြောက်ဒွါရ ဖြင့် ဆဒွါရိက မရဏာသန္နဇော ယူပေးသော အာရုံကို အာရုံပြုသော ဟု ဆို၏၊ ဒွါရဝိမုတ်စိတ် တခုယုတ် နှစ်ဆယ်တို့သည် အတီတာနန္တရ- ဘဝ၌ ခြောက်ဒွါရဖြင့် ဆဒွါရိက မရဏာသန္နဇော ယူပေးသော အာရုံ ကိုသာလျှင် အခါခပ်သိမ်း အာရုံပြုလေသလော မေးဘွယ်ရှိ၍ ထိုအမေး ကို ဖြေအံ့သောငှါ 'ယေဘုယျေန' ဟူသောပါဌ်ကို မိန့်။

ထိုပါဌ်၏ အဓိပ္ပါယ်ကား— ဒွါရဝိမုတ်စိတ်တို့သည် အတီတာနန္တရ- ဘဝ၌ ခြောက်ဒွါရဖြင့် ဆဒွါရိက မရဏာသန္နဇော ယူပေးသောအာရုံကို အာရုံပြု၏ ဆိုသော်လည်း ယေဘုယျ ဖြစ်ဘိသော်။

> ယေဘုယျသဒ္ဒါဖြင့် အသညသတ်ဘုံမှ ရွေလျော၍ ကာမ ဘုံ၌ ပဋိသန္ဓေစွဲကပ်သော ကာမပဋိသန္ဓေကို နှစ်စေ၏။

> အဘယ့်ကြောင့်နည်းဟူမူ ကာမဘုံ၌ ပဋိသန္ဓေ စွဲကပ်သော အခါ ကာမပဋိသန္ဓေသည် အသညသတ်ဘုံ၌ အာရုံယူပေးတတ်

သော မရဏာသန္နဇော မရှိရကား ကာမဘုံ၌ ကာမ ပဋိသန္ဓေ
သည် ကံ၏ အစွမ်းကြောင့် ကံ,ကမ္မနိမိတ်,ဂတိနိမိတ် ၃ ပါးတွင်
တပါးပါးကို ထင်၏။

အရှင်အနုရုဒ္ဓါဆရာ ဒွါရဝိမုတ်စိတ် တခုယုတ် နှစ်ဆယ်တို့သည် ပဥ္စဒွါရ၌ဖြစ်သော စိတ်တို့ကဲ့သို့လည်း ပစ္စုပ္ပန်အာရုံကိုသာ အာရုံပြုလေသလော၊ မနောဒွါရ၌ဖြစ်သော စိတ်တို့ကဲ့သို့လည်း ကာလသုံးပါး,ကာလဝိမုတ်တို့၌ အာရုံပြုလေသလောဟု မေးဘွယ်ရှိ၍ 'ပစ္စုပ္ပန္နမတီတံ ပညတ္တိဘူတံ ဝါ' ဟူသော ပါဌ်ကိုမိန့်။

အဓိပ္ပါယ်ကား—ပဥ္စဒွါရ၌ဖြစ်သော စိတ်တို့ကဲ့သို့လည်း ပစ္စုပ္ပန်အာရုံ၌သာလျှင် အာရုံမပြု။ မနောဒွါရ၌ဖြစ်သော စိတ်တို့ကဲ့သို့လည်း ကာလသုံးပါး, ကာလဝိမုတ် အာရုံတို့၌လည်း အာရုံမပြု။ ပစ္စုပ္ပန်, အတိတ်, ပညတ်ဟု ဆိုအပ်သော အာရုံကို အာရုံပြုသည် ဖြစ်ဘိသော်။

အရှင်အနုရုဒ္ဓါဆရာ- မရဏာသန္နဝီထိမှ ရှေးအဖို့ ဖြစ်သောဇောတို့သည် ကံအစရှိသော အမည်ထူးမရသကဲ့သို့လည်း ဒွါရဝိမုတ် စိတ်တို့သည်လည်း ကံအစရှိသော အမည်ထူး မရလေသလောဟု မေးဘွယ်ရှိ၍ ထိုအမေးကို ဖြေအံ့သောငှါ 'ကမ္မကမ္မနိမိတ္တဂတိနိမိတ္တသမ္မတံ' ဟူသော ပါဌ်ကိုမိန့်။

အဓိပ္ပါယ်ကား—ဒွါရဝိမုတ်စိတ်တို့သည် မရဏာသန္နဝီထိမှ ရှေးအဖို့ ဖြစ်သော ဇောတို့ကဲ့သို့ ကံအစရှိသော အမည်ထူးမရသည် မဟုတ်၊ကံ, ကမ္မနိမိတ်, ဂတိနိမိတ်-ဟု ဆိုအပ်သော အမည်ထူးရသော ဒွါရဝိမုတ် စိတ် ဖြစ်ဘိသော်။

အရှင်အနုရုဒ္ဓါဆရာ—ဒွါရဝိမုတ်စိတ် တခုယုတ် နှစ်ဆယ်တို့သည် ပစ္စုပ္ပန် အတိတ်, ပညတ်-ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံတို့၌ အဘယ်သို့လည်း ဖြစ်သနည်း မေးဘွယ်ရှိ၍ 'ယထာသမ္ဘဝံ'ဟူသော ပါဌ်ကိုမိန့်။

အဓိပ္ပါယ်ကား—ထိုအာရုံတို့၌လည်း ထိုက်သည်အားလျော်စွာ ဖြစ်၏ ဟူလိုသော်။

ယထာသမ္ဘဝံအဓိပ္ပါယ်ကား

အတီတာနန္တရဘဝ၌ ပဉ္စဒွါရဖြင့် မရဏာသန္နဝီထိကျ၍ စုတေသည်ဖြစ်အံ့၊ **ကာမပဋိသန္ဓေတဆယ်သည်** ပဉ္စဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်, အတိတ်ဖြစ်သော ကမ္မနိမိတ်ဟု သမုတ်အပ်သော ရူပါရုံအစရှိသော ငါးပါးသောအာရုံကို **အာရုံပြုသည်။**

အတီတာနန္တရဘဝ၌ မနောဒွါရဖြင့် မရဏာသန္နဝီထိကျ၍ ဓမ္မာရုံကို **အာရုံပြု၍** စုတေသည်ဖြစ်အံ့၊ **ကာမပဋိသန္ဓေတဆယ်သည်** မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကံ, ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံကို အာရုံပြုသည်။

အတီတာနန္တရဘဝ၌မနောဒွါရဖြင့် မရဏာသန္နဝီထိကျ၍ ဂတိနိမိတ်ကို **အာရုံပြု၍** စုတေသည်ဖြစ်အံ့၊ **ကာမပဋိသန္ဓေတဆယ်သည်** မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်ဟု သမုတ်အပ်သော ရူပါရုံတခုကိုသာလျှင် အာရုံပြုသည်။

> ဂတိနိမိတ်ထင်ရာ၌ ရူပါရုံအထင်များသည်။ အပ္ပကအားဖြင့် အာရုံခြောက်ပါး၌လည်း ထင်၏။ ပဉ္စဒွါရဖြင့် မရဏာသန္နဝီထိကျ စုတေလျှင် ရူပဘုံ၌ မဖြစ်၊ အဘယ်ကြောင့်နည်းဟူမူ၊ မရဏာသန္နဇောက ပဉ္စာရုံ အာရုံပြုသည်။ ရူပပဋိသန္ဓေစိတ်က ပညတ် **အာရုံပြုသောကြောင့်တည်း။**

အတီတာနန္တရဘဝ၌ ပဉ္စဒွါရဖြင့် မရဏာသန္နဝီထိကျ၍ စုတေသည်ဖြစ်အံ့၊ **ကာမဘဝင်တဆယ်သည်** ပဉ္စဒွါရဖြင့် **မရဏာသန္န** ဇောသည် ယူအပ်သော ပစ္စုပ္ပန်,အတိတ်ဖြစ်သော ကမ္မနိမိတ်ဟု သမုတ်အပ်သော ရူပါရုံ အစရှိသော ငါးပါးသောအာရုံကို အာရုံပြုသည်။

အတီတာနန္တရဘဝ၌ မနောဒွါရဖြင့် မရဏာသန္နဝီထိကျ၍ ဓမ္မာရုံကို **အာရုံပြု၍** စုတေသည် ဖြစ်အံ့၊ ကာမဘဝင်တဆယ်သည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကံ, ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံကို အာရုံပြုသည်။

အတီတာနန္တရဘာဝ၌ မနောဒွါရဖြင့် မရဏာသန္နဝီထိကျ၍ ဂတိနိမိတ်ကို အာရုံပြု၍ စုတေသည်ဖြစ်အံ့၊ ကာမဘဝင်တဆယ်သည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန် ဖြစ်သော ဂတိနိမိတ်ဟု သမုတ်အပ်သော ရူပါရုံတခုကိုသာလျှင် အာရုံ ပြုသည်။

အတီတာနန္တရဘာဝ၌ ပဉ္စဒွါရဖြင့် မရဏာသန္နဝီထိကျ၍ စုတေသည်ဖြစ်အံ့၊ ကာမစုတိတဆယ်သည် ပဉ္စဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကမ္မနိမိတ်ဟု သမုတ်အပ်သော ရူပါရုံအစရှိသော ငါးပါးသောအာရုံကို အာရုံပြုသည်။

အတီတာနန္တရဘာဝ၌ မနောဒွါရဖြင့် မရဏာသန္နဝီထိကျ၍ ဓမ္မာရုံကို အာရုံပြု၍ စုတေသည်ဖြစ်အံ့၊ ကာမစုတိတဆယ်သည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကံ, ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံကို အာရုံ ပြုသည်။

အတီတာနန္တရဘာဝ၌ မနောဒွါရဖြင့် မရဏာသန္နဝီထိကျ၍ ဂတိနိမိတ်ကို အာရုံပြု၍ စုတေသည်ဖြစ်အံ့၊ ကာမစုတိတဆယ်သည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန် ဖြစ်သော ဂတိနိမိတ်ဟု သမုတ်အပ်သော ရူပါရုံတခုကိုသာလျှင် အာရုံပြုသည်။

ပဉ္စဒွါရ၌ ကာမပဋိသန္ဓေသည် ပစ္စုပ္ပန်, အတိတ် အာရုံပြုရာ၌ ဇောနောင် စုတိ၊ ဇောနောင်ဘဝင်, ဘဝင်နောင်စုတိ၊ ဇောနောင် တဒါရုံ, တဒါရုံနောင် စုတိကျသောဝီထိမှာ ပစ္စုပ္ပန်သာ ပြုသည်။

ဇောနောင် တဒါရုံ, တဒါရုံနောင် ဘဝင်, ဘဝင်နောင် စုတိ ကျသော ဝီထိမှာ အတိတ် ပြုသည်။ (ဤကား စကားချပ်)။

ကာမပဋိသန္ဓေ, ဘဝင်, စုတိ ပြီး၏။

ရူပါဝစရ ပဉ္စမဈာန် ပဋိသန္ဓေ, ဘဝင်, စုတိသည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ်ဖြစ်သော ၂၅-ပါးသော ပညတ် ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံ ပြုသည်။

ရူပါဝစရ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဋိသန္ဓေ, ဘဝင်, စုတိသည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ် ဖြစ်သော ၁၄-ပါးသော ပညတ် ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြုသည်။

ရူပါဝစရ ပဥ္စမဈာန် ပဋိသန္ဓေ, ဘဝင်, စုတိစိတ်သည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ်ဖြစ်သော ၁၂-ပါးသော ပညတ် ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြုသည်။

ရူပါဝစရ ပဋိသန္ဓေ, ဘဝင်, စုတိ ပြီး၏။

အာကာသာနဉ္စာယတန ပဋိသန္ဓေ, ဘဝင်, စုတိစိတ်သည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ် ဖြစ်သော အာကာသကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြုသည်။

ဝိညာဏဉ္စာယတန ပဋိသန္ဓေ, ဘဝင်, စုတိသည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ဟု ဆိုအပ်သော အတိတ်ဖြစ်သော မဟဂ္ဂုတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံ ပြုသည်။

အာကိဉ္စညာယတန ပဋိသန္ဓေ, ဘဝင်, စုတိသည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြုသည်။

နေဝသညာနာသညာယတန ပဋိသန္ဓေ, ဘဝင်, စုတိသည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ရှေးဘဝ အဇ္ဈတ္တသန္တာန်၌

ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်ဟု ဆိုအပ်သော အတိတ်ဖြစ်သော မဟဂ္ဂုတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြုသည်။

အရူပါဝစရ ပဋိသန္ဓေ, ဘဝင်, စုတိ ပြီး၏။

ဒွါရဝိမုတ္တာနည်းပြ။ ပဿာတိဥ္ဇ ယထာသမ္ဘဝံ ဖြစ်ဟန်အဓိပ္ပါယ် ပြီး၏။

ဝတ္ထုသင်္ဂဟ အဓိပ္ပါယ်

ဝတ္ထုသင်္ဂဟတွင်—

တတ္ထ ပဉ္စဝိညာဏဓာတုယော ယထာက္ကမံ ကေန္တေန ပဉ္စပသာဒဝတ္ထူနိ နိဿာယေဝ ပဝတ္တန္တိ—

ဟူသောပါဌ်၌ ကေန္တေန-သဒ္ဒါ ဆိုသဖြင့် ဝေ-သဒ္ဒါ ပိုသကဲ့သို့လည်း ရှိ၏။ ဝေ-သဒ္ဒါ ဆိုကလည်း ကေန္တေန-သဒ္ဒါ ပိုသကဲ့သို့လည်း ရှိ၍ အနုသန္ဓေ ဆိုအံ့။

အနုသန္ဓေ

ကာမဘုံ၌ ရအသော ဝတ္ထုရုပ်တို့သည် မှီရာ မရှိပြီလော မေးဘွယ်ရှိ၍ 'တတ္ထ ပဉ္စဝိညာဏဓာတုယော' စသောပါဌ်ကို မိန့်။

လိုရင်းကား—'ပဉ္စဝိညာဏဓာတုယော ပဉ္စပသာဒဝတ္ထူနိ နိဿာယေဝ ပဝတ္တန္တိ' ဟူသည်တည်း။

အဓိပ္ပါယ်ကား—ငါးပါးသော ပဉ္စဝိညာဏဓာတ်တို့သည် ငါးပါးသော ပသာဒဝတ္ထုရုပ်ကို မှီ၍ဖြစ်၏-ဟူလိုသတည်း။

တပါး တပါးသော ပသာဒဝတ္ထုရုပ်ကို ငါးပါးသော ပဉ္စဝိညာဏဓာတ်တို့က မှီလေသလောဟု မေးဘွယ်ရှိ၍ 'ယထာက္ကမံ' မိန့်။ အစဉ်အတိုင်း မှီ၍ဖြစ်၏ ဟူလိုသည်။

ငါးပါးသော ပဉ္စဝိညာဏဓာတ်တို့သည် ရံခါ အမှီသဟဲ့ဖြစ်၍ မမှီဖြစ်လေသလောဟု မေးဘွယ်ရှိ၍ 'ဝေ' မိန့်။ မှီ၍သာလျှင် ဖြစ်၏ဟူလို၊

ငါးပါးသော ပသာဒဝတ္ထုရုပ်ကို တပါးသော မနောဓာတ်, မနော- ဝိညာဏဓာတ်တို့သည် မှီ၍ပင် ဖြစ်လေသလောဟု မေးဘွယ်ရှိ၍ ကောန္တေန’ မိန့်။

အဓိပ္ပါယ်ကား—တပါးသော မနောဓာတ် မနောဝိညာဏဓာတ်တို့က မမှီမူ၍ ဖြစ်၏-ဟူလိုသည်။

အနုသန္ဓေ ပြီး၏။

ဝီထိပိုင်း ပဋ္ဌဒွါရဝီထိ အနက်ပေးပုံ

‘အတိမဟန္တံ, မဟန္တံ, ပရိတ္တံ, အတိပရိတ္တဉ္စ ပဋ္ဌဒွါရေ’ ဟူသောပါဠိ၌ ပဋ္ဌဒွါရဝီထိ မြင်လွယ်စေခြင်းငှါ ဋီကာနက် သမ္ဗန်အံ့။

အတိမဟန္တဉ္စ၊ ၎င်း။ ဝါ၊ တခုသော စိတ္တက္ခဏလျှင် လွန်ခြင်းရှိသည် ဖြစ်၍ ထင်ခြင်းသို့လည်း ရောက်သော တဆယ့်ခြောက်ချက်သော စိတ္တက္ခဏလျှင် အသက်ကြွင်းရှိသော အလွန်များသော စိတ္တုပ္ပါဒ်ရှိသော အာရုံ၎င်း။

မဟန္တဉ္စ၊ ၎င်း။ ဝါ၊ နှစ်ခုသော စိတ္တက္ခဏ, သုံးခုသော စိတ္တက္ခဏလျှင် လွန်ခြင်းရှိသည် ဖြစ်၍ ထင်ခြင်းသို့လည်း ရောက်သော တဆယ့်ငါးချက်သော စိတ္တက္ခဏ, တဆယ့်လေးချက်သော စိတ္တက္ခဏသာလျှင် အသက်ကြွင်းရှိသော များသောစိတ္တုပ္ပါဒ်ရှိသော အာရုံ၎င်း။

ပရိတ္တဉ္စ၊ ၎င်း။ ဝါ၊ လေးခုသော စိတ္တက္ခဏ, ငါးခုသော စိတ္တက္ခဏ, ခြောက်ခုသော စိတ္တက္ခဏ, ခုနစ်ခုသော စိတ္တက္ခဏ, ရှစ်ခုသော စိတ္တက္ခဏ, ကိုးခုသော စိတ္တက္ခဏလျှင် လွန်ခြင်းရှိသည် ဖြစ်၍ ထင်ခြင်းသို့လည်း ရောက်သော တဆယ့်သုံးချက်သော စိတ္တက္ခဏ, တဆယ့်နှစ်ချက်သော စိတ္တက္ခဏ, တဆယ့်တချက်သော စိတ္တက္ခဏ, ဆယ်ချက်သော စိတ္တက္ခဏ, ကိုးချက်သော စိတ္တက္ခဏ, ရှစ်ချက်သော စိတ္တက္ခဏလျှင် အသက်ကြွင်းရှိသော အလွန်နည်းသော စိတ္တုပ္ပါဒ်ရှိသော အာရုံ၎င်း။

အတိပရိတ္တဥ္စ၊ ၎င်း။ ၆ါ၊ ဆယ်ခုသော စိတ္တက္ခဏ, တဆယ့်တခုသော စိတ္တက္ခဏ, တဆယ့်နှစ်ခုသော စိတ္တက္ခဏ, တဆယ့်သုံးခုသော စိတ္တက္ခဏ, တဆယ့်လေးခုသော စိတ္တက္ခဏ, တဆယ့်ငါးခုသော စိတ္တက္ခဏလျှင် လွန်ခြင်းရှိသည်ဖြစ်၍ ထင်ခြင်းသို့လည်း ရောက်သော ခုနစ်ချက်သော စိတ္တက္ခဏ, ခြောက်ချက်သော စိတ္တက္ခဏ, ငါးချက်သော စိတ္တက္ခဏ, လေးချက်သော စိတ္တက္ခဏ, သုံးချက်သော စိတ္တက္ခဏ, နှစ်ချက်သော စိတ္တက္ခဏလျှင် အသက်ကြွင်းရှိသော အလွန်နည်းသော စိတ္တုပ္ပါဒ်ရှိသော အာရုံ၎င်း။

(သင်္ဂြိုဟ်မှာ ငှိကာနက်တိုင်းချမှ ဝီထိချနိုင်သည်။)

ဝီထိမုတ်ပိုင်း မနောဂကံဆိုင်ရာ အဓိပ္ပါယ်

အစိတ်အစိတ် အနုသန္ဓေ

အညတြာပိ ဝိညတ္တိယာ မနသ္မိံ ယော ဗာဟုလ္လဝုတ္တိတော မနောကမ္မံ နာမ ပါဠ်၌ ဝေ-သဒ္ဒါဆိုက ဗာဟုလ္လ-သဒ္ဒါ ပိုသကဲ့သို့လည်း ရှိ၏၊ ဗာဟုလ္လ-သဒ္ဒါဆိုကလည်း ဝေ-သဒ္ဒါ ပိုသကဲ့သို့လည်း ရှိ၍ အစိတ်အစိတ် အနုသန္ဓေ ဆိုအံ့။

မနောကံသည် အဘယ်၌ဖြစ်သနည်း မေးဘွယ်ရှိသောကြောင့် 'မနသ္မိံ ယော' မိန့်။ ကား....သော်။

အရှင်အနုရုဒ္ဓါဆရာ မနောကံသည် မနောဒွါရ၌သာ ဖြစ်သော-ဟု ဆို၏။ ဝိညတ်နှင့်တကွသော စိတ်၌သာလျှင် ဖြစ်လေသလော မေးဘွယ် ရှိ၍ 'ဝေ' ဟူသော ပါဠ်ကိုမိန့် ။ကား....သော်။

ဝေသဒ္ဒါ၏ ဝေတ္တဖလကား အဘယ်နည်း မေးဖွယ်ရှိ၍ 'အညတြာပိ ဝိညတ္တိယာ' မိန့်။ ကား....သော်။

ဝိညတ်ကင်းသော စိတ်၌သာလျှင် အခါခပ်သိမ်း ဖြစ်လေသလော မေးဘွယ်ရှိ၍ 'ဗာဟုလ္လဝုတ္တိတော မနောကမ္မံ နာမ' မိန့်။ ကား....သော်။

အစိတ်အစိတ် အနုသန္ဓေ ပြီး၏။

ရုပ်ပိုင်း ရူပသမုဋ္ဌာန်အဓိပ္ပါယ်

အစိတ်အစိတ် အနုသန္ဓေ

ရူပသမုဋ္ဌာန်၌ အစိတ်အစိတ် အနုသန္ဓေ ဆိုအံ့။

ရူပသမုဒ္ဒေသ ရူပဝိဘာဂ ပြပြီး၍ ရူပသမုဋ္ဌာန် မပြပြီလော၊ ရူပ-သမုဋ္ဌာန်တို့တွင် သမုဋ္ဌာန်ဟူသည် အဘယ်နည်း မေးဘွယ်ရှိ၍ 'ကမ္မံ။ ပ။ စတ္တာရိ ရူပသမုဋ္ဌာနာနိ နာမ' မိန့်။

ကံသည် အဘယ်ရုပ်ကို ဖြစ်စေသနည်း မေးဘွယ်ရှိ၍ 'ကုသလာ-ကုသလကမ္မံ ကမ္မသမုဋ္ဌာနရူပံ သမုဋ္ဌာပေတိ'-မိန့်။

အဘယ်ကာလမှစ၍ ဖြစ်ပါသနည်း မေးဘွယ်ရှိ၍ ပဋိသန္ဓိမုပါဒါယ-မိန့်။

ဥပါဒ်ခဏသာ ဖြစ်လေသလော မေးဘွယ်ရှိ၍ 'ခဏေ ခဏေ' မိန့်။

ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကောင်းအံ့လော မေးဘွယ်ရှိ၍ 'အဇ္ဈတ္တိက-သန္တာနေ'-မိန့်။

ဥပတ္ထမ္ဘက အစွမ်းအားဖြင့် ဖြစ်လေသလော မေးဘွယ်ရှိ၍ 'အဘိ-သင်္ခါတံ' မိန့်။

ထိုပါဌ်၏ အဓိပ္ပါယ်ကား— ဥပတ္ထမ္ဘက၏ အစွမ်းအားဖြင့် မဖြစ်၊ ဇနကသတ္တိအစွမ်းအားဖြင့် ဖြစ်၏ ဟူလို။

ကံသည် ၃၃-ခု ရကောင်းအံ့လော မေးဘွယ်ရှိ၍ 'ပဉ္စဝီသတိ ဝိဓမ္ပိ' မိန့်။

သရုပ် မပြပြီလော မေးဘွယ်ရှိ၍ 'ကာမာဝစရံ ရူပါဝစရဉ္စေတိ' မိန့်။

စိတ္တံဟူသောပုဒ်၌ စိတ်သည် အဘယ်ရုပ်ကို ဖြစ်စေသနည်း မေးဘွယ် ရှိ၍ 'စိတ္တံ စိတ္တသမုဋ္ဌာနရုပံ သမုဋ္ဌာပေတိ' မိန့်။

ဘယ်ကာလက စ၍ဖြစ်သနည်း မေးဘွယ်ရှိ၍ 'ပဌမဘဝင်္ဂမုပါဒါယ' မိန့်။

ခဏတိုင်း ခဏတိုင်းဖြစ်ကြောင်းအာရုံလော မေးဘွယ်ရှိ၍ 'ဇာယန္တမေဝ မိန္။

အဘယ်သန္တာန်၌ ဖြစ်သနည်းမေးဘွယ်ရှိ၍ 'အဇ္ဈတ္တိကသန္တာနေ' မိန့်။ (နောက်ယိုက်၍ယူလေ။)

ရုပ်ကိုဖြစ်စေတတ်သော စိတ်သည် အဘယ်မျှ အပြားရှိပါသနည်း မေးဘွယ်ရှိ၍ 'ပဥ္စသတ္တဘိဝိဓမ္ပိ' မိန့်။

အဘယ်စိတ် ကြဉ်အပ်ပါသနည်း မေးဘွယ်ရှိ၍ 'အရူပ။ပ။ဝဇ္ဇိတံ' မိန့်။

ထို၇၅-ပါးသော စိတ်တို့တွင် အပ္ပနာဇော ဆဗ္ဗိသသည် အဘယ်ရုပ်ကို ဖြစ်စေပါသနည်း မေးဘွယ်ရှိ၍ 'တဏ္ဍ။ပ။ သန္တာနေတိ' မိန့်။

ပိသဒ္ဒါဖြင့် ရုပ်ကိုသည်းဖြစ်စေ၏၊ ဣရိယာပုထ်ကိုလည်းဖြစ်စေ၏၊ သတ္တိ ၂-ပါး။

ဝုဋ္ဌော၊ ကာမဇော တဒုယုတ် သုံးဆယ်၊ အဘိညာဉ်ဒွေး တို့သည် အဘယ်ရုပ်ကို ဖြစ်စေပါသနည်း မေးဘွယ်ရှိ၍ 'ဝေါဋ္ဌဗ္ဗန။ပ။သမုဋ္ဌာပေန္တိ' မိန့်။

ပိသဒ္ဒါဖြင့် ရုပ်ကိုလည်း ဖြစ်စေ၏၊ ဣရိယာပုထ်ကိုလည်း ဖြစ်စေ၏၊ ဝိညတ်ကိုလည်း ဖြစ်စေ၏၊ သတ္တိ၃-ပါး။

၇၅-ခုသော စိတ်တို့တွင် ရွှင်ခြင်းကို ဖြစ်စေတတ်သော စိတ်ကား အဘယ်မျှ အပြားရှိပါသနည်း မေးဘွယ်ရှိ၍ 'သောမနဿ။ပ။ဇနေန္တိ' မိန့်။

ပိသဒ္ဒါဖြင့် ရုပ်ကိုလည်းဖြစ်စေ၏၊ ဣရိယာပုထ်ကိုလည်း ဖြစ်စေ၏။ ဝိညတ်ကိုလည်း ဖြစ်စေ၏၊ ရွှင်ခြင်းကိုလည်း ဖြစ်စေ၏၊ သတ္တိ၄-ပါး။

ရုပ်ကို ဖြစ်စေသော ၇၅-ခုသော စိတ်ထဲမှာ ဣရိယာပုထ်ကို ဖြစ်စေတတ်သော အပ္ပနာဇော ဆဗ္ဗိသ။ ဝိညတ်ကို ဖြစ်စေတတ်သော ဝုဋ္ဌော ကာမဇော တဒုယုတ် သုံးဆယ်၊ အဘိညာဉ်ဒွေး၊ ပေါင်း ၃၆-ခု နုတ်သည် ရှိသော် ၁၉-ခု ကျန်၏၊ ၎င်း ၁၉-ခုသော စိတ်သည် ရုပ်ကိုသာဖြစ်စေသည်။

၁၉-ခု ဟူသော်ကား —— သန္တီရဏ သုံးခု, မနောဓာတ် သုံးခု, မဟာဝိပါက် ရှစ်ခု, ရူပဝိပါက် ငါးခု၊ ပေါင်း **၁၉-ခုတည်း**။ (ဤကား စကားချပ်။)

အဋ္ဌကထာအလို ရဟန္တာစုတိသည် ရုပ်ကို မဖြစ်စေ။ မူလဋီကာအလို ခပ်သိမ်းသော စုတိသည် ရုပ်ကို မဖြစ်စေ။ ဋီကာကျော်ဆရာက ခပ်သိမ်းသော ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်၊ မဖြစ်စေနိုင်သောကြောင့် အရှင်အနုရုဒ္ဓါသည်ပင် သင်္ဂြိုဟ်၌ ပထမဘဝင်မုပါဒါယ-ဟု ဆိုသဖြင့် ပဋိသန္ဓေစိတ် ရုပ်မဖြစ်စေနိုင်၍ ကြဉ်သည့်အဖြစ် ထင်ရှား၏။

ပစ္ဆာဇာတပစ္စည်း ရမှ ဥတုဇရုပ် ဖြစ်စေနိုင်၏-ဟု ဆိုသောစကား ယေဘုယျ။ နိရောဓပုဂ္ဂိုလ်၊ အသညသတ်ပုဂ္ဂိုလ်၊ တို့ တိုင် စသော ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ဥတုဇရုပ် ပစ္ဆာဇာတပစ္စည်း မရသော်လည်း ရုပ်ဖြစ်စေသောကြောင့်တည်း။

ဥတုဇ အာဟာရဇရုပ်မှာ ဘယ်ကာလ၌ ဖြစ်သည်ဟု သင်္ဂြိုဟ်၌ မသိ။ ဋီကာကျော်၌ကား – ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့သည် ခဏတိုင်း-ခဏတိုင်း ရုပ်ဖြစ်စေနိုင်၏-ဟု ပြ၏။

စိတ္တဇရုပ်, အာဟာရဇရုပ်သည် စုတိစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သေး၏။

ရူပသမုဋ္ဌာန် အနုသန္ဓေ ပြီး၏။

နိဂုံးဆုတောင်း

၁။ ကာယစိတ္တသုခါလယော၊ ဘာဂေ သာဓူန မာရမေ့။
နဂရဿ စ ပစ္ဆိမေ၊ ရတနာပုဏ္ဏနာမဿ။
(ဝိပရိတပထျာဝတ္တဂါထာ)

၂။ ဝိဟာရေ တု ဝသိတွာဝ–တိဂမ္ဘီရေဘိဓမ္မေ စ။
ဝုတ္တာဒေဿစနုသိဒ္ဓေလေန၊ သုဋ္ဌုံ ထေရေန အစ္စန္တံ။
(ဝတ္တဂါထာ။)

၃။ ဗဟုသောတူနမတ္ထာယ၊ မူလစက္ကပကာသန္တံ။
နိဋ္ဌံ စေတသိကာနဉ္စ၊ ယုတ္တာယုတ္တမိဒံ ကပ္ပံ။
(ဝတ္တဂါထာ)

၄။ သက္ကရာဇေ ဧဒါရကေ၊ သသီတလဿ သမ္ပတ္တေ။
မိဂသီရဿ ဆဋ္ဌမေ၊ ဇုဏှပက္ခေ မိဂိန္ဒါဟေ၊
(ဝိပရိတပထျာဝတ္တဂါထာ။)

၅။ နိဋ္ဌံ မေ တံ အနိန္ဒိတွာ၊ မာနေန္တု စ သုမာနသာ။
ကုလပုတ္တာ ဗဟူ ကာမာ၊ ဣက္ခန္တု စ ဟိတေသိနော။
(ပထျာဝတ္တဂါထာ။)

၆။ ဇဝံ တထာ အကိစ္ဆေန၊ နိဋ္ဌံ ဂတာ အယံ ယထာ။
ဣစ္ဆိတတ္ထဉ္စ ပါဏိနံ၊ သုသင်္ကပ္ပံ သမိဇ္ဈတု။
(ပထျာဝတ္တဂါထာ။)

၇။ ပုညေန တေန အစ္စုတံ၊ သီဝံ ပပ္ပေါမိ နိက္ခန္တံ။
ဝါနတော ဇာတိဇာတိယံ၊ ဒုဂ္ဂတိဘူမိယာပေတော။
(ဝိပရိတပထျာဝတ္တဂါထာ။)

၈။ အရိယာမဂ္ဂဉာဏဿ၊ လဗ္ဘမာနဿ အာယတိံ။
ဥပနိဿယေန ဟောတု၊ ဗလဝန္တေန ပစ္စယော။
(တတိယရကာရ ဝိပုလဂါထာ)

၁။ ရတနာ ပုဥ္ဇနာသဿ၊ ရတနာပုဥ္ဇအမည်ရှိသော။ နဂရဿ၊ မြို့တော်ကြီး၏။ ပစ္ဆိမေ၊ အနောက်ပြင် ဖြစ်သော။ ဘာဂေ၊ အရပ်အဖို့၌။ သာဓူနံ၊ သူတော်ကောင်းတို့၏။ အာရမ္မေ၊ နှစ်လုံးမွေ့လျော်ပျော်ဘွယ်ရာ ဖြစ်သော။ ကာယစိတ္တသုခါလယေ၊ ကိုယ်စိတ်တို့၏ ချမ်းသာခြင်း၏ တည်ရာဖြစ်ထသော။

၂။ ဝိဟာရေ၊ ပုဂံအတွင်းဝန် အမည်ရှိသော ကျောင်းတိုက်တာ၌။ ဝသိတွာဝ၊ နေ၍သာလျှင်။ အတိဂမ္ဘီရေ၊ အလွန်ခက်ခဲ နက်နဲလှစွာကုန်သော။ အဘိဓမ္မေ စ၊ အဘိဓမ္မာ ဒေသနာတော်မြတ်တို့ကို။ သုဋ္ဌုံ၊ ကောင်းစွာ။ အစ္စန္တံ၊ မပြတ်မလပ်။ ဝုတ္တာဍရာစနုသီလေန၊ ချပို့ဟော ပြောလေ့ရှိထသော။ ထေရေန၊ ပဏ္ဍိတာဘိဓဇ နာမမည်သီး မထေရ်ကြီးသည်။

၃။ ဗဟုသောတူနံ၊ များစွာကုန်သော စာသင်သားတို့၏။ အတ္ထာယ၊ အကျိုးငှါ။ စေတသိကာနံ၊ သိမ်မွေ့ခက်ခဲသော စေတသိက်တို့၏။ ယုတ္တာယုတ္တံ၊ ယှဉ်နည်းကြဉ်နည်းဖြစ်သော သမ္ပယောဂကောက်နည်းကို။ မူလစက္ကပကာသန္တံ၊ မူလ မူလီအားဖြင့် စက်လှည့်၍ ပြအပ်သော။ ဣဒံ ကပ္ပံ၊ ဤ စေတသိကယုတ္တာယုတ္တပကာသနီ အမည်ရှိသော ရှစ်ချက်စုံ အစီပွါယ်ကျမ်းသည်။

၄။ သက္ကရာဇေ၊ လူတို့ဝေါဟာ နှစ်ကောဇာသည်။ ဇဒါရဂေ၊ (၁၂ဂဂ)ခုသို့။ သမ္ပတ္တေ၊ ကောင်းစွာရောက်လတ်သော်။ သသီတလဿ၊ ချမ်းအေးခြင်းနှင့်တကွဖြစ်သော။ မိဂသိရဿ၊ မိဂသိနက္ခတ်နှင့်ယှဉ်သော နတ်တော်လ၏။ ဇုဏှပက္ခေ၊ လဆန်းပက္ခဖြစ်သော။ ဆဋ္ဌမေ၊ ခြောက်ရက်နေ့မျှ သမယ၌။ မိဂိန္ဒာဟေ၊ သားများသနင်း ခြင်္သေ့မင်း၏ ပျော်စံရာနေ့အင်္ဂါ၌။

၅။ နိဋ္ဌံ၊ ချောမောအလုံး ပြီးဆုံးခြင်းသို့။ ဂတာ၊ ရောက်ပြီ။ မေ ငါမထေရ်မြတ်သည်။ ကတံ၊ ရေးသားပြုစီရင်အပ်သော။ တံ၊ ထိုစေတ

သိကယုတ္တာယုတ္တပကာသနီ အမည်ရှိသော ထိုရှစ်ချက်စု အစိပ္ပါယ်ကျမ်းကို။ သုမာနသာ၊ ကောင်းသောစိတ်ဆန္ဒရှိကြကုန်သော။ ဗဟူ ကာမာ၊ များစွာသော အကြံအမြင်တို့ကို လိုလားကြကုန်သော။ ကုလပုတ္တာ၊ အမျိုးကောင်းသားတို့သည်။ အနိန္ဒိတွာ၊ ကဲ့ရဲ့ရှုတ်ချခြင်း မပြုမူ၍။ မာနေန္တု စ၊ ကြည်ဖြူမြတ်နိုးကြစေကုန်သတည်း။ ဟိတေသိနော၊-အကျိုးစီးပွါးတို့ကို လိုလားရှာမှီးလေ့ရှိကြကုန်သော ပညာရှိတို့သည်။ ဓာရေန္တု စ၊ ကြည့်ရှု မှတ်သားကြစေကုန် သတည်း။

၆။ အယံ၊ ဤစေတသိကယုတ္တာယုတ္တပကာသနီ အမည်ရှိသောကျမ်းသည်။ အကိစ္စေန၊ မငြိုမငြင် မပင်ပန်းသဖြင့်။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့။ ဂတာ ယထာ၊ ရောက်ကုန်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ပါဏီနံ၊ သတ္တဝါတို့၏။ (တို့အား။) ကုစ္ဆိတတ္ထဥ၊ အလိုရှိအပ်သော အကျိုးစီးပွါးသည်ငင်း။ သုသင်္ကပ္ပဥ၊ ကောင်းမြတ်သော အကြံအစည် ဟူသမျှသည်ငင်း။ သမိဇ္ဈတု၊ပြီးပြည့်စုံစေသတည်း။

၇။ တေန ပုညေန၊ ထိုကျမ်းကို ရေးသားပြုပြင် စီရင်ရသော ကောင်းမှုကုသိုလ်ကံကြောင့်။ ဇာတိဇာတိယံ၊ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌။ ဒုဂ္ဂတိဘူမိယာပေတော၊ ဒုဂ္ဂတိဘုံဘဝတို့မှ ကင်းလွတ်သည်။ ဟုတွာ၊ ဖြစ်၍။ ဝါနတော၊ ဝါနဟု ဆိုအပ်သော တဏှာမှ။ နိက္ခန္တံ၊ ထွက်မြောက်ရာ ဖြစ်သော။ အစ္စုတံ၊ စုတေရွေ့လျောခြင်း မရှိသော။ သိဝံ၊ ချမ်းအေးရာဖြစ်သော နိဗ္ဗာန်ရွှေပြည်မြတ်သို့။ ပပ္ပေါမိ၊ ရောက်ရပါလို၏။

၈။ အာယတိံ၊ နောင်အခါ၌။ လဒ္ဓမာနသာ၊ ရလတ္တံ့သော။ ဇေရိယမဂ္ဂဉာဏာသာ၊ အရိယာမဂ်ဉာဏ်၏။ ဗလဝန္တေန၊ အားကြီးစွာသော။ ဥပနိဿယေန၊ ဥပနိဿယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

ဤကား ပုဂံအတွင်းဝန်ကျောင်းတိုက် တိုက်အုပ်ဆရာတော် ရေးသားသော သင်္ဂြိုဟ်သမ္မယောဂ ရှစ်ချက်စု အရကောက်နှင့်, ခဲရာအနုသန္ဓေ ကျမ်းတက် ပြီး၏။

စေတသိက-ယုတ္တာယုတ္တပကာသနီ (ခေါ်) ရှစ်ချက်စု အဓိပ္ပါယ်ကျမ်းကို ၁၃၄၀-ခုနှစ်၊ တန်ဆောင်မုန်းလတွင် မန္တလေးမြို့ ပုဂံအတွင်းဝန်ကျောင်းတိုက် ယခုလက်ရှိ တိုက်အုပ်ဆရာတော် ဦးပညာဝံသ ထံမှ ရရှိပါသည်။